


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုဏ္ဏမိ

## အစိမ်းမှအပြာရောင်

စာမူခွင့်ပြုချက်အမှတ် - ၁၂၁၀/၂၀၀၂ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၉/၂၀၀၃ (၁)

၂၀၀၃ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်မိုးကေခိုင်(ချို့တေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံရေး ဦးတည်ချက် ( ၄ ) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ( ၄ ) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# ပုလ္လာမိ

# အစိမ်းမှ အပြာရောင်

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com







## အခန်း(၁)

ရေပြင်ထဲ သက်ဆင်းကျရောက်နေသော လရိပ်သည် ချိုးဖျိုးဖျဖျနှင့် ကွေ့ကွေ့ကောက်ကောက် ...။ ကောင်းကင်ပေါ်မှာ ထိန်လျက်ရှိသော လမင်းကြီး၏ ပုံစံသဏ္ဌာန်တူ အတိုင်းတော့ ရေထဲမှာ အရိပ်ထင်မနေပါ။ သို့ပေမယ့် စီးဆင်းမနေသော ရေသရေကန်ကြီးထဲမှာမို့ ကွေ့ကောက်မှုန်ရီသော်လည်း ... တည်ငြိမ်သွားပလို့တော့ နေလေသည်။ ရေထဲကို လရိပ်ကျပြီး ပြန်လည်ရိုက်ခတ်လာသော အလင်းရောင်တို့သည်လည်း ဖျော့ဖျော့နုနုနှင့် နှစ်သက်စဖွယ် ...။

အချိန်အခါရယ် ... အခြေအနေရယ် ... ဝန်းကျင်ရယ် ... အားလုံးကတော့ **“ဓာတီ”**အတွက် ကျေနပ်နေပျော်ချင်စရာချည်း။ သို့သော် စိတ်ထဲမှာ ဘာကိုမှ သေချာမကျေနပ်နိုင်လောက်သည့် မာတ်ခံနှင့် ဓာတီကတော့ ကြည်နူးစဖွယ် လရောင်နှင့် မြင်ကိုလည်း မခံစားနိုင် ...။

www.burmeseclassic.com



ဒါဖြင့်ရင်လည်း ... ဘာကိစ္စကြောင့်များ ခုလို ည
ဆယ့်နှစ်နာရီ ... တစ်ချက်ကြီးမှာ ... ကိုယ့်ပိုင်နက် နေရာလည်
မဟုတ်သည့် သူများတကာတို့ရဲ့ ခြံဝင်းနောက်ဖေးစပ် ... ရေပြ
ရေစပ်စပ်တို့မှာ လာထိုင်နေရတာတုန်း ဆိုရင်တော့ ... တိုမေ
ခွန်းအတွက် ဇာတိမှာ အဖြေရယ်လို့ ဟုတ်တိပတ်တိ မရှိလှပ
ချေ ...။

ဇာတိက ရုတ်တရက် စိတ်ပေါက်လာပြီး တည်ငြိမ်
လှပနေသော ရေထဲက လရိပ်ကို ခဲလုံးကြီးကြီး တစ်လုံးနှင့် ပ
ပေါက်ထည့်လိုက်သည်။ "ဗွမ်း"ခနဲ မြည်ဟီးသွားသော အ
ကျယ်တစ်ခုနှင့် တွန့်လိမ်လှုပ်ရှားကောက်ကွေးသွားသော လရိ
ကိုကြည့်ပြီး ... ဘာကိုမှန်းမသိ "မှတ်ထား"ဟု ဇာတိက ကျ
ဝါးလိုက်မိသည်။ ငါ့စိတ်ရော ငါ့ကိုယ်ပါ ဘယ်လိုမှ မတည်ငြိ
နိုင်တော့ဘဲ အဆင်မပြေလှစွာ လှုပ်ရှားဘောက်ဘက်ခတ်နေ
ချိန်မှာ မင်းကတော့ တည့်တည်ငြိမ်ငြိမ်ကြီး လှပနေခဲ့မယ်ဆိုရ
တရားမျှတမှု ရှိပါ့မလား လရိပ်ရဲ့။

ဒါပေမယ့်လည်းပဲ မကြာခင်မှာပင် ... ခဲလုံးရဲ့အရှိ
ကြောင့် လှုပ်ရှားသွားရတဲ့ ကန်ရေပြင်က ဂယက်ဝိုင်းကြီးငယ်မျာ
ကို အဝေးနိုင်ဆုံး တစ်နေရာအထိ လွှင့်ထုတ်လိုက်ပြီးတာနဲ့ ပြ
လည်တည်ငြိမ်လို့ပဲ သွားတော့မှာ မဟုတ်လား။ အဲဒီအခါမှာ
ကန်ရေပြင်ရဲ့ လှုပ်ရှားခြင်း၊ တည်ငြိမ်ခြင်းတို့ကို မှီနေရသ
လရိပ်ဟာလည်းပဲ မကြာခင်မှာပဲ ... ပြန်လည်လို့ တည်ငြိမ် ...





ဇာတိက "တောက်"တစ်ချက်ကို ခပ်ပြင်းပြင်းလေး ခေါက်လိုက်မိပြန်ပါသည်။ ငါ့ကျတော့ အဲဒီလို ခဏတဖြုတ်လေးနဲ့ ပြန်လည်တည်ငြိမ် နေရာကျခွင့်လည်း မရှိပါလား ...။ ဘယ်သောအခါကျမှ ပြန်လည်တည်ငြိမ်ပါ့မလဲဆိုတာ ဘယ်သူမှ အတပ်ပြောလို့ မရနိုင်တဲ့ အခြေအနေ ...။ "ဘယ်သောအခါမှ ပြန်လည်မတည်ငြိမ်နိုင်တော့ပါဘူး"ဟု ဆိုလာဝံ့သူရှိလျှင်တောင် ပြန်ပြီးတော့ တိတိကျကျကြီး မငြင်းပစ်နိုင်သောက်သဲ့ အခြေအနေ ...။

ဇာတိမှာ တောက်တစ်ချက်ကို ထပ်ခေါက်ကာ တဖြည်းဖြည်းချင်း ပြန်လည်ငြိမ်သက်စ ပြုနေပြီဖြစ်တဲ့ ကန်ရေပြင်နဲ့ လရိပ်ကိုပဲ စိတ်ထဲက အမုန်းကြီး မုန်းတီးပစ်လိုက်ချင်လာသည်။ ကိုယ်ဖြစ်ပျက်နေတဲ့ ပြဿနာအခြေအနေ ပေါင်းစုံထဲမှာ ပါဝင်ပတ်သက်နေကြသော ထောင့်ပေါင်းစုံ ... နေရာအသီးသီးက လူတွေကို အပြစ်ပြော မုန်းတီးချင်လို့မှ မရနိုင်တဲ့အဆုံး ... ကိုယ့်ကို ဘာပြဿနာမှ ပြန်မပေးနိုင်တဲ့ သက်မဲ့ဝန်းကျင်အခြေအနေ တစ်ခုကိုပဲ ပုံချမုန်းတီးပစ်တော့ကော ... ဘာဖြစ်သေးလဲကွာ ...။

ဇာတိက ဖြုန်းခနဲ မတ်တတ်ထရပ်ပစ်လိုက်ကာ ... ရေစပ်နဲ့ မနီးမဝေး ... ကိုယ့်ရဲ့ အရပ်မောင်းနဲ့ဆိုရင် ... ရင်စို့လောက်မရှိ တရှိနေရာမှ လရိပ်ရှိရာဆီသို့ အငြိုးတကြီးနှင့် ... တဝုန်းဝုန်း အသံမြည်အောင် ပြေးဆင်းချသွားလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဘည်ငြိမ်ချင်နဲ့ကွာ ... မလှုပချင်နဲ့ကွာ ...။ ငါ နေ့ဘာညပြီး ရွဲ့နေသလိုပဲ ... ဖျက်ကိုဖျက်ဆီးပစ်ဦးမယ် ...။

"ဟာ ... ဟော့လူ ... ဟော့လူ ... ဒုက္ခပဲ ... ဟော့လူ ..."

ကိုယ့်ဘာသာစိတ်ထဲ ပေါ်လာရာ အရှုးတစ်ပိုင်းစိတ်နှင့် ရေထဲသို့ တစ်လမန်းကြမ်းကြီး ပြေးဆင်းသွားမိစဉ်မှာပင် မမျှော်လင့်သော အော်သံကြီး တစ်ခုက ကမ်းခြေမှောင်ရိပ်ထဲမှ ဟိန်းခနဲ ထွက်ပေါ်လာပါသည်။ ပြီးလျှင်တော့ ထိုမှောင်ရိပ်ထဲမှပင် အသံပါမက လူရိပ်သဏ္ဌာန်တစ်ခုကပါ အပြေးအလွှားကြီး ထွက်ပေါ်လာလျက် ... ဓာတီရောက်ရှိနေရာ ... လှု့ခါးသာသာ ရေနက်ပိုင်းထဲသို့ လိုက်ပြေးဆင်းချ လာပါတော့သည်။

ဓာတီမှာ ဘာမှန်း ညာမှန်း မကွဲပြားသည့် ဗလုံးဗထွေး အော်သံများနှင့် ပြေးဆင်းလာသူကို ကြည့်ကာ နေရာတွင် ရပ်၍ ကြောင်နေဆဲ ...။ ထိုလူက ဓာတီရဲ့ မလှမ်းမကမ်းသို့ လျင်မြန်စွာပင် ရောက်ရှိလို့လာကာ ... ရပ်ကြောင်နေသည့် ဓာတီက နည်းနည်းကလေးလောက် လှုပ်ရှားလိုက်မိတာနဲ့ ... ရောက်ရာနေရာကနေ လူပေါ်သို့ "ဗုန်း"ခနဲကို ခုန်အုပ်ချလိုက်ပါတော့သည်။

"ဟာ ... ဘာလုပ်တာလဲ"

"ဟော့လူ ... မလုပ်ပါနဲ့ဗျ ... ဟော့လူ ..."

သူကလည်း နေရင်း ထိုင်ရင်း လာခုန်အုပ်သေး ... သူကပဲ "မလုပ်ပါနဲ့"တဲ့။ ယောကျ်ားတစ်ယောက် ဖြစ်သည်ဆို





တာကလွဲပြီး မှောင်ကြီးမည်းမည်းထဲမှာ ဘာမှန်းမသိရ ... အရှုးလား အကောင်းလား မသိသည့် ထိုသူသည် ... ပါးစပ်ကနေ "မလုပ်ပါနဲ့"ချည်း တွင်တွင်အော်ကာ လူကတော့ ဓာတီကို အပြင်းအထန်ကြီး နပန်းလုံး သတ်ပုတ်ပါချေတော့သည်။

"ဘာလာလုပ်တာလဲ ... ဖယ် ... ဖယ်"

"မဟုတ်ဘူး ... ခင်ဗျား အဲဒီလို မဟုတ်တရုတ် ပေါက်ကရတွေ လျှောက်မလုပ်နဲ့ ..."

"ကျုပ်က ဘာလုပ်လို့လဲ ..."

"ကျွန်တော် မမြင်ဘူးမှတ်လို့လား ... ခင်ဗျား တစ်ယောက်တည်း ထိုင်နေတာကို မှောင်ရိပ်ထဲကနေ ကျွန်တော် စောင့်ကြည့်နေတာ ကြာလှရှိပြီဗျ"

"လွှတ် ... လွှတ် ... လက်တွေကို အတင်းလာချုပ်မထားနဲ့ ... နှစ်ယောက်လုံး သေကုန်လိမ့်မယ် ..."

"အဲဒီလို ဖြစ်မှာစိုးရိမ်ရင် ခင်ဗျားငြိမ်ငြိမ်လေး နေလိုက်ပေါ့ဗျ ..."

"ဘယ်ဖြစ်မလဲ ... ခင်ဗျားက ဘာလာလုပ်ချင်မှန်းမှ မသိတာ ... ခင်ဗျားသာ အရင်ငြိမ်လိုက် ... ကျုပ်လက်တွေကို လွှတ် ... ပြီးရင် ကမ်းပေါ်ကို အရင်သွားပြန်တက်ချေ"

"မဖြစ်ဘူး ... ခင်ဗျားကို ဒီအတိုင်း ယုံစားပြီး လွှတ်လိုက်လို့ ဘယ်ဖြစ်မလဲဗျ ... ခင်ဗျား ကျွန်တော်နဲ့ ကမ်းပေါ်ပြန်လိုက်ခဲ့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



ဓာတိနှင့် ထိုသူတို့မှာ တစ်ယောက်နှင့်တစ်ယောက် အပြင်းအထန် အနိုင်မခံ သတ်ပုတ်လုံးထွေးနေကြဆဲကပင် အပြန်အလှန် အော်ဟစ်ပြောဆိုနေကြခြင်း ဖြစ်ပါသည်။ ရေအတိမ်အနက်က ခါးလောက်ပဲ ရှိသည်ဆိုပေမယ့် ရေထဲမှာ လူးလိမ့်လုံးထွေးနေကြရတာမို့ ရေတွေက ပါးစပ်ထဲဝင်လိုဝင် ... နှာခေါင်းထဲဝင်လိုဝင် ...။

နေရင်းထိုင်ရင်း ဘာလာပြဿနာရှာချင်မှန်း မသိသည့် ထိုလူတစ်ယောက်ကို ပထမတော့ ကိုယ့်ကို ရန်ရှာမည့်သူလား ... လူကိုရန်ရှာချင်တာထက် ပိုက်ဆံလုချင်တာမျိုးလား ... အရူးများလား ... စသဖြင့်တွေ လျှောက်တွေးနေမိသေးပေမယ့် မရပ်မနား သတ်ပုတ်နေဆဲမှာတောင် သူ့ရဲ့လေသံနှင့် စကားလုံးတို့က ရန်ရှာလိုခြင်းကင်းကာ ... ပုံမှန်ပင်မက မိတ်ဆွေသူငယ်ချင်းတစ်ယောက်နှင့် စကားပြောနေရသလို ... ဖျောင်းဖျနားချလိုဟန် မကင်းတာကို ဓာတိက သတိထားမိလာသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလူဟာ ကိုယ့်ရဲ့အသက်အန္တရာယ်ကို ထိပါးရန်ရှာမည့်သူ မဟုတ်နိုင်မှန်း ယုံကြည်လိုက်နိုင်ချိန်မှာ ဓာတိက ပြန်လှန်ခံသတ်နေခြင်းတို့ကို ချက်ချင်းပင် တိခနဲ ရပ်တန့်ပစ်လိုက်ပါသည်။ ထိုအခါ ဘာကြောင့်မှန်းမသိလာသတ်နေသူမှာ လုံးလုံးကြီးပင် အနိုင်ရရှိသွားတော့ကာ ဓာတိခမျာ အတော်အားသန်ဟန်ရှိသော ထိုလူရဲ့ လက်နှစ်ဖက် အချုပ်အနှောင်ထဲ စင်းစင်းလေးပင် မိနေရပါတော့သည်။





ထိုလူက ဓာတိရဲ့လက်ကို အင်နှင့်အားနှင့် ဆွဲခေါ်ကာ ကမ်းစပ်ရှိရာသို့ အမြန်ဆုံး လျှောက်လှမ်းတော့၏။ နှုတ်ဖျားမှလည်း "မရန်းကန်ဖို့" ... "အသာတကြည်ပင် လိုက်ပါလာဖို့" ရာတို့ကို တတွတ်တွတ် တဖွဖွ ...။ ကိုယ့်ဘာသာ မကျေနပ်မကြည်လင်ရင်း ဓာတ်ခံနှင့် သူ့ဟာသူ နေနေသည့် ရေထဲကသက်မဲ့ လရိပ်ကိုပင် ရန်ရှာဖို့ စိတ်ရှုးပေါက်ခဲ့သော ဓာတိမှာ ခုမှပင် ထိုလူရဲ့ လုပ်ပုံကိုင်ပုံတွေကြောင့် လူက ရယ်ချင်စိတ်နှင့် ပြေလျှော့လျှော့ ဖြစ်လာရသည်။

ဘယ်လိုလူလဲ ...။ အရူးများလား ...။ ထိုသူက ကမ်းပေါ်ကို သေချာကြီး ရောက်မှပင် သူ ချုပ်နှောင်ထားသော ဓာတိရဲ့ လက်တို့ကို ဖြေလွှတ်ပေးလိုက်ကာ စိုရွဲနေသော ရေတို့ကို ခါထုတ်ပြီးမှ မြေကြီးပေါ်သို့ ခြေပစ်လက်ပစ်ကြီး ထိုင်ချလိုက်ရင်း ...

"ခင်ဗျားဗျာ ... မကြံကောင်း မစည်ရာ ...လူ့ဘဝဆိုတာ ရခဲပါဘိခြင်းဥစ္စာ ... ပြီးကျတော့ ခင်ဗျားဟာ ယောက်ျားပဲ ... ဘာကိစ္စ ဒီလို အဆုံးသတ်မျိုးကြီးနဲ့ အလျှော့ပေးလိုက်ရမှာလဲ ... ကျွန်တော့် သီအိုရီကတော့ ဘယ်လိုစိတ်ညစ်စရာမျိုးပဲရှိရှိ အချိန်တန်ရင်တော့ ပျောက်စမြဲပဲ ... အဲဒီအချိန်တစ်ခုကို အားတင်းပြီး စောင့်ဖို့တော့ လိုတာပေါ့ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဓာတီမှာ ပါးစပ်အဟောင်းသားလေးပင် ဖြစ်သွားရပါတော့သည်။ ဩော် ... လက်စသတ်တော့ သင်းက လူကို ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်(Suicide လုပ်)သည်ဟု ထင်နေတော့တာကိုး ... ဟား ဟား။

"ဟား ဟား ဟား"

ထိုလူ ဆတ်ခနဲ ဖြစ်သွားသည်။ ဓာတီကိုလည်း မသင်္ကာသလို ကြည့်လိုက်ကာ ...

"ဟေ့လူ ... ဘာရယ်တာလဲ"

"ခင်ဗျားက ရယ်စရာကြီးကိုးဗျ ... ဟား ဟား... ကျုပ်က ဘာလို့ ကိုယ့်ကိုယ်ကိုယ် Suicide လုပ်ရမှာတုန်း ... အဝေးကြီးပဲ ..."

မှောင်ထဲမှာပင် ထိုလူ့မျက်နှာပေါ်မှ အပြုံးရိပ်တစ်ခုကို မြင်လိုက်ရသည်။

"ဒီမှာကိုယ့်လူ ... ခင်ဗျား ရူးတော့မရူးဘူး မဟုတ်လား"

ကိုယ်က သူ့ကို အရူးဟု ထင်နေချိန်မှာ သူကလည်း ကိုယ့်ကို အရူးတစ်ယောက်အဖြစ် မသင်္ကာနေပြန်သေးသည်။ ဟုတ်တော့ ဟုတ်နေပြီ။

"အရူးနဲ့များ တူနေလို့လား ..."

"တူတော့ မတူပါဘူး ... ဒါပေမယ့် ကျွန်တော် စာထဲ ဖတ်ဖူးတာ တစ်ခုကတော့ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံစည်ဝံ့သူတွေဟာ ပုံမှန်တော့ မဟုတ်ဘူးတဲ့ဗျ ...





ကိုယ့်လူပုံစံ ကြည့်ရတာ အကောင်းကြီးပါ ... အရူးစာရင်း တော့ မဝင်ချင်စမ်းပါနဲ့ဗျာ ..."

လာပြန်ပြီ ...။

"ကဲ ... ကျုပ် ဘယ်လိုမှ ... လုံးဝ ... ဘယ်တုန်းကမှ ... ဘယ်တော့မှ Suicide မလုပ်ပါဘူး ဆိုတာ ဘယ်လိုမှ ပြောလို့မရတော့ဘူးလား"

"ဒါကတော့ ကိုယ့်ရဲ့ ကြံစည်မှုက အထမမြောက်ဘဲ လူမိသွားတဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတဲ့ လူတိုင်း ရာနှုန်းပြည့်ဟာ ခင်ဗျားလိုပဲ ပြောကြမှာ ပါပဲ"

"တော်ပြီ"

"ဟုတ်ကဲ့ တော်တာပဲ ကောင်းပါတယ် ... ခင်ဗျားကို ကျွန်တော် စောင့်ကြည့်နေတာ ကြာလှပြီပဲဗျ ... ခင်ဗျား ဘယ်လိုမှ ငြင်းလို့မရပါဘူး ကိုယ့်လူရာ ... ဒီလိုအချိန် ဒီလိုနေရာကြီးကို အကြောင်းကိစ္စတစ်စုံတစ်ခုလည်း မရှိ ... သူခိုးလည်း မဟုတ်ရင် ဘယ်သူမှ ရောက်နေမှာမဟုတ်ပါဘူး ...

လူလစ်ပြီ ထင်ပေမယ့် ကျွန်တော်ရှိနေတာကိုက ခင်ဗျားအတွက် အသက်ဆက်ရှင်ဖို့ လိုနေသေးတယ်ဆိုတာ ကံကြမ္မာက ပြနေတာပါပဲ ..."

ဗွတ်ကြီးပင် ...။ ငြင်းနေလည်း အကျိုးရှိမည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သည့် တူတူတော့ ဇာတိက ဘာမှ ဇွတ်ဆက်ငြင်းမနေတော့ဘဲ မြိုစိစိသာ လုပ်နေလိုက်ပါတော့သည်။ ထင်ချင်သလိုသာ ထင်ပေတော့ ကိုယ်မှ မဟုတ်တာ ...။ ဇာတိမှာ မရှုကျနပ်နိုင်တာတွေ စိတ်ညစ်စရာတွေ အများကြီးရှိတာ ကိုယ့်ကိုယ်ကိုယ်သိသည်။ ဒါပေမယ့်လည်းပဲ ... အဲဒီလောက် ပျော့ညံ့အောက်တန်းကျသော အလုပ်မျိုးကိုတော့ ဘယ်သောအခါမှ လုပ်ဖို့ဝေးလို့ ကြံစည်စိတ်ကူးမိမှာတောင် မဟုပ် ...။ ဒါပေမယ့် ငြင်းလို့မှ မရတာ ... နေပေ့စေတော့ ...။ ပင်ပန်းသည်။ လေကုန်သည်။

“ကဲ ... ပြောစမ်းဗျာ ... ကျွန်တော့်ကို ... ခင်ဗျားရဲ့ စိတ်ညစ်စရာတွေ ...။ တစ်ခါတလေကျရင်တော့ ကိုယ့်ဘာသာ တစ်ယောက်တည်း ညစ်ပိတ်ခံစားနေရတာထက်စာရင် ကိုယ်နဲ့ ရင်းရင်း မရင်းရင်း ... သိသိမသိသိ ... တစ်စုံတစ်ယောက်ကို ဖွင့်ပြောပစ်လိုက်ရတာ ကယ်အရသာ ရှိတာမျိုးဗျ ... မယုံရင် စမ်းကြည့် ...”

ဇာတိက ပေါ့ပေါ့ပါးပါးပင် သက်ပြင်းတစ်ချက်ချလိုက်မိပါသည်။ ပြီးမှ ...

“ကျုပ်အမေ သေသွားတယ်ဗျ ...”

“ဒါများဗျာ ... ကျွန်တော့်မှာဆို အဖေရော အမေပါ မရှိဘူး ... ကြာလှပြီ”

“ကျုပ်ကတော့ ပြီးခဲ့တဲ့လထဲကမှ အမေဆုံးသွားတာ ...”

“ဟင် ... ခုနကပြောတော့ အမေဆို ...”





“ဟုတ်တယ်လေ ... ဘာဖြစ်လဲ ... အမေက ဆုံးတာကြာပြီ ... အဖေကတော့ ပြီးခဲ့တဲ့လထဲကမှ ဆုံးတာ ...”

“အဆန်းပဲ ... လမလည်လောက်သေးတဲ့ အဖေ့အတွက်တော့ မဟုတ်ဘဲ ... ဟိုးအဝေးကြီးတုန်းက ဆုံးထားတဲ့ အမေ့အတွက် လာထိုင်စိတ်ညစ်နေရတယ်လို့ ...”

“ဘာဖြစ်လဲဗျ ... ကျုပ်ဟာနဲ့ကျုပ် ဘယ်သူ့အတွက် ညစ်ညစ်ပေါ့”

“ထားပါ ... ဒါပေမယ့်လည်း ခင်ဗျားလိုသာဆို ကျွန်တော်လည်း ရေထဲဆင်းသေဖို့ပဲ ရှိတော့တာပေါ့ဗျ ... ကျွန်တော်လည်း တစ်ကောင်ကြွက်ပဲ ...”

“ကျုပ်က ဘာသ်ကောင်ကြွက်တော့ မဟုတ်ဘူး ...”

“ဟာ ... ဒါများ ... ကဲ ... တစ်ကောင်ကြွက် မဟုတ်ရင်လည်းပဲ စားဖို့ နေဖို့များ ခဲယဉ်းနေလို့လား ...”

“မခဲယဉ်းပါဘူး ...”

“ဒါဖြင့် အလုပ်မရှိ အကိုင်မရှိလား ...”

“လုပ်ချင်စိတ်ရှိရင်တော့ မိဘလက်ငုတ်လက်ရင်း လုပ်ငန်းတွေ ရှိပါတယ် ...”

ထိုသူက ဇာတိကိုကြည့်ကာ “အမြင်တောင်ကတ်ချင်ပြီ” ဟု တိုးတိုးရေရွတ်ရင်း ...

“ဒါဖြင့်ရင် အသည်းကွဲဝေဒနာတော့ ရှိတယ်ပေါ့ ...”

“တွက် ... အရေးမပါတာ ... ဘယ်တုန်းကမှ မိန်းမဘာစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်အတွက် ခံစားဖို့ဝေးလို့ ... ချစ်ကြည့် ကြိုက်ကြည့်ဖို့တောင် စိတ်ကူးမရှိဘူး ..."

"ကဲ ... ကဲ ... ဒါဖြင့် ကျွန်တော် ဒီတစ်ခါတော့ ပြန်မဆွဲတော့ဘူး ... ခင်ဗျား ရေထဲပြန်ဆင်းပြီး သေချင် သေချေတော့ ... ရပြီ"

ဇာတိက ခပ်ကျယ်ကျယ်တစ်ချက် ရယ်လိုက်မိတော့ ထိုလူက ... "မရူးချင်စမ်းပါနဲ့ဗျာ ... ခင်ဗျား ကြည့်ရတာ ... ရူးတာထက် စိတ်က,လေပြီးတော့ စတန့်ထွင်ချင်တာကသာ ခပ်များများနဲ့ တူပါရဲ့"ဟု အမြင်ခပ်ကတ်ကတ်လေသံနှင့် မှတ်ချက်ချလေသည်။

"ကဲ ... လုပ်စမ်းပါဦး ... နာမည်လေး တဆိတ်လောက် ... ကျွန်တော်ကတော့ **"ပြည့်စုံ"**တဲ့ဗျ ... ဒါပေမယ့် ဘာမှတော့ မပြည့်စုံဘူး ... ခင်ဗျားသာ ကျွန်တော့်နေရာမှာဆို ဆယ်ခါပြန် Suicide လုပ်ပြီးလို့ ဆယ်ဘဝပြောင်းပြီးနေလောက်ပြီ"

"ဟင်း ဟင်း ... ကျုပ်က 'ကောင်းဇာတိ'ပါ ..."

"ကောင်းဗျာ ... ဇာတိက ကောင်းပေမယ့် မရဏဘက်ကို ရှေ့ရှုချင်နေတာကတော့ ခက်တာပဲ ..."

ဇာတိက ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားသလို ... "ခင်ဗျားကရော ... ဒီအချိန် ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"ဟု ခပ်မာမာ တစ်ချက်အော်မေးလိုက်မိသည်။





"ခင်ဗျားပဲ ပြောတယ် ... ဒီအချိန် ဒီနေရာကြီးကို အကြောင်းကိစ္စ တစ်စုံတစ်ရာလည်း မရှိ ... သူခိုးလည်း မဟုတ်ရင် ဘယ်သူမှ ရောက်နေစရာ မရှိဘူးဆို ..."

"ဟုတ်တယ်လေ"

"ဒါဖြင့် ..."

"ကျွန်တော်က ကျွန်တော်ပြောတဲ့ နှစ်ချက်စလုံးနဲ့ ကိုက်တယ် ... အကြောင်းရှိတယ်ဗျ ... ရှိတဲ့အကြောင်းကလည်း ခိုးဖို့ ..."

"ဟာ ... ဒါဆို ခင်ဗျားက သူခိုးပဲ"

"ဒီလိုအခြေအနေမှာတော့ ဒီနာမည်ကိုပဲ ကျေကျေနပ်နပ် လက်ခံရတော့မှာပေါ့ ..."

ဇာတိ စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားရသည်။ စိတ်က ညစ်ညူးမကြည်သာနေရချိန်မှာ စကားပြောလို့ ကောင်းသော... အဖော်ပြုလို့ရသော လူတစ်ယောက် ကိုယ့်အနားကို ရောက်ရှိလာခြင်းအတွက် ကျေနပ်မိသလိုလို ရှိရပေမယ့် ကံငါးပါးကို လုံခြုံချင်သော ... မိကောင်းဖခင်သားသမီး တစ်ယောက်ဟု ကိုယ့်ကိုယ်ကိုယ် ယူဆမိသော သူ့အတွက် "သူခိုး"ဆိုတာသည် အပေါင်းအသင်း ပြုအပ်သော သူတစ်ယောက်မဟုတ် ...။ ဒီလိုလူပေါင်းများခြင်းမျိုးက မတော်ရင် ထောင်နံ့ပါ နံရကိန်းရှိသည်။

"ခင်ဗျား ဒီညကော ... ခိုးပြီးပြီလား ... ခိုးမလို့ လာထိုင်စောင့်နေတာလား ..."


www.burmeseclassic.com

www.burmeseclassic.com



ခပ်မာမာ ဆက်မေးလိုက်ရင်း ဘေးဘီကို လှည့်ပတ်ကြည့်မိတော့ ပစ္စည်းထုထည် ကြီးကြီးမားမား တစ်စုံတစ်ရာရယ်လို့လည်း မမြင် ...။ ထိုသူကတော့ မှောင်ထဲမှာ သွားဖွေးဖွေးတွေပေါ်လာအောင်ပင် သဘောတကျကြီး ဖြစ်နေတော့ရင်း ... "ခုမှ အခွင့်ကောင်း စောင့်နေတုန်း"ဟု ရယ်သံများများပါသော လေသံနှင့် ပြော၏။

ဇာတိမှာ ဘာဆက်လုပ်ရမည် မသိ ...။ ပြည့်စုံဟု အဆိုရှိသော ထိုသူကသာ ဆက်ပြီး ...

"ကဲ ... ဒီညတော့ ကြုံတုန်းကြုံခိုက်၊ ခင်ဗျားနဲ့ ကျွန်တော်လည်း ရေစက်ပါပုံရတယ် ... ဒီတော့ ဒီညတော့ ခင်ဗျား ကျွန်တော့်ကို ကူညီဗျာ ..."

"ဟာ ... အဓိပ္ပာယ်မရှိလိုက်တာ"

ဇာတိက ခါးခါးသီးသီးပင် ငြင်းဆန်လိုက်သည်။

"ဒီမှာ ကိုပြည့်စုံ ... ကံငါးပါးထဲမှာ ထိန်းသိမ်းနိုင်ဖို့ အလွယ်ကူဆုံး ကံတစ်ပါးက အဲဒီ "အဒိန္နာဒါနာကံ"ပဲလို့ ကျုပ်တော့ ထင်တယ် ... အဲဒီလို အလွယ်ဆုံးကိုတောင်မှ မထိန်းနိုင်ရင် ကျန်အလွယ်တကူ ချိုးဖောက်လွယ်တဲ့ ကံတွေလည်း ဘယ်လိုနည်းနဲ့မဆို ကျိုးပေါက်ဖြစ်နေတော့မှာပဲ ..."

"သဘောကျတယ် ကိုယ့်လူရာ ... ဒါပေမယ့် အဖန်ငါးရာငါးကမ္ဘာကိုကျတော့ မကြောက်တဲ့လူက အဒိန္နာဒါနာကျမှ





ကြောက်နေရသေးလား ... ထားပါလေ ... လူဆိုတာတော့ ကိုယ်ကြောက်ချင်ရာ ကြောက်ကြမှာပဲပေါ့နော် ... ဒါပေမယ့် ဒီည ကျွန်တော့်ကို လိုက်ကူညီလို့ကတော့ ညစ်ညူးနေတဲ့ ခင်ဗျားရဲ့စိတ်တွေ ပြေလျော့သွားရုံကလွဲလို့ အဒိန္နာဒါနာကံနဲ့တော့ မပတ်သက်စေရပါဘူးဗျ ... ကျွန်တော် ကတိပေးပါတယ်"

"သူများပစ္စည်းလည်း ခိုးဦးမယ် ... အဒိန္နာဒါနာကံကိုလည်း မဖောက်ဖျက်ပါဘူးဆိုတော့ ... ခင်ဗျားခိုးမှာက ..."

"လူလေ ... အဲ ... သူနဲ့အတူတော့ ပစ္စည်းလည်း ပါချင်ပါလာမှာပေါ့ ... တော်ကြာ ခင်ဗျားက ပစ္စည်းထုပ်ကြီးမြင်ရင် မုသာဝါဒကံ ချိုးဖောက်ပြန်ပြီလို့ စွပ်စွဲနေဦးမယ်"

ဇာတိက တဟားဟားပင် အော်ရယ်ပစ်လိုက်မိတော့သည်။ တော်တော်ပေါက်ကရနိုင်တဲ့လူ ... မိန်းမခိုးမလို့ လာထိုင်စောင့်နေတာကိုပင် ကိုယ့်ကိုယ်ကိုယ် "သူခိုး"ဖြစ်အောင် ပြောနေသေးသည်။

"ကဲ ... ကဲ ... ထ ထ ... သွားကြစို့ ... ဘဝကို အရှုံးပေးပြီး ရေထဲဆင်းသေမှာနဲ့ စာရင် သူတစ်ပါးကို ကူညီပြီး ပစ္စည်းထုပ် ဝိုင်းထမ်းတာက ပိုပြီးအဓိပ္ပာယ်မရှိနိုင်ပေဘူးလား ... အတွေ့အကြုံသစ် တစ်ခုဆိုတာ ရတုန်းယူထားရတယ် ... မပြောနိုင်ဘူး ... ကိုယ့်အလှည့်ကျ ဒါမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြုံလာရင် အတွေ့အကြုံ ရှိပြီးပြီဆိုတော့ ပိုပြီး အကွက်စေ့ အောင်မြင်နိုင်တာပေါ့ ... မဟုတ်ဘူးလား”

ဇာတိက ရယ်ရယ်မောမောနှင့် ထိုင်ရာမှ ထရပ်လိုက်သည်။ သူ့ဟာနဲ့သူ လှပတည်ငြိမ်နေဆဲဖြစ်သော လရိပ်ကိုလည်း အလကားနေရင်း ရန်ရှာအပြစ်တင်နေချင်စိတ် မရှိတော့။ သူတစ်ပါး အကျိုးကို လိုက်ဆောင်ရင်း ကျေနပ်ပျော်ရွှင်ရတာသည် တစ်ဦးတစ်ယောက်တည်း ကိုယ့်စိတ်နှင့်ကိုယ် ကျိတ်ရန်ဖြစ်နေရတာထက်တော့ အများကြီး နေပျော်ဖွယ် ဖြစ်ပါလိမ့်မည်။

ခုမှ စတင်တွေ့ဖူးမြင်ဖူးသည့်လူ သူစိမ်းတစ်ယောက်ကို သူ့မိန်းမရဲ့ ထဘီထုပ် ဝိုင်းထမ်းခိုင်းဖို့လောက်အထိ ဆွဲဆောင်စကားပြောကောင်းနိုင်သော သတို့သားလောင်းကြီးကတော့ ... “အဝတ်အစားတွေကလည်း စိုမလို ခြောက်မလိုနဲ့ ... သဲတွေလည်း ကပ်နေလိုက်သေး ... မနိုပ်ပါဘူးကွာ ...”ဟု ညည်းညည်းညူညူ တဖျစ်တောက်တောက် လုပ်လျက်ရှိလေသည်။

❦





ညက အိပ်ရေးအတော်ကြီး ပျက်လိုက်မိတာမို့ ဇာတိ တစ်ယောက် အိပ်ရာမှ နိုးလာသော အချိန်သည် မနက်ကိုးနာရီခွဲ ... ဆယ်နာရီနီးပါးမျှပင် ရှိနေပြီ ...။ ဒါတောင်မှ ကိုယ့်ဘာသာ အိပ်ရေးဝ အချိန်စေ့လို့ အလိုလို နိုးလာရတာမျိုးမဟုတ် ... အနှောင့်အယှက်သာကင်းရင် မွန်းတောင်တည့်သွားမလား မဆိုနိုင်သော ဇာတိရဲ့ အိပ်ကောင်းခြင်းမှာ ပြင်းပြင်းထန်သန်ကြီး ထုနက်ရိုက်ပုတ်နေသော တံခါးခေါက်သံများကြောင့် ဆိုးရွားစွာ လန့်နိုးလာရခြင်းမျိုး ဖြစ်တော့သည်။

“လာပြီ ... ခွတ်ထုမနေနဲ့ ...”

အပြင်က ဘယ်သူပဲဖြစ်ဖြစ် ... ကိုယ့်ကိုလာနှောင့်ယှက်သူ ဟူသမျှကိုတော့ ဇာတိက ပြေပြေလည်လည် ပြန်ဆက်ဆံမနေနိုင်ပါ။ အသံကုန် တစ်ချက်နှင့် ပြန်အော်ပစ်လိုက်တော့ တံခါးထုသံက လုံးလုံးကြီး ရပ်တန့်တိတ်ဆိတ်လို့ သွားလေသည်။

အင်း ... ဘယ်သူတစ်ယောက်ရဲ့ အဆိုအမိန့် တွေ့ရှိခဲ့ရက်လည်းတော့ မသိ ...။ ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် အိပ်ရာမှ နိုးနိုးချင်းမှာ လက်ငင်းပစ္စက္ခ အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခြင်းမှာပင် သိရှိသဘောပေါက်ကာ ထိုပစ္စကွထဲမှာ ချက်ချင်း အသားကျ ထလှုပ်ရှားနိုင်သော သူများဟာ အတော့်ကို အိုင်ကျူ (IQ) (Intellegence Quotient) (လူ့ရဲ့ပင်ကိုယ်မှုလဉာဏ်ရည် ဉာဏ်သွေး အရည်အချင်း) မြင့်မားကြသူများပင်တဲ့ ...။

ဒီလိုဆိုရင်တော့ ဓာတိရဲ့ အိုင်ကျူဟာ တော်တော့်ကို မြင့်မားနေပြီ။ အနှောင့်အယှက်ကြီးကြီးနှင့် ခေါင်းကိုက်စရာ ကောင်းအောင် နှိုးထခဲ့ရတာတောင်မှ ... ယခု ပစ္စကွလက်ငင်း ဖြစ်ပျက်နေသည်ကိုလည်းကောင်း ... ညက ဖြစ်ဖြစ်ခဲ့သမျှ အတိတ်ကာလကိုလည်းကောင်း ... ချက်ချင်းပြန်ဖမ်းယူ အသားကျ ပြီးဖြစ်တဲ့ပြင် ... လာလတ္တံ့သော ပစ္စုပ္ပန်ကိုပါ ကြိုမြင်နိုင်လိုက် ပြီးပြီလေ ...။

မဟုတ်မှလွဲရော ...။ ကိုယ့်ရဲ့အိမ်တံခါးကို ပြိုမတတ် လာရောက်လုပ်ကြံနေကြသူများဟာ ... ညက ဖြစ်ပျက်ခဲ့သမျှတို့ ရဲ့ အကျိုးဆက် ... နောက်ဆက်တွဲများပင် ဖြစ်ရတော့မည် မဟုတ်လား ...။ ဘယ်နည်းနဲ့မဆို ကိုယ်ဟာ ညကဟိုပြဿနာ ကောင်ရဲ့ နောက်ဆက်တွဲ အကျိုးဆက်များကို ... လိုချင်ချင် မလိုချင်ချင် လက်ကိုခံရတော့မည် ဆိုတာကို ညကတည်းက ပင် ဓာတိက ကောင်းကောင်းကြီး သဘောပေါက်ပြီးသားပါ ပင် ...။

အင်း ... ကိစ္စက ညကပဲဖြစ် ... မနက်လင်းတော့ ကိုယ့်အိမ်ဝလာပြီးတော့တောင်မှ တံခါးခေါက်နေနိုင် ... ဆိုတာက





တော့ တဆိတ်ကလေးတော့ မြန်လှတာပေါ့နော် ...။ သတင်းအနံ့ခံ နောက်ယောင်ခံမှုများကလည်း IT (အိုင်တီ) (Information Technology) ခေတ်မို့ ထင်ပါရဲ့ ... ကောင်းလွန်းလွန်းနိုင်ပါပေ ရဲ့ ...။

ဓာတိက "ဗုံး"ခနဲ တစ်ချက် သမ်းဝေလိုက်ကာ ခုတင်ပေါ်မှ ဆင်းပြီး အိမ်တံခါးဝဆီသို့ တန်းလျှောက်ခဲ့ပါသည်။ အဲယားကွန်းဘက်စ်ကြီး တစ်စီးစာမျှလောက်ပင် မကျယ်ချင်သော ကိုယ့်ရဲ့အိမ်ခန်းလေးဟာ တစ်ခန်းတည်းသော အခန်းငယ်ထဲမှာ ပင် ဧည့်ခန်းလည်းဖြစ် ... ခုတင်ခြင်ထောင်လည်းရှိ ... မီးဖိုခန်း လည်း အပါအဝင် ...။ ကဲပါ ... အပြင်ကလူ ဘယ်သူဖြစ်ဖြစ် ... ဘယ်သူမြင်မြင် ... ကိုယ့်ရဲ့ ခြင်ထောင်နဲ့ စောင်ကိုလည်း ခေါက် သိမ်းသပ်ရပ်မနေချင်တော့ပါဘူး ...။

အခြေအတင်တွေ ဖြစ်ကို ဖြစ်ကြရတော့မယ့် ကိစ္စ မှာ အပြင်ကလူများဟာ ကိုယ့်ကို စည်းကမ်းရှိ စနစ်ကျ၊ အနေ အစား မြင့်လှတဲ့ကောင်ကလေးပါပဲ ... ဟု မှတ်ချက်ချပေးစရာ သည်း မလိုအပ်ပါဘူး ...။

"ဟိုက် ... ရှားဘား(စ်)"

တံခါးဖွင့်ဖွင့်လိုက်ချင်းပင် ဓာတိရဲ့ နှုတ်ဖျားမှ ဆောင်ယမ်းပြီးတောင်မှ အသံထွက်သွားရပါသည်။ ကိုယ့်ရဲ့ရုပ် ရှင်ထဲက ရုပ်ကွက်လူကြီးများနှင့်တကွ အခြား အခြားသော လူကြီးလူကောင်း၊ တစ်ပြုံတစ်မကြီး ဆိုတာမျိုးကိုပဲ မျှော်လင့်ထား



www.burmeseclassic.com

www.burmeseclassic.com



မိသော ဓာတိအတွက် အံ့ဩစရာ ကြုံတွေ့လိုက်ရတာက ... အရွယ်ကောင်း၊ အပျံစား မိန်းကလေး ငါးဦး ...။

"ဟော ... ဟော ... ဟုတ်တယ် ... ဟုတ်တယ် ... သူပဲ ... သူပဲ ..."

"သေချာလား ..."

"သေချာတယ် ... ငါပြောတယ်လေ ... ဂျင်းဘောင်းဘီနဲ့ တီရှပ်အဖြူလို့ ... တွေ့လား ... ညက အဝတ်အစားကို တောင်မှ မလဲရသေးတာပဲ ..."

တစ်ယောက်သော မိန်းကလေးက လက်ညှိုးတထိုးထိုးနှင့် အတည်ပြု ပြောကြားလိုက်အပြီးမှာတော့ ထိုမိန်းကလေး ငါးယောက်စလုံးတို့ဟာ တံခါးပေါက်ဝမှာ ရပ်နေတဲ့ ဓာတိကိုပင် အတင်းကြီး တိုးမတတ် တိုက်မတတ် ... အတွင်းဘက်သို့ မရမက ခေါင်းပြူ၊ ကိုယ်တိုး ... ချောင်းကြည့် အကဲခတ်ကြပြီးသော် ...

"ဘာမှလဲ မတွေ့ပါလား ..."

"သေချာရှာလေ ... အခန်းတွေ အကွယ်တွေအားလုံး သေချာကြည့် ... လူက ဒီလူပဲ သေချာနေပြီပဲ ဥစ္စာ ... ဘယ်မှ ပြေးလို့မရဘူး ... မတွေ့စရာ အကြောင်းကို မရှိဘူး"

"အခန်းက စုစုပေါင်းမှ တစ်ခန်းတည်းရှိတာဟဲ့ ... ဘာမှ အကွယ်တွေ အကွေ့တွေလည်း မရှိဘူး ... ဒီတစ်ခန်းထဲမှာမှ မရှိရင် ဘယ်မှာ ထပ်ရှာရမလဲ ..."

ပထမဦးဆုံး "သူပဲ ... သူပဲ"ဟု စွပ်စွဲသော မိန်း





ကလေးက သူ့ရဲ့ လက်ညှိုးရှည်ရှည်ကို ဓာတိဘက် ဆတ်ခနဲ ထိုးလိုက်ပြန်သည်။

"ဟေ့လူ ... ဟိုခြင်ထောင်ထဲမှာ ဘာရှိလဲ"

ဓာတိ တစ်ယောက် ကလိထိုး ခံလိုက်ရသလိုကို ရယ်ချင်သွားရပါသည်။ တစ်ခန်းတည်းသော အခန်းရှင်းရှင်း လင်းလင်းထဲမှာ သူတို့လိုချင်တာကို ရှာမတွေ့နိုင်ကြသောအခါ ဖြစ်ကတတ်ဆန်း ကြိုးချည်ထောင်ထားပြီး ခုထက်ထိ မရှင်းလင်း မသိမ်းဆည်းရသေးသော ခြင်ထောင်ကိုပဲ ရမယ်ရှာလာကြပြန်ပြီ ...။ ခြင်ထောင်ကလည်း အနှစ်နှစ် အလလက ဟောင်းနွမ်းနေသော ပိတ်ခြင်ထောင်ဆိုတော့ကာ ပြတင်းပေါက်များပင် မဖွင့်ရသေး၍ အလင်းအားကောင်းကောင်း မရသေးသော အခန်းတစ်ခု အတွင်းမှာ ခြင်ထောင်ရဲ့အတွင်း အထဲထဲကို ဘာမှကို မမြင်ရနိုင်တော့ဘူးလေ ...။

"ဘာရှိရှိပေါ့ဗျ ..."

"အဲဒီလို မပြောနဲ့လေ ... ကျွန်မတို့က ရှင်တို့ကို ဘာမှ ပြဿနာမလုပ်ပါဘူး ... အထဲမှာ မမကြီး ရှိနေတယ် မဟုတ်လား ..."

"ဟား ဟား ဟား"

ခုနကတည်းက ရယ်ချင်ချင် ဖြစ်နေသော ဓာတိ တစ်ယောက် ခုမှပင် ရယ်ချစရာ အကြောင်းအရာကောင်းတစ်ခု ရှာတွေ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကောင်းပြောနေတာနော် ... ကျွန်မတို့ရဲ့ မမကြီး ရှိတယ်ဆိုရင်တော့ ထုတ်ပေးပါရှင် ... ဆက်ပုန်းခိုင်းမထားပါနဲ့တော့ ... ရှင့်ခြင်ထောင်ကြီးက ပုံစံကြည့်လိုက်တာနဲ့ စုတ်ပြတ်နေတာပဲ ... အနံ့တောင် ထွက်နေမယ့်ပုံ ... မမကြီး သနားပါတယ် ... အဲဒါကြီးထဲမှာတော့ ဆက်ပုန်းခိုင်း မထားပါနဲ့တော့ ..."

"ဟိတ် ..."

ဇာတိက သူ့စကားကို ဖြတ်ပြီးတော့ ခပ်ကျယ်ကျယ် တစ်ချက်အော်လိုက်သည်။

"မင်းအစ်မက ဘာကိစ္စ ကြောင့် ငါ့ခြင်ထောင်ထဲ လာရောက်နေရမှာလဲ ... ပြီးကျတော့ သူများတကာ အမြဲသုံးစွဲအိပ်စက်နေရတဲ့ အသုံးအဆောင်တစ်ခုကို မင်းက ရွံသလိုရှာသလို ပုံစံကြီးနဲ့ နှိမ်နက်မပြောစမ်းပါနဲ့ ... မင်းဘာသာ ရွှေခြင်ထောင်နဲ့ အိပ်အိပ် ... စိန်ခြင်ဇကာပဲ တပ်တပ် ... သူတစ်ပါးပစ္စည်းကိုတော့ မနှိမ်နဲ့ ... ငါလည်း အဲဒါကြီးနဲ့ အိပ်ချင်လွန်းလို့တော့ အိပ်နေရတာ မဟုတ်ဘူး ..."

ကောင်မလေးက ဇာတိရဲ့ ခပ်ငေါက်ငေါက်စကားတွေကြောင့် မျက်လုံးပေကလပ်နှင့် ခေတ္တမျှ ငြိမ်သက်သွားရပြီးမှ နောက်က သူ့အဖော် ဖြစ်ဟန်တူသူ လေးယောက်တို့ရဲ့ တတိုတည်း တိုနေသော လက်အတို့တို့မှာ ပြန်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာကာ ...





"ဒါဖြင့် သူများအစ်မက ဘယ်မှာလဲ ..."

"ဘယ်သိမှာလဲ ... ဘယ်သူလဲ မင်းအစ်မက ... ဘယ်မှာလဲဆိုတာ သိဖို့ဝေးလို့ သူ ဘယ်သူလဲဆိုတာတောင် ငါ မသိဘူး ..."

"ဟဲ့ ... သိဂီ ..."

ကောင်မလေးက နောက်တစ်ယောက်ကို လက်တို့လိုက်ပြန်ရာ သိဂီ ဆိုသူကပါ လှုပ်ရှားလာပြန်၍ ...

"ကျွန်မ အစ်မကို ရှင် ညက ခိုးသွားတာ မဟုတ်ဘူးလား ..."

"အမိပွာယ်မရှိတာ ..."

"ရှင်မလိမ်ပါနဲ့ ... ရှင့်ကို ညက **'လှစ်လှစ်'**က မျက်ဝါးထင်ထင်ကို မြင်လိုက်တာတဲ့ ..."

"လှစ်လှစ် ..."

"လှစ်လှစ် ဆိုတာသူ ..."

ပထမတစ်ယောက်ကို လက်ညှိုးပြန်ထိုးပြသည်။

"ဟုတ်တယ် ... ကျွန်မ ရှင့်ကို မြင်တယ် ... ရှင့်လက်ထဲ မှာလည်း အထုပ်ကြီးနဲ့ ..."

"မဟုတ်ဘူး ..."

"ဟုတ်တယ် ... ဟုတ်သမှ သိပ်ဟုတ်တယ် ... ရှင့်လက်ထဲမှာ အထုပ်ကြီးနဲ့ ရှင်မှောင်ရိပ်ခိုပြီး ပြေးနေတာ ... အဲဒါကြောင့် အိမ်ကလူကြီးတွေ မသိအောင် ကျွန်မ စက်ဘီးထုတ်ပြီး ရှင့်နောက်ကကို နောက်ယောင်ခံလိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တာ ... နောက်ဆုံး ရှင် ဒီအိမ်လေးထဲ ဝင်ပြေးတာ သေချာမှ ပြန်တာ ... ရှင့်အဝတ်အစားကလည်း ညကတည်းက ဒါမှဒါပဲ ... ညကတော့ ရေတွေနဲ့ ရွှဲနေသလိုလို ဘာလိုလို ဖြစ်နေတာ ... ခုလောက်လည်း ကျေတွန့်ကြီး မဟုတ်ဘူး ... ဒါပဲကွာတယ် ... ကဲ ဘာပြင်းမလဲ ..."

ကောင်းရော ... သတင်းအနံ့ခံတာ မြန်ပါတယ်ထင်နေတာ ... ညကတည်းက စက်ဘီးတစ်စီးနဲ့ နောက်ကနေကိုပါလာတာကိုး ...။ နည်းနည်းလေးမှကို မရိပ်မိလိုက်ပါ။ ဟိုပြဿနာကောင် မောင်ပြည့်စုံကို ကျိန်ဆဲမေတ္တာပို့နေရတာနဲ့တင် ကိုယ့်နောက်ကလူ ပါလာတာကို သိဖို့ဝေးလို့ နောက်ကြောင်းကိုလည်း တစ်စက်မှ ပြန်လှည့်မကြည့်အား ...။ ဘာမှန်းမသိတဲ့ အိတ်တစ်လုံးကိုထမ်းပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင်ကို ပြေးခဲ့ရတာ မဟုတ်လား ...။

ကဲ ... သူက အားလုံးကို တစ်ခုမကျန် မြင်တွေ့သိရှိပြီးသူဖြစ်သော်လည်း ကိုယ်ကတော့ ဟန်ကိုယ့်ဖို့ဆိုသလို ...

"ထားပါတော့လေ ... ဒါပေမယ့် နောက်ကနေ စက်ဘီးနဲ့လည်း လိုက်ကြည့်တယ် ဆိုသေး ... မင်း ငါ့ကိုမြင်တော့ ဘေးနားမှာ မိန်းမတစ်ယောက်နဲ့ အတူတွဲပြေးနေတာကို မြင်လို့လား ..."

လှစ်လှစ် ခပ်ကြောင်ကြောင် ဖြစ်သွားသည်။

"မင်းတို့အစ်မကို ငါ လုံးဝမခိုးဘူး ..."





"ဒါဖြင့် အိတ်ကြီးကရော ..."

"လူတစ်ယောက်လုံးကို သားရေအိတ်ထဲထည့်ဆွဲပြီး သယ်ပြေးတယ်လို့ မင်းက စွပ်စွဲချင်တာလား ... ဖြစ်နိုင်ပါ့မလား"

"အဲလိုတော့ ဘယ်ဟုတ်မလဲ ... ရှင်က အစ်မကို မခိုးရင်တောင် အိတ်ကြီးတော့ ဆွဲပြေးတယ် ..."

"ဒါကတော့ ကိုယ့်အိတ်ကိုယ် ဆွဲသွားတာလည်း ဖြစ်နိုင်တာပဲ ..."

"ဟဲ့ ... လှစ်လှစ် ... ဒီနေ့မနက် ဘိုးဘိုးကြီး အော်နေသံလည်း ငါ ကြားခဲ့တယ် ... ညက သူ့သားရေအိတ်ကြီးလည်း ပျောက်သွားလို့တဲ့"

သိဂီဆိုသော ကောင်မလေးက အလန့်တကြားဝင်ပြောလိုက်သည်။

"ဟော ..."

လှစ်လှစ်က သူ့လက်ညှိုးကြီးနှင့် ဇာတိကို လာထိုးမြန်ကာ ...

"အဘိုးအိတ်ကြီးကကော ဘာကိစ္စ ပျောက်ရတာလဲ ... မမကြီးလည်း ဒီအိမ်မှာ မရှိဘူး ... ရှင် အိတ်ဆွဲပြေးတာလည်း ကျွန်မ မြင်ကိုမြင်တယ် ... ဒါ ... ဒါဖြင့်ရင် ... ရှင် ... ရှင်က ... မမကြီးရဲ့ ချစ်သူလည်း မဟုတ်ဘဲနဲ့ ... အမယ်လေး ..."



www.burmeseclassic.com

www.burmeseclassic.com



လှစ်လှစ်က "အမယ်လေး"ဟု အကျယ်ကြီး ထအော်လိုက်သည်တွင် တစ်စုံတစ်ရာကို ပြိုင်တူ တစ်ပြိုင်တည်း သဘောပေါက်သွားကြဟန်ရှိသော မချော ငါးယောက်စလုံးတို့မှာ အားလုံးအထိတ်တလန့် ပုံစံတွေ ဖြစ်သွားကြလျက် ... တစ်ပြိုင်နက်တည်းမှာပင် မျက်လုံးပြူး မျက်ဆံပြူးတွေပါ ဖြစ်လာကြကာ ...

"အမယ်လေး ... သူခိုး ... သူခိုး ... သူခိုး ..."

လှစ်လှစ်နှင့် သိဂီတို့က တိုင်ပေးလိုက်သလိုရှိသော "သူခိုး"အော်သံကို ကျန်သုံးယောက်ကပါ ညီတူညာတူ ဖြည့်စွက်ကာ ... ငါးယောက်စလုံးတို့မှာ ခုန်ဆွဆွ ... ခြေမကိုင်မိ လက်မကိုင်မိ ပုံစံတို့နှင့် "သူခိုး"ဆိုတာကိုပဲ သံပြိုင်ဟစ်နေကြပါတော့သည်။

"ဟိတ် ... ဟိတ် ... ဟိတ် ... ဒုက္ခပါပဲကွာ ... ဘာတွေလဲ ... မင်းတို့လုပ်တာနဲ့ ငါတော့ နေရင်း ထိုင်ရင်း ဒုက္ခရောက်ရတော့မှာပဲ ... ဟိတ် ... မအော်ကြနဲ့ ... တိတ် ... ထပ်အော်ရင်တော့ ငါ့အဆိုး မဆိုကြနဲ့နော် ..."

ငါးယောက်လုံး တိခနဲ အသံတိတ်သွားကြသည်။ ပြီးလျှင်တော့ ... ခုနကတော့ဖြင့် ဇာတိကိုပင် ဝင်တိုးမတတ် တိုက်မတတ် ဇာခါးပေါက်ဝမှာ တိုးဝေ့နေကြသော ပုံစံတွေကနေ မသိမသာကလေးတွေ ခြေကလေးတွေရွှေ့ ... နောက်ဘက်လေးတွေ ဆုတ် ...။





"ငါ သူခိုးလည်း မဟုတ်ဘူး ... မင်းတို့ အစ်မကိုလည်း မခိုးဘူး ... ဟုတ်ပြီလား ... ပြန်ကြတော့ ..."

"ဒါ ... ဒါဖြင့်ရင် ... ကျွန်မ မြင်တာကကော ... အိတ်ကြီးကရော ..."

"အဲဒါက ငါ့ဟာနဲ့ငါ သပ်သပ်ရှင်းရမယ့်ကိစ္စ ... မင်းတို့ကိုတော့ ရှင်းမပြနိုင်ဘူး ..."

"ကျွန်မတို့ ဘိုးဘိုး ပျောက်သွားတယ်ဆိုတဲ့ အိတ်ကြီးဖြစ်နိုင်တယ်"

"အဲဒါ ငါ့ကိစ္စနဲ့ငါ အားလုံးရှင်းပြီးမှ အဖြေပေါ်လိမ့်မယ်"

"ရှင့်ကို ကျွန်မတို့ ရဲတိုင်လို့ရတယ်"

လှစ်လှစ်က အရဲစွန့် ပြောသလို ပုံစံနှင့် ပြောလိုက်သည်။

"တိုင်လေ ... သွားတိုင် ... မင်းတို့ သွားတိုင်ရင် ရဲက ငါ့ကို လာရှာရော ... ငါ့ဆီမှာ မင်းတို့အစ်မကိုလည်း မတွေ့ ... အထုပ်တွေ အိတ်တွေ ဆိုတာလည်းမတွေ့ ... ရဲက ငါ့ကို ဘာမှုနဲ့ ဖမ်းလို့ရမလဲ ... မင်း မြင်လိုက်တယ်ဆိုတာကလည်း ... မြင်လိုက်တဲ့သူက မင်းတစ်ယောက်တည်း ရှိတာ ... အဲဒါ အမှန်ပါပဲလို့ ဘယ်လိုလုပ်ပြောနိုင်မလဲ ...

အဲဒီလို အခြေအနေကျမှ မင်းက ငါ့ရဲ့ ဒီအိမ်အထိ ညကြီးမင်းကြီး စက်ဘီးနဲ့ ထလိုက်လာတယ်ဆိုတာပါ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပြီး ... မင်းမိဘတွေက မင်းကို ကြိမ်လုံးကြီးကြီးနဲ့ ခပ်နာနာကလေး လိမ့်ဆော်ကြလိမ့်မယ် ... ငါပြောတာ မဟုတ်ဘူးလား ... မင်း အဲဒီလို လိုက်ကြည့်တာ မင်းမိဘတွေတော့ ဘယ်နည်းနဲ့မှ မသိနိုင်ပါဘူး ... သမီးတစ်ယောက် ပျောက်လို့ ဒေါင်းတောက်နေတုန်း နောက်တစ်ယောက်က အခွင့်ကောင်းယူပြီး ဟီးရိုးဆန်ဆန် လစ်ထွက်လာတာပဲ နေမှာပါ ... ညကြီးမင်းကြီး ဘာမှမဖြစ်လို့သာ တော်သေးတာပေါ့ ... အဲဒါကို သိသွားကြလို့ကတော့ကွာ ..."

"ဒါကတော့ ကိုယ့်အစ်မရဲ့ ချစ်သူပဲထင်ပြီး ဘာအန္တရာယ်မှ မရှိနိုင်ဘူးလို့ ထင်တာကိုး ..."

"အေး ... အခု မဟုတ်ဘူးလေ ..."

"သူခိုးကြီး ဖြစ်နေပါမယ်လို့ ဘယ်ထင်ပါ့မလဲ ..."

"အေး ... ဒါဖြင့် မင်းတို့အားလုံး သူခိုးတစ်ယောက်ရဲ့ ရှေ့မှာ ဘာံရုပ်လုပ်နေကြတာလဲ ... သူခိုးဆိုတာ လူနိုးရင် လူသိရင် ဓားပြဖြစ်ချင် ဖြစ်သွားတတ်တာပဲဆိုတာ မင်းတို့ မကြားဖူးကြဘူးလား ... ညကတုန်းက အန္တရာယ်မရှိနိုင်ဘူး ထင်ပေမယ့် ... ခုချိန်မှာတော့ ..."

ဇာတိရဲ့ စကားပင် မဆုံးလိုက်ရပါ ...။ ကောင်မလေး ငါးယောက်လုံး "အား"ခနဲ အကျယ်ကြီးတွေ သံပြိုင်အော်ကြပြန်ကာ သူ့ထက်ငါ အလုအယက် ဆိုသလို ဇာတိရဲ့ အိမ်ကလေးရှေ့မှ လျင်မြန်စွာပင် ထွက်ပြေးသွားကြပါတော့သည်။





လှစ်လှစ်ကလွဲရင် နောက်ဘက်ကိုတောင် တစ်ချက်ကလေးလောက်မှ ပြန်လှည့်ကြည့်တဲ့လူ မရှိ ...။ လှစ်လှစ်ကတော့ ပြေးနေရင်းကပင် သမင်လည်ပြန် နှစ်ခါမျှ လှည့်ကြည့် လှည့်ကြည့် လုပ်သွားသေးသည်။

ဇာတိက မျက်လုံးပြူးပြီး မျက်နှာကြီးကို ထန်ပြလိုက်တော့မှ တတိယတစ်ခါ လှည့်ကြည့်လို့ မလာတော့ဘဲ တစ်မျိုးတည်း ခြေကုန်သုတ်သွားပါလေတော့သည်။ ဇာတိက စိတ်ကုန်ကုန်နှင့် အိမ်လှေကားခြေရင်း မြေကြီးပေါ်မှာ ဒီအတိုင်း ထိုင်ချလိုက်သည်။

စိတ်ကုန်ဖို့ကောင်းတဲ့ ပြဿနာကောင် ပြည့်စုံကတော့ ခုချိန်မှာ ဘယ်ရောက်လို့ ဘာဖြစ်နေပြီလဲ မသိ ...။ ဇာတိမှာသာ ဘုမသိ ဘမသိနဲ့ မိုးလင်းလင်းချင်း ပြဿနာက စနေပြီ။ တော့်ရမလားလို့ ဝင်ကူညီမိပါတယ် ... "စိတ်ရှုပ်လို့ မြစ်ကမ်းနဘေး ထိုင်နေကာမှ သပွတ်အူကြီးက မျှောလာ"ဆိုတဲ့ ကိန်းမျိုးပဲ ကြိုက်နေပြီ ...။ ညကြီးမင်းကြီး မကြောက်မရွံ့ ဟီးရိုးလုပ်ချင်တဲ့ ကောင်မလေးကလည်း ... တကယ့် အစစ် ကာယကံရှင်ကောင် ကျတော့ မလိုက် ...။ လူလွှဲပြီး ကိုယ့်နောက်မှ ပါလာရတယ် လို့ ...။

အေးလေ ... သူ လွှဲလည်း လွှဲချင်စရာ ... အိတ်ကြီးက တကယ်ပဲ ကိုယ့်လက်ထဲမှာကိုး ...။ ကောင်မလေးတွေ ကော်စီရှမ်းပြီး သေချာရှာမတွေ့သွားကြတဲ့ အဲဒီအိတ်ကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ကိုယ့်အိမ်ခန်းလေးရဲ့ တစ်ထောင့်တစ်နေရာမှာ ခုထိ ရှိနေခဲ့တာပေါ့။

ညက ဖြစ်ပျက်သွားပုံများကတော့ ပြောကိုမပြော ချင် ...။

"ခင်ဗျားဒီမှာခဏနေခဲ့ဦးဗျာ" ဆိုလို့ ခြံဝတင် ငုတ်တုတ်ထိုင် ကျန်ရစ်ရသော ဇာတိမှာ ခြံတံခါးကို ကျော်တက် ပြီး ဝင်ချသွားတဲ့ ပြည့်စုံရဲ့ ပုံစံကိုကြည့်ရင်း၊ စိတ်ထဲမှာတော့ ခိုးလိုးခုလု ...။ ခြံတံခါးက ဘာလို့ ကြိုကျက်ပြီး စေ့ရုံစေ့မထား တာလဲ ...။ သူ့မိန်းကလေးဆိုတာပါ၊ ပါလာတော့ ဒါကြီးကို ဘယ်လိုလုပ် ကျော်လွှားပြီး ခွထွက်မလဲ ...။ ကောင်မလေးပါ ပြန်ထွက်လာမှ ခြံတံခါးသော့က ပါလာမှာလား ...။

ဇဝေဇဝါ ဖြစ်နေဆဲ ... ထိုခြံတံခါးကို ပြည့်စုံတစ် ဦးတည်းကပင် ပြန်ကျော်ပြီး ထွက်လာကာ ... လက်ထဲမှာတော့ သားရေအိတ်ကြီးတစ်လုံးနှင့် ...။ "ရော့ ... ဒါယူထား"တဲ့ ...။ "ကောင်မလေးရော ..."ဆိုတော့ ... ဘူးလုံးနားမထွင်း ... မရှင်း မလင်း ... ဝေဝေဝါးဝါးနှင့် ... "ရှာရဦးမယ်"တဲ့ ...။ "ဘာလဲ" ဟု စိတ်ထင့်သွားဆဲမှာပင် ... ပြည့်စုံ ကျော်ဝင်သွားခဲ့သည့် အိမ်ကြီးထဲမှရော ... ဘေးချင်းကပ်ရက် ခြံထဲမှ အိမ်တစ်အိမ်ဆီ မှပါ ... ပြိုင်တူနီးပါး မီးတွေတဖြောက်ဖြောက် လင်းထိန်လာ လျက် ...

"ရွှေရည် ... ရွှေရည် ..."





ဘေးအိမ်မှလည်း "ဘာဖြစ်လဲ ... ဘာဖြစ်လဲ"ဆို သည့် အသံများက ညံလျက်ရှိပြီ ...။ ထိုစဉ်မှာပင် ပြည့်စုံက ဇာတိလက်ထဲ အိတ်ကြီးကို ထိုးထည့်ကာ ..."အခြေအနေမကောင်း ဘူး ... လစ်ပေတော့ ကိုယ့်လူ"တဲ့ ...။ ပြီးတာနဲ့ လှစ်ခနဲ ပျောက်သွားလိုက်တာ ... ဇာတိမှာသာ အိတ်ကြီးတစ်လုံးနှင့် ဆငါး;စင်းကြီး ကျန်ရစ်ရပါရော ...။

မကြာမီမှာပင် အိမ်နှစ်အိမ်စလုံးမှလူများ ခြံထဲသို့ ပါ ရောက်ရှိလာကြသဖြင့် ဇာတိခမျာ ဘာမှန်းမသိသည့် အိတ် ကြီးတစ်လုံးကိုထမ်းပြီး တစ်ချိုးတည်း လစ်ခဲ့ရတာ ... နောက် ှင်းပြသနာပေါ်တော့ ကာယကံရှင်ဆီ မရောက်ဘဲ ကိုယ့်ဆီမှာ။ ပြသနာကောင်ကတော့ "ရှာရဦးမယ်"ဆိုတဲ့ သူ့ကောင်မလေးနဲ့ ပဲ ပျော်ပျော်ကြီး အဆင်ပြေနေပြီလား ...။

နေပါဦး ...။ သမီးဖြစ်သူ ခိုးရာလိုက်တာနဲ့ပဲ အဲဒီ အိမ်က အဘိုးဖြစ်သူကရော ဘာကိစ္စ သူ့အိတ်ပါ ဝင်ပျောက်ရ တာတဲ့လဲ ...။

ဇာတိက ထိုင်ရာမှ ထရပ်လိုက်ကာ အိမ်ထဲပြန်ဝင် ပြီး ညက အိတ်ကြီးရှိရာသို့ လှမ်းလာခဲ့ပါသည်။ အိတ်ကြီးမှာ ဆွဲပိတ်ထားရုံသာ ဖြစ်ပြီး သော့ခတ်မထား ...။ အလွယ်တကူ ကြည့်နိုင်လိုက်သောအခါတွင်မူကား မျှော်လင့်ထားသလို မိန်းမ ရှည်း အသုံးအဆောင် အဝတ်အစားများ ဖြစ်မနေဘဲ ... ယောက်ျားအသုံးအဆောင် ...။ ယောက်ျားမှ (ကြိုသိထားလို့လား



www.burmeseclassic.com

www.burmeseclassic.com



တော့ မသိ)အသက်ကြီးပိုင်း ယောကျ်ားကြီးတစ်ယောက်ရဲ့ အသုံး အဆောင် အဝတ်အထည်များသာ ဖြစ်နေပါလေတော့သည်။ ကြည့်လိုက်တာနဲ့ သိသာတာ တစ်ခုကတော့ အားလုံးဟာ အမျိုး မှန် ... အဖိုးတန်ချည်း ...။

ဟာ ... ဘာလဲဟ ...။ ဒီလိုမှန်းသာ ကြိုသိခဲ့ရရင် ဒီအိတ်ကြီးကို ခုနက ကောင်မလေးတွေနဲ့ပဲ ပြန်ထည့်ပေးလိုက် ရရင် အကောင်းသား ...။ အဲ ... သိပ်တော့မကောင်း ... အဲဒီ လိုဆိုရင် ကိုယ့်ကိုယ်ကိုယ် သူခိုးတစ်ယောက်အဖြစ် ပိုပြီးတိတိ ကျကျ ဝန်ခံပြီးသား ဖြစ်သွားမယ့်အပြင် ... သူတို့ပြောတိုင်းယုံ ပြီး ဒီအိတ်ရဲ့ ပိုင်ရှင်အစစ်ဟာ သူတို့ပါပဲလို့လည်း တစ်ထစ်ချ တွက်လို့မှ မဖြစ်နိုင်သေးတာ ...။

သူတို့အိမ်က အစ်မကြီးတစ်ယောက်ကတော့ ပျောက် သွားတယ် ပြောတာပဲ ... ဒါပေမယ့် ပြည့်စုံဟာ သတို့သားလောင်း တစ်ယောက် မဟုတ်ဘဲ တကယ့် သူခိုးပဲ ဖြစ်နေလေရော့သလား။

❖





ကိုယ့်ဘာသာ စိတ်ပြေလက်ပျောက် သဘောနှင့် ဒမည်ကျော်စတိုးဆိုင်ကြီး တစ်ခုထဲ ... ဝယ်မှာလည်း မဟုတ် သည့် ပစ္စည်းများကို လှည့်ပတ်ကြည့်ရှု မျက်စိအရသာခံစားနေ ဆဲ ... ထိုကောင်မလေးကို လှစ်ခနဲပင် လှမ်းတွေ့လိုက်ရခြင်း ဖြစ်ပါသည်။

သွားပြီ ... သူကပါ ကိုယ့်ကို လှမ်းမြင်သွားခဲ့လျှင် တော့ ဒီနေ့တစ်နေ့တာရဲ့ ငြိမ်းချမ်းခြင်းတို့ဟာ သဲထဲရေသွန် လိုက်သလိုပင် ဖြစ်သွားတော့မည်ပေါ့ ...။ ဇာတိက ကောင်မလေး ကို နောက်တစ်ကြိမ် လှမ်းအကဲခတ်လိုက်စဉ်တွင် ဖြစ်ပျက်လှုပ် ရှားသွားသော ကောင်မလေးရဲ့ ပုံစံဟာ ကိုယ့်ကို မမြင်ရသေးတာ ဖြင့်မတု ...။ မြင်ပြီးမှ အခြေအနေကို အကဲခတ်ယူရအောင် မမြင် သေးဟန် ပြန်ဆောင်ထားတာနှင့်သာ တူနေပေတော့သည်။

ဇာတိက ဖျတ်ခနဲ ပြုံးလိုက်မိပါသည်။ ပိဖြင့် မပိရို ဘဲနဲ့ကွာ။

ထိုစဉ်မှာပင် ဇာတိရဲ့ အပြုံးကိုပဲ လှမ်းမြင်သွားလို့ သား ... သူ့ဘာသာပဲ တစ်ခုခုကို ယတိပြတ် ဆုံးဖြတ်လိုက်နိုင် ဘာလား မသိသော ကောင်မလေးက ဇာတိရဲ့အပါးသို့ သူ့နာမည် နှင့် လိုက်ဖက်ညီအောင်ပင် "လှစ်လှစ်" ... "လှစ်လှစ်"နှင့် တိုး



www.burmeseclassic.com

www.burmeseclassic.com



ကပ်လာခဲ့ရင်း ... တမင် အရဲစွန့်ထားမှန်း သိသာနေသော လေသံမျိုးနှင့် ...

"ဘာမျှား ခိုးဦးမလို့လဲ ... လူမလစ်ဘူးနော် ... Sale Girl ကောင်မလေးတွေ မရှိတဲ့နေရာဆိုရင်တောင် မျက်နှာကျက်ပေါ်မှာ တီဗီကင်မရာတွေ ရှိတယ် ..."

"ဟား ဟား ... မင်းပြောမှပဲ ငါက တွေ့ရတော့မှာလား... အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့ ..."

"မစိုးရိမ်ပါဘူး ... ရှင်တခြားတစ်မှုနဲ့ ပျောက်သွားရင် ကျွန်မရဲ့အစ်မကိုပါ သဲလွန်စ ပျောက်သွားမှာ စိုးလို့ပါ ..."

"မင်းတို့က ဘယ်လိုလဲ ... ငါ မခိုးပါဘူး ဆိုတာ ဘယ်လိုမှ မယုံဘူးလား ..."

"ဒါပေမယ့် သိင်္ဂီကပြောတော့ အဲဒီညက သူတို့ခြံထဲ လူဝင်တာ နှစ်ယောက်ထင်ခဲ့ယ်တဲ့ ... ရှင်က မမကြီးကိုတော့ မခိုးပေမယ့် ဘိုးဘိုးရဲ့ အိတ်ကြီးကိုတော့ ခိုးခဲ့တာ သေချာနေတာပဲဟာ ... ဒါပေမယ့် အရေးမကြီးပါဘူး ... ဘိုးဘိုး ပစ္စည်းတွေက ဘယ်လိုမဆို ပြန်ဝယ်လို့ ရပါတယ် ... အရေးကြီးတာက မမကြီးပဲ ... ရှင်က မမကြီးကို မခိုးဘူးဆိုရင်လည်း ခိုးတဲ့လူနဲ့ ရှင်နဲ့တော့ မိတ်ဆွေတွေပဲ ... တစ်ဖွဲ့တည်းပဲ"

"နေပါဦး ... အဲဒီမမကြီးဆိုတာ မင်း အစ်မလား ... ဟို သိင်္ဂီဆိုတဲ့ တစ်ယောက်ရဲ့ အစ်မလား ..."





"သိင်္ဂီနဲ့က အရင်း၊ ကျွန်မနဲ့က တစ်ဝမ်းကွဲ၊ ကျွန်မတို့က ခြံချင်းကပ်နေတာ ... ရှင်တို့ဝင်တာ သိင်္ဂီတို့ခြံ ... ဘိုးဘိုးကလည်း ကျွန်မတို့အားလုံးရဲ့ အဘိုး ... ဒါပေမယ့် မန္တလေးမှာနေတာ ... အဲဒီနေ့ကမှ ရောက်လာတာ ... ခရီးရောက်မဆိုက် ခရီးဆောင်အိတ်က အခိုးခံရတော့ အဝတ်အစားလဲဖို့တောင် မရှိဘူး ... သိင်္ဂီအဖေရဲ့ အင်္ကျီတွေ ယူဝတ်နေရတယ်"

ဟင်း ... ပြန်ပေးလိုက်ချင်ပါသည်။ သို့သော် ဒီအချိန်ရောက်မှ ... ဒီလောက်ကြာနေမှတော့ ကိုယ့်အပြစ်ကိုယ်ဖော်ရာကျအောင် ဒီအတိုင်းကြီးလည်း သွားပြန်မပေးဝံ့တော့။ ကောင်မလေးကို ကိုယ့်ရဲ့ စုတ်နုတ်နုံချာသော နေရာတစ်ခုသို့လည်း ကိုယ့်နှုတ်ကနေ ထပ်ဖိတ်ခေါ်ပြီးတော့လည်း မပေးချင်။ သူ့ဘာသာ ရောက်လာရင်တော့လည်း တစ်မျိုးပေါ့။

ဒါပေမယ့်လည်းပဲ ... မိကောင်းဖခင် သားသမီးဒီလိုကောင်မလေးမျိုးဟာ စိတ်ထဲရှိတိုင်း ဟီးရိုးဆန်ချင်ကြတာမျိုးသာ ရှိနိုင်ပြီး ကဲကဲတက်ကြီးလည်း မဟုတ်နိုင်တဲ့အတွက် သူစိမ်းယောက်ျားလေးတစ်ယောက်ရဲ့ အိမ်ရာသို့ နောက်တစ်ခေါက် ထပ်ရောက်လာဖို့ ဆိုတာလည်း မျှော်လင့်ထားလို့ကတော့ မရနိုင်။

ဓာတ်တစ်ယောက် အကျပ်ရိုက်၊ အကျဉ်းကျလို့ နေစဉ်မှာပင် နတ်သိကြားများက ဖန်ဆင်းပေးလိုက်သလို ...။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သည့် လူတစ်ယောက်က ဇာတိတို့ နှစ်ယောက်ရဲ့အပါး သို့ ဘွားခနဲပင် ရောက်ရှိလို့ လာပါတော့သည်။

"ပြည့်စုံ"

"ဟုတ်ပါ့. ဖိုးဇာတိရာ ... ကျန်းခဲ့သာလို့ မာရဲ့နော် ..."

ဇာတိက ကောင်မလေးကို တစ်စုံတစ်ခုပြောဖို့ အားယူလိုက်စဉ်မှာပဲ ပြွတ်တူအလား သန်မာလှသည့် လက်တစ်ခုက ဇာတိရဲ့ ညာဘက်လက်ကောက်ဝတ်ကို ဖမ်းညှစ်ပစ်လိုက်လေသည်။

"အား ... ဟေ့လူ ... နာတယ်ဗျ ..."

"ဟဲဟဲဟဲ ... အရှိန်လွန်သွားသလား ... သတိပေးတာပါ ..."

မည်သို့ပင်ဖြစ်စေ ဇာတိက လှစ်လှစ်ကိုတော့ မေးငေါ့ပြလိုက်ပြီး ...

"သူက (--)လမ်းမှာ ဖြစ်သွားတဲ့ ခိုးမှု(၂)မှုအကြောင်း သတင်းလာမေးနေတာလေ ..."

ပြည့်စုံက ခေါင်းတဆတ်ဆတ် ညိတ်ပြသော်လည်း ဘာမှတော့ ပြန်မပြော၊ ရေငုံနှုတ်ပိတ်လျက်သာ ရှိ၏။ လှစ်လှစ်ကို ကြည့်ရတာလည်း တကယ့် ကာယကံရှင် တရားခံကြီး တစ်ယောက်လုံးကို မျက်နှာချင်းဆိုင်ကြီး တွေ့နေပါလျက်နှင့် ရိပ်မိသိရှိပုံလည်း မရ ...။ သူ့အစ်မရဲ့ ချစ်သူရည်းစား ဖြစ်သူကို မမြင်ဘူး၊ မတွေ့ဘူးတာလား ...။ ဒါမှ မဟုတ်ရင်တော့ ပြည့်စုံဟာ သူ့အစ်မရဲ့ ရည်းစားမဟုတ်ဘဲ တကယ့်သူခိုးမို့ ကောင်မလေးမျာ ဘာမှ မသိရှာတာလား ...။





တကယ့် သူခိုးဆိုရင်တော့ ဒီလို သူခိုးတစ်ကောင်နှင့် ဒီလိုကောင်မလေးမျိုးဟာ ကြာကြာမျက်နှာချင်းဆိုင် ပတ်သက်စကားလက်ဆုံ ကျနေဖို့မကောင်း ...။ မိန်းကလေးဘက်က အများကြီး နစ်နာမည်။

"ကဲ ... သွားတော့လေ ... မင်း စိတ်ချ ... ဟုတ်ပြီလား၊ ငါ ဒီဆိုင်က ဘာမှ မခိုးဘူး ..."

"အိတ်ကြီး ..."

"အဲဒါကြီးအတွက် တစ်နေ့ကျရင် အဖြေပေါ်ပါလိမ့်မယ် ဆို ..."

"မကြီး ..."

"အဲဒါကောပဲ ..."

ကောင်မလေးရဲ့ မျက်နှာက ရှုပ်ပတင်းမာလို့ သွားပါသည်။ လှစ်လှစ်က ပြည့်စုံကို သိပုံမရသော်လည်း ပြုံးစိစိဖြစ်နေတဲ့ ပြည့်စုံရဲ့ မျက်နှာထားကတော့ ကောင်မလေးဟာ ဘယ်သူဆိုတာ ကြိုသိပြီး၊ မြင်ဖူးပြီးသား ဖြစ်နေပုံပင် ...။ ပေါ်တင်ဖွင့်မေးချလိုက်ရင် ကောင်းမလား ...။ တော်ကြာ တကယ့်သူခိုးဆိုရင် ကောင်မလေးအတွက် အန္တရာယ်ပါ ရှိသွားနိုင်မလား ...။

"ကဲ ... သွားပါတော့ဆို ..."

"သွားမှာပါ ... သွားမှာပါ ..."

ကောင်မလေး ဆောင့်အောင့်ကာ ထွက်ခွာသွားသည်နှင့် ဇာတိက ပြည့်စုံကို မေးဆတ်ပြလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညက ဘယ်လိုလုပ်ချသွားတာလဲ"

"ဟာ ... ဒါကတော့ ခင်ဗျားလည်း သိတဲ့အတိုင်းပဲ ... ကျွန်တော့်အပြစ် ဘာပါလို့လဲ ... အိမ်ရှင်တွေက သူ့ဘာသာသူ နိုးလာကြတာလေ ... တစ်အိမ်တည်းတောင် မဟုတ်ဘူး ... ကပ်လျက်အိမ်ပါ ပါတယ် ... နှစ်အိမ်တောင်မှပဲလေ ... ကဲ ... ဘယ်လိုလုပ်မလဲ ... ထွက်ပြေးကြရုံပဲ ရှိတာပေါ့ ..."

"ခင်ဗျားက ကျုပ်လက်ထဲကျတော့ အိတ်ကြီးတစ်လုံး ထည့်ပေးသွားတယ် ... ခင်ဗျားကတော့ ကိုယ်လွတ်ရုန်းလို့ ... မမိလို့ပေါ့ ... မိရင်တော့ ကျုပ်ပဲခံ ... ကျုပ်ပဲ သူခိုးဖြစ် ... ခင်ဗျားကတော့ လွတ်နေပြီ ..."

"ဒါက ဒီလိုပါ ... အိမ်ရှင်တွေက လိုက်ချင်းလိုက် ကျွန်တော့်နောက်ပဲ လိုက်ကြမှာပဲဆိုတော့"

ဟုတ်ပါလိမ့်မယ် ...။ ဟင်း ... လိုက်ချင်းလိုက် သူ့နောက်ပဲ လိုက်မယ်ဆိုတဲ့ အိမ်ရှင်တွေက ကိုယ့်နောက်ပဲ ကောက်ကောက်ပါလာတော့သည်မှာ ပြဿနာက ခုထက်ထိ တန်းလန်း ... တန်းလန်း ...။

"ကျုပ် အတပ်ပြောရဲတယ် ... ခင်ဗျားဟာ မိန်းမခိုးမလို့တော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး ... ခင်ဗျား ဆွဲယူလာပြီး ကျုပ်လက်ထဲ လာထည့်ခဲ့တဲ့ အိတ်ကြီးထဲမှာ မိန်းမအသုံးအဆောင်လည်း တစ်ခုမှ မပါဘူး ..."





"ခင်ဗျား ဖွင့်ကြည့်ပြီးပြီပေါ့ ..."

"ကိုယ့်လက်ထဲ ရောက်နေတဲ့ အိတ်တစ်လုံးကို ဖွင့်မကြည့်လို့ ဘာလုပ်ရမလဲ ... မတော် ဘိန်းဖြူတို့၊ အဖိုးတန်ကျောက်မျက်ရတနာတွေတို့ ပါနေတော့ ဘယ်လိုလုပ်မလဲ ..."

"ခု အဲဒါတွေ မပါဘူး မဟုတ်လား ... ပြီးပြီပေါ့ ..."

"ဘယ်ပြီးမလဲဗျ ... သူများပစ္စည်းတွေ ကျုပ်ဆီရောက်နေတဲ့ဟာ ဘယ်လိုပြန်ပေးရမလဲလည်း မသိ ..."

"ကျွတ် ... ဒါများ ... ခေါင်းရှုပ်မခံနေပါနဲ့ ... ပေးလိုက် ကျွန်တော့်ကို ... ကျွန်တော် သွားပြန်ပို့ပေးလိုက်မယ် ..."

"အခုဗျာယ် မရှိတာ ..."

အိတ်ရဲ့ပိုင်ရှင်က ဒီအိတ်ဟာ ကိုယ့်လက်ထဲမှာဆိုတာကို အတိအကျကြီး သိပြီးထားတဲ့ဟာ ... ဒီအိတ်ကြီး အခုဆျာက်သွားတာနဲ့ သူခိုးဟာ ကိုယ်ပဲအစစ် ဖြစ်ပြီပေါ့ ...။ သူ့လက်ထဲသာ ပြန်ထည့်လိုက်လို့ကတော့ မောင်မင်းကြီးသား သူခိုးက ချက်ချင်း ... အဟောင်းတန်းပို့ ... မတန်တဆသော ဈေးနှုန်းကလေးတို့နဲ့ အပြတ်ရှင်း ရောင်းစားပစ်လိုက်တော့မှာပဲဟာ။

"ဒီမှာ ခင်ဗျားကို ကျုပ် အပြတ်မေးမယ် ... မလိမ်နဲ့ ... လုံးဝ မလိမ်နဲ့ ... အဲဒီအိမ်က သမီးဆိုတာကို ခင်ဗျား ခိုးပြေးသွားသလား ..."

"မခိုးပါဘူးဗျာ ..."

"မလိမ်နဲ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဖိုးဇာတိရယ် ... ကျွန်တော် တစ်ယောက်တည်း လက်ချည်းထွက်ပြေးသွားရတာ ခင်ဗျားလည်း မြင်ပါတယ်"

"ဒါဖြင့် အဲဒီအိမ်က သမီးက ဘယ်ရောက်သွားသလဲ ... အဲဒီညကတည်းက ပျောက်သွားတာတဲ့ ..."

"အင်း ... အဲဒါကို ကျွန်တော်လည်း သိချင်နေတာပဲ ..."

ထားပါလေ ... ဒီကောင်ပြည့်စုံ မခိုးသွားဘူးဆိုရင် မမကြီးဆိုတဲ့ တစ်ယောက်ဟာ သူ့ဘာသာသူ တိုက်တိုက်ဆိုင်ဆိုင်နဲ့ ပျောက်သွားတာ ... ကိုယ် ဘာမှ မတတ်နိုင် ...။ ကိုယ်နဲ့လည်း မဆိုင် ...။ တောက် ... ဒါနဲ့များ ... အဲဒီညက မိန်းမပဲ ခိုးမလိုလိုနဲ့ ကိုယ့်ကိုပါ ဘာမသိ ဘာမသိ သူခိုးစာရင်းထဲ အချောင်ဆွဲသွင်းလိုက်သေးသည်။

မအူမလည်နဲ့ ဟီးရိုးလုပ်ချင်တဲ့ ကောင်မလေး တစ်ယောက်ကလွဲပြီး ကိုယ့်ကို ဘယ်သူကမှ အိတ်ကြီးတန်းလန်းနဲ့ မမိသွားကြလို့သာပေါ့ ...။ နို့မို့ဆိုရင်တော့ကွာ ... ဇာတိတစ်ယောက်တော့ လက်ထိပ်ကြီးတန်းလန်း ... ရှေ့မှာလည်း ခိုးရာပါ သက်သေခံပစ္စည်းအိတ်ကြီးနဲ့ ဓာတ်ပုံတွေ ... သတင်းစာထဲပါ ... မှုခင်းဂျာနယ်တွေထဲပါ ဖြစ်ကုန်လို့ကတော့ ဘာပြောကောင်းမလဲ ...။

နဂိုတည်းကမှ ကိုယ့်ကို "ကလေကောင်" ...။ အလကားနေရင်း စိတ်လေနေတာ ..."။ "လက်ကျောတင်းဖင်ပူအောင် အလုပ်လုပ်စားချင်တဲ့ကောင်မျိုးမှ မဟုတ်တာ ..."။





"လူဖြစ်ပြီး ဘာတာဝန်မှ မယူချင်တဲ့ ဘဝမှာ အချိန်တန် အရွယ်ရောက်ပြီး အိမ်ထောင်ပြုရမှာကိုတောင် တာဝန်ကြီးမှာစိုးလို့ ခေါင်းရှောင်နေချင်တဲ့ကောင် ..." စသဖြင့် အမျိုးမျိုး အဖုံဖုံ နှိမ်နှက်အပြစ်ရှာချင်တဲ့ ကိုယ့်ရဲ့ အစ်ကိုတော်ဘုရားနဲ့ မရီးတော်တို့ ဆွေမျိုးသားချင်း တစ်သိုက်အတွက် ပွဲကြီးပွဲကောင်းကို ဖြစ်သွားတော့မှာပေါ့ ...။

"ကလေကောင်" ဖြစ်ရတဲ့ကြားတည်း "သူခိုး"ကလည်း ထပ်ဖြစ်ရဦးမယ် ဆိုရင်တော့ ...။

"ခင်ဗျားဗျာ ... ခင်ဗျား နေရင်းထိုင်ရင်းနဲ့ သက်သက်ဒုက္ခလာပေးတယ်"

"ကျွန်တော် တောင်းပန်ပါတယ် ... မရည်ရွယ်ပါဘူး ဖိုးဇာတိရာ ... ဒီအတွက်တော့ ခင်ဗျား ပိုစိတ်ညစ်ပြီး နောက်တစ်ကြိမ် မကြုံစည်သင့်တာတွေ ထပ်မကြံစည် ..."

"တော်စမ်းဗျာ ..."

"ဒါပေမယ့် ခင်ဗျား သိပ်တော့ ဒုက္ခမရောက်ပါဘူး ... သူခိုးမဖြစ်ချင်တဲ့ လူဆီမှာမှ သူများအိတ်ကြီးတစ်လုံး လာရောက်နေရတာကလွဲရင် တခြားဟာတွေတော့ အဆင်ပြေပါတယ် မဟုတ်လား ... ဟဲ ဟဲ"

"ဘာပြောတာလဲ ... နားမလည်ဘူး ..."

"အဲဒီအိတ်ရဲ့ ပိုင်ရှင်က ခင်ဗျားကို အတပ်သိနေပါရက်နဲ့ ရဲမှ မတိုင်ဘဲ ... ဟဲ ဟဲ ဟဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ရဲ့ မျက်လုံးတွေ ပြူးထွက်သွားရသည်။ ထင်တဲ့အတိုင်းပဲ ...။ ပြည့်စုံဟာ လှစ်လှစ်ကို ကြိုသိနေခဲ့တာကိုး ...။

"ခင်ဗျားနော် ... ကျုပ် လုံးဝသတိပေးလိုက်မယ် ... ခင်ဗျားရဲ့ အသက်မွေးဝမ်းကျောင်းကို ကျုပ် ဘာမှမစွက်ဖက် မဝေဖန်ချင်ဘူး ... ဒါပေမယ့် ဘာမှ မသိနားမလည်တဲ့ အမျိုးကောင်းသမီးလေးတစ်ယောက်ကိုတော့ မထိနဲ့၊ ကျုပ် လုံးဝသည်းမခံဘူး ... ဒါခင်ဗျားလုံးဝသွားပတ်သက်စရာ မလိုတဲ့ကိစ္စ ... မရှောင်နိုင်ရင် ခင်ဗျားနဲ့ကျုပ်နဲ့တွေ့မယ်"

ပြည့်စုံက ပြူးစေ့စေ့နှင့် ပခုံးနှစ်ဖက်ကို စုံတွန့်လိုက်သည်။ ပြီးမှ ခပ်လွယ်လွယ် ... ခပ်မြန်မြန်နှင့် ...

"အိုကေ ..."

သူက "အိုကေ" သော်လည်း ကိုယ့်မှာတော့ ... "တာ့တာ" လေး အသာပြရင်း သူထွက်ခွာသွားတဲ့အထိ မအိုကေနိုင်ဘဲ ကျန်ရစ်ရသည်။ ကိုယ့်မှာက ပြဿနာအိတ်ကြီးကတစ်ဖက်နှင့်လေ ...။ ကိုယ့်ရဲ့ စိတ်ချာမလုံလဲလှသော အိမ်ဂေဟာလေးဟာ ဒီအိတ်ကြီးအတွက် လုံခြုံမှုမရှိလှတာ ကိုယ်ပဲအသိဆုံး ...။ အိမ်ထဲမှာကလည်း ခုလောလောဆယ် အနေအထားနဲ့ဆိုရင် အဲဒီအိတ်ကြီးထက် ပိုပြီးတန်ဖိုးကြီးမားလှတာမျိုးကလည်း မရှိ။

အိမ်ရဲ့ တံခါးမကြီးလောက်သာ လုံခြုံသော ထိုအိမ်လေးဟာ ပြတင်းပေါက်များကတော့ အပြင်ကနေ ခပ်ကြမ်းကြမ်း





တစ်ချက် နှစ်ချက်လောက် ဆောင့်တွန်းလိုက်တာနဲ့ ခနော်နီခနော်နဲ့ တံခါးချက်တို့က ပြုတ်ပြီးသားပါပဲ ...။ သံပန်းဆိုတာမျိုးကလည်း မပါ။ အိမ်ရဲ့ နံရံနဲ့ ကြမ်းပြင်တို့ကလည်း ဆွေးပြီးပေါက်တဲ့ဟာကပေါက် ...။ သံပြုတ်ပြီး အချပ်လိုက်ခွာလို့ပင်ရတဲ့ဟာကရ ...။

ကဲလေ ...။ သူများတကာရဲ့ အိမ်ဂေဟာနဲ့ ပိုင်ဆိုင်ရာပစ္စည်းများကို ဒီလောက်လျှောက် အပုပ်ချ တွေးနေဖို့လည်း မသင့်တော်လှပါဘူး။ လောလောဆယ်မှာက သူ့အိမ်တစ်အိမ်လုံး အပ်ပြီး သူပေးနေထားလို့သာ ကိုယ့်မှာ ခြေချကျောချစရာ တစ်နေရာတော့ ရနေသေးတာ မဟုတ်လား။ မောင်မင်းကြီးသားမောင်မြဖေ ခများ တော်ရှာပါပေတယ် ...။


သူက တော်ပေမယ့် သူ့အိမ်ယာက မတော်လေတော့ ကိုယ့်မှာ ခိုးရာပါ အိတ်ကြီးကို တစ်နေကုန် အိမ်မှာပဲ ထိုင်ပြီး စောင့်ကြပ်လို့ကလည်း မနေနိုင်။ ခက်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၂)

"အငယ် ... ရောက်ရာအရပ်က အမြန်ဆုံး ပြန်လာခဲ့ပါ။ ကိုကိုကြီး မျှော်နေသည်။ အထက်ပါ ဓာတ်ပုံပိုင်ရှင်အား တွေ့ရှိပါက အမြန်သတင်းပို့ အကြောင်းကြားပေးပါရန်။ လိပ်စာနေရာ အတိအကျ သတင်းပေးခြင်း(သို့)လူကိုယ်တိုင် လာရောက်ပို့ဆောင်ခြင်းတို့ကို ပြုလုပ်နိုင်သူအား ဆုငွေကျပ်တစ်သိန်းတိတိကို ချီးမြှင့်မည် ဖြစ်ပါသည်။

ကိုကိုကြီး ...

အမှတ်(-) (---)လမ်း၊

ကမာရွတ်၊ ရန်ကုန်။"

"ဟောတော့ ... ဒါ ဟိုလူပဲ ..."

လှစ်လှစ်တစ်ယောက် သတင်းစာကြီးကို ဖြန့်ကိုင်ကာ ... ကော်နှင့်ပင် ပါးစပ်အဟောင်းသားဖြစ် မျက်လုံးလေးပါ ပြူး



www.burmeseclassic.com

www.burmeseclassic.com



သွားရပါသည်။ ဒါ ဟိုလူပဲ ...။ ဟိုသူခိုး ... အဲလေ ... ထားပါ
တော့ သူခိုးလို့ပဲ ...။ သူ့နာမည်မှ ကိုယ်မသိတာ ကိုယ်သိတာက
သူ့ကို "သူခိုး"ရယ်လို့သာပဲ ...။ ဒါ သူခိုးမှ သူခိုးအစစ် ...
ဒါဖြင့် သူက သူခိုး ဘယ်ဟုတ်နိုင်ပါတော့မလဲ
ဒီလိုလူလား အဘိုးရဲ့ အိတ်တစ်လုံးကို ခိုးယူမယ့်သူ ...။ သိတယ်
လေ ... လှစ်လှစ်တို့က ဗဟုသုတ မရှိတာမှ မဟုတ်တာ ...
အဲဒီအိမ် ... အဲဒီလိပ်စာက ဦးကိုကိုကြီး ဆိုတာဟာ နယ်နယ်
ရရ မှတ်လို့။ လှစ်လှစ်ရဲ့ဖေဖေ ပြောဖူးသော စကားများအရ
ရင် လုပ်ငန်းတစ်ခုအတွက် ထောက်ခံချက်နဲ့ ရှယ်ယာရနိုင်
အဲဒီ ဦးကိုကိုကြီး ဆိုတာကို စကားပြောဆို ညှိနှိုင်းခွင့် ရပါမည်
အရေးကိုတောင် ခုနစ်ရက် တစ်ပတ်ခန့်ချိန်းဆိုယူရတာ ဆိုလား
ထိုဦးကိုကိုကြီးနှင့် ဘာတော်သလဲတော့ မသိသော
တစ်ခုခုတော့ တော်စပ်နေပြီဆိုတာ ကျိမ်းသေ,သေချာသလော
ပင် ဖြစ်သော ထိုတစ်ယောက်ဟာ ဘာမဟုတ်တဲ့ အိတ်တစ်လုံး
ကို ခိုးယူပြီး ရောင်းစားရသူတော့ ဟုတ်နိုင်ပါ့မလား။ အဲဒါကြော
အဲဒီနေ့ကတည်းက သူ့ရုပ်မြင်ရုံနဲ့ "သူခိုး"ဟုတော့ ဘယ်နည်းနဲ
ကို မထင်မိတာ ...။ ခုမှ ... သူဌေးမင်းကြီးနဲ့ ပတ်သက်သော
တစ်ယောက် ဖြစ်နေမှန်းကို သိရမှ ဒီစကားကို ပြောတာမဟုတ်
ရပါဘူး ...။ တကယ်ပါ။ မမကြီးရဲ့ ချစ်သူရည်းစားအဖြစ်သ
ထင်ခဲ့ပြီး မဟုတ်တော့ဘူးဆိုတာ သေချာသွားပြီးတော့လည်း
"သူခိုး"ရယ်လို့တော့ ဘယ်လိုမှ စိတ်ဒုံးဒုံးမချလိုက်နိုင်တာ





အဲဒါကြောင့်ပဲ မကြောက်မရွံ့နဲ့ အနားသွားရဲ ...
စကားပြောရဲ ဖြစ်နေတာပေါ့။

ဒီကြော်ငြာဟာ စိတ်ဝင်စားဖို့တော့ ကောင်းသည်။
အမယ် ... အထင်မလွဲကြပါနဲ့နော်။ မိဘများဆီက မုန့်ဖိုးကို
လက်ဖြန့်တောင်းခံနေရဆဲဖြစ်တဲ့ လှစ်လှစ်လို ကျောင်းသူတစ်ပိုင်း၊
ကလေးတစ်ပိုင်း အရွယ်အတွက် ... တစ်သိန်းဆိုသော ပိုက်ဆံဟာ
များတော့ များတာပေါ့ ...။ အလကား ရရင်လည်း လိုချင်တာ
ပေါ့ ...။ ဒါပေမယ့် အဲဒါကြီးကိုမက်ပြီးတော့တော့ ဒီကြော်ငြာ
ကို စိတ်ဝင်တစား လှုပ်လှုပ်ရှားရှား ဖြစ်နေတာ မဟုတ်ရပါ
ဘူး။

ဟိုတစ်ယောက် အတွက်ပါ။ ဘာကြောင့်များ ဦးကို
ကိုကြီးဆီက ထွက်ပြေးပြီး ဒီလောက်စုတ်နံ့ချာသော နေရာတစ်ခု
မှာ သွားပုန်းနေရတာလည်း၊ အဲဒီ တစ်ယောက်ရယ် ...။ လှစ်လှစ်
မှာ အင်မတန် နံ့စော်ညစ်ပတ်လှမည် ဆိုတာကို ကြည့်လိုက်ရုံ
နဲ့ သိသာနေသော ခြင်ထောင်ကြီးတစ်ခုကို ပြန်လည်မြင်ယောင်
မိလိုက်မိလျှင်တော့ ပခုံးလေးတောင်မှ ရုံတွန့်လိုက်မိပါသေးသည်။

အဲဒါကြောင့် သူ့ရုပ်ရည်ကိုက ရုပ်နဲ့ခြင်ထောင်နဲ့
(အဲလေ) ရုပ်နဲ့အိမ်နဲ့ကို မတန်တရာလို ဖြစ်နေတာ။ ကဲ ...
ရှုပ်နေကြာတယ် ...။ လှစ်လှစ်က ထိုင်နေရာမှ အမြန်ထကာ
လွယ်ချင်းတွေ တစ်အိမ်ပြီး တစ်အိမ်ဆီသို့ ဖုန်းလျှောက်ဆက်
မိသည်။ သို့သော် တစ်အိမ်နှင့်မှ အဆင်မပြေပါ။



www.burmeseclassic.com

www.burmeseclassic.com



မရှိတာနဲ့ ... အမေက ခိုင်းထားတာနဲ့၊ စတိတ်ရှိ… လား၊ စကော့ဈေးလား ဆိုရင်တော့ ခုချက်ချင်း အိုကေ … ဟိုသူခိုးအိမ် ဆိုရင်တော့ ဆယ်သက် ဆယ်ကမ္ဘာလည်း ထပ်… ခေါ်မနေနဲ့တော့ အဖော်မလိုက်နိုင်ပါ ဆိုသူနှင့် ...။ ဟင်း … အမြဲတမ်း ဆိုးတူကောင်းဘက် သူငယ်ချင်း ညီအစ်မဖြစ်သော သိင်္ဂီခမျာလည်း မမကြီး ရွှေရည် လုပ်ချသွားပုံကြောင့် သူ့အနေ… က သူ့ကိုပါ မျက်ခြည်မပြတ်နှင့် ဟိုသွားမကြိုက်၊ ဒီသွားစိတ်မ… ဖြစ်နေချိန်ဖြစ်ရာ ... အဒေါ်ဖြစ်သူ၏ အငြိုငြင်ကို ခံယူပြီးတော့ တော့လည်း သွားမခေါ်ချင် ...။

တစ်သိန်းလိုချင်တာ အဓိက မဟုတ်ပါဘူး … လူမှန်နေရာမှန် ပြန်ဖြစ်သွားစေချင်တဲ့ စေတနာကသာ အဓိကပါ… ကိုယ့်တစ်ယောက်တည်း သွားလိုက်ဖို့ကျတော့လည်း ဘယ်နည်… နှင့်မျှ မသင့်တော်မှန်း ဒီလောက်တော့ သိပါသေးသည်။ စ… ဘီးကလေးနှင့် နင်းချသွားလိုက်လို့ကတော့ အလွယ်ကလေး… အနီးလေး ...။ ကျွတ် ... ဘယ်လိုလုပ်ရပါ့မလဲ ...။ အိမ်ကကာ… နဲ့ သွားလို့ကတော့ ဒရိုင်ဘာဟာ ကိုယ့်မိဘနားဆီ ချက်ချ… သတင်းပြန်ပေါက်တော့မယ့် လူမျိုးပဲဟာ ...။

စဉ်းစားမရ ကြံရာကျပ်စိတ်နှင့် ... ကိုယ့်အခန်း… ကထွက် ... အိမ်ရှေ့ဝရန်တာဘက် ထွက်လာခဲ့မိသော လုပ်… တစ်ယောက် ... ကိုယ့်အိမ်ရှေ့ခြမ်း လမ်းတစ်ဖက်ကမ်းက … ကွင်းကို အမြင်မှာတော့ မျက်လုံးလေး ပြူးခနဲ ဖြစ်သွားမိ…





…ဝရန်တာမှ တိုင်လုံးကြီးတစ်လုံးနှင့် ခန္ဓာကိုယ်လေးကို လှစ်ခနဲ …င် ပြေးကွယ်လိုက်မိပါသည်။

ကြည့်စမ်း ...။ မသင်္ကာစရာ။ လမ်းဟိုဘက်ကမ်း …လက်ဖောင်းပေါ်မှာ ...၊ အိမ်ရှေ့ခြံက ရှေ့ဘက်ထွက်ပြီး ဆောက် …ထားတဲ့ ဆေးခန်းနဲ့ ဆေးမျိုးစုံဆိုင်ကလေးရဲ့ရှေ့မှာ ...။ ဒီဘက် …ကို ကျောပေးသယောင်၊ ဘေးတိုက်ပြုသယောင် လုပ်ထားသော် …ည်း တကယ့် တကယ်တမ်းကတော့ သူ့မျက်လုံးများနှင့် စိတ် …င်စား အကဲခတ်မှုတို့ကတော့ လှစ်လှစ်တို့အိမ် ... ဒါမှမဟုတ် …ကိုတို့ဆီသို့သာ ရှိနေတော့သော သူမှာ ...။

အဲဒီလူဟာ ကိုယ်အလွန်အမင်း တွေ့ချင်နေသော "သူခိုး"ကို ဟိုတစ်နေ့က လာနှုတ်ဆက်ခဲ့တဲ့လူပဲ ...။ သူ့နာမည် …ောင်မှ သိပါသေးတယ် ... ဘာတဲ့ ... အား ... သိပြီ ...။ …ည့်စုံ ... ပြည့်စုံ ...။ အဲဒီ ပြည့်စုံ ဆိုသောသူကလည်း "သူခိုး" …နာမည်ပြန်ခေါ်ပြီးတော့ နှုတ်ဆက်လိုက်ပါရဲ့ ...။ ဒါပေမယ့် …နာမည်ကို မသိလိုက် ...။ "ဖိုးစာကီ"ဆိုလား ...။ "ပိုးဇာချည်" …လား ...။ နှစ်ခုစလုံးဟာတော့ ဘယ်ဟာကမှ လူယောကျ်ား …ယောက်ရဲ့ နာမည်မျိုးနဲ့ မတူပါ။

အဲဒီ အချိန်တုန်းက "သူခိုး"ဟာ ထိုပြည့်စုံကို "—)လမ်းမှာ ဖြစ်သွားတဲ့ ခိုးမှု(၂)မှု"ဟူသော စကားကို ပြော …သည်။ အဲဒီကတည်းက အဲဒီပြည့်စုံဟာ ဘိုးဘိုးရဲ့အိတ်ကြီး …တာကိုရော ... မမကြီးပါ ပျောက်သွားတာကိုပါ ကြိုသိနေ…



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့သူပဲ ဖြစ်ရတော့မှာပေါ့ ...။ အဲဒီလို ကြိုသိပြီးသားလူဟာ ဘာကိစ္စအတွက်ကြောင့် ဒီအိမ်နှစ်အိမ်ရဲ့ ရှေ့မှာ မယောင်မလည်နဲ့ လာရောက်နေရသလဲ ...။

ကြည့်စမ်း ...။ စိတ်ဝင်စားစရာ ကောင်းလိုက်တာ။ အဲဒီခိုးမှု(၂)မှုတုန်းက တရားခံဟာ နှစ်ယောက်ဆိုတော့ ... "သူခိုး" မဟုတ်သော နောက်တစ်ယောက်ဟာ ဒီပြည့်စုံပဲ ဖြစ်မနေနိုင်ဘူးလား ...။ အဲဒီတစ်ယောက်က ဒီအိမ်ရှေ့ ထပ်လာရောက်နေရသည် ဆိုတော့ နောက်ထပ် ဘာများခိုးချင်သေးလို့လဲ ...။ ဒါမှမဟုတ် ဘာလဲ ...။

"သူခိုး"(ခေါ်ရတာ အားနာလိုက်တာ ... ဒါပေမယ့် နာမည်ကလည်း မသိတော့ မတတ်နိုင်)ကတောင်မှ သူခိုးအစစ် မဟုတ်နိုင်ရင် ... သူခိုးရဲ့ သူငယ်ချင်းဆိုတာကရော သူခိုးဟုတ် နိုင်ပါ့မလား ...။ ဒါ ... ဒါဖြင့်ရင် ... လှစ်လှစ်မှာ ရုတ်တရက် အတွေးစိတ်နှင့် ပြည့်စုံဆိုသောသူကို ကိုယ့်ရဲ့ခဲအိုဝမ်းကွဲလိုလို ဘာလိုလို ထင်လိုက်မိသော တစ်ခဏ၌ ... ဘာမှထပ်ပြီး ဆက် စဉ်းစားမနေတော့ဘဲ အောက်ထပ်သို့ တစ်ဟုန်ထိုးသာ ပြေးဆင်း လာခဲ့မိပါတော့သည်။

ပြီးလျှင်တော့ အိမ်ပြင်ဘက် ...။ အဲဒီကမှ တစ်ဖ ကမ်း ပလက်ဖောင်းဆီ ...။

ပြည့်စုံကား လှစ်လှစ်ကို လှမ်းမြင်လိုက်ရသည် ကြိုတင်မျှော်လင့်ထားပြီးသကဲ့သို့ သိပ်ထူးဆန်း အံ့ဩသွားဟ





ပြပါချေ ...။ ဝမ်းသာသွားပုံတော့ ပေါက်၏။ စွတ်ရွတ်ပြေးချ လာခဲ့မိသော လှစ်လှစ်မှာသာ သူ့အနီးရောက်မှ ခပ်အမ်းအမ်း။ ပြည့်စုံက လှစ်လှစ်ကို အရင်ဦးအောင် လှမ်းပြုံးပြလိုက်ပြီး ကြို ဆိုလိုက်ပါသည်။

"ဒီမှာ ... ရှင်က သူခိုးရဲ့ သူငယ်ချင်း မဟုတ်လား ..."

ပြည့်စုံက တဟက်ဟက် ရယ်သံနှင့် ...

"သူ့နာမည်က ကောင်းဇာတိလို့ ခေါ်တယ် ..."

"ကောင်းဇာတိ ... နာမည်ကတော့ ကောင်းပါရဲ့"

"လူလည်း ကောင်းပါတယ် ..."

"တော်ပြီ ... ကျွန်မ ရှင်နဲ့ စကားရောဖောရော လုပ်နေဖို့ လာတာမဟုတ်ဘူး ... ပြောပါဦး ... ရှင် ဒီနေ့ ဒီရှေ့မှာ ဘာလာလုပ်နေတာလဲ"

လှစ်လှစ် ထံမှ အဲဒီလို တိတိကျကျ တိုက်ကွက်ကြီး ကို မြန်မြန်ဆန်ဆန်ကြီးနှင့် ထွက်လာမည် မထင်သေးသဖြင့် ပြည့်စုံ ခမျာ ခပ်ကြောင်ကြောင် တစ်ချက်ဖြစ်သွားပါသည်။ ဒီအချက်ကို ရိပ်မိလိုက်သော လှစ်လှစ်ကလည်း သူကြောင်နေ တုန်းမှာပဲ နောက်ထပ်တစ်ချက် ထပ်နင်း၍ ...

"ရှင် ... ဒီနှစ်အိမ်စလုံးကို ခိုးကြောင်ခိုးဝှက် ကြည့်နေခဲ့တာ အတော်ကြာပြီ"

တကယ်တော့ လှစ်လှစ်က ဒီလူ့ကို စတွေ့တာ ပါပင် ...။ သို့သော် စကားကိုတောက်ပြီး "အတော်ကြာပြီ" ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုထည့်လိုက်တော့လည်း ထိုလူ့မှာ မငြင်းနိုင် မပြုနိုင်ပင် ရှိနေရပြီးမှ … အကြံရသွားသလို မျက်ဝန်းက လက်ခနဲ တစ်ချက်ဖြစ်သွားသည်။

"ဟုတ်တယ်…ကျွန်တော်က ခင်ဗျားကိုတွေ့ချင်လို့ပါဗျာ …"

"ဘာ … ကျွန်မကို … ကျွန်မ ဒီမှာနေမှန်း ရှင်က ဘယ်လိုလုပ်ပြီး သိသလဲ …"

"သိပါတယ် … ကျွန်တော်က ဖိုးဇာတိရဲ့ သူငယ်ချင်းပဲ"

"ဒါဆို သေချာပြီ … အဲဒီနေ့က နောက်ထပ်သူခိုးတစ်ယောက်ဟာ ရှင်ပဲ"

ပြည့်စုံထံမှ "မှန်သည် … မှားသည်" အဖြေပြန်မလာပါ။

"ကျွန်မနဲ့ ရှင်နဲ့ တွေ့စရာအကြောင်းမှ မရှိဘဲ … နေဦး … နေဦး … ရှင် ကျွန်မအစ်မကိုရော သိသလား … ရှင်ဒီကိုလာတာ မမကြီး လွှတ်လိုက်တာလား"

"ခင်ဗျားအစ်မ … ခင်ဗျားအစ်မက ကျွန်တော့်ကို ခင်ဗျားဆီ လွှတ်ရအောင် သူက အခု ဘယ်မှာမို့လို့လဲ …"

လှစ်လှစ်က ပြည့်စုံကို မျက်လုံးလေးမှေးကျဉ်းပြီးကြည့်လိုက်သည်။ ဒီလူရဲ့ စကားပြောပုံဟာ ပုံမှန်မဟုတ် …။ လှစ်လှစ်ထံမှ သတင်းတစ်ခုခု … ဒါမှမဟုတ် … ဘာမှန်းမသိတဲ့ တစ်စုံတစ်ရာကို နှိုက်ထုတ်အစ်အောက်ယူမယ့် ပြောပုံဆိုပေါက်မျိုး …။ တော်ပြီ …။ ဒီလောက်ဆိုလိုက်တာတောင်မှ မမကြီး





ရှုရည်ရဲ့ သတင်းတစ်စုံတစ်ခုဟာ ဒီလူ့ဆီက ပြန်မထွက်လာဘူးဆိုရင်တော့ ကိုယ့်အစ်မရဲ့ အကြောင်းဟာ လူစိမ်းတိုင်းကိုလျှောက်အာဖွာနေရမယ့်ကိစ္စမဟုတ်။ သူ့ဆီက ဘာမှမရနိုင်ရင် ကိုယ့်ဆီကလည်း ဘာမှ မပါစေရ …။

"ရှင့်ကြည့်ရတာ မရိုးသားဘူး … တော်ပြီ တော်ပြီ … ကျွန်မ ပြန်မယ် … ရှင်လည်းပြန် … နောက်တစ်ခါလည်း ထပ်မလာနဲ့တော့ … ရှင့်ကို နောက်တစ်ခါ ဒီအိမ်တွေရှေ့မှာ ထပ်တွေ့တာနဲ့ လူကြီးတွေကိုလည်း တိုင်မယ် … ရဲကိုလည်း အကြောင်းကြားမယ် … အကောင်းပြောတာနော် … ဟိုတစ်ယောက် … ကောင်းဇာတိကို ကျွန်မက တကယ့်သူခိုးလို့ကို မထင်ဘူး … ဒါပေမယ့် ရှင်ကတော့ တကယ့်သူခိုးတစ်ယောက် ဖြစ်ချင်ဖြစ်နေမှာ …"

"အတွေးအခေါ်ကလည်း မျက်နှာလိုက်လိုက်တာ … ဒါပေမယ့် ကျွန်တော်က ခင်ဗျားနဲ့ တွေ့ချင်တယ်ဆိုတာ အဲဒီကောင်းဇာတိရဲ့ ကိစ္စပါ … သူ ဘယ်မှာနေသလဲဆိုတာ ခင်ဗျား သိနေမယ့်ပုံ ရတယ်လို့ ကျွန်တော် ထင်တယ် … သိတယ်မဟုတ်လား … ကျွန်တော့်ကို တဆိတ်လောက် လမ်းညွှန်ပေးစမ်းပါ …"

ပြည့်စုံရဲ့ လိပ်စာမေးဟန်မှာ ခပ်မြန်မြန်နှင့် အလောသုံးဆယ် နိုင်လှစွာ …။ လှစ်လှစ်ရဲ့ သံသယများက ပိုမိုကြီးထွားလာနိုင်ကြရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ပြောရမှာလဲ ... ကျွန်မဆီက သိရတာနဲ့ ရှင်က ငွေတစ်သိန်း ပြေးထုတ်မှာ မဟုတ်လား ..."

"ဟာ ... မဟုတ်တာဗျာ ..."

"ကြည့်လေ ... ငွေတစ်သိန်းလို့ ပြောလိုက်တာနဲ့ ဘယ်က တစ်သိန်းလဲ ဘာညာ ... မေးခွန်းထွက်မလာကတည်းကိုက ရှင် ဒီနေ့ သတင်းစာဖတ်ပြီးတာ သေချာပြီ"

ပြည့်စုံရဲ့ နှုတ်ခမ်းမှာ အပြုံးတစ်ခု ပေါ်လာသည်။

"ဒါဆို ခင်ဗျားက အဲဒီတစ်သိန်းကို တစ်ယောက်တည်း သုံးချင်တယ်ပေါ့ ... ကျွန်တော်ကတော့ တစ်သိန်းထက် အရေးကြီးတဲ့ မိတ်ဆွေကောင်း ပီသမှုဆိုတာ ရှိသေးတယ်"

အောင်မာ ...။ သူခိုးကများ လူလူဟစ်လို့ ...။ သူငယ်ချင်းလည်းဆိုသေး ... ဘယ်မှာနေမှန်းတောင် မသိတဲ့သူကများ ...။ တကယ်သူငယ်ချင်းလည်း ဟုတ်ရဲ့လား မသိပါဘူး။ ကြည့်ရတာ ခရီးသွားဟန်လွှဲ မတော်တဆ ကြုံဖူးရုံလောက်ပဲ များလား ...။ မဟုတ်မှလွဲရော ... ဟိုတစ်နေ့က သိဂီတို့အိမ် သူခိုးဖောက်ခံရတဲ့ကိစ္စ ဖြစ်တဲ့ညကမှ ... ကောင်းဓာတီ ဆိုသူဟာ ဒီသူခိုးနှင့် ဆွမ်းခံရင်းငှက်သင့် ... ကံဆိုးစွာ ပက်ပင်းကြုံမိကြရတာမျိုးလား ...။

"ခင်ဗျား မသိဘူးနော် ... အဲဒီ ဖိုးဓာတီမှာ Suicidal Tendency ရှိနေတယ်ဗျ ... သူ့ကို ကြာကြာအလွတ်ပေး ထားလို့မရဘူး ... သူနဲ့ကျွန်တော် စခင်ကြရတာလည်း သူ့အမေဆုံးလို့ဆိုပြီး သူ စိတ်ညစ်ပြီး သူ့ကိုယ်သူ Suicide လုပ်တာ ... ရေထဲဆင်းသေတာ ... ကျွန်တော် မနည်းကယ်ထားလို့ပေါ့ဗျ ... လက်မတင်လေးပဲ"

လှစ်လှစ်ကား ပြည့်စုံရဲ့ စကားကို ယုံရမလို ... မယုံရမလို ...။ လန့်ကလည်းလန့် ...။ ဟုတ်များ ဟုတ်နေရင် ဘယ့်နှယ့်လုပ်ပါ့မလဲလို့လည်း စိတ်ကပူ ...။ ဒီကြားထဲမှာ အမေ ဆရာဝန်ဖြစ်သူရဲ့ သမီး လှစ်လှစ်ဟာ Suicidal Tendency ဆိုတဲ့ စကားမျိုးကို သူခိုးတစ်ယောက်ဆီက ထွက်ပေါ်လာနိုင်တာကိုလည်း အံ့သြ ...။ "ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်လိုသော စိတ်အခံ ရှိနေသည့်သူ"ဆိုသော စကားမျိုးဟာ ဆရာဝန်သမီး မဟုတ်သည့် လှစ်လှစ်ရဲ့ သူငယ်ချင်းမကလေးများ ဆိုရင်တောင် နားမှလည်ပါ့မလား ...။ ဒီလူက ဘာလို့ထည့်ပြောနိုင်ရမှာလဲ ...။

ဒါပေမယ့်လည်း ဘာပဲဖြစ်ဖြစ် ကောင်းဓာတီရဲ့ လိပ်စာကိုတော့ ပိုလို့တောင်မှ မပြောသေးတယ်ပဲ ... ဒါပဲ ...။

လှစ်လှစ်က ရုတ်တရက် လှစ်ခနဲ ကိုယ့်အိမ်ဘက် ကိုယ် ပြန်လှည့်ပြေးလာခဲ့ပါတော့သည်။ ပြည့်စုံက "စိုးရိမ်ရတယ်နော် ... မပေါ့နဲ့ ..."ဟု လှမ်းအော်သတိပေး၏။ လှစ်လှစ်မှာ ကိုယ့်အိမ်ကို သူခိုးတစ်ယောက်က တိတ်တဆိတ် ထပ်လာချောင်းနေပါလား ဆိုတဲ့ အတွေးမျိုးလည်းပျောက်...။ ခုထက်ထိ သတင်း







www.burmeseclassic.com

www.burmeseclassic.com



အစအနမှ မကြားရသေးသော မမကြီးရွှေရည့်အတွက်လည်း ခေါင်းထဲမှာ မရှိတော့ ...။

"ကောင်းဇာတိ"တဲ့ ...။ Suicidal Tendency (ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်လိုသော စိတ်အခံ)ရှိသတဲ့ ...။ တစ်ခါက ရေထဲဆင်းဒွေးမှုလို့ သူများလိုက်ကယ်ထားရတာဟာ လက်မတင်ကလေးပဲတဲ့။ အဲဒါကြောင့် ဦးကိုကိုကြီးက တစ်သိန်းကြီးများတောင် ဆုငွေ ထုတ်ထားရတာကိုး ...။ ငါ ဘာလုပ်ရမလဲ ...။ ဘာလုပ်ရမလဲ ...။

"ကဲ ... ကဲ ... တက် ... တက် ... တက်"

"ဟာ ... ဘာလဲ ..."

"ဘာမှ မဟုတ်ဘူး ... တက်ပါ ... တက်စမ်းပါ ..."

ဇာတိ ခမျာ ရယ်ကလည်းရယ်ချင် ... ကိုယ်နဲ့ရွယ်တူနီးပါး ယောကျာ်းတစ်ယောက်ရဲ့ရှေ့မှာ မိန်းမတစ်ယောက်ရဲ့ ဖွတ်လက်ဆွဲခေါ်မတတ် အနေအထားကြီး တစ်ခုနဲ့ ကြုံနေရတာကိုလည်း ရှက်ရှက်နဲ့ စိတ်ပျက်။

"ဟေး ... ဘာဖြစ်နေတာလဲ"





ခပ်မာမာဟောက်ပစ်လိုက်ပေမယ့်လည်း တွေ့စကတည်းက ဖွတ်တရွတ်မကလေးမှန်း သိသာနေသူ ထိုမိန်းကလေးကတော့ဖြင့် နောက်ဆုတ်လက်တွန့်သွားမည့်ပုံ မရပါချေ ...။

လှစ်လှစ်ကား ကောင်းဇာတိရဲ့ အံ့ဩဟားချင်မျက်နှာထားကြီးကို ရိပ်ပင်ရိပ်မိပြား လက်လျှော့လိုက်ဖို့ကိုတော့ နည်းနည်းလေးမှ မတွေးပါ။ ဒီအထိတောင် မျက်နှာပြောင်တိုက် ရောက်လာတာဟာ ဒီလောက်လေးနဲ့ ရှက်စွံ့စိတ်ပျက်ဖို့ မဟုတ်။

"သူ့ခမျာ အိမ်နဲ့အဆင်မပြေတာလေး တစ်ခုနဲ့ Suicide လုပ်ချပစ်လိုက်မှာကို ငါ ပူလွန်းလို့ပါဟယ်"လို့ သွားပြောတော့ ... "နင်ရူးနေပြီ လှစ်လှစ် ..."လို့ ပြန်ပြောကာ ... "ငါကတော့ မလိုက်နိုင်ဘူး ... ငါ့အမေ သိရင်လည်း ကြိုက်မှာမဟုတ်ဘူး"လို့ပါ ပြန်ပြောခဲ့ပေမယ့် သူ့အိမ်ကကားနဲ့ ဒရိုင်ဘာကိုတော့ဖြင့် အကူအညီ ပေးလိုက်သော သူငယ်ချင်းမရဲ့ တစ်မျိုးမျက်နှာထားကြီးကိုပါ လျစ်လျူရှုနိုင်လာပြီးပြီပဲကွယ်။

သမီးကောင်း ပီသချင်သူ ... သူငယ်ချင်းမရဲ့ရှေ့မှာ စိတ်မာတ်သိပ်မတည်ငြိမ်သေးတဲ့ ခပ်ရူးရူး ... ခပ်ရဲရဲ ... မိန်းကလေးတစ်ယောက်အဖြစ် မျက်နှာအောက်ကျခဲ့ရခြင်းဟာ ... လူတစ်ယောက်ရဲ့ အသက်အန္တရာယ်ကို အချိန်မီ ကယ်တင်နိုင်ခဲ့ဆိုတာ ကိုယ့်ဘာသာ လိပ်ပြာသန့်နိုင်ရင် ပြီးတာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... အချိန်မရှိဘူး ... ကားပေါ်တက်စမ်းပါ ... ကိုစံအေး ... ပြောမရရင် ရှင်လည်းဆွဲသာခေါ် ... ကျွန်မလည်း ဖွတ်ဆွဲတော့မှာ ..."

"ဘယ်လိုဖြစ်တာလဲ ... နေဦး ... နေဦး ... အဲဒီလောက်ကြီး ဖွတ်ဆွဲဖို့လည်း မလိုပါဘူး ... ဘာ့ကြောင့် အဲဒီကားပေါ် တက်ရမှာလဲ ... ဘယ်ကိုလိုက်ရမှာလဲ ဆိုတာကိုသာ ပြောပြစမ်းပါ ... အေးဆေးပေါ့ ..."

ကြည့်ရတာတော့ ကိုစံအေး ဆိုသူဟာ လှစ်လှစ်ရဲ့ စကားကိုသာ နာခံမယ့် ဒရိုင်ဘာအဆင့်လောက် လူမျိုးထင်ပါရဲ့။ ရယ်ချင်ပြုံးချင် မျက်နှာထားနဲ့ ဇာတိရဲ့ လက်တစ်ဖက်ကို ဖွတ်လာကိုင်ထားလိုက်ရာကနေ အပြုံးသာမပျက်တာ လက်ကတော့ အဆွဲမလွှတ် ...။

"ရှင်နဲ့ ကျွန်မနဲ့ အေးဆေးစကားပြောပြီး အနည်းငယ်လေးလောက် ညှိစရာရှိတာတွေ ညှိကြဖို့ လိုတယ်လေ ကိုကောင်းဇာတိ ..."

"ဘာတွေပြောလို့ ဘာတွေ ညှိရမှာလဲ ... ဟာ ... နေဦး မင်း ငါ့နာမည်ကိုရော ... ဘယ်လိုလုပ် သိနေလဲ ..."

"အဲဒါက အရေးမကြီးပါဘူး ... ဘာပဲဖြစ်ဖြစ် ရှင်သာ ကားပေါ်တက်"

ဇာတိ ခမျာမှာ ကိုမြဖေရဲ့ အိမ်တော်မဟာသို့ ရောက်ရှိနေစဉ် ကာလအတွင်းမှာ သတင်းစာကိုလည်း ဟုတ်တ





ပတ်တိ မဖတ်ဖြစ်နိုင်တော့တာမို့ လှစ်လှစ်ရဲ့ အကြံအစည်တို့ကိုလည်း သိနိုင်ဖို့ရာ အကြောင်းမရှိပါ။ အကြောင်းများသိလို့ကတော့ ကားနားတောင်သီဖို့ဝေးလို့ ... ဘယ်သူကပဲ ဘယ်လိုလက်ဆွဲထားထား ... ထိုးကြိတ်တွန်းထိုးပြီး ထွက်ပြေးဖြစ်ဖို့လည်း ဝန်လေးလှတော့မှာ မဟုတ်တဲ့ ဇာတိဟာ ... မိန်းကလေးတန်မဲ့တအားကြီး ပတ်ပတ်သက်သက် လာရှိနေရသော အချက်ကလေးကိုပဲ အားနာလိုက်ပါတော့မည်ဟု ...။

"ကဲ ... ကဲ ... အဲဒီလောက်ကြီး ဆိုရင်လည်း ... ကိုယ့်ဘာသာပဲ ကိုယ့်သဘောနဲ့ကိုယ် တက်မယ် ... ဆွဲတင်စရာမလိုဘူး ..."

"ဒီလိုမှပေါ့ ... ဒါဖြင့်လည်း ကိုစံအေးရေ ... ရပြီ ..."

ကားနားရောက်တော့ နောက်ခန်းတံခါးကို ကိုယ်တိုင်ဆွဲဖွင့်ပေးနေ၍ ဒရိုင်ဘာဘေးကခုံမှာ ထိုင်ဖြစ်ဖို့ပဲ ခြေလှမ်းပြင်ထားမိသော ဇာတိက ..."ဘယ်လိုပါလိမ့်"ဟု အောင့်သက်သက်နှင့်ပင် နောက်ခန်းသို့ ဝင်ထိုင်လိုက်ရပါသည်။ ဘယ်လိုလဲ ... ဘကယ်ဆို ကိုယ်က ယောကျာ်းလေးပဲ ... ဒရိုင်ဘာနှင့် ရှေ့မှာထိုင် ...၊ သူက မိန်းကလေးပဲ နောက်ခုံမှာထိုင်ပေါ့ ...။ ဆလွန်းကား မဟုတ်ဘဲ ပစ်ကပ်(Pick up) နောက်ပွင့်ကား ဆိုရင်တော့လည်း မိန်းကလေးဖြစ်သူ သက်သောင့်သက်သာနှင့် စီးခွင့်ရအောင် ကိုယ်က နောက်ဘက်သွားထိုင်ပေးရမယ်ဆိုလည်း ဟုတ်တုတ်တုတ် ...။ ခုဟာကတော့ ...။

www.burmeseclassic.com



သို့သော် ခဏာတွင်းချင်းမှာပင် ဇာတိရဲ့ အောင်
သက်သက်တို့က ရုတ်တရက် ပျောက်ဆုံးသွားရကာ အုံ့သြခြင်
တို့ကသာ အဲဒီ အောင့်သက်သက်တို့ရဲ့ နေရာမှာ အစားထိုးဝ
ရောက် သွားကြပါတော့သည်။ အကြောင်းကား ... ကိုယ့်
နောက်ပို့ပြီး ... သူကျတော့ ဒရိုင်ဘာသားက ရှေ့ခုံမှာထိုင်တော
မည်ဟု ထင်ခဲ့သော ကောင်မလေးက တစ်ဖက်က နောက်ခ
တံခါးကိုပဲ သွားဖွင့်လိုက်ကာ ကိုယ်နှင့် ယှဉ်တွဲရက်ကြီး နော
ခန်းမှာပဲ ဝင်ထိုင်ချလိုက်၍ ဖြစ်လေသည်။

ဘာလဲဟ ...။ ဇွတ်တရွတ်ကတော့ အင်မတန်နိ
လုပေမယ့် ဣန္ဒြေမရှိဘူးဟုတော့ မစွပ်စွဲရက်စရာ ... ကလ
တက်တက်နိုင်ခြင်းကင်းပြီး ဖြူစင်မှုတွေပဲ ကြီးစိုးနေတဲ့ ဒီကော
မလေးဟာ ဘယ်လိုလဲ။ ကဲ ... မိန်းမတို့ရဲ့ အကြောင်းကို ကို
လည်း ဘယ်တုန်းကမှ ဂဃနဏ နားလည်ခဲ့တာလည်း မဟုတ်
နဲ့ ...။ ဉာဏ်မမီတဲ့ အရာများဆိုတာဟာ အတင်းကြီး လိုက်ဖြစ်ည
တွေးမနေတော့တာသာ အကောင်းဆုံး။

ကိုယ်ကသာ အုံ့သြခြင်းတွေ၊ မနေတတ်ခြင်းတွေ
လိမ်ဖယ်ဖယ် ဖြစ်နေတာ ... ကောင်မလေး ကြည့်လိုက်တော့
သူ့ရဲ့လုပ်ရပ်ဟာ တကယ့်ကို ဘာမှ မထူးခြားလှသည့် သွာ
ဖြစ်ရပ်လေးတစ်ခုသဖွယ်သာ ...၊ မျက်နှာရော၊ ကိုယ်ဟန်ရော
ဘာတစ်ခုမှ မပျက် ...။





မဟုတ်ပါ ...။ အမှန်စင်စစ်မတော့ ဇွတ်ကြီး၊ ဇွတ်
းမစဉ်းမစား သုပ်တတ်သော သူတစ်ယောက်မှာလည်း ...
စ်ခုခုကို လုပ်ပြီးတိုင်း "မှားသွားပြီလား"ဟူသော စိုးရိမ်စိတ်
ရှိတတ်စမြဲ ဖြစ်ပါသည်။ အခုလို လုပ်ပြီး ပြီးသွားတာမျိုး
ဟုတ်ဘဲ ... သိပ်ကြီး မရင်းနှီးလှသေးသော သူစိမ်းယောက်ျား
တစ်ယောက်နဲ့ အတူတကွကြီး ယှဉ်တွဲဆက်ထိုင်နေရတဲ့ အခါ
ပြီးကျတော့ သူ့ရဲ့အလုပ်ရှင် ...(ကိုယ့်သူငယ်ချင်းမရဲ့ မိဘ
)ထံသို့တော့ သတင်းပြန်မပေါက်စေရပါ ဆိုပေမယ့် ... သူ
ချင်းမဆီသို့တော့ အရင်းအတိုင်း ပြန်ဖောက်သည်ချကို ချမှာ
ချောနေသော ကိုစံအေးရဲ့ ရယ်ကျဲကျဲ မျက်နှာကို ရင်ဆိုင်နေ
အခါမျိုး ...။

ဇောချွေးတွေတောင် ပြန်ချင်နေပြီဖြစ်သော လှစ်လှစ်
"လူတစ်ယောက်ရဲ့ အသက်အန္တရာယ်နဲ့ နှိုင်းစာရင်တော့
အရာမဆို မတင့်တယ်တာ မရှိ ... လုပ်သင့်လုပ်ထိုက်တာ
ပဲ" ... ဟုသာ ဇွတ်စိတ်တင်းထားလိုက်ပါသည်။ မပြော
ူးလေ ... ဦးကိုကိုကြီးရဲ့ အိမ်ကို မြင်တာနဲ့တင် ကားပေါ်က
၍ ဆင်းပြေးချင် ပြေးမည်ဖြစ်သော ဒီကောင်းဇာတိကို
အနီးကပ် အလစ်မပေးဘဲ ရှိနိုင်မှ ကိုယ့်ရည်ရွယ်ချက်နဲ့
ာဟာ အထမြောက်တော့မပေါ့ ...။ ကားအမျိုးအစားက
အဲဒီလို ရုတ်တရက် ခုန်ချမပြေးနိုင်အောင် သေချာရွေးချယ်
လာခဲ့သော ကားမျိုးပါပဲ ...။ သို့သော်လည်းပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘယ်သွားမှာလဲ ..."

"လိုက်သာ လိုက်ခဲ့စမ်းပါ"

"ရဲစခန်းတော့ မဟုတ်ဘူး မဟုတ်လား ... သူခိုးဆို[illegible]
တော့လေ"

"ကျွန်မ အဲဒီလောက်တော့ မတုံးသေးပါဘူး ... သက်သေ[illegible]
မရှိ ဘာမရှိနဲ့ ... တကယ်တမ်း ရှင့်ကိုသာ ဖမ်းချင်[illegible]
ဟိုညရဲ့ နောက်တစ်နေ့မနက် ရှင့် အိမ်ကိုလာကြကတည်[illegible]
က ရဲပါ ပါလာမှာပေါ့ ... ဒါပေမယ့် ခုတော့ ကျွန်မ[illegible]
ပါပြီ ... ရှင်ဟာ သူခိုးတစ်ယောက်လည်း မဟုတ်[illegible]
ဘူး"

"ဖြစ်ရပြန်ပြီကွာ ... မင်းပဲ အမျိုးမျိုး ... မင်းဘာသာ[illegible]
လာစွပ်စွဲလိုက် ... ပြန်ရုတ်သိမ်းလိုက် ... တစ်ယောက်တည်[illegible]
ကို ရှုပ်နေတာပဲ ..."

လှစ်လှစ်က ခပ်ကျိတ်ကျိတ်သာ ပြုံးနေသည်။ [illegible]
ကြာမှ နှုတ်မလုံသလိုလို ... လျှို့ဝှက်ချက်တစ်ခုကို သိထား[illegible]
ပြီးမှ မသိချင်ယောင် ပြန်ဆောင်ထားရတာကို အသည်းယား[illegible]
သလိုလို ...။

"ဒါနဲ့ နည်းနည်းလောက် စပ်စုမယ်နော် ... ရှင့်အိမ်ရယ်[illegible]
ရှင့်အခြေအနေနဲ့ ရှင့်အဝတ်အစားတွေရယ်ဟာ သိပ်[illegible]
မအပ်စပ်လှသလိုပဲနော် ..."





"ဘာကို ပြောတာလဲ"

"ဟိုဒင်းလေ ... ရှင့်အိမ်တို့ အသုံးအဆောင်တို့က သိပ်
စုတ်နေပြီး ရှင့်ပုံစံနဲ့ အဝတ်အစားတွေကျတော့ ဘာခေါ်
မလဲ ... နည်းနည်းမြင့်နေတယ် ..."

"ဒါလား ... အရှင်းကြီးပဲလေ ... သူဌေးအိမ်တွေချည်း
တက်ခိုးတော့ အဝတ်အစားတွေက အကောင်းချည်းဖြစ်
နေတာပေါ့ ... သေချာကြည့်ထား ... နေ့တိုင်း လာချောင်း
ချင်လည်းချောင်း ... တော်တော်ကြာကျ ... မင်းအဘိုးရဲ့
အဝတ်တွေပါ ပါလာနိုင်တယ် ..."

"မရွဲ့ပါနဲ့ ... ရှင် သူခိုးမဟုတ်တာ ကျွန်မ သိပြီးပြီလို့
ပြောပြီးပြီ"

"ခက်တာပဲ ... ခိုးလို့ ခိုးတယ် ပြောတော့လည်း လက်
မခံ ..."

"အဲလို ပြောလို့ကို လက်မခံတာ ... ဘယ်သူခိုးကမှ ငါ
သူခိုးပါ ... ခိုးမိပါတယ်လို့ ရှင့်လို အလွယ်တကူလေး
ဝန်မခံတတ်ကြဘူးရှင့် ..."

လှစ်လှစ်က ပတ်ဝန်းကျင်ကို နည်းနည်းအကဲခတ်
[illegible]ကာ ဆိုင်ဆိုင် မဆိုင်ဆိုင် ... ဟုတ်ဟုတ် မဟုတ်ဟုတ် ...
"သူခိုးဆိုတာ" အစချီလျက် သူခိုးငိုကာကို စကားကျောရှည်ရှည်
[illegible] လေများပေချဲ့ပေးနေလိုက်သည်။ ဦးကိုကိုကြီး နေထိုင်ရာ
[illegible]ကွက်ရဲ့ ပရဝုဏ်အတွင်းသို့ ရောက်ရှိလို့ လာပြီလေ ...။ ဟိုး



www.burmeseclassic.com

www.burmeseclassic.com



တုန်းကလို ကားတွေမှာ နေရောင်ကာအဖြစ် ခန်းဆီးလိုက်ကာ
များ တပ်ခွင့်ရသည့် အချိန်ဆိုရင် သိပ်ကောင်းမည်။ ခုကျတော့
မသမာသူများက မသမာကြတာနဲ့ပဲ ဆိုင်ရာက ကားမှန်ပြတင်
တွေမှာ ခန်းဆီးတပ်ခွင့်ကိုပါ ပိတ်ပင်ထားချိန်ဖြစ်ရာ ... လှစ်လှ
မှာ သူသိနိုင် မသိနိုင် မသေချာပဲ ကိုယ်တစ်ယောက်တည်း စိုးတ
ထိတ်ထိတ် ...။

သို့သော် လှစ်လှစ် အဖို့ စိုးရိမ်မယ့်သာ စိုးရိမ်တာ
ပါ ...။ လှစ်လှစ်ရဲ့ အရည်မရ၊ အဖတ်မရ၊ ဘာအဓိပ္ပာယ်မှလည်း
မရှိ ... ပါးစပ်ထဲ တွေ့ရာလျှောက်ပြောနေသော "သူခိုးဋ္ဌိကာ" က
တော့ လုံးဝစိတ်မဝင်စားပေမယ့် ... အဲဒါတွေ လျှောက်ပြော
သော ကောင်မလေးတစ်ယောက်ကိုတော့ဖြင့် အံ့သြတကြီးနှ
အလွန်ထူးဆန်း စိတ်ဝင်စားနေမိသော ဇာတိ ခမျာ ... ကိုယ်
လာသော ကားရဲ့လမ်းကြောင်းဟာ ဘယ်ကို ဦးတည်နေသလဲ
တာကိုလည်း ထူးပြီးတော့ စိတ်မဝင်စားအားပါ ...။

ခဏကြာမှ စကားသာ စဉ်ဆက်မပြတ် ကရား
လွှတ် ပြောဆိုနေပေမယ့် ကောင်မလေးရဲ့ မျက်ဝန်းတို့ကတော
ဂနာမငြိမ် ... လမ်းဘေးဝဲယာသို့ ရောက်လွန်းနေတာရယ် ...
ကားက ရုတ်တရက် အရှိန်သတ်ရပ်တန့်သွားတာရယ်ကိုပါ သတိ
ထားလိုက်မိတာနဲ့ ... "ဘယ်များ ရောက်နေပြီလဲ"ဟု မှန်ပြတင်
ကနေ အပြင်ကို လှမ်းအကြည့် ...။

"ဟာ ..."





ထိုင်နေရာမှ ယောင်ယမ်းပြီး ထရပ်လိုက်မိသဖြင့်
ားခေါင်မိုးနှင့် ခေါင်းတောင် ဆောင့်တိုက်မိသွားရသည်။

"ဟာ ... မင်းက ဘာလဲ ... မင်းက ဘယ်သူလဲ ..."

ကိုစံအေးက အကင်းပါးစွာ ကားတံခါးသော့များ
(Central Lock)ကို (Double Lock) ချပစ်လိုက်ပါသည်။ ဒရိုင်
ဘာထိုင်ခုံရဲ့ ဘေးတံခါးမှာသာ အဖွင့်ခလုတ်ရှိပြီး ... ကျန်ကား
ံခါးသုံးချပ်စလုံးကနေ ပြန်ဖွင့်လို့လည်းမရ ...။ တချို့ကားတွေ
သော့ဘုတံလေးကို လက်နဲ့ဆွဲတင်ပြီး တံခါးဖွင့်ပြေးလို့လည်း
ဖြစ်နိုင်တော့အောင် သော့ဘုပါ ပျောက်သွားအောင် ပိတ်ပစ်လိုက်
င်တဲ့ ကားမျိုးမို့ ... ဇာတိက ဒေါသဖြစ်စွာ "တောက်"တစ်ချက်
ေါက်ရင်း ကိုယ့်ရှေ့က ဒရိုင်ဘာထိုင်ခုံကိုပါ လက်နှင့် ဖြန်းခနဲ
က်ချပစ်လိုက်သည်။

"ကိုကောင်းဇာတိရယ် ... ကျွန်မက ..."

"တော်ပြီ ... မင်းနဲ့ ငါနဲ့ ဘာမှထပ်ပြီး စကားပြောဆို
ညှိနှိုင်းကြဖို့ မရှိဘူး လှစ်လှစ် ..."

"ဦးကိုကိုကြီးက ရှင့်အတွက် သိပ်စိတ်ပူနေရှာတယ် ..."

ကောင်းဇာတိက လှစ်လှစ်ကို မျက်လုံးကြီးပြူးပြီး
ကြည့်လိုက်သည်။ လှစ်လှစ်က လက်ကိုင်အိတ်ထဲမှာ အသင့်ထည့်
လာသော သတင်းစာအခေါက်လေးကို လျင်မြန်စွာ ဆွဲထုတ်ယူ
ပြီး ဇာတိဘက် ထိုးပြလိုက်လေသည်။ ဇာတိက ခပ်သွက်သွက်
ငချက်ဖတ်ကြည့်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပိုင်လှပြီပေါ့လေ ... ကိုယ့်ကိုယ်ကိုယ်တော့ သိပ်
ဟုတ်လှပြီပေါ့လေ ..."

"ဟင် ... ဘာပြောတာလဲ ..."

"မင်းက မင်းကိုယ်မင်းတော့ ငွေတစ်သိန်းကြီးများတောင်
ရတော့မယ်ပေါ့ ... သိပ်လွယ်ကူလှတဲ့ ... သံမှာအာဗိ
ကျကျ စီးပွားရှာနည်းပေါ့နော် ... စိတ်မကောင်းပါဘူ
ကွာ ... ကျွတ် ကျွတ် ... အဲဒီတစ်သိန်း မင်း လုံးဝမရ
ရဘူး ... ငါပြောရဲကယ် ... လုံးဝမရဘူး ..."

"ကျွန်မက အဲဒီလောက်ကြီးလည်း ပိုက်ဆံမမက် ..."

"တော်စမ်းပါ ... မင်းတို့ သူဌေးမျိုးနွယ်တွေ ဆိုတာဟာ
ရှိတယ်ဆိုလေ မက်လေတွေချည်းပါကွာ ... ဒါပေမယ့်
ဒီတစ်ခါတော့ ဘယ်လောက်မက်မက် ... လွဲပြီအမိ ..."

"ဘာလို့လဲ ..."

"ဘာလို့လဲဆိုတော့ ဒီဓာတ်ပုံထဲက 'အငယ်'ဆိုတာ
မဟုတ်လို့ ... ဦးကိုကိုကြီးကလည်း မင်းကို တစ်ပြား
ပေးလိမ့်မှာ မဟုတ်ဘူး ... ကြည့်နေပါ"

လှစ်လှစ် တစ်ယောက် အူကြောင်ကြောင်နှင့် ဟုတ်
နီးနီး ဇဝေဇဝါ မရေမရာတွေ ဖြစ်သွားရချိန်မှာ ကားကတော့
ဦးကိုကိုကြီးရဲ့ ခြံကျယ်ကြီးအတွင်းသို့ မောင်းနှင်ဝင်ရောက်
သွားခဲ့ပါပြီ။ လှစ်လှစ်ရဲ့ ကြိုတင်ဖုန်းဆက် အကြောင်းကြားထား
ချက်ကြောင့်ထင့် ...။ အိမ်ကြီးရဲ့ ပေါ်တီကိုကြီးအောက်မှာ ကား





ရပ်လိုက်တာနှင့်ပင် အိမ်ထဲမှ ခန့်ထည်သန့်ပြန့်နေကြသော
ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ ခပ်သွက်သွက်ပင်
ဆင်းချလာကြသည်။

"မောင်လေး ... မောင်လေး"

ကောင်းဓာတိကို မြင်လိုက်တာနှင့် ထိုမိန်းမက
ခမ်းသာသွားသလို ခပ်ကျယ်ကျယ်တစ်ချက် အော်ခေါ်လိုက်ပါ
သည်။ ကားရပ်လိုက်တာနဲ့ ကိုစံအေးက သူ့ရဲ့ Double Lock
ကို ပြန်ဖွင့်ပေးလိုက်ရာ လှစ်လှစ်မှာ သတင်းစာကြီးကိုင်ပြီး
ကားပေါ်က ဆင်းရကောင်းနိုး၊ မဆင်းရနိုး ...။ ကိုယ့်ကိုယ်ကိုယ်
"ဓာတ်ပုံထဲက တစ်ယောက်က ငါမှ မဟုတ်ဘဲ"ဟု ဆိုခဲ့သူကတော့
ဖြင့် ကားပေါ်မှ ခပ်တည်တည်ပင် တံခါးဖွင့်ပြီး ဆင်းချသွားလေ
သည်။

ဒီတော့မှပင် လှစ်လှစ်ခမျာ မနေသာ ...။ ကိုယ်
သည်း ကပျာကယာပင် လိုက်ဆင်းခဲ့ရရင်း ... သတင်းစာကြီးကို
ဖြန့် ... သတင်းစာထဲက ပုံရယ် ... ကောင်းဓာတိရယ်ကို တစ်
လှည့်စီ အခါခါ အပြန်ပြန် ... တိုက်ကြည့် စိစစ်မိနေရင်းက
ဦးကိုကိုကြီးပဲ ဖြစ်မည့် သန့်သန့်ပြန့်ပြန့် ခန့်ခန့်ထည်ထည်
လူကြီးကို ဦးတည်ကာ ...

"ဟိုလေ ... ကျွန်မကလည်း ဒီထဲက ဓာတ်ပုံနဲ့ အဲဒီတစ်
ယောက်နဲ့ တူတယ် ... ဆင်တယ်ပေါ့နော် ... ပြီးကျတော့
လည်း သူ့ကို အစောတည်းက သူ နေနေတဲ့နေရာနဲ့ သိပ်



www.burmeseclassic.com

www.burmeseclassic.com



အံမဝင် ခွင်မကျဘူးလို့လည်း ထင်တယ် ... အဲဒါနဲ့ ဦးကိုကိုကြီးတို့ ကြော်ငြာထဲက တစ်ယောက်များ ဖြစ်နေ မလားလို့ ... ဒါပေမယ့် ဒီရောက်မှ သူက ဒါ သူမှမဟုတ် ဘဲလို့ ပြောနေတယ် ..."

ဦးကိုကိုကြီးရဲ့ နှုတ်ခမ်းက လွန့်ခနဲ တစ်ချက်ကလေး လှုပ်ရှုံ့ပြုံးသွားပါသည်။ ပြီးလျှင်တော့ နဂိုနေ ခပ်တည်တည်အဖြစ် သို့သာ ...။ ခုနကတော့ "မောင်လေး ... မောင်လေး"နှင့် ဝမ်း ပမ်းတသာ အော်ဟစ်ခေါ်ခဲ့တဲ့ မိန်းမကလည်း ဦးကိုကိုကြီးနဲ့ ကောင်းဇာတိတို့ရဲ့ ပုံစံကိုကြည့်ကာ ချက်ချင်းနှုတ်ပိတ် တိတ်ကိတ် ငြိမ်နေလျက်သား ...။

ဦးကိုကိုကြီးနှင့် ကောင်းဇာတိတို့ကတော့ တစ် ယောက်နှင့် တစ်ယောက် (ကျားနှင့် ဆင် လယ်ပြင်မှာ တွေ့ကြ သလိုလို) မျက်တောင်မခတ်စတမ်း အပြိုင်စိုက်ကြည့်လို့ နေကြပါ သည်။ သူတို့ရဲ့ မျက်လုံးပြိုင်ပွဲကို ဘေးကနေ ကြည့်နေရသည့် လှစ်လှစ်မှာ ... မကျေနပ်ချက်တွေ အလွန်တရာ များပြားတက် လာတာကို မျိုချပစ်နေရရင်းကပင် ... ထိုပြိုင်ပွဲကိုတော့ဖြင့် ခုချက်ချင်းပဲ ရပ်ပစ်ချင်လှပြီ ...။

အကျိုးမရှိပါဘူး ကိုကောင်းဇာတိရယ် ... ဒါလေးကို နိုင်ရဲ့၊ ရှုံးရဲ့နဲ့လည်း ကျန်တစ်ဘဝလုံးရဲ့ အနိုင်အရှုံးကို ဒီကရတဲ့ ရလဒ်နဲ့ ဆုံးဖြတ်လို့ မရနိုင်ပါဘူး ...။ လျှော့လိုက်ပါတော့၊ ဘေးကနေ ကြည့်နေရတဲ့လူမှာတောင်မှ ပင်ပန်းလှပါပြီ ...။





သို့သော် ဦးကိုကိုကြီးကပင် စတင်ပြီး မျက်လွှာချ ပစ်လိုက်ခြင်းနဲ့ပင် ထိုပြိုင်ပွဲက ပြီးဆုံးသွားခဲ့ပါသည်။ မျက်လွှာ ချပစ်လိုက်သော်လည်း သူ့မျက်နှာပေါ်က ပိုင်နိုင်တိကျ ခန့်ထည် ဟန်များကြောင့် ဘယ်လိုမှ အရှုံးရသွားပုံ မပေါက်နိုင်တဲ့ ဦးကိုကို ကြီးက ချက်ချင်းပင် လှစ်လှစ်ရဲ့ဘက်သို့ ပြန်မျက်နှာမူလာ ကာ...

"ဝမ်းနည်းပါတယ် သမီးရယ် ... ဒါ အန်ကယ့်ရဲ့ညီ မဟုတ်သေးပါဘူး"

ကောင်းဇာတိက လှစ်လှစ်ကို အလွန်တရာ ဒေါသ ထွက်လှစွာသော မျက်နှာကြီးနှင့် လှည့်ကြည့်လို့ လာသည်။ သူ့ ပုံစံမှာ "တွေ့လား ... ငါမပြောဘူးလား"ဟု ဆိုချင်ဟန်အပြည့်။ ပြီးတာနဲ့ တောက်တစ်ချက်ကို ခပ်ကျယ်ကျယ် ခေါက်ပစ်လိုက် ကာ ... ခြံကြီးထဲမှ ချာခနဲပင် လှည့်ထွက်သွားပါလေတော့ သည်။



www.burmeseclassic.com

"ကဲ ... နောက်ဆုံးကျတော့ ပိုက်ဆံတစ်သိန်းလည်း မရ ... အရှက်ကွဲတာပဲ အဖတ်တင် ..."

လှစ်လှစ်က မျက်မှောင်ကြီးကုတ်ကာ ခေါင်းကိုငုံ့ချထားရင်း လက်သည်းစောင်းတွေကို အဆက်မပြတ် တဆတ်ဆတ် ကိုက်နေမိရင်းကပင် ... "ပြောလည်းခံရတော့မှာပဲ" ဟု တုံ့ပြန်လိုက်ပါသည်။ ပြီးတော့မှ ကိုယ့်ကို ကရုဏာဒေါသောတွေ ထွက်နေတော့သော သူငယ်ချင်းမမှာ ကိုယ်တိုင်က အနေမှန်ကန်သလောက် ... သူတစ်ပါးရဲ့ အမှားတို့ကိုလည်း ပက်ကနဲ ဝေဖန်ပစ်ဖို့ ဝန်လေးလှသူ မဟုတ်မှန်း ပြန်တွေးလိုက်မိလျှင် ... လက်သည်းကိုက်နေခြင်း အလုပ်ကို တိခနဲပင် ရပ်တန့်ပစ်လိုက်မိပါသည်။

"လက်သည်းကိုက်တယ်ဆိုတာ စိတ်နေစိတ်ထား မမှန်ကန်တဲ့လူတွေရဲ့ လုပ်ရပ်တစ်ခုပဲဟဲ့ ... စိတ်မမှန်ဘူးဆိုတာ ရူးတာကို ပြောတာမဟုတ်ဘူး ... ကိုယ့်ကိုယ်ကိုယ် မပြည့်ဝသလို ခံစားနေရတာမျိုး ... မလုံခြုံသလို ဖြစ်နေတာမျိုး ... ငါ့မှာ ဘာအပြစ်များ ရှိနေပြီလဲ ... ဘယ်သူတွေက ငါ့အကြောင်းပြောနေ၊ ဝေဖန်နေကြသလဲလို့ အလိုလိုနေရင်း ခံစားနေရတဲ့ သူမျိုးတွေသာ ... အလကားနေရင်း





ကိုယ့်လက်သည်းကို ကိုယ်ပြန်ကိုက်နေတတ်ကြတာ ... ကိုယ့်လက်သည်းတွေလည်း ကျိုးပဲ့ပြီး အလှပျက်သေး ... ကိုယ့်ရဲ့စိတ်က မပြည့်ဝလှတာကိုလည်း လူသိခံရသေး ... ကိုက်နေတုန်း မြင်ရတာကြီးကလည်း ကလေးကြီးပဲဆန်နေသလိုလို ... စမတ်ကျကျ ဟန်နဲ့ပန်နဲ့လည်း မရှိသေး ... ဘာမှ မကောင်းဘူး ... မကိုက်နဲ့" ... တဲ့။

ဟုတ်မှာ ...။ လက်သည်းလေး ကိုက်မိတာ တစ်ခုသည်းနဲ့ လူ့ရဲ့အတွင်းစိတ်ကို လိုက်ဖတ်နိုင်ကြသော ပညာရှင်များ ဆိုမိန့်ထားခဲ့သမျှတို့သည် မဟုတ်မမှန်သော အလကားများသော့ မဖြစ်တန်ရာ ...။ ခုဆိုပဲကြည့် ... လှစ်လှစ်ဟာ ကိုယ်လုပ်ခဲ့တဲ့ အလုပ်တစ်ခုအတွက် အပြစ်မကင်းနိုင်စွာ(Guilty)ဖြစ်ရမလား မဖြစ်ရဘူးလား ဆိုတာကို ဆုံးဖြတ်နေမိဆဲမှာပင် လက်သည်းတွေကို အားရပါးရကြီး ကိုက်နေမိသလို ဖြစ်နေခဲ့တာ မဟုတ်လား။

သူ့ဒရိုင်ဘာ ကိုစံအေး သိလျှင် သူငယ်ချင်းမဖြစ်သူ "သခင်"လည်း ပြန်သိကာ ချက်ချင်းလက်ငင်းကြီး ပေါက်ချဆုတော့မည် ဆိုတာကိုတော့ လှစ်လှစ်က ကြိုတင်မျှော်လင့်အားပြီးသွားပင် ဖြစ်ပါရဲ့ ...။

"နေစမ်းပါဦး ... ခုကိစ္စမှာ နင်က သက်သက်မဲ့ စတန့်ထွင်တာလား ... တကယ်ပဲ လူမှားတာလား ... ကိုစံအေးပြောတာ ငါလည်း သိပ်မရှင်းပါဘူး"

www.burmeseclassic.com



"ငါ စတန့်ထွင်တာလည်း မဟုတ်ဘူး ... လူလည်းမမှား ဘူး၊ သဇင် ... မယုံရင် နင်ကြည့်ပါလား ... ကြည့် ... ကြည့် ... အဲဒီမှာ ကြည့်လိုက်ပါဦး ... အဲဒီသတင်းစာထဲ က ဓာတ်ပုံဟာ ဟိုတစ်ယောက်ပဲ မဟုတ်ဘူးလား ... နင် လည်း မြင်ဖူးသားပဲ ဥစ္စာကို ..."

"ထားလိုက်စမ်းပါ ... ဒီသတင်းစာထဲကပုံကို မြင်ရုံနဲ့ တစ်ခါမြင်ဖူးတဲ့ရုပ်နဲ့ ပြန်ဆက်စပ်ပြီးမှ မှတ်မိနေရအောင် ဟိုရုပ်ကို သေချာကြီး အာရုံစူးစိုက်ခဲ့မိတာမှ မဟုတ်တာ... အဲဒီတုန်းကလည်း သိဂ္ဂိအစ်မ ရွှေရည်ရဲ့ကိစ္စမှတ်လို့ ... လိုက်ခဲ့တာ ... ရုပ်တီးရုပ်ယုက် သူခိုးလား သူဒုက်လား မသိတဲ့ လူမျိုးဆိုရင် လိုက်ကိုမလာဘူး'..."

လှစ်လှစ်က သဇင့်ကို မျက်စောင်းကြီး တစ်ခုနှင့် ရွယ်လိုက်သည်။

"ဘာသူခိုးမှ မဟုတ်ဘူး ... သူဌေးညီ သိရဲ့လား ... သူဌေးညီ ..."

"ဘာလုပ်ရမှာလဲ သူဌေးညီ ..."

"နင့်ကိုလည်း ဘယ်သူကမှ ဘာမှ မလုပ်ခိုင်းပါဘူး ..."

"နင်က အခု ဘာဆက်ဖြစ်နေတာလဲ ... ခုမှ မှားမှန်းသိ ပြီး ရှက်နေတာလား"

"မရှက်ပါဘူး ... မှားမှမမှားတာ ... ဟုတ်နေတာ အသိ သာကြီးဥစ္စာ ... ဒီတစ်ယောက်က သူ့အစ်ကိုကို စိတ်ဆိုး





နေလို့ ဟုတ်ရဲ့သားနဲ့ မဟုတ်ဘူး ငြင်းတာကတော့ ထား ပါတော့ ... ဟိုက နာမည်တစ်လုံးနဲ့ သူဌေးမင်းကြီးက လည်း သူကြော်ငြာထားပြီးမှ ပိုက်ဆံမပေးချင်တော့ ... "မဟုတ်သေးဘူး"တဲ့ ဖြောင်ကို ညာလွှတ်တာ ... အခံရ ခက်လိုက်တာဟယ် ..."

"မဟုတ်လို့ နေမှာပေါ့ ... ကာယကံရှင်တွေက မဟုတ်ပါ ဘူးဆိုတာတောင် နင်က အတင်းဝင် ဟုတ်နေတယ် ... ဘယ်လိုဖြစ်တာလဲ ... နင့်ဟာက အဲဒီနေ့က တွေ့ခဲ့ရတဲ့ သူခိုးကို ဇာတ်ဖက်သတ်ကြီး ကောင်းစားစေချင်သလို ဖြစ် နေတယ် ..."

လှစ်လှစ်က သဇင့်ထံ နောက်ထပ် မျက်စောင်းတစ်ခု ဆပ်မလွှတ်ဖို့ ကြံရွယ်လိုက်ဆဲမှာပင် "လှစ်လှစ် ... လှစ်လှစ်"ဟူ သော ကမူးရှူးထိုးသံတစ်ခုနှင့်အတူ တစ်ဖက်အိမ်မှ သိဂ္ဂိက လှစ်လှစ်တို့အိမ်ထဲသို့ ပြေးဝင်လာခဲ့ပါသည်။ ဧည့်ခန်းတွင် ထိုင် နေကြသော လှစ်လှစ်နှင့် သဇင်တို့ကို လှမ်းမြင်လိုက်မှ ဒရော သောပါးကြီး ဖြစ်နေတာကို အရှိန်သတ် ဘရိတ်အုပ်လိုက် ရင်း ...

"ဟဲ့ ... သဇင် ရောက်နေတာလား ... အေးလေ ... ကိစ္စ မရှိပါဘူး ... နင်လည်း သိပြီးသားကိစ္စပဲဟာ ... ဟဲ့လှစ်လှစ် မမကြီး ပြန်ရောက်လာပြီ ..."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အေး … မမကြီးက ခိုးရာလိုက်တာမှ မဟုတ်ဘဲဟ … သူ့ဘာသာ စိတ်ညစ်စိတ်တိုလို့ဆိုပြီး သူ့သူငယ်ချင်း မမ အေးမာတို့အိမ်မှာ သွားနေနေတာ … အဲဒါ မမအေးမာတို့ အမေက ဖျောင်းဖျချော့မော့ပြီး အခု အတင်းလာပြန်ပို့တာ တဲ့ …"

လှစ်လှစ်က ထိုင်နေရာမှ ဗြုန်းစားကြီး ထရပ်လိုက် သည်။

"ငါတို့ လာစပ်စုလို့ ရလား"

သဇင်ကလည်း ဒီတစ်ခါတော့ သူပါ အားတက် သရောနှင့် …

"ငါရော လိုက်ခဲ့လို့ ရလား"

"ရမယ်ထင်တယ် … မေမေက မမအေးမာ အမေနဲ့ စကား ပြောနေတုန်းပဲ … မမကြီးကတော့ သူ့အခန်းထဲမှာ … နင်တို့ နောက်ဖေးဘက်က လှည့်တက်ပြီး မမကြီး အခန်း ထဲ သွားချင် သွားကြချေ … မမကြီးက မတွေ့ချင်ဘူး ဆိုရင်တော့ ဆောရီးပဲနော် … သနားပါတယ်ဟာ … အရမ်း စိတ်ညစ်နေတဲ့ရုပ်ဟာ … ချုံးချုံးကို ကျနေတာပဲ … သူ ခမျာ နဂိုစိတ်ညစ်တဲ့အခံက ရှိရတဲ့အထဲ ခိုးရာလိုက်တယ် လို့လည်း အထင်မှားခံရသေး … ရုပ်ကိုစုတ်ပြတ်နေတာ ပဲ"

လှစ်လှစ်တို့ သုံးယောက်စလုံး သိဂ္ဂြဟေမ မသိအော





ကုပ်ချောင်းချောင်းပုံစံကိုယ်စီနှင့် မမကြီးရွှေရည်ရှိရာသို့ ရောက်ခဲ့ ကြပါသည်။ သူ့အခန်းထဲတွင်မတော့ "ဘာမှမဖြစ်ပါဘူး … အေးဆေးပဲ"ဟူသည့်မျက်နှာပေးကို အတင်းကြီး ဖမ်းထားရဟန် နှင့် မမကြီးကား ခပ်တည်တည် …။ လှစ်လှစ်တို့နှင့်အတူ သူ မိမ်းတစ်ယောက်ဖြစ်သည့် သဇင့်ကိုပါ တွေ့လိုက်ရတော့ မနှစ် မြို့နိုင်ဟန် မျက်နှာထားက ပိုပြီးပျက်ယွင်းသွားသည်။

"ဘာလာရှုပ်ကြတာလဲ … ငါ စိတ်ညစ်နေတယ်နော် … စကားကြောရှည်နိုင်တဲ့ ပါးစပ်တွေ ဆိုရင်တော့ ပလာစတာ နဲ့ အားလုံး ပိတ်ကပ်ပစ်မယ် …"

"မမကြီးကလည်း လှစ်လှစ်တို့က မမကြီး စိတ်ညစ်နေတယ် ဆိုလို့ စိတ်ပြေလက်ပျောက် …"

"ဘာစိတ်မှ မပြေဘူး … နင်တို့ရှိရင် ပိုဆိုးမယ် … သွား … သွား …"

"စိတ်ညစ်တယ် ဆိုတာ ဘယ်သူမှမရှိဘဲ တစ်ယောက်တည်း ဆိုရင် ပိုပြီး ဒီဂရီတက်တာပေါ့ … ဟော … လူတွေအများ ကြီးနဲ့ စကားလေး ပြောလိုက် ရယ်လိုက်ဆိုရင် …"

"ငါ စကားမပြောချင်သေးဘူးလို့ ပြောနေတယ်နော် …"

ခပ်ဆတ်ဆတ် အော်လိုက်သော ရွှေရည်က ရုတ် တရက် အခန်းတံခါးလေး ချပ်ခနဲ ပွင့်လာကာ ခေါင်းပြူလာသော မျက်နှာတစ်ခုကို အမြင်မှာတော့ အသံရှိန်ကို လျှော့ချလိုက်ပါ သည်။ အိမ်ရှေ့မှာ ညှော်သည်ပြန်သွားပြီမို့ သူ့သမီးအခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သော သိင်္ဂီတို့အမေက အခန်းထဲက မီးကလေးများကို အမြင့်မှာ မျက်နှာကျောကို အသာလှည့်ပြီး ကိုယ်ရှိန်ကိုလည်း သပ်လိုက်သည်။

"အန်တီလေး ... လှစ်လှစ်တို့က မမကြီး စိတ်ညစ်နေမှာ စိုးလို့ အဖော်လာလုပ်ပေးနေကြတာပါ ..."

သူစိမ်းဖြစ်သော သဇင်နှင့် သမီးရင်းဖြစ်သူ သိင်္ဂီတို့ နှစ်ယောက်လုံး မျက်နှာသေလေးတွေနှင့် ကုပ်ကလေးတွေပု ငြိမ်သက်နေကြစဉ်မှာ လှစ်လှစ်က အရဲစွန့်ပြီး မျက်နှာချိုသွေး လိုက်ပါသည်။ လှစ်လှစ်ရဲ့ စကားကြောင့် မူလက သူရည်ရွယ် မောင်းတင်လာခဲ့သော အစီအစဉ်ထက် ပိုမိုကောင်းမွန်သင့်လျော် သော အစီအစဉ်မျိုးကို ချက်ချင်းတွေးမိလိုက်နိုင်ဟန်ရှိသော သိင်္ဂီတို့မေမေက ခေါင်းတညိတ်ညိတ်နှင့် ...

"ကောင်းပြီလေ ...မမကြီးကို အဖော်လုပ်ပေးချင်ရင်တော့ လှစ်လှစ် ဒီဘက်အိမ်ကိုပါ ခဏပြောင်းနေချင် နေလိုက် ပေါ့ ... မမကို အန်တီလေး သွားပြောလိုက်မယ် ..."

မမကြီးရွှေရည် တစ်ယောက်လည်း လှစ်လှစ် ဒီအိမ် မှာရှိနေသရွေ့ သူနှင့် သူ့မိဘများ မျက်နှာချင်းဆိုင်ကြီး ရင်ဆိုင် ဖြေရှင်းကြရမည့် အခြေအနေမျိုးမှ သက်သာရာ ရနိုင်ကောင်း တာကို တွေးမိသွားပုံ ရပါသည်။ အန်တီလေး ပြန်ထွက်သွားပြ ဖြစ်သော်လည်း လှစ်လှစ်တို့ကို "သွား ... သွား"နှင့် တစ်မောင်း တည်း မောင်းထုတ်နေတာမျိုး မလုပ်တော့ချေ ။ ရုတ်တရက်





ဆိုသလိုပင် ကိုယ့်ရဲ့အနေအထား တစ်ခုဟာ တာဝန်ကြီးကြီး တစ်ခုနှင့်အတူ မြင့်တက်သွားခဲ့ပြီမှန်း လေညီမကလေး လှစ်လှစ် ကလည်း သဘောပေါက်လိုက်ပါသည်။ ချက်ချင်းပင် မမကြီး ဘက်ပြန်လှည့်ကာ ...

"မမကြီးသွားတဲ့နေ့ကလေ ... အိမ်မှာလည်း သူခိုးကပ်လို့ သိလား ... ဟား ဟား ... သိပ်ရယ်ရတာပဲ ... ဘိုးဘိုးဆို မန္တလေး ပြန်သွားတာတောင် ဘဘရဲ့အင်္ကျီအဝတ်အစား တွေနဲ့ ... ဘဘရဲ့ အင်္ကျီတွေက အရောင်တောက်လွန်းလို့တဲ့ တဖျစ်တောက်တောက် လုပ်နေတာ ... ဖေဖေ့ဟာတွေ ယူပါဆိုတော့လည်း သမက်ဆိုတော့ အားနာလို့တဲ့ ..."

"ဘာဖြစ်တယ် ... သူခိုး ... ဟုတ်လား ... နင်တို့အိမ်ကို ခိုးတာလား ..."

"မဟုတ်ဘူးလေ ... ဒီအိမ်ကိုပဲ ... ဘာမှပါမသွားပါဘူး ... ဘိုးဘိုးအိတ်ကြီးပဲ ပါသွားတာ ..."

သိင်္ဂီနှင့် သဇင်တို့က လှစ်လှစ်ကို ပြိုင်တူမဲ့ရွဲ့ပြီး ... လိုက်ကြသည်။

"အလကားပါ မမကြီးရာ ... ခိုးတဲ့သူခိုးက ဘယ်သူဆိုတာ လည်း သိရက်နဲ့ကို သူ့မှာ အရေးမယူနိုင်ဘူး ... အလကား သူခိုးကိုပဲ သူ့ခွေးတွေ ဘာတွေနဲ့ ဇာတ်လမ်းဆင်ပြီး သံယောဇဉ်တွေ နွယ်နေသေးတယ် ... ပြီးတော့ ပြောရဦး မယ် သိလား ... ပထမတုန်းကတော့ သူက အဲဒီသူခိုးကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ခဲအိုပါတဲ့ … မမကြီးကိုတောင် သူက သူခိုးနဲ့ထင်
သေးတာ … မမကြီးက ခိုးရာလိုက်တာပါဆိုပြီး … အဲ
သူခိုးရဲ့အိမ်ကိုပဲ တန်းတန်းမတ်မတ်နဲ့ လိုက်ပြီး မမကြီး
ထုတ်ပေး … ဘာညာနဲ့ လုပ်လိုက်သေးတယ် … ငပေါမ

စိတ်ညစ်ညူး ဒေါသထွက်ခြင်းတို့နဲ့ မှေးမှိန်နေ
ကြသော မမကြီးရဲ့ မျက်လုံးအစုံတို့မှာ တဖျပ်ဖျပ် တလက်လ
တောက်ပလာသည်မှာ ဘေးကနေ ကြည့်နေရတာတောင် နည
နည်းလန့်ဖို့ ကောင်းလာပါသည်။ မမကြီးက လှစ်လှစ်ရဲ့ ပခုံး
ခပ်ကြမ်းကြမ်း လာဆုပ်ကိုင်ပစ်လိုက်ကာ တစ်ချက် နှစ်ချ
ကိုင်လှုပ်ပြီး …

"နင်က ဘယ်လိုလုပ် အဲဒီ သူခိုးဆိုတာရဲ့အိမ်ကို သိ
ရတာလဲ"

"သူက ဘိုးဘိုးအိတ်ကြီး ထမ်းပြေးတာကို လှစ်လှစ်
အတိအကျ မြင်တာကိုး … နောက်ကနေ စက်ဘီးနဲ့
လိုက်ချောင်းတာပေါ့ … ညကြီးမင်းကြီး သိလား… မေ
တို့သာသိရင် အရိုက်တောင် ခံရမယ်ထင်တယ် … ဒါ
မယ့် လှစ်လှစ် ထင်တာက မမကြီးက တစ်လမ်းပြေ
အဲဒီအိမ်ပဲ ရောက်နေမယ် ထင်တာကိုး …"

"နင်ကတော့ လူနဲ့ နာမည်နဲ့ကို လိုက်ပါပေတယ် …
ပြောတဲ့ သူခိုးဆိုတာက ငါထွက်သွားပြီးမှ ရောက်လာ
လား … ဟုတ်လား …"





"အဲဒါတော့ မသိဘူးလေ … မမကြီးက ဘယ်အချိန်တည်းက မရှိတော့တာလဲ လှစ်လှစ်မှ မသိဘဲ … လှစ်လှစ် သိတာကတော့ ဘဘတို့ အန်တီလေးတို့တွေ ရွှေရည် … ရွှေရည်လို့ အော်ကြတဲ့ အချိန်မှာပဲ လှစ်လှစ်လည်း အိပ်ရာကနေ နိုးလာပြီး ဝရန်တာ ထွက်ကြည့်လိုက်တော့ အဲဒီနှစ်ယောက်ကို တွေ့တာပဲ"

"နှစ်ယောက်"

"ဟုတ်တယ် … သူတို့က သူငယ်ချင်းနှစ်ယောက် … ပြည့်စုံတဲ့ … ကောင်းဇာတိတဲ့ …"

မမကြီးရဲ့ မျက်ဝန်းတွေမှာ သာ၍ သာ၍ လင်းလက်ဖြိုးဖြတ်လာကြပြီး … လှစ်လှစ်ရဲ့ ပါးကလေးကို မနာကျင်အောင် ဘာလိမ်ဆွဲလိုက်ကာ …

"ငါ့ညီမ မယ်စပ်စုကတော့ နာမည်တွေကအစ လိုက်သိနေတယ် … အံ့ရော"

"သိဆို သူက ဆက်လက်ပတ်သက်နေတာကိုး မမကြီးရဲ့၊ အဲဒီ ကောင်းဇာတိ ဆိုတာကိုပဲ သူ့မှာ …"

လှစ်လှစ်က ဝင်ရောက်ချောက်တွန်းလိုသော သဇင်စကားကို အမြန်ဆုံး ဖြတ်ချပစ်လိုက်ကာ …

"အောင်မာ … သူ့တစ်ယောက်တည်းကို ဆက်သိနေတာ မှမဟုတ်တာ … ငါက ကိုယ့်အစ်မကို စိတ်ပူလို့ ငါ့ရဲ့ မျက်စိတွေ၊ နားတွေ၊ ပါးစပ်တွေ၊ ခြေထောက်တွေကိုပါ



www.burmeseclassic.com

www.burmeseclassic.com



အလကား မထားတာ သိရဲ့လား ... အဲဒီနှစ်ယောက်ထဲက ပြည့်စုံ ဆိုတဲ့ တစ်ယောက်ဟာလည်း ဒီအိမ်တွေရှေ့မှာ မယောင်မလည်နဲ့ ချောင်းမြောင်းနေတာတွေ ... နင်တို့ သိလို့လား ... ဘာမှဖြင့် မသိကြဘဲနဲ့များ"

"သိရအောင် ... မြင်တဲ့ နင်က ပြောပြလို့လား ... နင် ဘာသာ ဘာတွေအကြံရှိလို့ ကျိတ်မြုံထားမှန်း မသိဘဲနဲ့"

"ကဲ ... ကဲ ... တော်ကြပါတော့ ... တော်ကြပါတော့ ... ငါ့မှာ စိတ်ညစ်စရာတွေနဲ့မို့လို့ နင်တို့နဲ့ စကားပြောရ များ စိတ်ညစ်ရတာတွေ ပျောက်မလားလို့ ... ခုတော့ န တို့တွေ ရန်ဖြစ်နေကြတာနဲ့တင် စိတ်ညစ်တာက ပိုဆိုး မယ်"

စိတ်ညစ်တာတွေ ပိုဆိုးလာမည့်သူကား မျက် လေးတွေ ဝင်းလက်နေတဲ့ အပြင် နှုတ်ခမ်းထောင့်စွန်းလေး ဖက်ကပါ ကော့တက်ကာ ပြုံးမြလို့နေပြီ။ ထိုအခိုက်မှာ သိ သူ့အမေက လှမ်းခေါ်လိုက်၏။ သိင်္ဂီ အခန်းထဲက ပြေးထွက်သ စဉ်မှာပင် မမကြီးက လှစ်လှစ်နှင့် သဇင့်ကိုပါ ... "နင်တို့လ သွားကြတော့"ဟု နှင်လွှတ်သည်။

လှစ်လှစ်က ..."လှစ်လှစ်တို့က မမကြီးကို ပေး"ဟု စောဒက တက်မိရုံရှိသေး ... "မျက်ခြည်မပြတ် အ ချထားရအောင် ငါက အကျဉ်းသား မဟုတ်ဘူးဟေ့"ဟု ထ လိုက်သော မမကြီးရဲ့ အသံနဲ့ သဇင့်ထံမှ ဖျတ်ခနဲ လက်





ဖစ်လိုက်မှုတို့က တစ်ထပ်တည်းကျလို့ နေလေသည်။ လှစ်လှစ်ရော သဇင်ပါ ကုပ်ကုပ် ... ကုပ်ကုပ်နှင့် အခန်းထဲက ပြန်ထွက်လာကြသည်။

"သိပ်ရှည်တာပဲ ... နင့်ကို နင့်အဒေါ်က အဲဒီတာဝန်မျိုးကြီးကို အတိအကျ ပေးပါပြီ ဆိုရင်တောင်မှ နင့်အဒေါ် မငြိုငြင်အောင်ရော ... နင့်အစ်မဆီက အငြူစူ မခံရအောင်ရော နင့်မှာ မနည်းကြီး ကြည့်ကျက်အလိမ္မာသုံးရမယ့် ကိစ္စကို ... ပညာသားကို မပါဘူး ... ညွှဲ့မ ..."

"ငါက မမကြီးရဲ့ ပုံစံကို မသကာဘူး သဇင်ရဲ့ ... နင် သိရဲ့လား ..."

"သူ့ဘာသာသူ စိတ်ညစ်ပြီး တစ်နေရာကို သွားနေတယ် ဆိုတာကိုလား ... ယုံစရာလား ... ယုတ္တိမှ မရှိတာ ... မဟုတ်မှလွဲရော ... ခိုးရာလိုက်တာကတော့ လိုက်တာပဲ ... ဒါပေမယ့် လာခိုးတဲ့လူနဲ့ လိုက်တဲ့လူက မဆုံဖြစ်လိုက်ကြဘဲ လွဲသွားကြတာ ဖြစ်မယ် ... သူ စိတ်ညစ်တယ်ဆိုရင်လည်း သူ့ရည်းစားက သူ့ကို လာမခိုးဘူး ထင်ပြီးတော့သာ စိတ်တိုစိတ်ညစ်ရတာ ဖြစ်လိမ့်မယ် ... အခုတော့ မညစ်တော့ဘူး ... ပျော်သွားပြီ ..."

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ ..."

"ဘာလုပ်ရမှာလဲ ... ဘာများ လုပ်ဦးမလို့လဲ ... အဓိပ္ပာယ် မရှိ ..."



www.burmeseclassic.com

www.burmeseclassic.com



“သူ့ကို လာခိုးတဲ့ သူ့ရည်းစားက ဘယ်သူလဲ ...”

“ဘယ်သူဖြစ်ဖြစ်ပေါ့ ... အဲဒါလည်း နင်နဲ့ မဆိုင်ပါဘူး”

သဖင်က ပြောပြောဆိုဆို လှစ်လှစ်ကို သတိပေးလို သော မာမာထန်ထန် အကြည့်ကြီးမျိုးနှင့် ကြည့်လိုက်ကာ ...

“ပေါက်ကရ တွေ့ရာလေးပါးတွေ လျှောက်စဉ်းစားပြီ ဘာမှလျှောက်လုပ်မယ် မကြံနဲ့နော် အမိ ... နင့်ကြည့် တာတော့ ... နင့်အစ်မရည်းစားကသာ ဟိုလူဆိုရင် ... ကိုယ့်ဦးလေး အဒေါ်တွေ နောက်တစ်ကြိမ် စိတ်ညစ်ရဦး မှာက ဘာမှ အရေးမကြီးဘူး ... ဟိုတစ်ယောက် စိတ် ချမ်းသာ လက်ချမ်းသာ ရှိဖို့ကသာ ပိုအရေးကြီးတယ် တဲ့ပုံမျိုး ပေါက်နေတယ် ... နင့်အစ်မ နောက်တစ်ခါ ထ ပါသွားပြီ ဆိုရင်တော့ တရားခံဟာ နင်မဖြစ်စေနဲ့ ...”

“နင်ဟာလေ သူများတကာကို သိပ်ပြီးတော့ ရှုတ်ချလိုစိတ် ရှိတာပဲ ... ခုနကတော့ ငါက သူ့ဒွေးညီပါ ဆိုတာကို နင့်မှာ သူခိုးက တစ်ပြားမှ မလျှော့ဘူး ... ခုကျတော့ သူ ခများ ငါ့အစ်မကို နောက်တစ်ကြိမ် ထပ်ခိုးမယ့်သူပဲ ဖြ ရပြန်ပြီ၊ ငါ့အစ်မ ရည်းစားပဲ တကယ်ဖြစ်နေပါစေဦး ... နောက်တစ်ကြိမ်ကတော့ ထပ်ခိုးချင်မှ ခိုးမှာပေါ့ဟဲ့ ... နင် ဘယ်လိုလုပ် အတိအကျ စွပ်စွဲနိုင်မှာလဲ ...”

“အမယ်လေး ... နင်လည်း ဒီလောက်မအပါဘူး မယ်လှ ရယ် ... တစ်ဖက်လူကို အကောင်းမြင်ချင်ဇောနဲ့ နင့်ဦးနှော





ကို အများကြီး မတွေးဘဲ ရပ်ထားတာမျိုးတော့ မလုပ်ပါနဲ့ ... ငါပြောပြီးသားပဲ ... ခိုးတဲ့လူနဲ့ ခိုးရာလိုက်တဲ့လူက လွဲသွားကြလို့သာ နှစ်ယောက်လုံး တစ်စိတ်ဝမ်း တစ်လက်ညီပါပဲဆိုတာ နှစ်ယောက်လုံး ပြန်သိသွားကြရင် ... အဆက်အသွယ်လည်း ကောင်းကောင်းပြန်ရသွားကြရင် ... ဘာလို့ နောက်တစ်ကြိမ် ထပ်မခိုးဘဲ နေရမလဲ ... ခိုး ... ခိုး ... ခိုး ... နဲ့တောင်မှ မြည်နေသေး ...”

သဖင်က ဘာတွေအကြံထုတ်နေမှန်း မသိသော စ်လှစ်ရဲ့ခေါင်းကို အလစ်မှာ “ဒေါင်”ခနဲ တစ်ချက်ခေါက်ထည့် က်ကာ ...

“မမကြီး ဒီပြန်ရောက်နေပြီဆိုတာ ဟိုက မသိနိုင်သေးတဲ့ ကိစ္စကိုလည်း ရှည်လျားပြီး ဘာမှ သွားပြောပြမနေနဲ့နော်၊ နင့်အကြံတွေ ငါမသိဘူးမှတ်မနေနဲ့ ... မမကြီးနဲ့ အဲဒီလူနဲ့က တစ်ယောက်နဲ့ တစ်ယောက် သတင်းအဆက်ပြတ်ပြီး ခုချိန်မှာ မမကြီး ဘယ်ရောက်လို့ ရောက်နေမှန်း အဲဒီလူက သိပုံတောင်မှ မရဘူး ... နင် သွားမပြောနဲ့ ... လုံးဝသွားမပြောနဲ့ ... နင် ဝင်ရှုပ်မယ် ဆိုရင်တော့ ဒီတစ်ခါ နင့်အမေနဲ့ ငါ တကယ်တိုင်မယ် ... တကယ်လုပ်မှာ ...”

လှစ်လှစ်က တုံ့ဏှိဘာဝေနှင့် စုပုပ်ပုပ်သာ လုပ်နေ က်သည်။ သို့သော် လှစ်လှစ်ကား သဖင် စွပ်စွဲသွားသလိုပင်။ းလေးနှင့် အဒေါ်တို့ဘက်က တွက်မည်ဆိုရင်တော့ “သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်မ"တစ်ယောက်ပဲ ဖြစ်ရင်လည်း ဖြစ်ရပါစေတော့ ..." မမကြီးက မသိလိုက် မသိဘာသာ ပုံစံနှင့် ..."ညီမလေး ... လှစ်လှစ်" ဘာညာနှင့် အရောတဝင် စကားရော ဖောရောနှင့် ချဉ်းကပ်ချင်လာတာကို သိသိကြီးနှင့် မသိချင်ယောင် ပြန်ဆောင် ကာ ဇလိုက်ဇလျောတွေ ပြန်လုပ်နေမိခဲ့လေသည်။

နောက်ဆုံးကျတော့ သဇင် ကြိုတင်ဟောကိန်းထုတ် သွားခဲ့တဲ့ အတိုင်း မမကြီးက တစ်အိမ်လုံးရဲ့ အလစ်မှာ သူ့ညီး သိဂ္ဂိုကိုပင် မသိစေရဘဲ ...

"လှစ်လှစ် ... လှစ်လှစ် မမကြီးကို သွားရှာခဲ့တယ်ဆိုတဲ့ အိမ်ကို ဒီစာလေး ပို့ပေးပါ ညီမရယ် ... ဒီတစ်ခုတော့ ကူညီပါ ..."

သိဂ္ဂိုရဲ့ အလစ်ဆိုတာ အတော်ကြ ခက်ခဲတဲ့အဖြစ်, ဖြစ်ပါသည်။ လှစ်လှစ်နှင့် မမကြီးတို့မှာ ဘာ ပြောဆိုတိုင်ပင် ချိန်လည်းမရ ...။ စာလေးကိုလည်း မမကြီး လှစ်လှစ်ရဲ့ အင်္ကျီအိတ်ထဲ ဖျတ်ခနဲ လာထိုးထည့် ပစ်လိုက်တာ ဖြစ်ပါသည်။

ကြိုတင်မျှော်လင့်ထားပြီး ဖြစ်သော်လည်း လှစ်လှ မှာ တစ်မျိုးကြီးပဲ ခံစားလိုက်ရသယောင်ယောင် ... စိတ်ပဲညှ သွားသယောင်ယောင် ... ရင်ပဲ နာရတော့မယောင်ယောင် ... လှစ်လှစ်က သူ့မျက်နှာ တစ်ခုတည်းကိုပဲ ကြည့်ပြီး ကိုယ့်အင် တော့ ဘာပဲဖြစ်ဖြစ်ဟု မျက်စိမှိတ် လုပ်ပစ်လိုက်မှာမျိုး မဟု





ရပါဘူး ...။ သူဟာ အနည်းဆုံးတော့ ဦးကိုကိုကြီးရဲ့ ညီအဖြစ် လှစ်လှစ်ဘက်က သိရှိသေချာနေပြီပဲဟာ ...။ နောက်တစ်ချက် ကတော့ သူဟာ မမကြီးကိုသာ မရခဲ့ရင် သူ့ကိုယ်သူ သတ်သေ ချင် သေဦးမယ့်သူ ...။ ပြီးကျတော့ မမကြီးတို့ကိစ္စကို ပြန်မကူ ညီရင် ... မနာလိုလို့ ... သူ့ကို မဆုံးရှုံးချင်လို့ ... စသဖြင့် ... စသဖြင့် (အို ... တော်ပြီ ... ဆက်မတွေးတော့ဘူး) လှစ်လှစ်မှာ လိပ်ပြာမသန့်နိုင်တော့မှာတွေက အများကြီး ...။

လှစ်လှစ်ကကျတော့ သူ့ကို စိတ်ချမ်းသာစေ ... ကောင်းစားစေချင်တဲ့ စေတနာရှိရတယ် ... သူကတော့ အမှန် အတိုင်းတောင်မှ ဝန်မခံခဲ့ဘူးနော် ...။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၃)

"မင်း ရောက်လာပြန်ပြီ ..."

လှစ်လှစ်က ဒီတစ်ခါတော့ ဒီလူနှင့် အပြိုင်အဆိုင် အနိုင်တွေ ငြင်းဆန် တစ်ခွန်းမခံ ဖြစ်နေရခြင်းတို့ကို လျှော့ချ ...တ် ပိတ်ဖို့ ဆုံးဖြတ်လာခဲ့ပြီ။

ဇာတိက မျက်နှာသေကလေးနှင့် ဖြစ်နေပြန်သော ...လေးမကို စိတ်မရှည်နိုင်စွာပင် မျက်ခုံးကြီးပင့်ပြီး ကြည့်နေ ...ိုက်ပါသည်။ ရောက်လာပြန်ပြီ ...။ ငွေတစ်သိန်းကို မက်တာ ...က် စေတနာပါမည့် ပုံကလေး ဆိုတာတော့ ဟုတ်ပုံရပါသည်။ ...ါသမယ့်လည်းပဲ သူ့စေတနာက အရာမထင်နိုင်အောင် ... ...ိုယ်နဲ့ကိုယ့်အစ်ကိုတို့ရဲ့ ကြားက အတ္တမာန အစိုင်အခဲတို့က ...လွန်အမင်းပင် ကြီးမားများပြားနေခဲ့တာက ခက်လှသည်။

မဖြစ်နိုင်တာတွေကို ဆက်လက်ကြံရွယ်နေခြင်းအား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူ့ရဲ့ စေတနာဆိုတာတွေက ကိုယ့်ကို အနှောင့်အယှက်တွေ အခါခါ ပေးနေတော့သလိုပဲ ဖြစ်နေတော့မှာကို ဓာတိက မလို လား ...။

"အန်ကယ့်ရဲ့ညီ မဟုတ်သေးပါဘူး" တဲ့ ...။ ဟင်း ... ဘယ်လိုအခြေအနေမျိုးကိုမှ သူက သူ့ရဲ့ညီ အစစ်အမှန် အဖြစ် လက်ခံမှာမို့လို့တဲ့လဲ ...။ ကျယ်ဝန်းကြီးမားလှသော သူ့ ခြံကြီးမှာ ခြံထိပ်ဂိတ်ပေါက်နှင့် အိမ်ရှေ့ပေါ်ဘီဂိုအောက်အထိ အဝင်လမ်းကပင် အတော်ကြီး ရှည်လျားနေသည်ဖြစ်ရာ ... ထို အိမ်အဝင်လမ်းကို ဂိတ်ပေါက်ထိပ်ဝ စကတည်းက ဒူးထောက် လေးဘက်တွားပြီး တက်လာခဲ့မှ "သူ့ညီ"ဟု ကျေနပ်နှစ်သိမ့်နိုင် မှာမျိုးတဲ့လား ...။

အဲဒီလို လက်ခံလိုက်ရင်တောင်မှ စီးပွားရေးဆန်ချင် လှတဲ့ ဦးကိုကိုကြီးဟာ မင်းကို ကျေကျေနပ်နပ်ကြီး တစ်သိန်း တိတိ လာပေးလိမ့်မယ်လို့ ... ငါကတော့ တယ်မထင် ...။ ဟေ ချင်မှဖြင့် အဲဒီနေ့ကတည်းက ဓာတိကိုသာ ငြင်းပယ်လိုက်ပြီး မိန်းကလေးကိုတော့ ငွေထုတ်ပေးလိုက်ဖို့ ကောင်းတာပေါ့ ... ခုတော့ ငွေတစ်သိန်းလည်း မကုန်အောင် ... (စေတနာနဲ့ပဲဖြစ် ဖြစ် ... ငွေလိုချင်လို့ပဲဖြစ်ဖြစ်)လာအကြောင်းကြားပေးခဲ့သူကိုက တော့ ငြင်းပယ်လိုက်ပြီး ... သူ့တပည့်တပန်းကောင်တွေထဲက တစ်ယောက်ကိုတော့ ဓာတိ ဘယ်မှာနေနေသလဲဆိုတာ သိရအောင် နောက်ကနေ လိုက်ချောင်းခိုင်းသည်လေ ...။





ပြီးလျှင်တော့ သူ မသိနိုင်မည့် နောက်ထပ်ခပ်ဝေး ဝေး တစ်နေရာကို ထပ်ထွက်သွားဦးမှာစိုးလို့ နေ့စဉ်နဲ့မပြတ် ... တစ်ယောက်မဟုတ် တစ်ယောက်ကို ဓာတိရဲ့ ဂေဟာလေးအနီး မှာ လာအစောင့်ချထားလိုက်တာ ... လူဆိုတာ နေရင်းထိုင်ရင်း (Body Guard) ဘော်ဒီဂတ်တွေ ဘာတွေရလို့ ...။ သူဌေးမင်းကြီး တို့လို အဆင့်မြင့်မြင့် လူသားမျိုး နေ့ချင်းညချင်းပင် ဖြစ်လာ သယောင်ယောင် ...။

အစ်ကိုဖြစ်သူကို နာကျင်ရတဲ့ကြားထဲ ဒီခွတ်တရွတ် မကလေးကလည်း ဒီတစ်ခါတော့ဖြင့် ခွတ်တရွတ် ဆက်ဆွဲပြီး ကားပေါ်တင်တာမျိုး မဟုတ်တော့ဘဲ ... မျက်နှာကပါ ရင့်ရင့် ကျက်ကျက် တည်တည်ငြိမ်ငြိမ် ဟန်တစ်ခုကို ဖမ်းထားကာ ဘယ်လိုနည်းသစ်မျိုးကို လာသုံးဦးမလို့ပါလဲ ...။

ဓာတိက ကိုယ့်အိမ်ထဲကိုယ် ဆတ်ခနဲ ပြန်လှည့် ဝင်ခဲ့ကာ မိန်းကလေးရဲ့ အဘိုး၏အိတ်ဆိုသော သားရေအိတ်ညို ကြီးကို ဆွဲထုတ်ယူလာခဲ့ပါသည်။

"ရော့ ... ဒီမှာ ... ဒါ ပြန်ယူသွားလိုက် ... မင်းကို ငါ အစောကြီးတည်းက ပြန်ပေးမလို့ပဲ ... မင်းအိမ်ကိုလည်း လာမပေးချင် ... ငါ့အိမ်ကို လာပါဦးလို့လည်း မင်းကိုမခေါ် ချင်တာနဲ့ ခုလောက်ထိ ကြာသွားတာ ... ဟိုတစ်ခါတုန်း ကလည်း မင်းက ငါ့ကို ကားပေါ်ပဲ ခွတ်ဆွဲတင်နေတာ နဲ့ ... အိတ်ပြန်ပေးဖို့ စခန်းကို မရောက်တော့ဘူး ... အခု

www.burmeseclassic.com



ပြန်ယူသွားလိုက် ... အဲဒါဆို ပြတ်ပြီ ... ငါက မင်း အပေါ်မှာ ဘာမှ တင်နေတာ မရှိတော့ဘူး ... နို့မို့ဆို မင်း အဘိုးရဲ့အိတ်ကို ဘုမသိ ဘမသိနဲ့ ခိုးသလိုဖြစ်ထားမိတာ နဲ့ ... မင်းမှာ အကြောင်းပြစရာ ရနေဦးမယ်"

လှစ်လှစ်ရဲ့ မျက်နှာကလေးက ခပ်မဲ့မဲ့ကလေး ဖြစ်သွားပါသည်။ ဇာတိက အိမ်ထဲကို ပြန်ဝင်ကာ ကိုယ့်ရဲ့ပိုက်ဆံအိတ်ကိုပါ ဆွဲယူလာခဲ့ပြီး ကိုယ့်မှာ လက်ကျန်ဘတ်ဂျက် အခြေအနေကိုပါ စစ်ဆေးလိုက်သည်။ အခြေအနေကတော့ သိပ်မကောင်း ...။ သို့သော် ရှိစေ ...။ မက်လုံးပြပြီးမှ ကတိမတည်သော စီးပွားရေးသမား ကိုယ့်အစ်ကိုရဲ့ လက်ချက်ကို ကိုယ်တစ်ယောက်တည်း ခံရတာကကောင်းသည်။ မဆိုင်တဲ့လူပါ ဝင်မခံစေရ

"ရော့ ... တစ်သိန်း ... ပေါလွန်းလို့တော့ မဟုတ်ဘူး ... ရှိတာ အကုန်ပဲ ... ဒါပေမယ့် တော်ပါသေးတယ် ... ပြည့်သေးလို့ ... ရော့ ... ဒါပါယူသွား ..."

"အဲဒါ ဘာလုပ်တာလဲ"

လှစ်လှစ်ထံမှ ခုမှ စကားစထွက်လာသည်။

"ဟိုသူဌေးမင်း ကြော်ငြာထားတဲ့ထဲက ကတိအတိုင်းလေ ... သူက ညာလွတ်ပေမယ့် ငါကတော့ မင်းကို ဆက်မညာထားချင်တော့ဘူး ... မင်း ရသင့်ပါတယ် ..."

"ဒါဖြင့် ရှင်က ဦးကိုကိုကြီးရဲ့ညီ "အငယ်"ဆိုတာ ဝန်ခံပြီပေါ့ ..."





လှစ်လှစ်က လှမ်းပေးနေသော ငွေတစ်ထပ်ကို လက်ယမ်းပြီး ရှောင်ရှားလိုက်သည်။

"မယူဘူး ... ရှင့်ကို လာပတ်သက်ခဲ့တာ ငွေမက်လို့မဟုတ်ဘူး ... ရှင်သေသွားမှာစိုးလို့ ..."

"ငါက ... ဟား ဟား ... ငါက ဘာလို့ သေရမှာလဲ ... ဦးကိုကိုကြီးရဲ့ညီ မဖြစ်ရတာဟာ သေလောက်စရာကိစ္စတော့ မဟုတ်သေးပါဘူး ..."

"ဒါပေမယ့် ရှင် ရေထဲတော့ ဆင်းသေခဲ့သေးတာပဲ ..."

"မင်း ... မင်း ပြည့်စုံနဲ့ စကားပြောပြီးပြီ ... ကျွတ် ... ဘာကိစ္စ အဲဒီလို တစ်ယောက်ပြီး တစ်ယောက်နဲ့ မင်း လျှောက်လျှောက်ပတ်သက်နေရတာလဲ ... ယောကျ်ားတွေကို ဘာများထင်နေလို့လဲ ... မင်း ကလေးလည်း မဟုတ်ဘူး ... အဲဒီလောက်တော့ အသိဉာဏ် မနုံ့နဲ့သင့်ဘူး ..."

လှစ်လှစ်က ဘာမှ ပြန်လည်ဖြေရှင်းမနေတော့ဘဲ အရင်းကိစ္စ ဖြစ်သည့် စာတစ်စောင်ကိုသာ ထုတ်ပေးလိုက်ပါသည်။ ဇာတိက "ဘာစတန့်ထွင်ပြန်ပြီလဲ"ဟူသည့် အကြည့်နှင့် "အဲဒါ ဘာလဲ"ဟု ခပ်ဆတ်ဆတ်မေး၏။

"ရှင် ရေထဲဆင်းသေခဲ့တာ ဘာ့ကြောင့်ပဲဖြစ်ဖြစ် ... ဒီစာတစ်စောင်ကတော့ ရှင့်ရဲ့ စိတ်ညစ်စရာတချို့တဝက်လောက်ကိုတော့ ပြေပျောက်စေနိုင်မှာပါ ... မိဘတွေ ဦးလေး အဒေါ်တွေကို သစ္စာဖောက် အဖြစ်ခံပြီး ဒီစာကို ယူလာ



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့အတွက် ကျွန်မရဲ့ အစ်မကလည်း ကျွန်မကို တစ်သိန်းမပေးပါဘူး ... ရှင့်ရဲ့ တစ်သိန်းဆိုတာကိုလည်း ကျွန်မကို ပေးနေမယ့်အစား ရှင့်ဘာသာပဲ ပြန်သိမ်းထားလိုက် ... ရှင်တို့ အသုံးလိုမှာပဲဟာ ...”

ဇာတိက ခပ်ကြောင်ကြောင်နှင့် စာအိတ်ကို လှမ်းယူလိုက်ပါသည်။ ဖွင့်ဖတ်ကြည့်လိုက်သော် ...

“မောင် ... မောင့်ဘက်က ကတိမတည်ခဲ့တာ မဟုတ်ဘူးဆိုတာ ရွှေရည် သိပြီ ... ရွှေရည် အားလုံးခွင့်လွှတ်တယ် ရွှေရည်လည်း ကတိမပျက်ခဲ့ဘူးဆိုတာ မောင်လည်း ခုလောက်ဆို သိပြီးလောက်ပါပြီ ... မောင် ပြန်ရှိန်းပါ လိုအပ်ရင် လိုအပ်သလို လှစ်လှစ်နဲ့ ဆက်သွယ်နိုင်တယ်

မောင့်ရဲ့ ရွှေရည်”

ဟ ... ဘာလဲ ...။ ဒီတစ်ခါကကျတော့ တစ်မျိုးပါလား ...။

“ဒါက ဘာလဲ”

“မမကြီး ပေးလိုက်တာ ... မမကြီး အခု အိမ်ပြန်ရောက်နေပြီ ... ကျွန်မကို ရှင့်ဆီကို ဒီစာသွားပို့ခိုင်းတယ် ကျွန်မ ဖွင့်မဖတ်ထားတော့ အထဲမှာ ဘာပါသလဲတော့ မသိဘူး ...”

“လိုအပ်ရင် လိုအပ်သလို လှစ်လှစ်နဲ့ ဆက်သွယ်နိုင်တယ်တဲ့ ...”





လှစ်လှစ်ရဲ့ မျက်နှာကလေးမှာ အစွမ်းကုန် မှုန်မှိုင်းဆိုင်းလို့ သွားပါသည်။ မမကြီးကတော့ ကောင်းကောင်းအခွင့်အရေးယူပြီ ...။ သို့ပေမယ့်လည်းပဲ “နှင်ငါ့ကို ခေါ်ထုတ်ပြီး ဒီစာပို့လိုက်ပို့”လို့ မခိုင်းခဲ့တာကပဲ တော်လှပါပြီလေ ...။

“ဟုတ်တယ် ... မမကြီး ရေးပေးလိုက်တဲ့ အတိုင်းပါပဲ”

“ဒါပေမယ့် စိတ်မကောင်းစရာက မင်း လှုမှားနေပြန်ပြီ”

ဒီစာက ပြည့်စုံ အတွက်ပဲ ဖြစ်ရတော့မည် ဆိုတာ ဇာတိက ရိပ်မိလိုက်ပါပြီ ...။ ဒီလိုဆိုတော့ နောက်တီးနောက်ချွတ်လိုနဲ့ ဘာကိုမှ အပြည့်အစုံ အမှန်တကယ် မပြောတဲ့ ပြည့်စုံ တကယ့်သူခိုးတစ်ယောက် မဖြစ်နိုင်တော့ဘဲ သူ့အစ်မရဲ့ သူဖြစ်ဖို့ပဲ သေချာသွားခဲ့ပြီ ဖြစ်သဖြင့် ဇာတိမှာ တစ်မျိုးစိတ်ရပါသည်။ ဒါပေမယ့်လည်း ... “ဒါ ပြည့်စုံပဲ ... ဒီစာကို ပြည့်စုံဆီ သွားပေးလိုက်ပေါ့”ဟုတော့ ဇာတိက လမ်းကြောင်းမပေးလိုက်လိုပါ။

ဇာတိရဲ့စကားကြောင့် မှုန်မှိုင်းလက်စ ရှိသော လှစ်ရဲ့ မျက်နှာကလေးက ပိုလို့မည်းမှောင်သွားကာ ...

“ရှင် လိမ်ပြန်ပြီ”

“ဟ ... ဘာလို့လိမ်ရမှာလဲ ... ရွှေရည် ဆိုတာ ဟိုတစ်လောက မင်းတို့အိမ်ကနေ ပျောက်သွားတယ်ဆိုတဲ့ မင်းတို့အစ်မ မဟုတ်လား ... အဲဒီကတည်းက ငါပြောခဲ့ပြီးပြီ ... မင်းတို့အစ်မနဲ့ ငါနဲ့ ဘာမှ မဆိုင်ပါဘူးဆိုတာ ...”



www.burmeseclassic.com

www.burmeseclassic.com

"ရှင် အဲဒီလိုတော့ မပြောပါနဲ့ ... အဲဒီတုန်းကတော့ ရှင့် အနေနဲ့ ကျွန်မကို ဘုမသိ ဘမသိမို့ ဖွင့်မပြော မတိုင်ပင်နိုင် တာ သဘာဝကျပါတယ် ... ဒါပေမယ့် ခုတော့ မမကြီးက တောင် ကျွန်မကို ယုံလို့ခိုင်းခဲ့ပြီးပြီပဲ ... ကျွန်မက မလုပ် ပေးဘူးဆိုရင် လုံးဝမလုပ်ပေးဘူး ... လုပ်ပေးဖို့ ဆုံးဖြတ် ပြီးပြီဆိုရင်တော့ ရှင်တို့ရှေ့တစ်မျိုး ... လူကြီးတွေရှေ့တစ် မျိုးနဲ့ လှည့်ပတ်ချောက်ချမယ့် အစားထဲက မဟုတ်ပါဘူး ... ခုလောက်ဆို ရှင် ကျွန်မကို ယုံကြည်သင့်ပြီ ..."

"ခက်တော့နေပြီ ... ငါ မင်းနဲ့တွေ့လိုက်တိုင်း ... မင်း လာ,လာစွပ်စွဲတဲ့ဟာ တစ်ခုခုကို မဟုတ်ပါဘူးလို့ အငြ ဖြေရှင်းနေရတာချည်းပဲ ... ဘယ်လိုတွေ ဖြစ်နေသလဲတော့ မသိဘူး ... မကြုံဖူးဘူး ..."

"ဒါပေမယ့်လည်းပဲ ... ရှင့်ဘက်က အမြဲဖြေရှင်း ငြင်းလွှတ် နေတာ မှန်သမျှဟာ နောက်ဆုံးမှာ ဟုတ်နေတာချည်းပါပဲ ရှင် မခိုးခဲ့ပါဘူးဆိုတဲ့ ဘိုးဘိုးရဲ့ အိတ်ကြီးဟာလည်း ရှင့် ဆီမှာ ... ခေတ်ပုံထဲက "အငယ်" ဆိုတာ ငါမဟုတ်ဘူး လို့ ခါးခါးသီးသီး ဆိုခဲ့ပြီးမှ ဟုတ်ပါပြီဆိုပြီး ကျွန်မကို တစ်သိန်း ထုတ်ပေးနေတာလည်း ရှင်ပါပဲ ... ဒီတစ် ကိစ္စကတော့ ဟုတ်မှန်းသိသိကြီးနဲ့ ရှင် ဆက်ငြင်းနေခြင်း အားဖြင့် ဘယ်သူ့ ဘယ်သူ့မှာမှ အကျိုးများမလာနိုင်ဘဲ အပြင် ...အကျိုးယုတ်စရာတွေပဲ ထပ်ဖြစ်လာမှာပါ ..."





လှစ်လှစ်က ဘိုးဘိုးရဲ့ သားရေအိတ်ကြီးကို မနိုင့် နိုင်နှင့် ကောက်ဆွဲလိုက်ပါသည်။

"ရှင် ကျွန်မကို ယုံသင့် မယုံသင့် အချိန်ယူဦးမယ်ဆိုလည်း ယူပေါ့ ... ဒီအတောအတွင်းမှာလည်း မမကြီးကို သူ့အိမ်က အတင်းအကျပ် မြန်မြန်ဆန်ဆန်ကြီး တစ်ခုခု ထစီစဉ်ပစ် တာမျိုး လုပ်ဦးမှာ မဟုတ်ပါဘူး ... ရှင့်မှာ အချိန်ရှိပါ တယ် ... ရှင့်ဘက်က သေချာပြီ ... ပြန်ဆက်သွယ်ချင် စိတ် ရှိလာပြီဆိုရင်တော့ မမကြီးတို့ ဖုန်းနံပါတ်ကို လှည့် လိုက်ပြီး ကျွန်မကိုပဲ တိုက်ရိုက်ခေါ်လိုက်ပါ ... မမကြီးကို တော့ ရှင်က ငြင်းတယ်ဆိုတာ ကျွန်မ ပြန်မပြောပြရက် ဘူး ... ရှင့်လက်ထဲ စာရောက်သွားပြီလို့ပဲ ပြောပြလိုက်ပါ့ မယ် ..."

ချက်နဲ့ လက်နဲ့ အချက်ကျကျ ပြောဆိုကာ သားရေ အိတ်ကြီးကို မနိုင့်တနိုင်ဆွဲရင်း ကျောခိုင်းထွက်သွားသူကလေးကို ကြည့်ကာ ဓာတ်မှာ နှုတ်ဆွံ့ကာ ကျန်ရစ်ရပါသည်။ သူပြောတာ တွေကလည်း အမှန်တွေချည်းပဲကိုး ... သူပြောသလိုပဲ ဓာတ်ဘက် က ငြင်းငြင်းပြီး နောက်ဆုံးကျ ဟုတ်,ဟုတ်ပဲ နေလေတော့ ဒီ ကိစ္စကိုလည်း ဘယ်လိုပြောပြော ဘယ်ယုံနိုင်ပါတော့မလဲ။

ဘယ်မှာနေမှန်းမသိ၊ ဘယ်သူမှန်းမသိတဲ့ ပြည့်စုံ ကိုလွဲပြီး ... "အဲဒါ ပြည့်စုံဟာ ... လူလာမှားမနေနဲ့" ဆို ရင်တော့ ရတာပေါ့ ...။ သို့သော် အဲဒီလိုမှ မလုပ်ချင်ဘဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ..."

ကိုယ်က ဆက်လက်ပြီး ငူငူကြီး ဆက်ရပ်နေဆဲ ကျောခိုင်းသွားခဲ့သူကလေးက သမင်လည်ပြန် ပြန်လှည့်လာ ကာ ...

"ရှင့်အနေနဲ့ မမကြီးကို စိတ်နာနေတာမျိုးလား ... ဒါက တော့ အခန့်မသင့်လို့ လွဲချော်ကြရတဲ့ ကိစ္စပဲ ... မမကြီ ကလည်း ရှင်ဒုက္ခရောက်ရအောင် အိမ်ထဲက ထွက်မလာ တာမှ မဟုတ်ဘဲ ... သူ့အပြစ်ရယ်လို့ ရှိမယ်ဆိုရ သေချာ စီစဉ်ပြီး တိကျအောင် မလုပ်တာရယ် ... ဝိရိ ပိုမိတာရယ်လောက်ပဲ ဖြစ်မှာပါ ... သူကတော့ အိမ်က ထွက်သွားရပြီး ရှင်က ရောက်မလာဘူးလို့ ထင်တော့လည် ရှက်တာရော စိတ်နာတာရောနဲ့ တစ်နေရာရာမှာ ခ သွားရှောင်နေရ ..."

ဇာတိက လက်ကာပြလိုက်ပါသည်။ ပြီးလျှင်တော လက်ထဲက စာအိတ်ကလေးကို ထောင်ကိုင်ပြလိုက်ကာ ...

"မင်းနဲ့ကတော့ ဘာပဲဆက်ပြောပြော ရတော့မှာ မဟုတ ဘူး၊ ဒီတော့ ဒီအထဲက ကိစ္စအတွက် ငါ အတတ်နိုင်ဆ ကြိုးစားပြီး ဆောင်ရွက်ပေးပါ့မယ်လို့ မင်းအစ်မကို ပြ ပြောလိုက်ပါ ဟုတ်ပြီလား"

"အတတ်နိုင်ဆုံး ကြိုးစားပြီး ဆောင်ရွက်ပေးပါ့မယ် ဟုတ်လား"





လှစ်လှစ်ရဲ့ မျက်နှာထားနှင့် လေသံမှာ အတော်ကြီး ပြောင်းနေဟန်။

"ဟုတ်တယ် ... ကောင်းဇာတိက အဲဒီလို ပြောတယ်လို့ ပြောလိုက်ပါ"

လှစ်လှစ်က ချာခနဲ လှည့်ထွက်သွားတော့သည်။ နောက်ပြန်လှည့်မကြည့် ...။ မတတ်နိုင်ဘူးလေ ...။ ခဏကြာရင် သိမှာပဲ ...။ လူတစ်ယောက်ကို ဒီလိုစာမျိုးလာပေးဖို့အတွက် သေသေချာချာပင် စကားစပ်ခဲ့ကြဟန်မတူသော အစ်မဖြစ်သူနှင့် ညီမဖြစ်သူတို့ကြားမှာ "ကောင်းဇာတိ"ဆိုသော နာမည်ကို ပြန် လှည့်ပြောပြလိုက်ရင် အရာရာဟာ ဖြေရှင်းပြီး ဖြစ်သွားလိမ့်မည်။ ကိုယ်ကတော့ ကိုယ့်ကတိအတိုင်း ... ဘယ်ကမှန်းမသိ ... ဘယ် အမှန်းမသိ ... ဘယ်သူမှန်း မသိသည့် "ပြည့်စုံ"ဆိုသော လူရုပ် လေးကောင်ကို ဘဲဥရဲ့အစလိုပဲ ဒေါင်းတောက်အောင် လိုက်ရှာ ရတော့ ...။

ဘယ်လိုကောင်မှန်းကို မသိ ...။ တကယ်ပဲ သူဟာ ကောင်မလေးရဲ့ အစ်မရဲ့ ရည်းစားပါ ဆိုရင်လည်း ဇာတိကို ရှင်းလင်းလင်း မှန်မှန်ကန်ကန်ပဲ ဖွင့်ပြောပြထားပါတော့လား။ တော့ ဟိုလိုလို ... ဒီလိုလို ...။ ခုတော့ ဒီကောင့်ကို ဘယ်မှာ လိုက်ရှာရတော့မလဲ ...။

ကိုယ့်ရဲ့ မဟာအစ်ကိုတော် (ကိုယ့်ဖို့ပဲ ကိုယ်သိတဲ့ ကျွားရေးသမားကြီး) လုပ်တတ်ပုံမျိုး ... သတင်းပေးနိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်သိမ်းပေးပါမယ် ဆိုတာမျိုး သတင်းစာထဲမှာပဲ ထည့်ကြေ
ပစ်ရတော့မလား မသိ ...။ ပြီးမှ ကိုယ့်အစ်ကို လုပ်ချလိုက်သ
မျိုး ကတိမတည်တာမျိုး မဖြစ်စေချင်ရင်တော့ ... အဲဒီတစ်သ
ကိစ္စကို ဟိုညီအစ်မကိုပဲ တာဝန်ပုံချပစ်သင့် ပစ်ရမည်။ ခက်
က ဟိုသတ္တဝါရဲ့ ဓာတ်ပုံကလည်း ကိုယ့်လက်ထဲမှာ မရှိ

❀

ရေထဲက အရိပ်ဝိုင်းတစ်ခုကို ငေးကြည့်ပြီး ပြုံး
သူတစ်ယောက်ကို မြင်လျှင် ဘေးပတ်ဝန်းကျင်က ဘာများ
ချင်ကြမည်တော့ မသိပါ။ ဒီလရိပ်တစ်ခုကြောင့်ပဲ ဓာတ်မှ
ပြုံးချင်စရာကောင်းတဲ့ လူစိမ်းကောင်မလေးတစ်ယောက်နဲ့ အ
အကျွမ်းတွေဖြစ် ... ပတ်သက်မိခဲ့ရတာ ...။

ခုလောက်ဆိုရင်တော့ ဓာတ်ဟာ သူ့အစ်မရဲ့
စားမဟုတ်တာကို သူ ပြန်သိပြီး မျက်နှာတွေပဲ ပူနေတော့မ
ဒါမှမဟုတ်ရင်တော့ ဟိုကောင် ပြည့်စုံဆီက အတိအကျ သိ
ရတဲ့မဟုတ်မမှန်သော သတင်းကြီးဖြစ်သည့် "ရေထဲဆင်း
ဆိုတာကြီးအတွက်များ လှမ်းထူပူ စိတ်ပူနေပြန်တော့မလာ
ငါသာ တကယ်ရေထဲဆင်းသေချင်မယ် ဆိုရ





အဲဒီအချိန် (ဟိုဖြောက်သောက်ကောင် ပြည့်စုံနဲ့ ကြုံကြိုက်ခဲ့ရတဲ့ အချိန်)တုန်းကတော့ တကယ်ဆင်းသေမယ်ဆိုလည်း ဆင်းသေနိုင်လောက်အောင် စိတ်က ညစ်ညူးလှုပ်ရှား မတည်မငြိမ်နဲ့ ဘောက်ဘက်ခတ်လို့ နေခဲ့တာပေါ့ ...။ ခုတော့ ဓာတ်ရဲ့ စိတ်ဓာတ်တို့က အတော်ကြီး အနည်ထိုင် အထာကျစပြုပြီ။

ကိုယ့်အပေါ်မှာ ဘယ်တုန်းကမှ နားမလည် ... အမြင်မကောင်းနိုင်တဲ့ အစ်ကိုတစ်ယောက်ကို ကိုယ့်ဘက်ကနေ နားလည်ကြည့်နိုင်ဖို့လည်း လုံးဝစိတ်မကူးတော့ဘူးဆိုတဲ့ နောက်မှတော့ ... ဒီစိတ်တွေဟာလည်း တဖြည်းဖြည်းနဲ့ တည်ငြိမ်ဖို့ကောင်းပါပြီ။ ခုတော့ဖြင့် ဒီအစ်ကိုတစ်ယောက် ကိုယ့်ကိုနားလည်လာပါစေဟု ဆုတောင်းနေမည့်အစား ... သူက အိုးရွဲ့ဆိုရင် ကိုယ်ကလည်း စလောင်းရွဲ့ပဲ လုပ်ပစ်ဖို့ စိတ်ကူးက အပြည့်အဝကြီးကို ဖြစ်နေပြီ။

သူ့ဘက်ကနေ ပြန်ကြည့်ပေးရရင်တော့လည်း ကိုယ်လိုကောင်ဟာ ... သူ့အနေနဲ့ "ညီကလေးတစ်ယောက်လောက်လိုချင်လို့" ရယ်လို့ ဝမ်းပန်းတသာ ကြိုဆိုတောင့်တခဲ့လို့ လူဖြစ်လာရတဲ့ကောင်မျိုးမှ မဟုတ်ခဲ့တာ။

သူ့အမေ ကိုယ့်ကြီးဒေါ်နဲ့ ကိုယ့်အမေတို့ဟာ ညီအစ်မအရင်းခေါက်ခက်တွေ ဖြစ်ကြပါရက် အဖေလုပ်သူရဲ့ မတည်ငြိမ်မှုကြောင့် "အကြီး"နဲ့ "အငယ်"လည်း ဖြစ်ရပြန်ကာ ... ကြီးဒေါ်ဟာ အမေ့ကို ဒီကိစ္စအတွက် သေသည်အထိ ခွင့်မလွှတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ …။ ကိုယ့်အမေလည်း ဘာထူးလဲ … ကြီးဒေါ်လိုပဲ အဒေ စောကာ ဘဝမှာ ဘယ်တော့မှ စိတ်မချမ်းတော့တဲ့သူ တစ်ယောက် ဖြစ်ခဲ့ရတာပဲ မဟုတ်လား …။

တကယ်တမ်း အပြစ်ရှိခဲ့တဲ့ အဖေဖြစ်သူကကျတော့ လောကကြီးမှာ သက်တမ်းစေ့ ပျော်ပျော်ကြီး နေထိုင်သွားခဲ့သည် တဲ့။ ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်ဖြစ်ကာ ပုံမှန်မဟုတ်သည့် မိဘ အိမ်ထောင်ရေးကြောင့် "လူကလေး လူညစ်"လေး ဖြစ်နေရတဲ့ သားငယ်ဖြစ်သူအတွက်လည်း သူ့မှာ ဘာမှမပူပင် မကြောင့်ကြ စိုက်အနောင့်အယှက် ဖြစ်ခဲ့တဲ့ပုံလည်း မရ။

ကြီးဒေါ် ဆုံးပါးသွားခဲ့ပြီးတဲ့ အချိန်မှာ မဟာကရုဏာ ရှင် ဖြစ်လိုဟန်တူသော ကိုကိုကြီးက အဒေါ်ဖြစ်သူကို "ဒေါ်လေး ဒီအိမ်ကြီးမှာ လာနေချင် နေပါတော့ …"ဟု ခွင့်ပြုတော်မူသတဲ့ သို့သော် အမေက သွားမနေခဲ့ပါ။ ဘာလို့ နေရမှာလဲ … ဒေါ် ပုံကြီးကိုက အလုပ်မှ မဟုတ်တာ။ သူကိုယ်တိုင် ရှိနိုးဦးတင် လာပင့်ရင်တော့လည်း တစ်မျိုးပေါ့ …။ သို့သော် သူကလည် သူ့ဘက်က ခံစားချက်နဲ့ သူပဲ ဖြစ်ရာ … အဲလိုကြီးတော့ ဘယ် လာခေါ်ပါ့မလဲ … အဖေကတစ်ဆင့် စကားကြုံပါးတာသည်ပဲ သူ့ဘက်က အစွမ်းကုန် လိုက်လျောခြင်းဟုသာ တွက်မှာပေါ့

ဒီလိုနဲ့ အမေပါ ဆုံးတဲ့အခါကျတော့ … ကိုကိုကြီး က အဖေနဲ့အတူ အိမ်အထိ ပါလာခဲ့ကာ … "မင်း ငါတို့နဲ့ လိုက် နေ"တဲ့။ လုပ်ပြန်ပြီ အမိန့်အာဏာသံနဲ့ မဟာကရုဏာတော်ကြီး





ဓာတ်ကလည်း လိုက်မနေပြန်ပါ။ အမေမရှိတော့ပေမယ့် ကိုယ်က သူမွေးထားတဲ့ သားပဲ … ကိုယ့်ရဲ့ တာဝန်အလုံးစုံဟာ ကိုယ့် အဖေပေါ်မှာ လုံးလုံးပုံကျ တာဝန်ရှိသည်လေ …။ ဘယ်မှာပဲနေ နေ … ကိုယ့်တာဝန် အဖေယူပေါ့ …။ ဒါပဲရှိတာပဲ …။

ဒီလိုနဲ့ပဲ ကိုကိုကြီးဟာ ဇာတိထဲ ရောက်လာလိုက်၊ အိမ်လိုက်ဖို့ခေါ်လိုက် … ကိုယ်ကမလိုက်လိုက် …၊ အလုပ်ထဲဝင် ဖို့ပြောလိုက်၊ ကိုယ်က ငြင်းပယ်လိုက် …။ ကိုယ်နဲ့ပတ်သက်တဲ့ တစ်စုံတစ်ရာကို အသေးအဖွဲလေးကအစ ကြီးကြီးမားမား အဆုံး ဝင်,ဝင်ပြီး စီစဉ်ချင်လိုက် … ကိုယ်ကလည်း တစ်စက်မှ လက် သင့်မခံဘဲ ဂျစ်တိုက်လိုက်နဲ့ …။ နောက်ဆုံးတော့ အစောတည်းက ကိုယ်နဲ့ အသက်ကွာလှတဲ့ အဖေဟာ အဘိုးကြီးလုံးလုံး ဖြစ်လာ ကာ … ရှိရှိသမျှ လုပ်ငန်းအာဏာ အဝဝ အရပ်ရပ်ဟာ ကိုကိုကြီး ရဲ့လက်တွင်းပဲ လုံးလုံးကြီး သက်ဆင်းခဲ့ရပြီ ဆိုပါတော့ …။

ကိုကိုကြီးရဲ့ အစီအစဉ် အဆိုအမိန့် မှန်သမျှကို လက်သင့်မခံဘဲ အမြဲဂျစ်တိုက်နေရခြင်းဟာ သူစွပ်စွဲခဲ့သလို "ကိုယ့်ကိုကိုယ်ဖျက် သံချေးတက်" နေတဲ့ "ကလေကောင်" စိတ်ဓာတ်ကြောင့်လည်း ပါမည် …။ သူ့အမေ ဆုံးပြီးကာမှ စိတ် ဓာတ်ကလေး (အနည်းငယ်) ပြောင်းလာပုံရတဲ့ ကိုကိုကြီးနဲ့ ကြီး ဒေါ်တို့ သားအမိရဲ့ အတိတ်ကာလက ဖိနှိပ်ထိုးနှက် … နှိမ်ချင် တိုင်း နှိမ်ခဲ့ကြသည့် လုပ်ရပ်များကို ကိုယ်တတ်နိုင်သလောက် ပြန်လုပ်ပြချင်တာလည်း ပါပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး အိမ်ထောင်ကျတော့ အမျိုးထဲကအဒေါ် နှင့် ပတ်ဝန်းကျင်က ကိုယ့်ကို မြှောက်ပေးချင် လာကြသည် "အဲဒီလိုကြီး လုပ်မနေနဲ့"တဲ့။ "အဖေသေတာနဲ့ နင်လက်မဲ့ဖြ ကျန်မယ်"တဲ့။ ဟုတ်နိုးနိုး ... ယောင်ဝါးဝါးရှိဆဲ ... ကိုယ့်က မြင်တာနဲ့ တကယ့်မောင်လေးအရင်းလိုပဲ သံယောဇဉ်ရှိပါသတဲ့ ကိုကိုကြီးရဲ့ မိန်းမက ... အံ့ဖွယ်သုတ။

အမျိုးတွေရဲ့ စကားက မှန်သင့်သလောက်တော မှန်ပုံရသည်။ "တကယ့် မောင်လေးအရင်းလို"ဟု အဆိုရှိသော ထိုမိန်းမနှင့် လက်ထပ်ပြီးကာမှပင် အဖေကတစ်ဆင့် မဟုတ်တော ဘဲ သူ့ဆီကသာ တိုက်ရိုက်ရောက်ရှိလာသည့် ကိုယ့်ရဲ့လ အသုံးစရိတ်စာရင်းကို ကိုကိုကြီးက လျှော့ချဖြတ်တောက် လိုက်သည်။ သူ့ရဲ့ အဆိုအရတော့ ...

"ငါ ငယ်ငယ်ကလည်း အဲဒီလောက်ကြီး တစ်ခါမှ ပေါ ဖြုန်းဖြုန်းကြီး မသုံးစွဲခဲ့ဘူး ... ဒီအတိုင်း ဆက်နေ မင်းက မကျေနပ်ချက် တစ်ခုကို အယောင်ပြပြီး က ရိုက်ချင်နေတဲ့ သူဌေးသားဘဝက ဘယ်တော့မှ တက်လာ မဟုတ်ဘူး ... မင်းကို အဖေက ဖျက်ဆီးထားသလို ဖြစ်နေတာ ... အခု အဖေလည်း အသက်ကြီးပြီ ... သူ တော့ရင် မင်းခက်မယ် ... ဘာဖြစ်သေးလဲ ... သူဌေးသာ ဘဝကနေ သူဌေးညီ ဆက်လုပ်လိုက်မှာပေါ့လို့ မင်းမေ ပေါ့ကလေး တွက်မထားနဲ့ ..."





ဇာတိမှာ အော်တောင် ရယ်မိခဲ့သည် ထင်ပါသည်။ "သူဌေးညီ"တဲ့။ ဒါ သူ့ကိုယ်သူ "သူဌေးမင်း"လို့ သတ်မှတ် ပြဋ္ဌာန်းလိုက်ပြီးပြီ ဆိုတာကို ဇာတိကို အသိပေးလိုက်တာပေါ့ လေ။ သို့သော် အော်ရယ်ရုံထက် ဘာမှပိုမတတ်နိုင်ခဲ့သော ဇာတိသည် ထိုလကုန်တာနှင့် ကိုကိုကြီးက (သူ့အမည်ပေါက်ဟု အဆိုရှိသော) ဇာတိတို့ သားအမိ တစ်သက်လုံး အတူနေထိုင် ခွင့်ရခဲ့သော တိုက်ခန်းကို မပြောမဆိုကြီး ရောင်းချပစ်လိုက်တော့ သဖြင့် ... မလွဲသာ မရှောင်သာ ... ဘယ်လိုမှ မတတ်နိုင်စွာ (သောင်ပြင်လွတ်တဲ့ ခွေးတစ်ကောင်ဘဝ မရောက်ရလေအောင်) သူတို့ရဲ့ ခမ်းနားကြီးကျယ်လှသော အိမ်ကြီးပေါ်သို့ အစွင့်သား လေးပင် ရောက်ရှိခဲ့ရပါတော့သည်။

ပြီးလျှင်တော့ တစ်နေ့တခြား ဖြတ်တောက်နည်း ပါးလာတဲ့ လစဉ်အသုံးစရိတ် နည်းပါးမှုဒဏ်ကို ကျိတ်မှိတ်အောင့် အီး မနေနိုင်တော့တာနှင့်ပဲ သူ့အလိုကျ သူတို့ရဲ့ လုပ်ငန်းတွေထဲ ဝင်လုပ်ဖို့ ဖြစ်ရပြန်ပါရော ...။ ကိုယ့်အပေါ် တော်တော်ပဲ အငြိုး ကြီးခဲ့လေသလား မသိသော ကိုကိုကြီးဟာ "ဒီလုပ်ငန်းတွေဟာ မင်းလည်း ပိုင်ဆိုင်ခွင့် ရှိတာတွေပဲ ... တစ်နေ့ မင်းလည်း ဒီအလုပ် တွေမှာ အုပ်ချုပ်သူတစ်ယောက် ဖြစ်လာရမှာ ..."ဟု (လူကြား ကောင်းအောင်လို့လားတော့ မသိ) အဆိုရှိပေမယ့် ... ခုချက်ချင်း တောင်ဝင်ရောက်ရသည့် အလုပ်များကတော့ စာရေးထက်တောင် နိမ့်ချင်နိမ့်ဦးမည်ဖြစ်သော "ကူလီ"လို ... "ပြာတာ"လို နေရာများ ...။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တုန်းကလည်း ဒီလိုပဲ စခဲ့တာ ... ကိုယ့်လုပ်ငန်းထဲမှာ တစ်ချိန်ကျ လူကြီးဖြစ်ကို ဖြစ်လာရမယ့်သူဟာ ... အစစအရာရာ အပ်ကျတာကအစ လိုက်သိနေနိုင်ဖို့ဆိုရင် ... ဒီလိုအောက်ဆုံးအဆင့်ကစပြီး သိနေ ပိုင်နေအောင် လုပ်ယူလာခဲ့ရမယ်"တဲ့။

လူတကာကြားတော့ ကိုကိုကြီးကို "ဟုတ်ပါပေ့ ... မှန်ပါပေ့"ဟု ချီးကျူးထောက်ခံသူလည်းရှိ ... "တမင်ချိုးတာနေမှာပါ"ဟု အတင်းတုပ်လိုသူလည်း ရှိ ...။ သို့သော် ..."မလုပ်ပါနဲ့ ... မကောင်းပါဘူး ... မသင့်ပါဘူး"ဟုတော့ ဝင်ရောက်ဖျောင်းဖျပေးရဲသူ တစ်ယောက်မှ မရှိချေ။ အဖေကလည်း ဆိုးသည် ... ကောင်းသည် မပြော ... တုံဏှိဘာဝေ ... ရေငုံနေသည်။ အဲဒီတော့ ဇာတိကလည်း လုပ်ချင်စိတ်ရှိရင် သွားလုပ်လိုက် ...။ အလုပ်က စုတ်ပေမယ့် လခက ကောင်းလေတော့ ငွေလိုရင် သွားလုပ်လိုက် ...။ သိပ်ဒေါသထွက်လာရင် တစ်လလုံးလုံး အလုပ်မဆင်းဘဲ လခကို အဖြတ်ခံရင် ခံလိုက် ...။

ကိုကိုကြီးနဲ့တော့ အမြဲလို "တချိန်းချိန်း" တွေ့ကြရတာပေါ့ ...။ ဒီကြားထဲမှာ ရယ်စရာကောင်းလှတာက ... ကိုယ့်ကိုလည်း ဦးကိုကိုကြီးရဲ့ ညီအဖြစ် ပိုင်ဆိုင်မှု အဝဝတို့ရဲ့ အမွေဆိုင်အဖြစ် မျက်စိကျ မက်မောကြသည်ဆိုသော မရီးတော်ရဲ့ ဆွေမျိုးသားချင်းများဟာ ... ကိုယ် အဲဒီအိမ်ကြီးကို စရောက်ကတည်းက အတိအလင်းတစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ စပ်ချင်ဟပ်





ချင်တွေ ရှိကြရာက ... ကိုကိုကြီးရဲ့ နှုတ်ဖျားမှ အမြဲထွက်ပေါ်နေတတ်သော "လက်ကျော့မတင်းကောင်" ဆိုတဲ့ စကားကြောင့် "ဖြစ်ပါ့မလား"လို့ ပြန်စဉ်းစားသူက စဉ်းစားကြသတဲ့။

ဘယ်သူကရော သူတို့ရဲ့ အစပ်အဟပ်များကို စိတ်ဝင်စားပါတယ်လို့ ပြောလို့လဲ ...။ မိန်းမများ စိတ်ကိုမဝင်စားလိုက်တာ။ တက္ကသိုလ်တက်နေစဉ် ကာလတစ်လျှောက်မှာကတည်းက ကိုယ့်ကို စိတ်ဝင်စားကြသော ... ကိုယ်ကလည်း ပြန်လှန်စိတ်ဝင်စားဖို့ ဖြစ်နိုင်သော မိန်းကလေးမျိုး တစ်ယောက်မကခင် တွေ့ခဲ့ပေမယ် ... "သူ့အဖေက မိန်းမနှစ်ယောက် ယူခဲ့တာပေါ့ ... အကြီးနဲ့ အငယ် ... မယားပြိုင်လေ ... အဲဒီနှစ်ယောက်ကလည်း ညီအစ်မ အရင်းတဲ့ ..."ဟူသည့် အတင်းစကားများကနှိပ်မည်းလို အစဉ်အုပ်မိုးခံထားခဲ့ရတာမို့ ... အပြောမခံချင်ရင်ဘာမှ မလုပ်တာ အကောင်းဆုံး ... ဟူသော အယူအဆကိုသာဆက်ကိုင်ထားခဲ့မိတာပါ။

နောက်ဆုံးကျတော့ အဖေကဆုံး။ အစ်ကိုနဲ့မရီးကအသမဆုံးခင်တည်းက အစီအစဉ်ဖြစ်သော မရီးရဲ့တူမတော်နှစ်ယောက်ကို (အရင်ကလို သွယ်ဝိုက်ကွေ့ပတ် စပ်ဟပ်နေတာမျိုးမဟုတ်တော့ဘဲ)အတည်ပေါက်ညွှန်ပြ။ သဘောကတော့ အရှင်းလင်းဆုံးဆိုရရင် အဲဒီနှစ်ယောက်တည်းက တစ်ယောက်ကိုရွေးမှ အမွေဆက်ခံနိုင်ခွင့် ရမယ့်သဘော ...။ အပြောကတော့ "ခြေငြိမ်အောင် ... ဆိုတာကိုသိအောင် ... တာဝန်ယူ တတ်လာအောင်"ပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲက ပြင်းထန်လာတဲ့အခါမှာ ဘယ်တုန်းကမှ အခြေမခိုင်ခဲ့တဲ့ ကောင်မျိုးကသာ ရှုံးနိမ့်ရတာ မမှတ်သွဲ မဟုတ်လား။ ကိုကိုကြီးကတော့ တစ်စက်မှ အလျှော့ပေးမည့်ပုံ မပေါ်ပါ။ အိမ်ကြီးပေါ်က ဆင်းမယ်တွေ ဘာတွေအထိ ဖြစ်လာတော့ ... "ဆင်း"ဟု တစ်လုံးတည်းသော စကားကို ဆိုခဲ့သည်မို့ပင် ... ဇာတိမှာ ဟိုးအရင် အမေရှိကတည်းက အိမ်မှာ ကားလာ့လာ မောင်းပေးဖူးခဲ့သော အဖေ့တပည့် မောင်မြဖေရဲ့အိမ်တော်မဟာသို့ ရွှေ့လျားစံမြန်းခဲ့ရပြီ ဆိုပါစို့ ...။

လောကမှာ မရှိတော့ပြီဖြစ်သည့် အမေ့ကို သတိရလွန်းရသည်။ အမေသာ ရှိသေးရင်တော့ ကိုယ့်စိတ်ကိုကိုယ် အဆုံးစွန်လွှတ်ကာ တမင်သက်သက်ကြီး လိုက်ဆိုးဝါးနေခဲ့သော ဓာတ်ကို ... "ကဲ ... ကဲ၏အကျိုး" ဆိုတဲ့ စကားမျိုးလေးတွေနဲ့ အမြဲ ဖျောင်းဖျနားချကာ ... လေချိုအေးကလေးနဲ့ပဲ လမ်းကြောင်း ပြန်တည့်မတ်ပေးပေလိမ့်မည်။ အမေ ရှိတုန်းကတော့ ကိုယ်လည်း ဒီလောက်တော့ အဆိုးဝါးကြီးထဲက မဟုတ်ခဲ့ပါဘူး ...။

ဟုန်းဟုန်းတောက်နေခဲ့သော မီးပုံတစ်ခုကို မီးအရှိန်လျော့ ... ငြိမ်းသတ်ပေးမယ့်လူ မရှိဘဲ ... ဓာတ်ဆီလောင်း မီးစာထည့်မယ့်သူတွေပဲ များပြားနေခဲ့လေတော့ ဘယ်လိုများ လုပ်ကြမလဲ ...။ နောက်ဆုံးကျတော့ ကိုယ့်ရဲ့ချင်ခဲ့သော "လောကကြီး"နှင့် ကိုကိုကြီး ... အင်အားကြီး "ကြီးနှစ်ကြီး"ကတော့





ဘာမှ မဖြစ် ... ကိုယ့်မှာသာ အတည်တကျ အိမ်ရာတောင်မှ မရှိ သလွင့်နေရတဲ့ "ကလေငတေ" ဖြစ် ...။

အဲဒါကြောင့်ပဲ မကြာသေးခင်ကမှ ဆုံးထားတဲ့ င်ဖြစ်သူကိုတော့ မတမ်းတမိဘဲ ... ဆုံးပါးခဲ့တာ ကြာပြီဖြစ်တဲ့ င်ကြီးကိုပဲ အတ,ကြီး တမိတော့ ပြည့်စုံဆိုတဲ့ အကောင်တစ် ောင်က "အဆန်းပဲ" ... တဲ့ ...။

ပြည့်စုံရဲ့အကြောင်း ခေါင်းထဲ ပြန်ရောက်လာမိတော့ တဲ့က "တဟက်ဟက်"အသံထွက်အောင် ရယ်လိုက်မိပြန်သည်။ အကောင်မှန်းကို မသိ ...။ သူလည်း ကိုယ့်လိုပဲ ... ကိုကိုကြီးလို ... နားလည်ချင်စရာ မရှိတဲ့ အကောင်တစ်ကောင်ပေါ့ ... ပေးမယ့် သူ့ကိုတော့ နားသာမလည်နိုင်တာ ... အပြစ်ရယ်လို့ ဆချင်တဲ့အပြင် ခင်မင်စိတ်တောင်မှ ရှိပါသေးသည်။ ဒါတောင် ကောင်က ကိုယ့်ကို ဒုက္ခရောက်အောင် ချောက်ချပြီးမှ ကိုယ်လွှတ် သွားခဲ့သေးတဲ့ ကောင်နော် ...။

အဲဒါကြောင့်ပဲ လူဆိုတာ ထူးဆန်းပါတယ်လို့ ...။ ယ် မကျေနပ်သည့်သူဆိုရင် အပြစ်သေးသေးလေးပဲရှိရှိ ... လုံးဝ အပြစ်မရှိမရှိ ... အမုန်းတွေပဲ ထပ်ထပ်ကာ မကျေမနပ် ဆက် ချင် ဖြစ်နေမည်။ ကိုယ်ကျေနပ်မိသည့်သူ ဆိုတော့လည်း ဘာပဲ လုပ် "အိုကေ"ပါပဲ ...။ ကိုယ်ကျေနပ်မိခြင်းနဲ့ မကျေနပ်နိုင် ဆိုတာကလည်း ကြားထဲမှာ အလွှာပါးပါးလေး တစ်ချပ်နဲ့ စိတ်ရဲ့စေရာ ... ပြောင်းချင်တိုင်း ပြောင်းနိုင်တာ မျိုးပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com

ရေထဲက လရိပ်ဝိုင်းကို ငေးကြည့်ပြီး အတွေးတွေ အဝေးကြီး ပြန့်ရောက်နေသည့် ဓာတ်တစ်ယောက် ပစ္စက္ခအခြေအနေသို့ ပြန်ရောက်လာပြီးသည့် နောက်မှာတော့ ကိုယ့်ရဲ့နောက်ဆက်တွဲ ဓာတ်လမ်းများကို စတင်စေခဲ့သည့် လရိပ်ဝိုင်းကိုပဲ (ဖျက်လိုဖျက်ဆီး စိတ်ဓာတ်မျိုး ကင်းစွာ) ခင်မင်နှစ်လိုစိတ်နှင့် ကျီစယ်လိုစိတ်တွေ ဖြစ်ပေါ်လာမိပြန်ပါသည်။ ခုနေ ရေထဲပြေးဆင်းချသွားလိုက်ရင်တော့ ဟိုးအရင်တစ်ခါကလို ဘုမသိ ဘမသိ ဝင်နှောင့်ယှက်ကယ်တင်လိုသူ လူစွမ်းကောင်းမျိုး ထပ်မပေါ်လာနိုင်တော့ဘူး ထင်ပါရဲ့ ...။

သို့သော် မဟုတ်ပါ ...။

ဓာတ်တစ်ယောက် မတ်တတ်ထရပ်ကာ အညောင်းအညာဆန့်ရင်း ဘေးပတ်ဝန်းကျင်ကိုပါ (လိုလိုမယ်မယ်သဘော) လှည့်ပတ်ကာ ကြည့်ရှုလိုက်မိလျှင်တော့ ... ကိုယ့်နေရာကနေ ထင်ထင်ရှားရှား လှမ်းမမြင်သာသည့် အမှောင်ထုတွင်း တစ်နေရာဆီမှ ...

"ဒီနေ့တော့ ကျွန်တော့်အကျီတွေကို သက်သက်မဲ့ ရေစိုမခံချင်တော့ဘူး ကိုယ့်လူ ... ခင်ဗျား အေးအေးဆေးဆေး ပြန်ထိုင်နေရင် ကောင်းမယ် ..."

"ဟော့လူ ..."

ဓာတ်က ဝမ်းသာအားရနှင့် ပြန်လှည့်ဟစ်အော်အသံပြုလိုက်ပါသည်။ ဒီတော့မှ ထိုအမှောင်ထုအတွင်းမှ ချိုးချိုး





တ်ချွတ် အသံများနှင့်အတူ ဓာတ် ကိုယ်တိုင် လိုလားခင်မင််လိုစွာ မြင်တွေ့ချင်နေသော ပြည့်စုံက အလင်းရှိရာဘက် သွား"ခနဲပင် ထွက်ပေါ်လာပါတော့သည်။

"ပြည့်စုံ ... ကျုပ် ခင်ဗျားကို ရှာနေတာ ..."

"ဟုတ်လို့လား ... ဘာလို့ ကျွန်တော့်ကို ရှာရတာလဲ ... ကျွန်တော် မရှိမှ လွတ်လွတ်လပ်လပ် ဆင်းသေနိုင်မှာမို့လို့များလား ... တိုက်ဆိုင်တယ်ဗျာ ... ခင်ဗျားဘာသာ စိတ်ညစ်ပြီး ရေထဲဆင်းမယ့် အချိန်တွေကျမှ ကျွန်တော်ကလည်း ဒီရေကန်စပ်ကိုပဲ လာ,လာရောက်နေရတယ်လို့ ... နောက်တစ်ခါဆိုရင်တော့ ဒီကန်ကို မရွေးနဲ့ဗျာ .. ကျွန်တော်က လာ,လာနေမိဦးမှာ ... ရေစက်ပါပြီး အမြဲတိုက်ဆိုင်နေဦးမယ်"

"ကျွတ် ... ခင်ဗျားဟာလေ... အေးလေ... ကျုပ် ခင်ဗျားကို ဒီတစ်ချက်တော့ တော်တော်ပဲ ချီးကျူးပါတယ် ...ကိုယ့်မှာ စိတ်ညစ်စရာတွေ ရှိနေတဲ့ အချိန်မျိုးမှာတောင် အူကြောင်ကြောင် နောက်ရွှတ်ရွှတ်တွေ လုပ်နေနိုင်သေးတယ်လို့ ..."

"ကျွန်တော့်ရဲ့ စိတ်ညစ်စရာက ဘာလဲ ... ကျွန်တော်တောင် သိပ်မသိဘူး"

ဓာတ်က "ဒါဖြင့် ခင်ဗျား ဘာလို့ ဒီနားတစ်ဝိုက်ကို ရောက်ဖြစ်နေရတာလဲ"ဟု ပြောပြောဆိုဆို ... ကိုယ့်အိတ် အမြဲလို ဆောင်ထားဖြစ်သော လှစ်လှစ်ရဲ့ စာကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံထံ ကမ်းပေးလိုက်ပါသည်။ ငါ တာဝန်မလစ်ဟင်းပါ ကောင်မလေးရယ် ...။ တွေ့ရင်တွေ့တဲ့အချိန်မှာ ဖမ်းပေးရအော လို့ ကိုယ်နဲ့မကွာ အမြဲရှိနေစေတာပါ။

ပြည့်စုံက သူ့ဘောင်းဘီအိတ်ထဲက လက်နှိပ်ဓာတ် အသေးလေးကို ထုတ်ယူကာ စာကို မီးထိုးပြီး ဖတ်ကြည့်လ ပါသည်။ ပြီးမှ ...

"စာအိတ်ကလည်း အပွင့်ကြီးပါလား ..."

"ဒါကတော့ ကျုပ်ကို လူမှားပြီး လာပေးတာကိုး ..."

"အဲဒါနဲ့ပဲ ကိုယ့်ရဲ့ စိတ်အညစ်ထဲမှာ ... သူများအ အဟုတ်ဝင်ညစ်ပေးရတာကိုပါ ထပ်တိုးပြီး ရေထဲဆင်းအေ မယ်လို့ ကြံတယ်ပေါ့ ..."

"ပေါက်ကရ ပြောပြန်ပြီ ... အဲဒီစာထဲက ရှေ့ရည် ခင်ဗျားကောင်မလေးပဲ မဟုတ်လား ... ဒီတစ်ခါ ဝေ့ လည်ကြောင်ပတ် မလုပ်နဲ့ဗျာ ..."

ပြည့်စုံက "တဟားဟား"ရယ်လိုက်ရင်း ...

"အင်း ... ငွေတစ်သိန်းတော့ လိုချင်သား ..."

"ဘာ ... ခင်ဗျားကလည်း သတင်းစာထဲက အရှုံးပေ ကြော်ငြာတစ်ခုကို ယုံစားပြီး လုပ်ရှားဖို့ ကြံပြန်တေ ပေါ့ ... ဟုတ်လား ..."

"ယုံစရာမပါဗျာ ... ငွေတစ်သိန်းကို ဒီလောက်လွယ် နဲ့ ရမယ့်အလုပ် ဘယ်မှာရှိပါမလဲ ..."





"မယုံမရှိနဲ့ ... ခင်ဗျားရဲ့ ခယ်မအလောင်းအလျာလေးလည်း တစ်ခါခံရပြီးပြီ ... ကျုပ်ကို ဖမ်းချုပ်မခေါ်ရုံတစ်မယ် ကားပေါ်တင်ပြီး သွားပို့တာ ... ဟိုကျတော့ ငြင်းလွှတ်တာပဲ ခံလိုက်ရတယ် ... ဟား ဟား ဟား"

"သူကလည်း သူပေါ့ ... ဒါပေမယ့် ကျွန်တော်ကလည်း ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့တော့ စမ်းရဦးမှာပဲ ... ပိုက်ဆံတစ်သိန်းကို ဒီလောက်လွယ်လွယ်နဲ့ ရနိုင်မယ့်အလုပ်ကိုမှ မကြိုးစားကြည့်ရင် လူမိုက်ပဲလေ ... ငြင်းလွှတ်လည်း သိပ်တော့ မရှုံးပါဘူးဗျာ ... အရင်းမှ တစ်ပြားမှ မရှိဟာပဲ ... ဟောလူ ... ကျွန်တော်ကတော့ အရင်းတစ်ပြားမှ မရှိအောင်ဆိုရင် ခင်ဗျားကို ကားတွေဘာတွေနဲ့ တင်ပင့်မနေနိုင်ဘူးနော် ... ဒီအတိုင်း လမ်းလျှောက်သွားကြရုံပဲ ... ဟိုကောင်မလေးကို ငြင်းပေးမယ့် ကိုယ့်အလှည့်ကကျတော့ ဘယ်ပြောနိုင်မလဲ ... လူဆိုတာ ကံချင်းတူတာမှ မဟုတ်တာ ..."

"ခင်ဗျားက တော်တော်သဘောကျစရာကောင်းတဲ့လူ ... ဟား ဟား ... ခင်ဗျားပိုက်ဆံတစ်သိန်းရဖို့ပဲ ကျုပ်က ခင်ဗျားနောက်ကနေ လမ်းလျှောက်ပြီး လိုက်ခဲ့ရဦးမယ် ... ဟား ဟား ဟား ... ကဲပါဗျာ ... အဲဒီကိစ္စက ထားလိုက်စမ်းပါ ... အဲဒီစာထဲက ကိစ္စကိုရော ... ခင်ဗျား ဘာဆက်လုပ်မှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ခဏထားလို့ ပိုရသေးတယ် ... တစ်သိန်းကိစ္စက သာ မရတာ ... ခင်ဗျားဘယ်မှာနေလဲ ကျွန်တော် မသိ ကျွန်တော် ဘယ်မှာနေလဲ ခင်ဗျားမသိနဲ့ ... တစ်သိန်းကိစ္ က နောက်ရှေ့လို့မရတော့ဘူး ... ခင်ဗျားနဲ့ ကြုံလို့ဆုံတုန် လှုပ်ရှားမှ ..."

"တော်တော် ငွေစကားပြောတဲ့လူ ... အဲဒီ ဦးကိုကိုကြီးဆ ကို ဒီလိုအချိန်ကြီး သွားပို့လို့ကတော့ ပိုက်ဆံမရတဲ့အပြင် မသင်္ကာမှုနဲ့ ရဲတိုင်ပြီး အချုပ်ထဲမှာတောင် ညအိပ်ချင် အိပ်လိုက်ရလိမ့်မယ် ... ဒီတော့ ဒီလိုလုပ်ပါလား ဦးကိုကိုကြီး ဆီကတော့ ခင်ဗျား လုံးဝရမှာ မဟုတ်ဘူး သိပ်ကို လိုချင်နေပါတယ် ဆိုရင်တော့ ကျုပ်ဆီကပဲ ယူ လိုက်ပေတော့ ..."

"တကယ်လား ..."

"တကယ်ပေါ့ဗျ ... ဘယ်လိုလဲ ... ယူမှာလား ..."

"ယူမှာပေါ့ ... ခင်ဗျားနဲ့ ပတ်သက်လို့ ကျွန်တော်တော တစ်သိန်းရပြီလို့ တွက်ထားတာ ... ဘယ်သူ့ဆီကရရ ရဖို့က လိုရင်းပဲဟာ ... ကြော်ငြာထားတဲ့ ဦးကိုကိုကြီးဆ က မရလည်း ခင်ဗျားဆီကရရင် ... အဲဒီကို သွားနေရမှ တောင်မှ သက်သာသွားသေးတယ် ..."

"ခင်ဗျားက ဘယ်လိုလူလဲ မသိဘူး ... ကျုပ် အဲဒီလိုမျိ ခင်ဗျား ခယ်မလောင်း လှစ်လှစ်ကိုလည်း ပေးမှုသေ





တယ် ... သူကတော့ လုံးဝမယူဘူး"

"သူကသူပဲ ... ကျွန်တော်က ကျွန်တော်ပဲ"

နောက်ဆုံးတော့ ဖာတိခများ ကိုယ့်စကားနှင့်ကိုယ် ... "အိမ်လိုက်ယူချေ"ဟု ဆိုလိုက်ရတော့ကာ ... ပြည့်စုံကတော့ ဘယ်လိုမှ မနေသည့်ပုံစံ ... ရှိုးတိုးရှန့်တန့်လေးတောင်မှ အနည်း ငယ်ကလေးမှ မဖြစ်သည့်ပုံစံနှင့် ဖာတိ နောက်မှ ခပ်တည်တည် င် ပါလာချေတော့သည်။

"ဟော့လူ ... အဆင်ပြေရဲ့လား ... တော်ကြာ ပေးပြီးမှ ငါ့ ပိုက်ဆံတွေတော့ ကုန်ပါပြီဆိုပြီး စိတ်ညစ်ညစ်နဲ့ ရေထဲ ဆင်းသေနေပြန်ရင် ..."

"ခင်ဗျားပါးစပ် ပိတ်ထားစမ်းဗျာ ..."

ဖာတိရဲ့ လေသံက စိတ်တိုသံ ပါလာလျှင်တော့ ည့်စုံက "တဟားဟား"နှင့် သူ့စကားကို တိခနဲ ဖြတ်ချပစ် က်လေသည်။ ကိုယ့်ရဲ့ နောက်ဆုံး လက်ကျန်ငွေလည်းဖြစ် ည့် ဒီတစ်သိန်းကို နမြောလည်း နမြောနေမိသေးသည့် ဖာတိ ည် အမေမဆုံးသေးခင်က ခံစားချက်မျိုး ... "ငါ့မှာငါ့နှစ်သက် ာနပ်နိုင်တဲ့ သူတစ်ယောက် ရှိတယ်"ဆိုသော ခံစားချက်မျိုး ောင် ပြည့်စုံနဲ့ကျမှ ပေါ်ပေါ်လာရသည် ဆိုတာကို သိရှိသေချာ က်ရလျှင်တော့ ... ဒီပိုက်ဆံ မရှိတော့လို့ "ငါ့ရှေ့ဆက်ဘာဖြစ် မလဲ" ဆိုတာမျိုးကိုလည်း တွေးတောပူပင်ချင်မနေတော့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ပိုက်ဆံ ကုန်လောက်ပြီ ... ငါသိတယ် ... မင်း ပြန်လိုက်ခဲ့တော့"

ဓာတိရဲ့ မျက်နှာက မည်းခနဲပင် ဖြစ်သွားရကာ ... "ပြည့်စုံ ဆိုတဲ့ကောင်နဲ့ ဘာပတ်သက်လဲ၊ သူခင်ဗျားကို ပြော[illegible] တာ မဟုတ်လား ..."ဟု မဆိမဆိုင် ခပ်တည်တည်ပင် မေးလိုက် ပါသည်။

"ဘာပြည့်စုံလဲ ... ဘာပြည့်စုံမှ မသိဘူး ... မင်းမှာ ပိုက် ဆံကုန်ပြီ ... ဒီအတိုင်း ဆက်နေနေရင် ... နေရာလွဲနေတဲ့ မင်းရဲ့ မာနတရားကြီးကြောင့် မင်း ချွေးဖြစ်တော့မယ် ... ငါ့ရဲ့ တစ်ဦးတည်းသောညီကို ငါ ဘယ်တော့မှ ချွေးဖြစ် မခံနိုင်ဘူး ... မင်း စိတ်လေနေတာ မဟုတ်ပါဘူးလို့ [illegible] ကြီး အာမခံဝံ့တယ်ဆိုရင် ငါနဲ့ ပြန်လိုက်ခဲ့တော့ ..."

ဓာတိနှင့် ဦးကိုကိုကြီးတို့ အားပြိုင်ပြီး စိုက်ကြည့် နေမိကြပြန်သည်။ ပြန်ပြောနိုင်စရာ "အပိုင်"စကားမျိုး ရှားပါး[illegible] သော ဓာတိက ဒီအတိုင်းချည်းပဲတော့လည်း ခေါင်းငုံ့အလျှော့ မပေးလိုက်လိုတာမို့ ...





"ခင်ဗျားကသာ ကျုပ်ကို တစ်ဦးတည်းသော ညီတွေ ဘာ တွေနဲ့ ... ကျုပ်ကတော့ လူသိရှင်ကြားကြီး ကတိထားပြီးမှ အလွယ်တကူ ကတိဖျက်ရဲတဲ့ ခင်ဗျားအစား ရှက်တယ် ဗျာ ... အစ်ကိုလို့ ပြောရမှာတောင်မှ မပြောရဲဘူး ... အိမ် လာပို့တဲ့လူကျတော့ ငြင်းလွှတ်ပြီး ... သူ့ကွယ်ရာကျမှ တိတ်တဆိတ် လာပြန်ခေါ်တာ ခင်ဗျားမို့ မရှက်တယ် သူဌေးမင်းရာ ... ဒီငွေလေးတစ်သိန်းဟာ ခင်ဗျားအတွက် ဘာမှမဟုတ်ပါဘူး ... ကျုပ် သိပါတယ်"

"ဒီမှာ အငယ် ... အဲဒီအချိန်မှာ မင်းသာ အေးအေးဆေး ဆေးနဲ့ လက်သင့်ခံ အိမ်ထဲဝင်သွားခဲ့မယ်ဆိုရင် အဲဒီမိန်း ကလေးကို မင်းကြိုက်သလောက် ပုံပေးလည်း ငါမနမြော ဘူး ...သူ့ကို ငါ ပြောလိုက်တာကလည်း မင်းဟာ ငါ့ ညီ မဟုတ်ပါဘူးလို့ ငါတစ်ခွန်းမှ မပြောပါဘူး ... "မဟုတ် သေးဘူး"လို့သာ ပြောခဲ့တာ"

"ခင်ဗျားဟာက ဘာထူးလဲ ... စကားလုံးလေးတစ်လုံးနဲ့ လှည့်ပတ်ရှုပ်ယှက်ခတ်ပြီး ကလိမ်စွေ့ငြိမ်းဆင် ..."

"မင်းအခု ငါနဲ့ ပြန်လိုက်ခဲ့တော့မယ်ဆိုရင် အဲဒီမိန်းကလေး ရဲ့အိမ်ကို ငါ လူလွှတ်ပြီး ပိုက်ဆံပို့ခိုင်းလိုက်မယ် ..."

"သေတောင် လက်ခံမှာ မဟုတ်ဘူး ... ဟိုက ခင်ဗျားတို့ လို မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"လက်ခံတာ မခံတာက သူ့အပိုင်းလေ ... ငါနဲ့မဆိုင် ဘူး"

ဦးကိုကိုကြီးက ဓာတိရဲ့ အိမ်ဂေဟာကို မျက်စိတစ် ချက်ဝဲ အကဲခတ် ကြည့်လိုက်သည်။ ပြီးမှ ...

"မင်းအစ်မက မင်း အနေအစား သိပ်ဆင်းရဲနေပြီတဲ့ ... ဒါပဲ ကပြောပြောနဲ့ သူ တော်တော်စိတ်မကောင်းဘူး ... ငါက မင်းကို နောင်ကျဉ်စေချင်တယ် ... သူကတော့ မင်း ဟာ ဘယ်နည်းနဲ့မှ ဒီလိုပုံစံအတိုင်းနဲ့တော့ နောင်ကျဉ်မှာ မဟုတ်တဲ့အတွက် ... ငါက မင်းနဲ့ပြိုင်မိုက်နေရင် ... မင်း ကိုပဲ ဆုံးရှုံးလိုက်ရမယ်တဲ့ ... မင်းနဲ့ ငါနဲ့ တစ်ချို့ကိစ္စ တွေမှာ ညှိစရာရှိတာ ပြန်ညှိကြည့်ကြမယ် ..."

"ဘယ်လိုကိစ္စတွေလဲ"

ဓာတိမှာ ကိုယ်က ငွေကုန်လက်မဲ့ ... ခရုဆံကျွတ် အိမ်ရာတောင် အတည်တကျ မရှိနိုင်တော့တဲ့ ဘဝကို ရောက်နေ ရတာတောင်မှ လေသံကတော့ မလျှော့ပေ ...။ လုံးဝမျှော်လင့် မထားတော့ပါဘဲ ကိုယ့်ရဲ့အစ်ကိုဘက်က လာပြန်စခေါ်ခဲ့ခြင်းကို တော့ ကောင်းကောင်းကြီး ကျေနပ်နေမိသော်လည်း ... ထိုကျေ နပ်မှုကို စိတ်ထဲမှာသာ ရှိစေလျက် အပြင်ပန်းကတော့ အထက်စီး အနေအထားမှ မဆင်း ...။

"မင်းကို ငါတို့လုပ်ငန်းထဲမှာ အောက်ခြေကစပြီး လေ့လာ နိုင်းတာမျိုးကို ပြင်သင့် ပြင်ရမယ် ... ကားကို လိုတာထက်





ပိုပြီး ပေးမသုံးမိတာတွေ ဘာတွေကလည်း မင်းဘက်က တွက်ရင်တော့ တစ်မျိုးမြင်နိုင်စရာတွေ ... အဲဒီအချက် လည်း ပြင်ရမယ် ... ပြီးကျတော့ မင်းကို အိမ်ကြီးပေါ် ရောက်လာစေချင်ဖော တစ်ခုတည်းနဲ့ ... ဒေါ်လေးနဲ့မင်း နဲ့ တစ်သက်လုံး နေခဲ့တဲ့အိမ်ကို ရောင်းပစ်လိုက်မိတာက ငါ့အမှား ... အဲဒါလေးလည်း ပြန်ပြီးတော့ ..."

ဓာတိက ကိုကိုကြီးကို မျက်လုံးကြီးပြူးပြီး (တမင် ကြီး) စိုက်ကြည့်နေလိုက်ပါသည်။ ကိုယ်နဲ့သူနဲ့ မတွေ့ကြရတဲ့ တစ်လနှစ်လလောက်အတွင်းမှာ ဦးနှောက်အသစ်တစ်ခုများ အစား ထိုးလဲလှယ် တပ်ဆင်လိုက်လေသလား။

"ဒါပေမယ့် မင်းဘက်က ပြန်ပေးရမယ့် ကတိတွေက ... မင်းကို ဟိုအိမ်ပြန်ဝယ်ပေးပေမယ့် မင်း ... အဖေ့အိမ်ကြီး မှာပဲ နေရမယ် ... ဟိုတိုက်ခန်းကို တစ်ခါတလေ စိတ် ပြေလက်ပျောက် သဘောမျိုး သွားနေချင်တာကိုတော့ ငါ မတားဘူး ... ဒါပေမယ့် အဲဒီ တစ်ခါတလေဟာ လုံးဝ တစ်ခါတလေပဲ ဖြစ်ရမယ့်အပြင် ရက်လည်း မကြာစေရ ဘူး ... ပြီးတော့ ... မင်း ... အလုပ် လုပ်ကိုလုပ်ရမယ် ... ပြီးရင် နောက်ဆုံးတစ်ချက် ... အိမ်ထောင်ပြုရမယ်"

"မဖြစ်နိုင်တာ ..."

"မဖြစ်နိုင်တာ ဆိုတာ မရှိဘူး ... ဖြစ်နိုင်တယ် ... ဖြစ် ကိုဖြစ်နိုင်ရမယ် ..."


www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... မဖြစ်နိုင်တာဆိုတာ မရှိရင် ... မြန်မာပြည်မြောက်ဖျားက ခါခါဘိုရာဇီတောင်ကို အစ်ကိုကြီးအိမ်ရှေ့ရောက်လာအောင် ... အစ်ကိုကြီး လုပ်နိုင်သလား ... ရွှေ့နိုင်သလား ..."

"တောင်ကို ရွှေ့လာလို့ မရပေမယ့် ... ငါ့အိမ်ကို ခါခါဘိုရာဇီနဲ့ မျက်နှာချင်းဆိုင်ပြီး သွားဆောက်ထားလိုက်ရင် ... ခါခါဘိုရာဇီဟာ ငါ့အိမ်ရှေ့ကို ရောက်လာလိမ့်မယ်"

ဇာတိက ခံပြင်းမှုတို့နှင့် အံကို တစ်ချက်ကြိတ်ထားလိုက်မိသည်။ အိမ် ... အိမ် ... အမေနဲ့အတူ နေခဲ့ရတဲ့အိမ်ဟာကလေး ...။ ဇာတိရဲ့ ဘဝမှာ အဖေပိုင်ပစ္စည်းများကို ဘာမှမမက်မော ပိုင်ဆိုင်လိုစိတ် မရှိပေမယ့် ... ပိုင်ခွင့်များ ရမယ်ဆိုရင်တော့ အခွင့်အရေးတစ်ခု အနေနဲ့ ... အဖေ့ဆီက အဲဒါလေးတစ်ခုတော့ အမွေရချင်ခဲ့တာလေး ...။ တောက် ... ဒီတစ်ချက်တည်းနဲ့တော့ ဒီသူ့ဌေးကို ကိုယ်တော့ ရှုံးရတော့မှာပါပဲ ...။

"ငါ ဒေါ်လေးဂူကို သွားရှာခဲ့တယ် ..."

"ဗျာ ..."

"အခု သုသာန်တွေ အပြောင်းအရွှေ့ လုပ်တယ်လေ ... မင်းအမေရဲ့ဂူကို နေရာကောင်းတစ်ခုမှာ ပြောင်းထားနိုင်ဖို့ မင်းခေါင်းထဲမှာ မရှိ ... ဘာမှ မလှုပ်ရှားခဲ့ဘူး မဟုတ်လား ..."





"ဗျာ ... ကျွန် ... ကျွန်တော် မသိ ..."

"အေး ... ငါကတော့ သိတယ် ... မင်းကြိုက်ချင်ကြိုက် မကြိုက်ချင်နေ ... သုသာန်အသစ်မှာ ဝင်းတစ်ခုနဲ့ အဖေတို့ အမေတို့ ဒေါ်လေးတို့ အုတ်ဂူသုံးလုံးကို ငါယှဉ်တွဲထားတယ် ..."

ဇာတိ တစ်ယောက် ခေါင်းငိုက်စိုက်ကို ကျသွားရတော့သည်။ နောက်ဆုံးပိတ် ပွဲသိမ်းစကားကို အပိုင်ဆိုလိုက်တဲ့ ဦးကိုကိုကြီးကတော့ သူ့နောက်တော်ပါးက တပည့်တွေကို တစ်ချက်ငဲ့စောင်းကြည့်လိုက်ကာ ... "ပစ္စည်းတွေ သွားဝင်သိမ်း ..."ဟု ခပ်တည်တည်ပင် အမိန့်ပေးလိုက်သည်။ ဇာတိရဲ့ ဘာမှ မယ်မယ်ရရ မရှိသော ပစ္စည်းလေး ကချောက်ကချက်ဟာ ကိုကြီးရဲ့ တပည့်တွေအတွက် ဘာမှတောင် သေချာလှုပ်ရှားကိုက်ရမှာ မဟုတ်ပါ။ ချက်ချင်းပင် ပြန်ထွက်လာနိုင်ခဲ့ကြသော ဘပည့်တွေကို ... ကိုကိုကြီးက လှမ်းကြည့်လိုက်ကာ ...

"မင်း ငါနဲ့ ပြန်လိုက်ခဲ့ပြီ ဆိုရင်တော့ ... ငါနဲ့ မင်းနဲ့ ညှိနှိုင်းပြီးသမျှကို မင်းဘက်က လက်ခံကျေနပ်ပြီလို့ ငါ ယူဆရလိမ့်မယ် ... ငါ့ရဲ့ တစ်ဦးတည်းသောညီကို ငါ့ဘက်က မဆုံးရှုံးချင်ပေမယ့် ... အလကားနေ အာခံဂျစ်တိုက်ပြီး လောကကြီးကို အရွဲ့ကြီး ရွဲ့စောင်းနေမယ့်အလုပ်မျိုးတွေ မင်းဆက်လုပ်နေဖို့ ဆန္ဒရှိဦးမယ် ဆိုရင်တော့ ... ခုကတည်းက တစ်ခါတည်းပဲ ပြန်လိုက်မလာခဲ့နဲ့ ... ငါ



www.burmeseclassic.com

www.burmeseclassic.com



ရော မင်းအစ်မပါ နှစ်ခါတော့ ပြန်ပြီးစိတ်ဆင်းရဲမခံနိုင်ဘူး ... စိတ်ကို ဒုံးဒုံးပြတ်ပြတ် တစ်ခါပဲ ချလိုက်ချင်တယ် ... အဲဒါ မင်းဆုံးဖြတ် ..."

ပွဲသိမ်းရိုက်ချက်ကို ရိုက်ချပြီး နိုင်ကာမှ မလှုပ်နိုင်တော့တဲ့လူ ... မငြင်းနိုင်တော့တဲ့လူကို ... အပေါ်စီးကနေဖိပြီး "ကြောက်ပြီလား"ဟု တစ်ခါထပ်မေးနေသေးသည့် ပုံကဲ့သို့ပင် ...။ သို့သော် ကိုယ်သတိမမူခဲ့မိသည့် ကိုယ့်အမေရဲ့ ငြိမ်းချမ်းမှု တစ်နေရာအတွက် သူက အလိုက်သိ တာဝန်ကျေခဲ့ပြီးပြီ ...။ ကိုယ် တကယ်မက်မက်မောမော တောင့်တခဲ့ရတဲ့ အရာကိုလည်း ဆောင်ကျဉ်းပေးစွမ်းနိုင်တဲ့သူ ဖြစ်နေသေးသည်။ ဒီတော့လည်း ...

ဇာတိက ခေါင်းကိုပဲ တဆတ်ဆတ်ညိတ်ပြလိုက်ကာ "ကောင်းပါပြီ"ဟု ပြောလိုက်ရပါတော့သည်။ ပြီးလျှင်တော့ ကိုယ့်ရဲ့ ခြေလှမ်းတို့ဟာ ကိုကိုကြီးရဲ့ ကားကြီးရှိရာဆီသို့ ...။

"အေး ... မိဘဆိုတာတော့ အစားထိုး မရဘူးပေါ့ကွာ ... ငါလည်း မင်းလိုပဲ မိဘတွေ ဆုံးရှုံးခဲ့ဖူးတာပါပဲ ... ဒါပေမယ့် အဲဒီအတွက် ထိုင်လွမ်းပြနေမယ့်အစား ကိုယ့်မှာ လုပ်စရာတွေက အများကြီး ရှိသေးတာပဲ ... ဟုတ်ပြီလား ... မင်းအစ်မကတော့ မင်းကို ဒီညနေ အိမ်မှာ ထမင်းပွဲနဲ့ စောင့်နေလေရဲ့ ... သူ့တူမနှစ်ယောက်လည်း ထမင်းပွဲမှာ ပါလိမ့်မယ် ..."






ဇာတိက တက်ကြွနေမည့် မရီးတော်ရဲ့ မျက်နှာကို မြင်ယောင်ကြည့်လိုက်ကာ ... "သက်သက် စိတ်ပုပ်တဲ့ လိပ်မကြီး" ဟု စိတ်ထဲကနေ ကျိတ်ကျိန်ဆဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၄)

လှစ်လှစ်မှာ ကိုယ့်ကို လမ်းသွားလမ်းလာ ဘေးဘိ ဲယာကလူတွေ ပြောင်လှောင်ပြုံငြင်ချင်ကုန်ကြတာကိုလည်း ဂရုစိက်မနေနိုင်အား ...။ ကိုယ့်ရဲ့ Target ဦးတည်ရာကြီး မျက်ခြည်ြတ် ပျောက်မသွားဖို့ကသာ အဓိကမို့ ... ကိုယ့်ရှေ့က ပိတ်ဆို့နေကြသော လမ်းသွားလမ်းလာများကို ... တိုးတိုက်ဖယ်ရှားပစ် ၍တစ်ပုံ ... တောင်းပန်လမ်းဖယ်ခိုင်း၍ တစ်နည်း ... ရှေ့သို့ ခြန်မြန်ကြီးပင် ချီတက်နေရပါတော့သည်။

"ဒီမှာ ... ဒီမှာ ... ဒီမှာ ... ကိုကောင်းဇာတိ ... ကိုကောင်းဇာတိ"

ဘယ်လိုနားထူပါးထူနဲ့ တွေ့နေရသလဲတော့ မသိ။ ကိုယ့်နာမည်ကို ဒီလောက်အကျယ်ကြီး အော်ဟစ်ခေါ်နေတာတောင် မှပင် ... ကိုယ်တော်ချောက တစ်စက်မှကို လှည့်မကြည့်ပါ။ နောက်ဆုံးကျတော့ လှစ်လှစ်က စိတ်ပေါက်ပေါက်နှင့် ...။



www.burmeseclassic.com

www.burmeseclassic.com



"သူခိုး ... သူခိုး ... သူခိုး ..."

ဒီတော့မှပင် ရှေ့ကလူတွေလည်း အလန့်တကြားပင် လမ်းရှင်းကုန်ကြပြီး သူကလည်း (ကိုယ့်ကိုယ်ကိုယ် အဲဒီလိုပဲ ခံယူထားလို့လားတော့ မသိ) ဖြုန်းစားကြီးပင် နောက်လှည့်ကြည့် လို့ လာပါသည်။ ပြီးကျမှ "သူခိုး ... သူခိုး"အော်သံရဲ့ ပိုင်ရှင် ကိုရော ... ဘယ်သူ့ကို ရည်ရွယ်ပြီး အော်ဟစ်နေသလဲ ဆိုတာ ကိုပါ သိရှိသွားသော တစ်ခဏ၌ သူ့မျက်နှာကြီးက ရဲတက်သွား ကာ ... လှစ်လှစ်ရဲ့ အပါးသို့ ခြေလှမ်းကျဲများနှင့် ချဉ်းကပ်လာ ခဲ့ပြီး ...

"မင်း ဘယ်လိုဖြစ်နေသလဲ ... မင်းကြည့်ရတာ ငါ့အပေါ် မှာ အငြိုးတစ်ခုကို ရှိနေသလိုပဲ ... ကဲ ... ပြောစမ်းပါဦး... ဒီတစ်ခါ ခွပ်ဈွဲမှာက ဘာလဲ ... မင်းတို့အိမ်က ဘာပစ္စည်း များ ပျောက်ပြန်ပြီလဲ ..."

"မဟုတ်ပါဘူး ... ရှင့်ကို ကျွန်မ ... ဟိုးလမ်းထိပ်အစ တည်းက မြင်ပြီး နောက်က ပြေးလိုက်လာတာ ကြာလှ ပြီ ... ကိုကောင်းဇာတိလို့ အော်ဟစ်ခေါ်နေရတာကပဲ အခါတစ်ရာလောက်ရှိပြီ ..."

"ဩော် ... အဲဒါနဲ့ပဲ စိတ်မရှည်နိုင်ဖြစ်ပြီး ... ငါ့ကို လု ဝိုင်းရိုက်ပြီးအသက်ပျောက်ရအောင် ..."

"အာ ... မဟုတ်ပါဘူး ... အဲလိုခေါ်လိုက်ရင်တော့ ရှင် သိမလားဆိုပြီး"





"ဘာလို့ သိရမှာလဲ ... တောက် ... ငါကလည်း အဲဒီလို ခေါ်မှပဲ လှည့်ကြည့်မိရတယ်လို့ ... ကျွတ် ..."

လှစ်လှစ်က ရယ်ချင်သွားရပေမယ့် တမင်ပင် မျက်နှာ သကလေး ဆက်လုပ်ထားကာ ...

"ကိုကောင်းဇာတိရယ် ... ရှင်ကတော့ စံပါပဲ ... လှစ်လှစ် ကို တိုင်ပင်ပါဆိုတော့လည်း မတိုင်ပင်ချင်ဘူး ... ပြီးကျ တော့ လှစ်လှစ်လည်း ကြားခံမပါလိုက်ရဘဲ ... ရိပ်တောင် မှမရိပ်မိလိုက်ရဘဲ ဘယ်လိုများ လုပ်ချသွားတယ် မသိပါ ဘူးနော် ... ပိရိပါပေ့ ... လည်ပါပေ့ ..."

"ဟော့ ... ဟော့ ... ဘာလဲ ... လာပြီ ... လာပြီ ... ခွပ်ဈွဲ တာတွေ လာပြီ"

"ဘာလဲ ... ရှင်ကရော ဘာလိမ်ဦးမလို့လဲ ... ခုဟာကခွပ် ဈွဲတာလား ... တကယ်လား... ရှင်အသိဆုံးပဲ"

"ဘာတွေကိုလဲ"

"ဘဘတို့ အန်တီလေးတို့လေ ... ဒေါသထွက်လိုက်ကြ တာမှ တုန်တောင်နေကြတယ် သိရဲ့လား ... ဒီတစ်ခါတော့ ဘယ်သူငယ်ချင်းမိဘနဲ့ပဲ ကြားခံပြီး ပြန်ဝင်လာလာ လုံးဝပဲ တဲ့ သတင်းလွှင့် ကြွေးကြော်ထားကြတာ ... ဒါပေမယ့် အလကားပါ ... သိလား ... သူတို့ကလေ သိင်္ဂီထက် မမကြီးရွှေရည့်ကိုဆို ပိုကိုပိုချစ်ကြတာ ... ခဏကြာကျသွေး အေးသွားမှာပဲ သိလား ... သူတို့လေသံတွေ ပျော့ကုန်ကြပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လှစ်လှစ် သတင်းပို့ပေးမယ် ... ခုဘယ်မှာနေကြလဲ လိပ်စာသာ ပေးထား ..."

"အင်း ... လွဲပြန်ပြီ"

"ဘာလဲ ... ရှင်က ... ဘယ်လိုပဲဖြစ်ဖြစ် ... လာတော့ပြ အပ်သင့်ပါတယ် ... ကိုယ်လည်း အနုံညာတထဲကမှ မဟုတ် တာ ... မိကောင်းဖခင်သားသမီးဆိုတာ ဘဘတို့သိအော ပြလိုက်ပေါ့ ... လိုအပ်ရင် လှစ်လှစ်ရဲ့ ဖေဖေကိုပါ ကူပြေ ခိုင်းပေးမယ် သိလား ... ဖေဖေက ဦးကိုကိုကြီး ကောင်းကောင်းသိပါတယ်"

"ခက်တာက ... မင်းအစ်မကို ခိုးတာ ငါမှ မဟုတ်တာ ပဲ"

ကိုယ်ပေးလိုက်သည့် တစ်သိန်းနှင့် ဟိုကောင်ပြည့် တော့ ကောင်းကောင်းအသုံးချ လုပ်စားသွားပြီဆိုတာ ဇာတိ ရိပ်မိလိုက်ပါသည်။ စိတ်ထဲမှာလည်း ရယ်ချင်နေမိ၏။ အလွဲတွေ အများတွေဟာ ဟိုတစ်ခါနဲ့တင် အပြီးသတ်သွားခဲ့ပြီ ထင်တာ မပြီးသေး။ ကိုယ်က ရယ်ချင်နေပေမယ့် ကောင်မလေးကတော့ အတော်ကြီး စိတ်ဆိုးသွားပြန်ကာ ...

"ရှင်က ကျွန်မကို စိတ်ပုပ်မ,လို့ ယူဆတယ်ပေါ့ ... ရှင် တို့ကို လိုက်ခွဲမယ့် မိန်းမလို့ ထင်တယ်ပေါ့ ... စိတ်ချနော် ဒီကလည်းဒီလောက် စိတ်မပုပ်ဘူး ... ပုပ်ချင်ရင်တော် ဘဘတို့က ဒီတစ်ခါတော့ ပြန်ကိုမခွဲဘူး သိရဲ့လား





ပစ်ထားရင်သာ ထားမှာ ... ခွဲဖို့တော့ လုံးဝစိတ်မကူးတော့ ဘူးတဲ့ ..."

"မဟုတ်ဘူး ... ဟိုတစ်ခါတည်းက မင်းကို ငါပြောသားပဲ ... ငါ မဟုတ်ပါဘူးလို့ ... မင်းအစ်မကို ကောင်းဇာတိဆိုတဲ့ နာမည်ကို ပြန်မပြောပြလိုက်ဘူးလား ..."

"မပြောဘူး ... ရှင် စကားပြောပုံက ကျောသံပါလွန်းလို့ မမကြီး ဝမ်းနည်းနေမှာ စိုးတာနဲ့ပဲ ဘာမှကို ပြန်မပြောတာ ... စာပေးခဲ့ပါပြီလို့ပဲ ပြောလိုက်တယ်"

"အဲဒီမှာ လွဲတာပေါ့ ... နောက်ပိုင်းရော တစ်ခါမှ စကား ထပ်မစပ်ဘူးလား"

"မစပ်ဘူး ... အဲဒီ အကြောင်းအရာကို အေးဆေးထိုင်ဆွေး နွေးနေရလောက်အောင်မှ အချိန်မရဘဲ ... လူမလစ်လှ ဘူး ..."

"အဲဒီမှာ ဆက်တိုက် ဆက်လွဲတာပဲလေ ... တကယ်တော့ မင်းအစ်မကို ခိုးသွားတာက ငါမှ မဟုတ်ဘဲ ... ငါ့သူငယ် ချင်း ပြည့်စုံလေ ... မင်းလည်း သိပါတယ် သူ့ကို ..."

လှစ်လှစ်ရဲ့ မျက်နှာလေးက တစ်မျိုးလေး ဖြစ်သွား သည်။

"ဒါဖြင့် သူကပါ ဘာလို့ ဟိုအိမ်လေးကနေ ပျောက်သွား ရတာလဲ ... မမကြီးလည်း ပျောက်သွားရော သိဂီက ဘဘတို့ကို အဲဒီအိမ်ကို ခေါ်ချသွားတာပဲ ... သုမျှားမှာလေ



www.burmeseclassic.com

www.burmeseclassic.com



ရင်တထိတ်ထိတ်နဲ့ ... ဘွားဘွားကြီးများ မိတော့မလား လို့ ..."

"ငါက ငါ့အစ်ကိုအိမ်ကို ပြန်သွားတာပါ ..."

လှစ်လှစ်ရဲ့ မျက်နှာက ဝမ်းသာရိပ်နှင့် လင်းလက် သွားသည်။

"တကယ် ..."

"တကယ်ပေါ့ ... ညာစရာလား ... ဩော် ... ငါ့အစ်ကိုက မင်းကို အိမ်အထိလာပြီး တစ်သိန်းပေးဖို့ အစီအစဉ်ရှိ တယ်တဲ့ ... ငါက မင်းယူမယ်မထင်ဘူးဆိုပြီး တားထား လို့ ..."

"မယူပါဘူး ... ဘာလို့ယူရမှာလဲ ... ဒါဖြင့် မမကြီး ဟို ပြည့်စုံက ခိုးသွားတာ ... ရှင်ကကျတော့ အစ်ကိုအိမ် ပြန်သွားတာနော် ... ကောင်းလိုက်တာ ... ဝမ်းသာလိုက် တာ ... ရှင့်အစ်ကိုက အဲလိုကျတော့ ရှင့်ကို ပြန်လက်ခံ တယ်ပေါ့နော် ..."

"အောင်မာ ... ငါက သွားကပ်လို့ ပြန်လက်ခံရတာ မဟုတ် ဘူး ... သူက လိုက်ခဲ့ပါလို့ အောက်ကျို့ပြီး လာခေါ် ငါက သနားသဖြင့် ပြန်လိုက်သွားပေးလိုက်တာကွ ..."

"အမယ် ... သိပ်ဂုဏ်လုပ်ထားတဲ့ ရုပ်ကြီးနဲ့ ... သိပ်ကျေ နပ်နေတဲ့ လေသံကြီးနဲ့ ..."

"ဒါပေါ့ကွ"





"နေဦး ... လိမ်လိမ်မာမာ နေနော် ... ကြားလား ..."

"အောင်မာ ... မင်းကများ ငါ့ကို ဆုံးမစကားတွေ ဘာ တွေနဲ့ ..."

"မဟုတ်ဘူးလေ ... ဘယ်သူပဲ မှားမှားပေါ့ ... နောက်ဆုံး ကျတော့ ကိုယ်ပဲ ဒုက္ခရောက်ရတာ မဟုတ်လား ... ဟို အိမ်စုတ် ... ခြင်ထောင်စုတ်ကြီးထဲမှာလေ"

နှစ်ယောက်လုံး လှိုက်လှိုက်လှဲလှဲတွေ ရယ်မိလိုက် ကြပါသည်။ ဒီနောက်မှာတော့ အင်မတန် ညစ်ကျယ်ကျယ်နိုင် လှသော စိတ်ဓာတ်တွေက တခဏုပ္ပတ္တိဉာဏ်သဖွယ် ... လှစ်ခနဲ ... ဖျတ်ခနဲ ထွက်ပေါ်လာလေ့ရှိသော ကောင်းဓာတီသည် ... လွတ် လပ်ပေါ့ပါးစွာ ရယ်မောနေသော ကောင်မလေးရဲ့ မျက်နှာကို ကြည့်နေရင်း ... ကြည့်နေရင်းမှာပင် ... အလွန်တရာညစ်ကျယ် လှသော အကြံကောင်း ဉာဏ်ကောင်းများတို့ လင်းလက်ထွက် ပေါ်လာရတော့ကာ ...

"အိမ်လိုက်လည်ပါလား ..."

"ဟင် ... ဘာလို့လဲ ..."

"အစ်ကိုမိန်းမက မင်းကို ကျေးဇူးတင်လွန်းတဲ့ တဖွဖွတရရ နဲ့ ပြော,ပြောနေတာ နားတောင်ငြီးတယ် ... ကျေးဇူးမှ မဆပ်လိုက်ရလို့တဲ့ ... အအေးလေး တစ်ခွက်တောင်မှ မတိုက်လိုက်ရလို့တဲ့ ..."

"အိမ်လိုက်ပြီး အအေးလိုက်သောက်ရမှာလား ..."



www.burmeseclassic.com

www.burmeseclassic.com



လှစ်လှစ်ရဲ့ စိတ်တွေ အင်မတန် ကြည်လင် ပျော်ရွှင်ချမ်းမြေ့လို့ နေပါသည်။ မမကြီးရွှေရည် တစ်ယော ဒုတိယအကြိမ် ထပ်ပျောက်သွားစဉ်က ဒီကောင်းဇာတိဆိုတဲ့ အပေါ်မှာ အတော်ကလေး စိတ်ခုခဲ့ဖူးသော လှစ်လှစ်ဟာ ကား ကြာလာလျှင်တော့ … သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေး ခ ရီး သာယာဖြောင့်ဖြူး ပျော်ရွှင်ပါစေကြောင်းကို စိတ်ဖြောင့်ဖြ နဲ့ ဆုတောင်းပေးနိုင်ဖို့ ကြိုးစားရပါပြီ။

တည်ငြိမ်နိုင်ပြီဖြစ်တဲ့ အခါမှာမှ ပြန်တွေ့ကြ သူဟာ မမကြီးရဲ့ အိမ်ထောင်ဘက်လည်း မဟုတ်တော့တဲ့အ အိမ်ကဆင်း … လေလွင့်သလို ဖြစ်နေသော သူ့ဘဝဟာလ ပြန်လည်တည်ငြိမ်တည့်မတ်လို့ သွားခဲ့ပြီတဲ့ …။ ကဲ … လှစ်လှ မပျော်ရရင် ဘယ်သူကများ ဝင်ပျော်ချင်ကြသေးသလဲ …။

နောက်ဆုံးတစ်ခုအနေနဲ့ ကျန်နေသေးသော အမေ ဆုံးထားလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်နေတဲ့သူဆို ကလေးပါ စိတ်ချရတဲ့သူ ဖြစ်ပြီဆိုရင်တော့ သူ့အပေါ်မှာ ထ ရှိမိတဲ့ လှစ်လှစ်ရဲ့ သံယောဇဉ် စေတနာတို့ဟာ အရာထ အောင်မြင်ပြီးပြတ်ပြီ …။ အဲဒါဆိုရင်ကော ဘာဖြစ်လဲ … ဆက်လုပ်မှာလဲ …။

အို … ဘာမှ ဆက်လုပ်ဖို့ စိတ်ကူးမရှိပါဘူး ဘာဖြစ်ဖြစ်ပေါ့ … ကိုယ့်စေတနာအတွက် ကိုယ်ပြန်ပျော်ရ ပဲ … တော်ပြီပေါ့နော် …။ မဟုတ်ဘူးလား။





အလွန်တရာမှကို စိတ်လက်တွေ ချမ်းသာပြီး ပျော် ရွှင်ချမ်းမြေ့နေရတော့သောအခါ … ဇွတ်တရွတ် အမိုက်အမဲတုံးမ ကလေး လှစ်လှစ်သည် … ကောင်းဇာတိရဲ့ “အိမ်လိုက်လည်ပါ သား”ဟု ဖိတ်ကြားခြင်းကို လက်ခံရရှိတာကိုပင် … ကံကောင်း ခြင်း ကြီးလှစွာသော မဟာဆုလာဘ်ကြီးတစ်ပါး … ဟု အမြင် ရောက်မိလျက် …

“ဒါဖြင့်ရင် ခဏနေဦး … လှစ်လှစ်ရဲ့ သူငယ်ချင်းကို သွားပြောလိုက်ဦးမယ် … သူ့ကားနဲ့လာတာ သိလား … အပြန်ကျရင်တော့ နည်းနည်းဒုက္ခရောက်မလား မသိဘူး နော် … ခုတော့ ဘာနဲ့ပဲသွားသွားလေနော် … အပြန်ကျ ရင်တော့ တက္ကစီတစ်စီးငှားပြီး ပြန်တင်ပေးလိုက်နိုင်မလား”

“အောင်မာ … ရုပ်ကိုလည်း ကြည့်ထားဦးနော် … အစ်ကို က သူဌေးမင်းကြီးခင်ဗျ … နားလည်ရဲ့လား … ကားပါ လာတယ် … အလာရော အပြန်ပါ အဲဒီကားနဲ့ လိုက်ပို့ပေး နိုင်ပါတယ် …”

ဘာမှ ရယ်စရာမပါသော ထိုစကားမျိုးကိုပင် လှစ်လှစ်မှာ ရယ်လို့မဆုံးနိုင်တွေ ဖြစ်နေရတော့ကာ … သူ့သူငယ် ချင်းကို သွားပြန်ပြေးပြောပြီး ချက်ချင်းပင် ဇာတိရဲ့အပါးသို့ ပြန်ရောက်လာပါသည်။ လှစ်လှစ်ကို ကိုယ်မောင်းနေသော ကား ဘစ်စီးရဲ့ ဘေးခုံမှာ ထိုင်ပါလာစေရတာသည်ကပဲ ဇာတိအတွက် မှာလည်း အတော်အတန် ကြီးမားလှတဲ့ ဂုဏ်ပုဒ်ကြီးလိုလို။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းတတ်နေပေမယ့် ဘယ်တုန်းကမှ ကား ပိုင်ရယ်လို့ မရှိလှတဲ့ ဇာတိ အတွက် ... ဘယ်မိန်းကလေးကိုမှ ကိုယ့်နံဘေးမှာ လိုက်ပါစေပြီး ကားမောင်းရတာမျိုးနဲ့ တစ်ခါမှ ကို မကြုံဘူးပါ။ ဘာ့ကြောင့်လဲတော့ မသိ ...။ အမေက ကား တစ်စီး အပိုင်ပေးဖို့ထားချင်သော်လည်း အမေဟာ "မလိုပါဘူး" ဟုသာ ငြင်းဆန်ခဲ့ဖူးကာ ... မနက်လာ၊ ညပြန် ဒရိုင်ဘာတစ် ယောက်နဲ့ ကားတစ်စီးကိုပဲ သွားရေးလာမှု လွယ်ကူစေဖို့ လက် သင့်ခံ ခေါင်းညိတ်ခဲ့တာလေ ...။

ဒီတော့လည်း ဇာတိခမျာ ကိုမြဖေ မောင်းသော ကားပေါ်မှာပဲ အမြဲလိုက်ပါ စီးဖြစ်နေရင်း ... မောင်းတတ်ရုံတော့ သင်ယူထားခဲ့ပေမယ့် ... တစ်ခါမှလည်း အပိုင်ကြီး တက်ကာ မမောင်းနှင် မသုံးစွဲဘူးခဲ့ ...။

"ငါ တစ်ခါမှ မိန်းကလေးတစ်ယောက်ကို ဘေးမှာတင်ပြီး ကားမမောင်းဖူးဘူး သိလား ... မင်းက ပထမဦးဆုံးပဲ ..."

ကိုယ့်ဘာသာ ကျေကျေနပ်နပ်ကြီး ပြောလိုက်မိပြီး ဒီစကားမျိုးဟာ ဘာလိုလို ညာလိုလိုနှင့်မို့ မပြောရင် အကောင်း ဆုံးပဲဆိုတာ ဇာတိက ပြီးမှ ပြန်တွက်နိုင်လိုက်ပါသည်။ မျက်လုံး ကလေးတွေ ဝင်းလက်ကာ စိတ်ဝင်စားဟန် အပြည့်နဲ့ ဖြစ်သွား တဲ့ ကောင်မလေးရေ ... ပေါက်ကရတွေတော့ လျှောက်မတွေးနဲ့ နဲ့နော် ... အဓိပ္ပာယ် ရှိးသားသော ရှင်းလင်းဖြောင့်စင်းသည့် အတွေးမျိုးကိုသာ တွေးဖြစ်အောင် တွေးစမ်းပါ ...။





ဒီလိုနဲ့ ဇာတိနဲ့ လှစ်လှစ်တို့ သူဌေးမင်း ဦးကိုကိုကြီး ရဲ့အိမ်သို့ ရောက်ရှိကြသောအခါ ... သူ့တူမနှစ်ယောက်နှင့် (သင့်တော်လွန်းလို့ ... စိတ်ချရလွန်းလို့ ... မောင်လေးဟာ ဒီလို မိန်းကလေးမျိုးတွေနဲ့မှ ဖြစ်မှာမို့လို့ ... ဆိုပြီး) တဖွဖွ တရရ ပြောချရာက ဖွတ်အတင်းကြဲတော့ဖို့အထိ စိုင်းပြင်းနေပြီဖြစ်သော ရှိးတော်ဟာ ... ဇာတိနဲ့ သူ ပတ်သက်ခဲ့ဖူးသော နှစ်ကာလ မြောက်မြားစွာမှာ ဒီလို မိန်းကလေးတစ်ယောက် ဘယ်တုန်းကမှ ခေါ်မလာ ... ခေါ်မလာဘူးတဲ့အတွက် တကယ့်ကို မျက်လုံးပြူး ... မျက်ဆံပြူး။

"ဟယ် ... မောင်လေး သူငယ်ချင်းမကလေးလား ... ထူးဆန်းလိုက်တာ ... မောင်လေးမှာ မိန်းကလေးသူငယ် ချင်းလည်း ရှိဖူးတာ မဟုတ်ဘူး ... ရှိရင်တောင် အစ်မတို့ သိရအောင် တစ်ခါမှ ခေါ်ပြမိတ်ဆက်ပေးတာမျိုး ရှိခဲ့တာ မဟုတ်ဘူး ညီမရေ ... တကယ့်ကို အထူးတဆန်းပဲ ... သိလား ..."

လှစ်လှစ်ရဲ့ မျက်လုံးလက်လက်ကလေးတို့မှာ ဂုဏ် ယူကျေနပ်မှုတွေ မြောက်မြားစွာပင် ပါဝင်နေကြကြောင်း ... သော်ရော၊ မရိုးပါမက ... လှစ်လှစ် ကိုယ်တိုင်ပါ ရိပ်မိသိရှိနေ ပါသည်။

"လှစ်လှစ် ... ဟုတ်လား ..."

"ကျောင်းနာမည်ကတော့ ... 'ပုလဲနွယ်'ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလဲဟင် ... မောင်လေးနဲ့ တစ်ကျောင်းတည်း ... Same Batch တွေလား ... မိဘတွေကကော ... ဘယ်သ တွေလဲ ... ဘာလုပ်ကြသလဲ ..."

မရီးရဲ့ မေးခွန်းများအတွက် ဇာတိကတော့ အဖေ ကြီးကို ရယ်ချင်နေရတော့သည်။

"သူ့မမှတ်မိဘူးလား ... တစ်ခါက ကျွန်တော့်ကို ဒီလ ပို့ပြီး ကိုကိုကြီးဆီက ဆုငွေထုတ်ဖို့တောင် ကြိုးစားသေ တာလေ ... ဟား ဟား ... အောင်လည်းမအောင်မြင်ဘူး ... အငြင်းပဲ ခံလိုက်ရတယ် ..."

"ဟယ် ... အဲဒီတုန်းက ညီမလေးလား ... ဒါဖြင့် မော လေးကလည်း သူငယ်ချင်းကို ဟုတ်ဟုတ်ကြီး ... သိ ကြီးနဲ့ ဖြောင်ညာသလို လုပ်လိုက်တာပေါ့လေ ... ကြ ပါဦး ... ကိုကိုကြီးကို ပြန်ပြောရမယ် ... အဲဒါဆိုရင်ဖေ အစ်မ သိပြီ ... အဲဒီတုန်းက ကိုကိုကြီးကလေ ... သူ ကို လိမ္မာစေချင်လွန်းလို့သာ ညီမရဲ့ ... သိလား ... ညီ ကို တမင်မပေးချင်တာမျိုး မဟုတ်ရပါဘူး ...

ညီမတို့ ပြန်သွားကြတော့လေ ... မောင်လေ ဘယ်မှာနေနေသလဲ ဆိုတာကို နောက်က လှုလိုက် ကြည့်ခိုင်းသလို ... ညီမရဲ့ကားနောက်ကလည်း နော ကားတစ်စီး ထည့်လိုက်တာပဲ သိရဲ့လား ..."

လှစ်လှစ်ရဲ့ မျက်လုံးကလေး ပြူးဝိုင်းသွားပါသည်





ဇာတိကတော့ တမင်ပင် ခနိုးခနဲ့ အပြုံးမျိုးကို ပြုံးထားရင်း "မထူးဆန်းလှပါဘူး" ဟူသော မျက်နှာထားမျိုးကိုပါ မရ,ရအောင် ဖော်ဆောင်ထား၏။

"ညီမကို ... ကိုကိုကြီးက သိပါတယ် ... သူ့အသိမိတ် ဆွေတစ်ယောက်ရဲ့ သမီးလေးပဲလို့တောင် ပြောသေးတယ် ... ကိစ္စရှိရင် ... ဇာတိ အတွက် ဆုငွေပေးချင်ရင် ... သူ့ မိတ်ဆွေကတစ်ဆင့် အချိန်မရွေး ပေးလို့ရပါတယ်လို့တောင် မှ ပြောသေးတယ် ..."

"ဟာ ... ဟာ ... မလုပ်နဲ့နော် ... ဖေဖေတို့က လှစ်လှစ် ကို ဆူမှာ ... လှစ်လှစ် ဘာသာ လုပ်ချင်ရာတွေ ကျိတ် လျှောက်လုပ်နေတာ ... ဖေဖေတို့က ဘာမှသိကြတာမဟုတ် ဘူး ... သိများသွားရင် လှစ်လှစ်ကို "ကဲရသလား" လို့ ဆူမှာ ..."

မရီးတော်က လှစ်လှစ်ကို ချစ်စနိုးပုံစံနှင့် ပြုံးပြီး ကြည့်နေသည်။ ဒီနောက်မှာတော့ ... စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ရဲ့ ဇနီးမယားကောင်းပီပီ အပြောကောင်းလှသော ရီးရဲ့ စကားတွေအောက်မှာ ကလေးသာသာအဆင့်က မတက် သေးသော လှစ်လှစ် တစ်ယောက် စုံးစုံးကိုမြုပ်ကာ ... မရီးကို အားကျ၊ အထင်ကြီး၊ ချစ်ခင်နှစ်လိုလို့နေတော့သည်မှာ ... ကြဖို့ စကားကိုပင် ဇာတိမှာ မနည်းဝင်ဖြတ် ပြောရတော့သည် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမရီးတော့ ကိုကိုကြီးထံ ဘာတွေဘယ်လို သတင်း ပို့တော့မလဲဆိုတာကို ကြိုသိနေရသည့် ဓာတိကတော့ ကိုယ့်လုပ် ရပ်ကို ကိုယ်သိပ်ကြီး အားရကျေနပ်လို့ နေရပါတော့သည်။

လူပြောမခံချင်လို့လားတော့ မသိဘူးပေါ့နော် ... ဒီတစ်ခါ ဓာတိ တစ်ယောက် ဒီအိမ်ပေါ်က ထပ်ဆင်းပြီး နောက် တစ်ကြိမ် ပျောက်ကွယ်သွားဦးတော့မှာကိုပဲ အပူကြီး ပူနေဟန်ရှိ တဲ့ မရီးဟာ ... ဓာတိရဲ့ အိမ်ထောင်ပြုရေး၊ မပြုရေးကိစ္စမှာ ... အားတက်သရောလည်းရှိ ...။ သိပ်ကြီးလည်း ဖွတ်တော့ မလုပ်စေ ကိုကိုကြီးကသာ ဒီကိစ္စကို တစ်ချက်လွှတ် "စီစဉ်စေ"လို့ အမိန့် တော် ချထားတာပါ။ အဲဒီမှာတင် ဒီမရီးတစ်ယောက်ရဲ့ လှုပ်ရှား နေပုံတွေကို ဓာတိက မြင်နေ သိနေရတော့ အမြင်ခပ်ကတ်ကတ် ကြားက ရယ်တောင်မှ ရယ်ချင်သေး။

သူ့မှာ နဂိုတည်းက "လိပ်မျိုး"ဆိုတော့ကာ ... သူ့ဘက်သူယက်ပြီး ဒီစည်းစိမ်ချမ်းသာတွေကို "ဥမကွဲသိုက်မပျက် စေဖို့"ဆိုတဲ့ အတွေးတစ်ခုနဲ့ ဖွတ်ကလည်း စီစဉ်ချင် ...။ ... ယောက်ျားကလည်း "ဖွတ်စီစဉ်ချေ" လို့ ပြောထားတော့ "ယောက်ျားစကား နားထောင်ရတာပါ"လို့ အကြောင်းပြလို့ လည်း ရတာ ကိုး ...။

ဒါပေမယ့်လည်းပဲ ဓာတိ အကြောင်းကိုလည်း သိသင့်သလောက် သိထားတော့ ဖွတ်စီစဉ်မိကာမှ သူပဲ တရား ဖြစ်သွားမှာကလည်းစိုး ...။ သူ့မှာ ရှေ့တိုးတော့မလိုလို ...





လိုက် ... နောက်နည်းနည်း ပြန်ဆုတ်လိုက် ... ထပ်တိုးလာလိုက် နဲ့ ...။ ဖြစ်နေတာ ... ဖြစ်နေတာ ...။

ကဲ ... အခုလိုဆိုတော့ ဘယ်လိုလုပ်ကြမလဲ ... ဓာတိက ဘာမှ တိတိလင်းလင်း မပြောပေမယ့် (ပြောစရာလည်း မလို) တစ်သက်လုံး တစ်ခါမှ မဖြစ်စဖူး မိန်းကလေးတစ်ယောက် အိမ်လိုက်လည် ... ပါလာတဲ့ကိစ္စမှာ ... သူ့ဘက်က မရဲတရဲနဲ့ ရှေ့တိုးတိုးလာတဲ့ ကိစ္စကြီးကို ဖွတ်ပင် ဆက်စီစဉ်ချင် စီစဉ်ရဲ သေးလို့လား ...။ ကိုကိုကြီးကို သူ ဘာပြန်ပြောမလဲဆိုတာတောင် ကြိုသိသေး ...။

"မဖြစ်ဘူး ထင်တယ်နော် ကိုကိုကြီး ... အဲဒီကောင်မလေး နဲ့ သူနဲ့က ဘာလဲ မသိဘူး ... ခိုင်တို့ရဲ့ အစီအစဉ်တွေကို ဘာမှ ဆက်မလုပ်ဘဲ အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်း ထားလိုက်ကြရင် ကောင်းမယ်ထင်တယ် ... နို့မို့ရင်တော့ ခိုင့်တူမလည်း ဒုက္ခရောက် ... ခိုင်တို့လည်း နာမည်ကောင်း မရ ... သူ့မှာ စိတ်ဝင်စားနေတဲ့ မိန်းကလေး ဘာညာမရှိ ဘူးဆိုရင် ကိုယ်စီစဉ်ချင်တိုင်း စီစဉ်ရတာက ပိုလွယ်တယ်... ခုဟာကတော့ ဘာမှန်းလဲမသိ ... ဖွတ်လုပ်ရင် အားလုံးခက် ကုန်ကြလိမ့်မယ် ထင်တယ် ... အချိန်တော့ စောင့်မှ ..."

ကဲ ... ဒီလိုပဲ မဟုတ်လား ...။ အလွယ်တကူနဲ့တော့ ... လျှော့နောက်ဆုတ်လိုက်မှာ မဟုတ်တဲ့ မရီးရေ ...။ စောင့် ... ပေါ့ဗျာ ... ဆက်သာစောင့် ... ခင်ဗျားတူမတွေ အပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်မကန်ကြမချင်း ဆက်တိုက်ကလေးကို ဆက်စောင့်ပေါ့ ...။

ကိုယ့်ဟာနဲ့ကိုယ် အတွေးထဲမှာပင် သဘောအကျကြီး ကျကာ အူမြူးရွှင်ပျနေစိတ်က ပြင်ပအထိပါ တိုးထွက်ပြီး ... "တကိကိ"ရယ်သံက အပြင်ထိ လျှံထွက်သွားတော့ ... ဘေးနားက (သူလည်းပြုံးပြုံးကလေး လုပ်နေသည်) လှစ်လှစ်က "ဘာတွေ ဒီလောက်သဘောကျနေသလဲ" ... တဲ့ ...။

"ကျေးဇူးပဲကွာ ... အိမ်လိုက်လည်လို့ ..."

"ဟင် ... မလိုအပ်တာ ... အိမ်လိုက်လည်ရုံနဲ့ ဒီလောက် ကျေးဇူးတင်စရာ ရှိသလား ... ဘာလို့လဲ ..."

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အဲဒီလို အိမ်လိုက်လည်တာကို အရမ်းကို ကျေးဇူးတင်တာ ... တကယ် ကျေးဇူးတင်တယ်"

"ဒါဆို လှစ်လှစ်ကလည်း ကျေးဇူးပြန်တင်တယ်"

"ဘာလို့လဲ ..."

"မမကြီးကို နိုးသွားတာ သူ မဟုတ်လို့"

ဓာတိက "တဟားဟား"ရယ်သည်။ လှစ်လှစ်ကလည်း ကိုယ့်အတွေးနဲ့ကိုယ် ... စိတ်တွေ ချမ်းသာလို့ နေသောသည်။





"ကိုယ် စကားတောက်ကြည့်လိုက်ပြီးပြီ နိုင် ... အဆင်ပြေမှာပါ ... အဆင်ပြေမှာပါ ဆိုတာထက် အတော့်ကို ဝမ်းသာအားရနဲ့ ... အဲ့အားလည်း သင့်သွားကြတယ် ... ပြီးတော့ တကယ်ပဲ လိုက်လိုက်လှဲလှဲ ရှိတယ်ကွာ ... အဲဒီလောက် အလွယ်တကူနဲ့ အဆင်ပြေသွားလိမ့်မယ်လို့တောင် မထင်ထားဘူး ... တကယ်ဆိုရင် ဦးခင်မောင်တင့်တို့အနေနဲ့က ဟိုကောင့်အကြောင်းကိုလည်း ဘာမှ ... တစ်လုံးမှကို သိထားကြတာ မဟုတ်ဘူးလေ ... 'ဦးကိုကိုကြီးရဲ့ညီ'ဆိုတာ တစ်ချက်နဲ့ကို မျက်စိမှိတ်ပြီး ဖွတ်ယုံနေတော့တဲ့ သဘော ... အဲဒီလောက်ကြီး ဆိုတော့လည်းကွာ ... ကိုယ့်မှာ တစ်ဖက်ကို အားကလည်းနာ ... ကျေးဇူးလည်းတင် ..."

"ဝမ်းသာစရာ ကောင်းလိုက်တာ ကိုကိုကြီးရယ် ..."

"ဝမ်းသာနေရုံနဲ့တော့ မပြီးသေးဘူးနော် ... မင်းကောင်ကို မင်းပိုင်ဖို့လည်း အရေးကြီးသေးတယ် နိုင် ... မင်းကောင်က စိတ်က သိပ်မှန်လှတာ မဟုတ်ဘူး ... ခုနေတော့ ကောင်းပြီကောင်းရဲ့နဲ့ ပြီးကျတော့မှ ထ,ဖောက်ရင် တစ်ဖက်သားတွေကို သိပ်စော်ကားရာ ရောက်သွားလိမ့်မယ် ... သူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှုကို ရိုက်ချိုးပစ်ရာလည်း ကျလိမ့်မယ် ... နော အရှည်သဖြင့် ဆက်ဆံကြရမယ့် ကိစ္စတွေကလည်း ရှိ သေးတာ ... ကိုယ့်ဘက်က အလွန်ဖြစ်သွားရင် မကောင်း ဘူး ..."

"ကိုကိုကြီးရယ် ... ခိုင် သေချာပါတယ် ... မောင်လေး မိန်းကလေးဆိုရင် စိတ်ဝင်စားဖို့ မပြောနဲ့ ... သူငယ်ချင်း အပေါင်းအသင်း ဆိုတာမျိုးတောင် ကိုကိုကြီး ကြားဖူး လို့လား ... ခုဟာကတော့ ... အိမ်အထိကို ပါလာပြီး တို့နှစ်ယောက်ရဲ့ ပြောပုံဆိုပုံတွေကလည်း ... အို ... သိပါတယ် ... အဆင်ပြေမှာပါ ... အဲဒီကောင်မလေးနဲ့ ဆိုရင် ခိုင့်တူမတွေနဲ့ စီစဉ်ပေးလိုက်တာမျိုးထက်တော မောင်လေးအတွက် ပိုပြီးကံကောင်းမှာပါ ... ခိုင် သိပ်ဝမ်းသာတာပဲ ..."

"အေး ... မင်းပြောနေတဲ့ အတိုင်းပဲ တစ်သွေမတိမ်း လာရင်တော့ ကောင်းတာပေါ့ကွာ ..."

ကိုကိုကြီး ခမျာ တကယ့်ကို စိတ်ပါလက်ပါ ရွှင်နေတော့သော ဇနီးဖြစ်သူကို ကြည့်မိရင်း သက်ပြင်းတစ် နှင့် ခေါင်းကို အသာခါယမ်းလိုက်မိပါသည်။ ဒါဟာလည်း တကယ်တော့ ဝဋ်ကြွေးနဲ့ကို မကင်းခဲ့တာဟု ကိုကိုကြီးက သည်။ သူ့ဘက်က ဘယ်လိုကောင်းတယ် ဆိုတာ ကိုကိုကြီးလည်း မြင်နေ သိနေရတာပဲ ...။





ကိုယ့်မိန်းမပို့ ကိုယ်က ပြောတာမဟုတ်ရပါ။ အား မည်သူမဆိုလည်း ဘက်လိုက်ခြင်းကင်းစွာ ... အသိဉာဏ်ရှိ လေး ရှုမြင်ပေးကြည့်ကြရင် ခိုင့်ရဲ့ တကယ့်စိတ်ရင်းစေတနာ ကို အလွယ်လေးဝင် မြင်တွေ့သွားနိုင်ကြမှာပါ ...။ ခက်နေ က ဟိုကောင်ပဲ ဖြစ်သည်။ မကြည်လင်သော အငုံ့စိတ်တစ်ခု ခံနှင့် အမြဲကြည့်နေသရွေ့တော့ ခိုင့်ဘက်က ဘယ်လိုပင် ထားထား ပြဿနာဆိုတာက ငြိမ်းနိုင်ဖို့ကို လမ်းမမြင်ပေ ...။

ခုလည်း ခိုင်က အာမခံ အထပ်ထပ်ခံလို့သာ ကောင်တစ်ယောက် ခြေငြိမ်ရင်လည်း ငြိမ်ပါစေ ...။ စိတ် ပြောင်းပြီး တာဝန်ယူတတ်လာရင် တော်တာပဲ ... ဟု ကိုကိုကြီး ဒီကိစ္စကို ဝင်ပါလိုက်ရခြင်းဖြစ်သည်။ ဖြစ်လာရင်တော့ ကောင်းပါရဲ့ ... ဖြစ်သာမလာလို့ကတော့ ဘာတွေ ဘယ်လို လုပ်ရဦးမလဲ ဆိုတာကို ... ကိုကိုကြီးက မစဉ်းစားထားရ ။

သမီးရှင်တို့ဘက်ကလည်း ကိုယ့်ဘက်က စကား ကြည့်ရဲ့ အခြေအနေလောက်ကိုပဲ တကယ့်ကို ဝမ်းပန်း သာ လိုက်လိုက်လဲလဲကြီးနဲ့ ချက်ချင်းလက်ငင်း အတည်ကြီး လုပ်ချပစ်လိုက်တော့တာကိုး။ ဒါကလည်း ကိုယ့်မျက်နှာ ခဲ့တည်းကြောင့်၊ ကိုယ့်ကို ယုံကြည်နှစ်သက်ကြလွန်းတာ ကြောင့် ...။ အဲဒီလိုဆိုတော့ ကိုယ့်မှာက တာဝန်က ပိုကြီးသွား တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မျက်နှာမျိုးကြီးမှ ပျက်ရတော့မယ် ဆို...
တော့ကွာ ...။

"ကဲ ... ကဲ ... ခေါ် ... ခေါ် ... ခေါ်ပြောထားချေ... လူကြီးသူမတွေက သူ့စိတ်ကြိုက် ဖြစ်လာအောင် ... ပေးလိုက်ပြီးရင် သူ့ဘက်ကလည်း ဘယ်လိုတာဝန်မျိုး... ကို ပြန်ယူရတော့မယ်ဆိုတာ သူသိအောင် ခေါ်ပြောထား... လိုက်ချေ ... သေချာပြောပြပြီးမှ အိုးမဲထပ်မသုတ်မိ... လည်း မင်း သေချာအောင် လုပ်ချေဦး ..."

ခိုင် တစ်ယောက် သွက်သွက်လက်လက်နှင့် ... ခန်းလေးနေအောင် ပျောက်သွားပြီး တော်ရုံနှင့် ပြန်ပေါ်မလာ... လျှင် ကိုကိုကြီးမှာ မျက်မှောင်တကုတ်ကုတ်နှင့် လူက စိတ်မ... ချင်တော့သလိုလို ... ဒေါသပဲ စ,ထွက်ရတော့မလိုလို ဖြစ်လာ... ပြီ။ ကြာသင့်တာထက် တော်တော်ကလေးကို ပိုကြာသွားပြီ... ပြောနိုင်လောက်သော အချိန်သို့ ရောက်မှသာ စိတ်ရှုပ်ခေါင်းကို... နေသော ရုပ်သွင်နှင့် ခိုင် တစ်ယောက် ပြန်ပေါ်လာကာ ...

"ကိုကိုကြီးရဲ့ ညီက မဖြစ်နိုင်ဘူးတဲ့ ..."

"ဟာ ... တောက် ... ခေါ်လိုက်စမ်း ဒီကောင့်ကို"

ခိုင် လှမ်းမခေါ်လိုက်ရပါဘဲနှင့် ကိုကိုကြီး ရှိနေ... အခန်းဝမှာ ကောင်းဇာတိက ဂျစ်ကန်ကန် ရုပ်သွင်နှင့် 'ဘွာ... ခနဲ ရောက်ရှိလို့ လာပါသည်။





"ဟောကောင် ... မင်းက ဘာလဲ ... မင်းကြိုက်တာကို လူကြီးက လိုက်လျောပြီး လိုက်လုပ်ပေးပြန်တော့လည်းပဲ ကျေးဇူးတင်ပြီး ဝမ်းသာနေရမယ့်ဟာကို ဂျစ်ကတိုက်ပြန်ပြီဆို ... မင်း ဘာကောင်လဲ ... လူကြီးတွေက ဘယ်လိုနေမှ မင်းက ကျေနပ်နိုင်မှာလဲ ... ဟင် ... မင်းကိုငါတို့က ထိုင်ပြီးတော့များ ရှိခိုးနေရဦးမှာလား ... ပြော ..."

ကိုကိုကြီး တော်တော်စိတ်ဆိုးနေပြီ ဆိုတာ ဇာတိက ...မိလိုက်ပါသည်။ ဒါပေမယ့်လည်းပဲ ...

"ကျွန်တော် ကြိုက်တာကို လိုက်လုပ်ပေးရအောင်လို့က ကျွန်တော်က အစ်ကိုကြီးရေ လုပ်ပေးပါလို့ ပြောမိလို့လား"

"ဟောကောင်"

ကိုကိုကြီးက ထိုင်ရာမှ 'ဝုန်း'ခနဲ ထမည်ပြုစဉ် ...က အပြေးကလေးပင် အချိန်မီ ထိန်းထားနိုင်လိုက်ပါသည်။ ...ကိုကြီးက ဇနီးဖြစ်သူ ခိုင့်ကို ... "ကဲ ဒေါ်သေချာကြီး ... ...ယ်လိုလဲ"ဟူသည့် အကြည့်ဖြင့် ကြည့်လိုက်လျှင်တော့ ... ...ကလေးတစ်ယောက်ကို တည်ငြိမ်အခြေကျစေချင်ဇောနှင့် မမေး ...မ်း ထင်ရာရမ်းလုပ်မိပြန်သည့် ခိုင်တစ်ယောက် "မှားပြီ"ဟူ ...သည့် နောင်တတွေက မျက်လုံးထဲမှာ အထင်းသားနှင့် ...။ ခိုင် ... သူ့မျက်ဝန်းထဲကို ... ကိုကိုကြီး လှမ်းမမြင်သာနိုင်အောင် ...က်လွှာကို ကမန်းကတန်းပင် ချပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လည်းပဲ ခိုင့်ရဲ့ နောင်တတွေကို သေး ကြီးပင် ဖမ်းမိလိုက်သော ကိုကိုကြီးက "တောက်"တစ်ချက် ခပ်ကျယ်ကျယ်ပင် ခေါက်လိုက်မိကာ ... ကောင်းဇာတိကိုပဲ "ဘာလုပ်ချင်သလဲ"ဟူသည့် အကြည့်နှင့် အပြိုင်ပြန်စိုက်ကြည့် လိုက်တော့သည်။ "ဝမ်းသာတယ် ... ဝမ်းသာတယ်"ဟူသော ဦးခင်မောင်တင့်ရဲ့ လှိုက်လှဲနေသည့် မျက်နှာကြီးက ကိုကိုကြီး နောက်ကြောင်းပြန်ဆုတ်ခွင့် မပြုတော့ ...။ တကယ်ဆို ဒီကော အကြောင်းကို ... ကိုကိုကြီးရော ခိုင်ပါ ကြိုလည်း သိကြပါရက် မစူးမစမ်း အချိန်မယူမိကြတာက နှစ်ဦးလုံးရဲ့ အမှားသက်သ ပင် ...။

ဒီလိုကောင်မျိုးဟာ သူ့ရင်ထဲမှာ ဝမ်းသာလွန်း "ဖိုးကျိုင်းတုတ်" ဖြစ်နေရင်တောင်မှ အပြင်မှာတော့ "လူကြီး ခဏဖြစ်ဖြစ် စိတ်ဆင်းရဲကြရင်လည်း နည်းသလား"ဆိုတဲ့ ကော စားမျိုးပဲ မဟုတ်လား ...။

"ကဲ ... မင်း ဘာလုပ်မလဲ"

နောက်ဆုံးတော့ မလုပ်ချင်ဆုံး အလုပ်ကို ကိုကိုကြီးမှာ မျက်စိစုံမှိတ် ဖွတ်လုပ်တော့ဖို့ ဆုံးဖြတ်ချက်ချလို ရတော့ကာ ... "ငါ့ဘက်ကတော့ လူကြီးတို့ရဲ့ အာဏာနဲ့ နည်း နည်းလေးမှကို အလျှော့မပေးနိုင်တော့ဘူးဟေ့ ..."ဆိုတာကို ညီဖြစ်သူ မမြင်,မြင်အောင် ပေါ်ပေါ်တင်တင်ကြီး ပြသထားလို ပါတော့သည်။





ဒီမှာတင် "မလွယ်တော့ဘူး" ဆိုတာကို ရိပ်စား က်မိတဲ့ ကောင်းဇာတိက လျှပ်တစ်ပြက် ထွက်ပေါက်တစ်ခု နေနှင့် ...

"ကောင်မလေးနဲ့တော့ စကားပြောကို ပြောကြည့်မှ ... မပြောလို့ မဖြစ်ဘူး"

"ဒါပေါ့ ... ဒါ မှန်တာပေါ့ ... ကဲ ... ဒီလိုဆိုရင် ကောင်း ပြီ ... ပြော ..."

ကိုကိုကြီးရော ခိုင်ပါ သက်ပြင်းကိုယ်စီ ကျိတ်ချ က်မိကြပေမယ့် ဇာတိရဲ့ ရင်ထဲက လှောင်ပြုံးကိုတော့ နှစ် ယောက်လုံးပင် မမြင်နိုင် ...။ ဒါမျိုးက စကားအပြောအဆို ာသားက အရေးကြီးတယ်လေ ...။ ဘုမသိ ဘမသိကြီး ထ, တောင်းခံလိုက်ရလို့ အံ့အားသင့်နေလောက်ချိန်မှာ စကားအပြော ဆို တင်တင်စီးစီး ရှိလာတာမျိုးကိုတော့ ဘယ်လိုမိန်းကလေး ကမှ ငြိမ်သက်လက်ခံနေနိုင်ကြမှာ မဟုတ်ပေ ...။ ဇာတိက စ်လှစ်ထဲ ချက်ချင်းဖုန်းထလှည့်လိုက်သည်။ တော်ပါသေးရဲ့ ... က်ဆုံးတွေ့ကြရတဲ့နေ့က သူငယ်မ ရွတ်ပြသွားခဲ့သော ဖုန်း ါတ်တစ်ခုဟာ မမေ့မလျော့နှင့် ကိုယ်ခေါင်းထဲ စွဲကျန်ရစ်ပေ ...။

"လှစ်လှစ် ..."

"ကိုကောင်းဇာတိ ..."

"ဘာကိစ္စ လက်သင့်ခံလိုက်တာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဓာတိက တန်းခနဲ ပြောချလိုက်သည်။ တစ်ဖ
လေသံတိတ်ကာ ဆိတ်ဆိတ်ကြီး ဖြစ်သွားလေသည်။

"အံ့တောင်သြတယ် ..."

"ဟို ... ဟို ... ဘာတွေပြောနေတာလဲ ... လှစ်လှစ်
ခုနကမှ သိရတာ"

"ဩော် ... ဒါဖြင့် ဘဝတူပေါ့ ..."

"ဟင် ... ကိုကောင်းဓာတိကလည်းပဲ ..."

"ထိုနည်းလည်းကောင်းပါပဲ ..."

"လူကြီးတွေက ဘယ်လိုလဲ မသိဘူးနော် ..."

တိတ်သွားကြပြန်သည်။ နှစ်ယောက်သားဟာ
ဦးလုံး သိရှိပြီးသား ကိစ္စတစ်ခုဟာ ဘာလဲဆိုတာကိုတော့ ထ
ဖော်မပြောဖြစ်ကြဘဲ စကားတွေထဲမှာတော့ ပါပြီးသားပင် ဖြ
ကြတာမျိုးပါ။ အဲဒီလို ဘာမှန်းမသိသည့် ပြတ်တောင်းတိုတ
စကားလေးတွေ လေးငါးခွန်းလောက် ပြောလိုက်မိတာနဲ့တင်
တင်တင်စီးစီး ဖိနှိပ်ပြောချပစ်ဖို့ စဉ်းစားထားမိတဲ့ အတွေး
ဟာလည်း ဓာတိရဲ့ ဦးနှောက်ထဲမှာ ကြက်ပျောက် ငှက်ပျော

"အားနာစရာများ သိပ်ကောင်းသွားမှာလား" ဆို
အတွေးမျိုးကသာ ထပ်ခါတလဲလဲ ပေါ်ပေါက်နေလေတာဟာ
ကိုယ်ချင်းစာ ခင်မင်မိပြီး ဖြစ်သွားတာမို့လား ...။

"လက်ခံမလို့လား"





ဒါတောင်မှ အတော်အမြင်ကတ်ချင်စရာမျိုး ဖြစ်မည့်
ကားမျိုးကတော့ နှုတ်က ထွက်ဖြစ်အောင် ထွက်သွားမိသေးသည်
သ ...။ သို့သော် ထိုသို့သော အကျော့အတင် စကားမျိုးကိုပင်
စ်ဖက်မှ ကြားရတဲ့သူကလည်း သူ့ အစီပွာယ် ကောက်ချင်သလို
ဆက်ပြီး ... ကောက်မိသတဲ့ ...။ အံ့သြစရာ ...။

လှစ်လှစ် ခမျာမှာ ... ဖခင်ဖြစ်သူက မိခင်ဖြစ်သူထံ
ပြောထားသော "ကောင်လေးက သူ့မရီးအပေါ်တော့ မောင်
ရင်းတစ်ယောက်လို ဆိုးပြီး အင်မတန် နိုင်စားချင်သတဲ့ကွ ...
လည်းပဲ အစ်ကိုလုပ်သူကို တိုက်ရိုက်မပြောရဲတာနဲ့ မရီးက
စ်ဆင့် နားပူပြီး ချက်ချင်းဆို ချက်ချင်းမှတဲ့" ဟူသော ကိုယ်
င်ရာ ကိုယ်ဆွဲပြောသည့် စကားများအရလည်းကောင်း ...။
း ကိုယ်တိုင်ဆက်လာသော ဓာတိရဲ့ ကဘောက်တိ ကဘောက်
ာ စကားများအရလည်းကောင်း ...။

"ဘယ်အချိန်က ဘယ်လိုတွေ့ပြီး ဘယ်လိုကြိုက်
ွားသလဲ မသိပါဘူး" ဟု ကိုယ့်မိခင်ရဲ့ ညည်းတွားစကားလိုပင် ...
သူ့ပုံစံကြီးက ဘယ်လိုမှ မသိသာခဲ့ဘဲနဲ့များ ဘယ်တုန်းက
ိုင်းပြသွားတယ် မသိပါဘူး ..." ဟု စိတ်ညစ်သလိုလိုလေး
(ဘာကယ်လည်း မညစ်ပါဘဲနှင့်) ညည်းတွားမိလိုက်ချင်ပါပြီ ...။

"ပြောပြမယ် သိလား ... လှစ်လှစ်ကလေ ... အကြောင်း
အရာတစ်ခုကို ရင်မဆိုင်ရဲဘဲ Suicide လုပ်ချင်တဲ့ စိတ်
ဓာတ်ကိုတော့ မကြိုက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာတွေလာပြောနေတာလဲ ... လာပြန်ပြီ Suicide ... ခုမေးနေတာလည်း အဲဒီကိစ္စ မဟုတ်ပါဘူး ဘာဆိုင်လို့လဲ ..."

"မဟုတ်ဘူးလေ ... ပြောတာ နားထောင်ဦး ... အဲ မကြိုက်တာရှိပေမယ့်လေ ... လှစ်လှစ်က မိဘစကား ဘယ်တုန်းကမှ မပယ်ရှားဘူး ... ကိုယ့်မှာကလည်း ဘာ ဘာညာညာမှ မရှိတာလေ ..."

"ဟား ဟား ဟား ဟား ..."

ဓာတိက အကျယ်ကြီးပဲ အော်ရယ်ထည့်လိုက်မိ တော့သည်။ လှစ်လှစ်လည်း ကြောင်သွားရသလို ... ဓာတိ ဖု ပြောနေတာကို ဘေးနားကနေ မသိမသာ နားစွင့်မိနေကြသည ကိုကိုကြီးနှင့် ခိုင်တို့လည်း တစ်မျိုးကြီးတွေ ဖြစ်သွားမိရသည်

"ကောင်းပြီ ... ကောင်းပြီ ... ကောင်းပြီ ... အေးနော် ကိုယ့်ဘာသာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ လက်ခံတာနော် ပြီးမှ ဘာညာနဲ့ မပြောချင်နဲ့"

"ဘာပြောရမှာလဲ"

ကိုကိုကြီးက မနေနိုင်တော့သလို "ဟေ့ကောင် စကားကို ကောင်းကောင်းပြောစမ်း"ဟု ဘေးကနေ ဝင်အော်သည် ဓာတိက ကိုကိုကြီးရဲ့ အသံကြီး ဖုန်းခွက်ထဲ မဝင်အောင် လက် နှင့် မြန်မြန်ပိတ် အုပ်ထားလိုက်ရင်း ... လက်အအုပ်ကို အသာ ကလေးဟကာ ကိုကိုကြီး မကြားသာအောင် တိုးတိုးကလေး





"အစီအစဉ်က ဘယ်လိုတဲ့လဲ ... အမြန်ဆုံးပဲလား ... မိန်းကလေးဆိုတော့လည်း အချိန်လေး ဘာလေးတော့ဆွဲပြီး အကဲခတ် လေ့လာတာတွေ ဘာတွေ လုပ်ရဦးမှာပေါ့နော်... ဟုတ်တယ် မှတ်လား ..."

ဓာတိဘက်က အဲဒီလောက်ကြီး သိသိသာသာကြီး ကို နိမိတ်ပြ ဆောင်းပေးပြီး ပြောဆိုပါသော်လည်း ... လှစ်လှစ် မှာတော့ "ကောင်လေးက ချက်ချင်းဆို ချက်ချင်းမှတဲ့" ဟူ သည့် အဖေ့စကားအရ ... ဓာတိ တစ်ယောက် သိပ်အကြာကြီး အချိန်ဆွဲထားမှာစိုး၍ တမင်ရွဲ့ပြောနေတာပဲဟုသာ ယူဆပြီး ... ကြောင့်များ ဒီလောက်ကြီးမြန်ချင်နေရပါလိမ့် ... ဟု စိတ် ရှုပ်ရှုပ်နှင့်ပင် ...

"ရှင်က ဘယ်လိုဖြစ်နေလဲ မသိဘူးနော် ... လှစ်လှစ်တော့ သိပ်စိတ်ရှုပ်တာပဲ ... ကောင်းပါပြီလေ ... သိပ်မြန်ချင်နေရင်လည်း ဖေဖေတို့ မေမေတို့ကို လှစ်လှစ် အဆင်ပြေအောင် ကြည့်ကျက်ပြောကြည့်ပါဦးမယ် ... ချက်ချင်းကြီးတော့ မပြောရဲသေးဘူး ... မိဘတွေ ကြည်သာနားဝင်မယ့် အချိန်ကိုတော့ စောင့်မှ ဖြစ်ဦးမှာပေါ့ ..."

ကိုကိုကြီး တစ်ယောက် ဓာတိရဲ့ နံဘေးသို့ ခါး ကော်ပြီး ခပ်တည်တည်နှင့် ပေါင်ကြီးကို လာရပ်နေလိုက် သောအခါမှာတော့ ဓာတိက "သေလိုက် ... လဲသာသေလိုက်"ဟု

www.burmeseclassic.com



တစ်ကိုယ်တည်း ခပ်ကျိတ်ကျိတ် ရေရွတ်ကာ ဖုန်းကိုချလိုက်ရ တော့သည်။

တစ်လွဲမ ...။ အစစအရာရာ လွဲနေတဲ့ဟာမလေး ...သည်။ ဓာတိကိုဆိုရင် အဲဒီလို ပေါက်ကရ တစ်လွဲတစ်စောင်းအမြင်… နဲ့ချည်းပဲ မဟုတ်ကဟုတ်က ကောက်ချက်ချဖို့ချည်း ချောင်းနေ… ရတဲ့ ဟာမလေး ...။ ခပုံစံကြည့်ရတာတော့ ဓာတိကပဲ သူ့… ကြိုက်ချေလွှန်းလို့ ခယယ တောင်းခံထားရတဲ့ပုံမျိုးကို အပီအပြ… ယုံကြည်နေပုံကြီး ...။

"ဟော့ကောင် ... ဘာတဲ့လဲ ..."

"သင်းက ဘယ်တုန်းကများ ဒီလောက် လာကျိတ်ကြိုက် နေသလဲမှ မသိတာ ..."

"ဟော့ကောင် ... မင်း စကားပြောပုံကိုက ..."

ဓာတိက လုစ်ခနဲလေး ပြုံးလိုက်သော မရီးဖြစ်သူ ကို မျက်လုံးစွေစောင်း ကိုကြည့် ကြည့်ကာ ... ဘာမှ "ဘာဘာ ညာညာ" ထပ်ပြောမနေတော့ဘဲ အခန်းထဲမှ လှည့်ထွက်လာ ပါတော့သည်။ ဘာပဲပြောပြော မရီးတူမတွေနဲ့ စာရင်တော့ "တစ်လွဲမ"ကမှ ကိုယ့်အတွက် လှုပ်သာ ရှားသာ ... ကိုယ်ပြော တိုင်း ဖြစ်နိုင်မယ့်သူမို့ အများကြီး တော်သေးတာပေါ့။ သိပ်ကြ ပြင်းပြင်းထန်ထန် ငြင်းမပစ်သေးဘဲ အတိအကျအချိန်ကြီး… ရောက်မလာသရွေ့ ငြိမ်နေလိုက်ဦးမှ ...။





ဓာတိ အခန်းထဲက ထွက်သွားတာနှင့် ကိုကိုကြီး …ဇနီးဖြစ်သူထံ မျက်နှာထားမာမာကြီးနှင့် ကြည့်လို့လာပါ သည်။

"အပြစ်မတင်ချင်နဲ့ ကိုကိုကြီးရေ ... ကိုကိုကြီးရဲ့ညီက ဝသီကို ပါနေတာ ... လူကြီးတွေ နည်းနည်းလေးမှ စနောင့်စနင်း မဖြစ်ရရင် သူက စားဝင်အိပ်ပျော်မှာ မဟုတ်ဘူး ... နောက်ဆုံးကျတော့ ငြိမ်နေလိုက်တာကိုပဲ အတည်ရယ်လို့ ယူရတော့မှာ ... နို့မို့ဆိုရင်တော့ ဒီလိုငြိမ် ငြိမ်သက်သက်ကလေးနဲ့ ပြီးလိုက်မယ်လို့များ ထင်လို့ လား ... နောက်တစ်ခါ အိမ်ပေါ်က မဆင်းသွားရင်တောင် ကံကောင်း ..."

"လာပြန်ပြီလားကွာ ... မင်းရဲ့ သေချာပုံကြီးတွေကိုတော့ ကိုယ်က ခပ်လန့်လန့်ပဲ ... ငြိမ်ပြီး ကျေနပ်တယ်သာ ပြောတာ ... စကားပြောပုံဆိုပုံကလည်း ကြည့်ဦး ... ရိုက် ပေါက်ကွ ..."

"သူတို့အရွယ် သူတို့ခေတ်မှာတော့ အဲဒီလို နိုင့်ထက်စီး နင်းဂျစ်ကန်ကန်ကြီး ပြောတာကိုပဲ သဘောကျစရာ ကောင်း လှပြီလို့ မြင်ချင်မြင်ကြမှာပေါ့ ... ကိုကိုကြီးကသာ ရိုက် ပေါက်လို့ ပြောတာ ... ကောင်မလေးကတော့ တစ်စက် မှ ငြိုငြင်ပုံ မရဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးမှာ ခေါင်းတယမ်းယမ်းနှင့် သက်ပြင်းမော ချလို့ချည်း သာနေမိတော့သည် ...။

❦

"ဟော့လူ ... ဘယ်သွားမလို့လဲ ... ကားရပ်ဦး ..."

အသံလာရာသို့ ကားပြတင်းထဲမှ လှည့်မော့ ကြည့်လိုက်သော် ... ရယ်ရယ်ပြုံးပြုံး ပုံစံနှင့် (မမြင်မတွေ့ကြ သည့် တစ်လလောက်အတွင်းမှာ ရုတ်တရက်) အတော်ကြီးလည်း ဝလာဟန်ရှိသော မောင်ပြည့်စုံ ...။

"ဟာ ... ခင်ဗျား ... ဟား ... ဘယ်လိုဖြစ်နေတာလဲ"

"ဟဲ ဟဲ ... ဝလာတာကို ပြောတာလား ... စိတ်ချမ်းသာ တယ်လေ ... ခင်ဗျား ပေးလိုက်တဲ့ တစ်သိန်းနဲ့ ကျွန်တော် မိန်းမခိုးသွားတာဗျ ... ဟား ဟား"

"သိပါတယ်ဗျာ ..."

"ဘာလဲ ... ခင်ဗျားခေါင်း လာဆောင့်ပြန်လို့လား ..."

"ထုံးစံအတိုင်းပေါ့ ... ဒီတစ်ခါတော့ တကယ်ခိုးတာပါ နော် ..."





"ပထမတစ်ခါတုန်းက ... အထုပ်ကြီးပဲ ရလိုက်ပြီး သူပါ လွတ်လာကြောင်း ကျွန်တော်က မသိလိုက်တာဗျ ... အထုပ်ကလည်းပဲ အိတ်ချထားမယ်လို့ သူက ပြောထားတော့ မြင်တဲ့အိတ် ကောက်ယူလာတာ ... သူ့အဘိုးအိတ်ကြီး ဖြစ်နေရော ... အားလုံး တစ်လွဲတွေချည်းပဲပေါ့ ..."

"အဲဒီခင်ဗျားရဲ့ တစ်လွဲတွေက ကျုပ်ကိုပါ လာရိုက်ခတ် လိုက်တာ ... ခုတော့ ခင်ဗျားဘာသာ ကုလားဖန်ထိုး ... ခင်ဗျားဘာသာပဲ ဖဲချိုးပြီး ဖဲဝေတဲ့ ဇာတ်လမ်းမှာ ကျုပ် က နေရင်း ထိုင်ရင်း ဝင်ပြီး လွဲချက်ကတော့ အနာဆုံးပဲ"

"ခင်ဗျားပိုက်ဆံကို ကျွန်တော် ပြန်ဆပ်မှာပါ ... လိုလွန်း လို့ ခဏယူသုံးလိုက်တာပါဗျ ... ခင်ဗျား ဦးကိုကိုကြီးဆိုတဲ့ တစ်ယောက်ရဲ့ အိမ်ကြီးပေါ် ရောက်သွားမှန်းလည်း သိပါ တယ် ... သူဌေးပေါက်စလေး တစ်ယောက်ဆိုတော့ တစ် သိန်းလောက်ကို ခဏဆိုင်းရင် ရဦးမယ် ထင်လို့ပါ ..."

"ဘာတွေ ပြောနေတာလဲ ... အဲဒီတစ်သိန်းအကြောင်း ပြောနေတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"ကျုပ်မိန်းမရတော့မယ်ဗျ ..."

ပြည့်စုံ ထံမှ ဝါးလုံးကွဲ ရယ်ချလိုက်သော အသံကြီး ကျယ်လောင်စွာပင် ထွက်ပေါ်လာပါတော့သည်။ တော်ရုံနှင့် ရှိန်ပြန်မသတ်နိုင်သော ပြည့်စုံသည် ဇာတိကို အရမ်းပင်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျနေသည့် ပုံကြီးနှင့် မပြီးနိုင်တော့အောင် ဆက်ရ
နေတော့ရင်း ...

“ဘယ်လို ဖြစ်ရတာလဲ”

“ခင်ဗျားလျှောက်ပြီး ကမ္ဘာနဲ့ချီ ဖြန့်ထားတဲ့ Suic
သတင်းကလည်း တစ်မှောက် ...”

ဇာတိက “ကျွတ်”ခနဲ လုပ်လိုက်ကာ ပြည့်စုံ
ပခုံးတစ်ဖက်ကို စိတ်ရှိလက်ရှိကြီးပင် ဘုန်းခနဲ ရိုက်ချပစ်လို
ရင်း ...

“တိုက်ဆိုင်ပုံများကတော့ ခင်ဗျားနဲ့ ကျုပ်နဲ့ ကံမကော
ရင် အမျိုးတောင် တော်ချင်တော်နေရဦးမယ် ... ကျွ

“ရော် ...”

ပြည့်စုံက ရယ်ရှိန်ရပ်တန့်ကာ မျက်လုံးခပ်ပြူး
နှင့် ...

“ကံမကောင်းရင် ဆိုတာက ဘယ်လိုအဓိပ္ပာယ်ပါလိမ့်

“ခင်ဗျား ခယ်မကို ယူရတော့မယ့် ကိစ္စကို ကျုပ်က သ
သုံးရာထိ ပေါက်သလို ကံကောင်းလိုက်တာလို့ ဝမ်း
နေရဦးမှာလား ...”

ပြည့်စုံရဲ့ မျက်လုံးများ ပြန်လည်မှေးကျဉ်းသွား
သည်။

“လှစ်လှစ်နဲ့လား ...”

“ဟုတ်ပါ့ ...”





“ဟား ... ဘယ်လိုတွေ ဖြစ်ကုန်တာလဲကွာ ...”

“အဲဒါ ပြောတာပေါ့ ... ခင်ဗျားကစတဲ့ ဇာတ်လမ်းမှာ ... နောက်တော့ ဟိုဘက်ဒီဘက် လူကြီးတွေပါ အကုန်ဝင်ပါလာကြရော ... ကောင်းသေးရဲ့လား”

“မကောင်းဘူး ... ဒါပေမယ့် ခင်ဗျားဘက်က ပြောတာ မဟုတ်ဘူး ... ကောင်မလေးဘက်က ပြောတာ ... ဘယ်လိုဖြစ်ရတာလဲ ... တကယ်သာ အမှန်ဆိုရင်တော့ မဖြစ်သင့်ဘူး ... ကောင်မလေးဘက်က လုံးဝနာစရာ ...”

“အောင်မာ ...”

ဇာတိမှာ မခံချိ မခံသာ ဖြစ်သွားရသော်လည်း ပြည့်စုံ တစ်ယောက်ကိုတော့ဖြင့် ဘယ်လိုမှ ဗွေယူလို့ မရနိုင်တာ ည်း ကိုယ့်ကိုယ်ကိုယ် အသိဆုံးမို့ ... ကားတံခါးကို ပြန်ဖွင့် ဝင်ထိုင်လိုက်ပြီး ...

“လာတက်”

“ဘယ်လဲ”

“အဲဒီအရှုပ်တော်ပုံကိစ္စတွေဆိပဲလေ ... မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်လာရရင် ... ခဏခဏ တွေ့ကြဖို့ လိုအပ်တာတို့ ... သူနိုင်းတိုင်း လုပ်ပေးနေရတော့မှာတို့ ... ဟား ... ဘာတွေလဲ ... ဘာအဓိပ္ပာယ်မှ မရှိဘူး ... ဒါပေမယ့်လည်းပဲ ဘေးကဖိအားတွေ ... Pressure တွေက ရှိတယ် ... အေးအေးနေချင်လို့ မရတော့ဘူး ...”



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံမှာ ဓာတိကို အတော်အမြင်ကတ်လာ
ရသော်လည်း ကားတံခါးကို ဆွဲဖွင့်ကာ ဓာတိနှင့် ဘေးချင်းယှဉ်
ရက် ရှေ့ခန်းကခုံမှာ ဝင်ထိုင်လိုက်သည်။

"ခင်ဗျားအခြေအနေက အဲဒီဆွေမျိုးတစ်စုကို ရှောင်နေ
လိုအပ်နေဦးမယ် ဆိုရင်တော့ မလိုက်ခဲ့နဲ့နော် ... ရတယ်"

"ပြန်အပ်ဖို့ ကြားလူကတစ်ဆင့် ပြောပြီး ညှိပြီးပါပြီ ..."

"အိုကေလား ..."

"ကေမှာပါ ... ရက်ရာဓာတစ်ရက် ရွေးနေကြတယ်လေ"

ဓာတိက တစ်ယောက်တည်းကျိတ်ပြီး ခေါင်းယမ်း
လိုက်မိပါသည်။ ပြောနေပုံကိုက ဂုဏ်ယူသံတွေ များများပါ
သော လေမျိုးကြီးနဲ့။ ဃရာဝါသကိစ္စမှာ ဒီလောက်ဂုဏ်ယူနေ
စရာရယ်လို့ ကိုယ်ဖြင့် ဘယ်တုန်းကမှ မမြင် မကြားခဲ့စဖူး ...
တွေးကြည့်ရင်တောင် အဖြေမပေါ်နိုင်ပါဘူး ...။ သူ့မတော
ကိုယ်က ပြန်အပ်လို့ ဟိုက ဆီးကြိုလက်ခံရမှာကိုပဲ ဝန်ကြီးရ
ရာထူးကို ရုတ်တရက် ရလိုက်သလောက်နီးနီးကို ဂုဏ်ယူနေတော
တာပါ ...။

ဟ ... ဟ ... နေပါဦး ...။ ကိုယ်လည်းပဲ သ
လောက်တော့ မဟုတ်ပေမယ့် ... ထိုဃရာဝါသနှင့်လည်း မပ
သက်လှပေမယ့် မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်လို့တော
လှစ်ခနဲလေးတစ်ချက်လောက်တော့ ဂုဏ်ယူဖူးတယ်လေ ...
ဘယ်သူရှိမလဲ ... ဟိုဒေါ်မေတစ်လွဲပဲပေါ့ ...။ သူ့ကိုဘေးမှာထ





(ပထမဦးဆုံးအကြိမ်)ကားမောင်းခဲ့ရစဉ်က ...။ ဟားဟား ...
ပြန်စဉ်းစားတော့အတော်ကိုရယ်ဖို့ကောင်းတဲ့ကိစ္စ။

"ဘယ်လို ဖြစ်သွားကြတာလဲ ဖိုးဓာတိ"

"ဘာကိုလဲ ..."

"ခင်ဗျားနဲ့ လှစ်လှစ်နဲ့ ကိစ္စလေ ..."

"ခင်ဗျားမျက်နှာထားကြီးကို ပြင်စမ်းပါဦး ကိုယ့်လူရာ...
ကျုပ်ကိုလည်းတစ်ဆိတ်ကလေးတော့ အားနာသမှု ရှိဖို့
ကောင်းပါတယ် အဲဒီလောက်ကြီးတောင်မှ ဖြစ်နေရသလား"

သူ့ကို ဟိုဘက်ကလက်ခံပြီး ရက်ရာဓာတစ်ရက်
ကြံရုံနှင့် သူ့မှာ သူ့ကိုယ်သူ ထိုဆွေမျိုးကိုဏ်းဝင်ကြီးဟုပဲ
သင်ရောက် စိတ်ကြီးဝင်နေတော့သလိုလို ...။ အမယ် ...
ယ်များ တော်စပ်ပြီးကြရင် ဓာတိကို နည်းနည်းလေးလောက်
ည်မရရင်ဘဲ ဓားနဲ့ထခုတ်ပစ်မလား မဆိုနိုင် ...။

"ကျွန်တော် သူနဲ့ တစ်ခါပဲ စကားပြောဖူးတယ် ... ဒါပေ
မယ့် သူသိပ်ဖြူမှန်း အဲဒီတစ်ခါနဲ့တင် ကျွန်တော် ဖမ်းနိုင်
တယ် ဖိုးဓာတိရာ ... ခင်ဗျားဘာသာခင်ဗျား လောကကြီးနဲ့
မပြေလည်လှတာတွေ ရှိချင်ရှိပါစေ ... အဲဒီမိန်းကလေး
မျိုးကိုတော့ ရောယောင်ဆွဲထည့်ပြီး ဒုက္ခမပေးမိစေနဲ့ပေါ့
ဗျာ ..."

"ခင်ဗျားပြောပုံအရ ကျုပ်က လူယုတ်မာကြီး သိပ်ဖြစ်နေ
ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလည်း လူယုတ်မာတော့ မဟုတ်ပါဘူး ... ဘယ်
မှာနေမှန်းမသိ ... ဘယ်ကမှန်းမသိ... ဘယ်သူမှန်းမသိ
လူတစ်ယောက်ကို ခင်ဗျားရဲ့စိတ်ထဲမှာ နည်းနည်းလေး
သဘောကျစိတ် ဝင်မိရုံနဲ့ ဘတ်ခနဲ ငွေတစ်သိန်းထုတ်
လိုက်တဲ့ ကိစ္စမျိုးဟာ တော်ရုံလူ လုပ်နိုင်တဲ့ ကိစ္စမျိုး
မဟုတ်ဘဲ ..."

"သိပ်ချမ်းသာနေတဲ့ သူမျိုးမို့ ဖြစ်မှာပေါ့ ..."

"ခင်ဗျားရဲ့ ပုံစံက ခင်ဗျားမှာ ရှိထားပြီးတဲ့ နှင်ဂိုစိတ်
ကောင်းလေးကို အကြောင်းတစ်ခုခုကြောင့် ပေါ်လာ
စိတ်ရိုင်း ... စိတ်လေတွေနဲ့ ဖုံးအုပ်ဖျက်ဆီးထားသလိုပဲ

"ခင်ဗျားက လက္ခဏာလား၊ ဗေဒင်လား၊ အကြားအမြင်
လား၊ နက္ခတ္တလား ... အတပ်ဟောတော့ အတပ်ဟော
ဗျ ... တစ်နေရာရာကနေ ကြိုသိလာပြီး လာပြန်ပြော
နေသလို ဖြစ်နေတယ် ..."

ပြည့်စုံက စကားမဆက်တော့ဘဲ ခပ်မဆိတ်ပဲ
နေတော့သည်။ ဒါတောင်မှနော် ... ခယ်မမို့လို့ ... ခယ်မတော
မှ အရင်းမဟုတ်ဘဲ ဝမ်းကွဲဖြစ်နေလို့ ...။ သူ့နှမအရင်းသာဆို
တော့ ... ကောင်းဇာတိတို့ ခုချိန်မှာ ခပ်ရွှဲရွှဲ မျက်နှာပေး
ကားကို ဆက်မောင်းနေနိုင်ဖို့ ဘယ်လိုမှ အာမ,မခံနိုင်တော့
ဒီအချိန်မှာ အသက်နဲ့ကိုယ် အိုးစားမကွဲဘဲ မြဲမြဲစွဲစွဲမှ ကျန်ခဲ့
မလား ...။





ပြည့်စုံနှင့် ဇာတိတို့ သခင့်အိမ်သို့ ရောက်ကြသည်
စကားထပ်မဆိုဖြစ်ကြတော့ပါ ...။ သခင့်အိမ်သို့ ရောက်
မှ ပြည့်စုံက မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း ...

"ဘယ်သူ့အိမ်လဲ ..."

"လှစ်လှစ် သူငယ်ချင်း သဇင် ဆိုတာရဲ့အိမ် ... ဒီနေ့ ဒီအိမ်
မှာ သူတို့ ကွန်ပျူတာကျူရှင် ရှိလို့တဲ့ ... ကျူရှင်ကအပြန်
ပြောစရာရှိလို့ လာကြိုပြီး အိမ်ပြန်ပို့ပေးချေပါဦး ဆိုလို့ ..."

ပြောရင်းက ဘေးနားကနေ ခပ်တည်တည်ကြီး
နေသော ပြည့်စုံကိုပင် မေ့ကာ ဇာတိက စိတ်တိုချင်ချင် ဖြစ်
ပြန်သည်။ အဲဒီ တစ်လွဲမဟာ လုပ်လိုက်ပြီဆိုမှဖြင့် တစ်လွဲ
ပဲလား... ဒါမှမဟုတ် ... သေချာကြံရွယ်ပြီးတော့များ အပိုင်
သလား။ ခုလို တစ်ဖက်လူက လာချင်မှန်းမသိ မလာချင်
သိ ... သူ့ဘက်ကနေ ဘုရင်မကြီး တစ်ယောက်လို ဆင့်
သည့် ကိစ္စမျိုးမှာ ... ကာယကံရှင်ဖြစ်တဲ့ ကောင်းဇာတိကို
ဘယ်သောအခါမှ တိုက်ရိုက်မပြော ...။

ကောင်းဇာတိက ကိုကိုကြီး အမိန့်နဲ့ အလုပ်ဆင်းနေ
မနက်ခင်းကနေ ညနေစောင်းအထိ အိမ်မှာမရှိလေတာကို
မသိတာလည်းမဟုတ် ...။ ဖုန်းဆက်ချင်ရင် ဆက်ပါလား
ပြန်လာချိန်ကျ ...၊ ဒါမှမဟုတ် ခုဆိုခုမှဟု အဖြစ်သည်း
လည်း အလုပ်ထဲအထိ ... ရုံးအထိ လိုက်ဆက်ပါလား။
မဟုတ်ပေါင် ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဆိုရင် ကာယကံရှင်ဆီ ဘယ်တော့မှ တိုး ရိုက်ရောက်မလာဘဲ ... ဒေါ်တစ်လွဲမှတစ်ဆင့် ... မရီးဆီသို့ မရီးကမှ သူ့ချစ်လင် ...။ အဲဒီရောက်ပြီးပြီဆိုရင်တော့ ကောင်းအော ထံ တစ်ဆင့်ပြန်လည်လာသော သတင်းစကားဟာ အမြဲတ ဆိုသလိုပင် ပူးတွဲအနေနှင့် "အမိန့်ကြီး"တစ်ခုနှင့် အတူတ ဖြစ်နေခဲ့ပြီ ...။ ကောင်းကြသေးရဲ့လား ... တောက် ...။

စိတ်ကူးထဲမှာ တောက်ခေါက်လိုက်သက အပြင် လျှံထွက်သွားသောအခါ ကိုယ့်လူလိုလိုနှင့် သူ့ဘက်သားလုံးလ ကြီး ဖြစ်နေပြီဖြစ်သော ပြည့်စုံက ခပ်တည်တည်ကြီး လှည့်ကြ လို့ လာပြန်သည်။ ဒီတစ်ခါ ဘက်ပင်းပင်းကြီး ထပ်အဖြစ်သ နေဦးမည် ဆိုရင်တော့ ဇာတိကလည်း ဗွတ်ကြီးကို ပြန်အရွဲ့တိုက် ပစ်တော့မည်ဟု ကြံရွယ်လိုက်ဆဲ ... ဇာတိနှင့် ပြည့်စုံတို့ ယောက်နဲ့တစ်ယောက် ဘာမှပြောခွင့်မရလိုက်တော့ဘဲ ... လှစ် က ကားနားသို့ လှစ်ခနဲပင် ရောက်ရှိလာပါတော့သည်။

"ဟယ် ... ကြည့်စမ်း... တကယ်လာတယ်တော့ ...အယ် ဟိုတစ်ယောက် ..."

သင်းကသာ ဘာမှမတော်ရသေးခင်တင်မှာပဲ ဇွ ဘက်ပင်းနေတာ ... လှစ်လှစ်ကတော့ သင်းကို မြင်တာနဲ့ မျက်နှာတွေ ဘာတွေပါ ပျက်ထွက်ကုန်ကာ ...

"ဟယ် ... ဘာလို့ သူ့ပါ ခေါ်လာရတာလဲလို့ ... တော် တာပေါ့ ... ဒီနေ့ သိင်္ဂီ ကျူ့ရှင်မတက်ပေလို့ ... ဟင်





"လှစ်လှစ် ... ကျွန်တော့်ကို သိတယ်ပေါ့ ..."

"သိပါတယ် ... မသိစရာလား ... ဟင်း ... ဘယ်မလဲ သူများအစ်မ ..."

"လာပြန်အပ်တော့မှာပါ ... ရွှေရည့်အမေတို့တွေက ရက် ရွေးနေသေးလို့ ... ညှိထားပြီးပါပြီ ..."

"ဟင် ... တကယ်လား ..."

"တကယ်ပါ ... မယုံရင် လှစ်လှစ်ရဲ့ အဒေါ်ကို မေးကြည့်၊ ကြည့်လိုက်ပေါ့ ..."

"လှစ်လှစ်ကိုလည်း မပြောကြဘူး ... အင်း ... ဒီလိုဆိုရင် တော့ ..."

လှစ်လှစ်ရဲ့ မျက်နှာလေးက လျှပ်တစ်ပြက်အတွင်း သို့ကျသွားပါသည်။ ခပ်ညှိုးညှိုး ရုပ်ကလေးမှာ သဇင်တို့အိမ် ထွက်လာစဉ်တုန်းကလို လန်းရွှင်တက်ကြွနေသော အနေ ထားသို့ လုံးဝပြန်ရောက်မလာတော့ဘဲ ဆက်လက်ပြီးတော့သာ တွေပုံကလေးနှင့် ရှိနေတော့ပြီး ...

"ကိုကောင်းဇာတိ ... သူငယ်ချင်း ပါလာရင်လည်း သွား စရာရှိရင် သွားကြတော့လေ ... လှစ်လှစ် ... သဇင့်ကိုပဲ ပြန်ပို့ခိုင်းလိုက်တော့မယ် ..."

"ဟာ ... ဒါဆိုလည်း အစတည်းက ဘာလို့ခေါ်သေးလဲ ... အဲဒီ သဇင် ဆိုတာက ပြန်ပို့လို့ရရင် သူ့ပဲ အစောတည်းက



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပို့ခိုင်းခဲ့ပါလား ... အလကား ... အလုပ်ပျက် အကို
ပျက်အောင်ကွာ ..."

လှစ်လှစ်နှင့်တွေ့မှ ခပ်လျော့လျော့ ပြန်ဖြစ်သွားသော
ပြည့်စုံရဲ့ မျက်နှာကြီးက အောက်သိုးသိုးကြီး ပြန်ဖြစ်သွားပြ
သည်။

"ပြောစရာလည်း ရှိလို့ဆို ..."

"ဪ ... ဟုတ်သားပဲ ..."

လှစ်လှစ်ရဲ့ မျက်နှာလေးက တစ်မျိုးလေး ဖြစ်သွ
ကာ ... ပြည့်စုံဘက် တစ်ချက်ကြည့်လိုက်ပြီးမှ ဖာတိထံ ခပ်
တိုးလေးနှင့် ...

"သူက မြန်မြန် ... မြန်မြန် ဆိုတော့လေ ... လှစ်လှ
လည်း ဖေဖေနဲ့ မေမေကို အချိန်ယူပြီး တဖြည်းဖြ
တတိတိနဲ့ တစ်ခွန်းစ နှစ်ခွန်းစ နားသွင်းလာတာလေ
ဖေဖေကတော့ ဦးကိုကိုကြီးကလည်း ပြောပြထားလို့ သိ
သားပါ ... အမိက,ကတော့ မေမေ့ကိုပဲ ရအောင်ပြောကြ
မှာ ... အဲဒါ ဒီနေ့ အပြတ်ပြောမလားလို့ ... သူပါမ
ရင် ပိုကောင်းမလားလို့ ... သူ့ပါအိမ်ခေါ်သွားမလို့
ကို ... မေမေကလည်း တွေ့ဖူးချင်နေတာ ..."

အောင်မယ်လေး ...။ အိမ်လိုက်ပြီးတော့
လူကြီးသူမတွေနဲ့ပါ တွေ့ကြရဦးမတဲ့ ...။ ဖာတိက အကျေ





သုလိုလိုနဲ့ လှည့်ပတ်ပြီး ပြေးပေါက်ရှာထားလိုက်သည်။ အမိပွာယ်
တွေက တဖြည်းဖြည်းနဲ့ မရှိပြီးရင်း ပိုပိုမရှိလာတာ ...။ ဖာတိ
ကပဲ "မြန်မြန် ... မြန်မြန်"တဲ့ ... ဟား ...။

"ဟို ... ဒါကတော့ ဒီလိုရှိတယ်လေ ... ပြန်ပို့ပေး ဆိုရင်
တော့ အိုကေ ... ရတယ် ... ပို့ပေးခဲ့မယ် ... အိမ်ထဲဝင်ဖို့
ဆိုတာကတော့ မဖြစ်နိုင်သေးဘူး ... ဒီမှာက ပြည့်စုံလည်း
ပါနေတာလေ ... ဟုတ်တယ် မှတ်လား ... အဲ ... သဇင်က
ပြန်ပို့ပေးမယ် ဆိုရင်တော့ ပိုအဆင်ပြေတယ် ... အဲဒါ
ပိုကောင်းတယ် ... ပြည့်စုံ အနေနဲ့က သူ့ကို ပြန်လက်ခံ
တဲ့နေ့ မရောက်မချင်း အဲဒီအိမ်ရှေ့ကတောင် မဖြတ်ရင်
အကောင်းဆုံးပဲ ... နို့မို့ဆို လူကြီးတွေကို မလေးစားရာ
ကျနေမယ် ..."

"ဟုတ်ပါတယ် ... သဇင့်ပဲ လိုက်ပို့ခိုင်းလိုက်တော့မယ် ...
ဟို ... မြန်မြန် ... မြန်မြန်ဆိုတဲ့ ကိစ္စကလည်း ..."

"ရတယ် ... ရတယ် ... အဲဒါကို ခေါင်းထဲမထည့်နဲ့ဦး ...
လူကြီးတွေရဲ့ ခေါင်းထဲမှာ ဟိုကိစ္စကတစ်မျောက် ...
ဒီကိစ္စကတစ်မျောက် ဖြစ်နေလိမ့်မယ် ..."

"ဟုတ်တယ် ... အဲဒါကိုပဲ ပြောမလို့ ... မမကြီးတို့က
လာပြန်အပ်ပြီးရင်လည်း အန်တီလေးတို့က မင်္ဂလာဆောင်
ကို ပွဲတွေဘာတွေနဲ့ လုပ်ချင်ကြဦးမှာပဲ ... ဘာပဲဖြစ်ဖြစ်
လေ ... ဟုတ်တယ် မှတ်လား ... မမကြီးတို့ပွဲ လုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ဘိုးဘိုးတို့က နောက်တစ်ပွဲကို တစ်နှစ်တည်းမှ ဘယ်လိုမှ ထပ်ခွင့်ပြုပေးတော့မှာ မဟုတ်ဘူး ... လူကြီ တွေက အယူရှိတယ် ... တစ်နှစ်ထဲ နှစ်မင်္ဂလာမလုပ်ကောင် ဘူးတို့ ဘာတို့ ..."

"ဟာ ... ဟုတ်တာပေါ့ ... ဒါ မှန်တယ် ... အိုကေ ... အိုကေ ... ဘာမှ စိတ်ထဲမှာ ထားမနေနဲ့ ... ဒါဖြင့် သင နဲ့ပဲ ပြန်လိုက်တော့ ... ငါတို့လည်း သွားလိုက်တော့မယ် ... ဟုတ်ပြီလား ..."

ပြေးပေါက်က ကိုယ်ဖော်နေစရာပင် မလိုေ သူ့ဘာသာသူ အဟအပေါက်က ရှိထားပြီးနှင့်တာမို့ ဇာတိ တ ယောက် အလွယ်တကူလေးပင် ရုန်းပြေးထွက်လာနိုင်သည့် သဘေ မှာရှိနေပါတော့သည်။

"မောင်ရင်ကတော့ သိပ်မဟုတ်တော့ဘူးနဲ့ တူတယ် ကို လူ ... မောင်ရင့်ရဲ့ ဆန္ဒတော့ လုံးဝပါပုံမရတဲ့ ဒီကိစ္စကြ ကို မောင်ရင်ကပဲ ဘယ့်နှယ့်ကြောင့် မြန်မြန်လို့ သွားလေ ထားရပြန်တာတုန်း ..."

"ဟာ ... အဲဒါတွေက အမှန်အတိုင်း ပြောရင်တောင် နိုင်ဖို့ သိပ်မလွယ်တော့ဘူး ... ဘယ့်နှယ်ဗျာ ... ဘာပြေ ပြော သူ ထင်ရာချည်း ဆွဲအဓိပ္ပာယ်ကောက်တော့တာ"

"ရှင်းလိုက်လေ ... ပြီးရင် မောင်ရင့်ဆန္ဒ လုံးဝမပါတာ ပါ တစ်ခါတည်း ထုတ်ပြောထားလိုက်တော့ပေါ့ ... ရှင်





ရှင်းလင်းလင်း သိသွားကြပြီး ဒီကိစ္စကြီးကို ဆက်မကြံစည် ကြတော့ရင် ... မင်းကော ... ကလေးမလေးအတွက်ကော ပိုမကောင်းဘူးလား ..."

"မကောင်းဘူး ..."

ပြည့်စုံက ဇာတိဘက် ဆတ်ခနဲ လှည့်ကြည့်လို့ လာပြန်သည်။

"တစ်နှစ်ထဲ နှစ်မင်္ဂလာ မလုပ်ကောင်းဘူးတဲ့ ... ဟူး ... တော်ပါသေးရဲ့ ... အဲဒီအယူအဆကို ဘယ်သူကများ စ,တီထွင်ခဲ့ပါလိမ့် ... စတင်တီထွင်ခဲ့သူကိုကော ... ခင်ဗျား ကိုပါ ... ပူးတွဲထိုင်ကန်တော့ပစ်ဖို့ ကောင်းနေပြီ ..."


ပြည့်စုံက တစ်ခုခုပြောဖြစ်ဖို့ ဟန်ပြင်လိုက်စဉ် ဇာတိက သူ့ရဲ့ဗိုက်ခပ်ပူပူကြီးကို လက်သီးနှင့် ခပ်ပြင်းပြင်းလေး တစ်ချက် ပိတ်ထိုးပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၅)

“ဟိုဘက်က အကြောင်းပြန်လာတယ်လေ ... လက်ထပ်ဖို့ ဆိုတာတော့ ထားလိုက်ပါတော့ စကားထဲတောင် ထည့် လို့ကို ပြောမသွားတော့တဲ့ ကိစ္စ ... ကလေးချင်း အဝင် အထွက် အသွားအလာကောင်းအောင် စေ့စပ်ထားဖို့ကိစ္စ ကိုတောင်မှ ဆိုင်းပါဦး ... ရွှေ့ပါဦးနဲ့ ... ကဲ ... အဲဒါက ဘယ်လိုဖြစ်ရတာလဲ ...”

ရုံးက ပြန်လာကတည်းက ကိုကိုကြီးရဲ့ မျက်နှာက သုန်မှုန်လာပါတယ် မှတ်တာ ... လက်စသတ်တော့ လုစ်လုစ်တို့ ဆဖေ ဦးခင်မောင်တင့်နှင့် စကားပြောလာရပြီ ထင်ပါသည်။ တစ်ညနေခင်းလုံး သုန်သုန်မှုန်မှုန်နှင့် ရှိခဲ့သော ကိုကိုကြီးက ထမင်းစားပွဲကျမှပင် သူ့ရဲ့ မကျေနပ်ချက်တို့ကို ဘွားခနဲ ဖွင့်ချ ပြလိုက်ကာ ... သူ့ဘာနဲ့သူ အရှိန်တွေတက်လျက် သူ့ထမင်း



www.burmeseclassic.com

www.burmeseclassic.com



သူပြီးအောင် ဆက်မစားနိုင်တော့ ...။ ဇွန်းနှင့် ခက်ရင်းကို ထမင်းပန်းကန်ထဲ "ခွမ်း"ခနဲ အသံမြည်အောင် ပစ်ချထည့်လိုက်ရင်း ...

"စောစောပိုင်းတုန်းကတော့ ဦးခင်မောင်တင့်နဲ့ ဆုံကြတိုင်း ခင်ဗျားညီကလေး အိမ်လွှတ်လိုက်ပါဦး ... အိမ်ကိုဝင်ထွက်ပြီး ကလေးချင်း အကဲခတ် ညှိနှိုင်းကြပါစေတို့ ... သူ့ဇနီးနဲ့ ဆုံခွင့်ရအောင် မိသားစုလိုက် ထမင်းစားဖိတ်ပြီး အချင်းချင်း ရင်းနှီးအောင် လုပ်ကြဖို့ လိုသေးတယ်တို့ ... အမြဲပဲ ရှမ်းရှမ်းကို ဝေနေတာပဲ ...

သူ့မှာ သမီးရှင် ဖြစ်နေလို့ ... ခုချက်ချင်းလား ... ဝဲလ်ကမ်းပါပဲ ဆိုတာမျိုးကို ဖွင့်မပြောသာရုံလောက် ရှိ တာ ... ဒီနေ့ ဆုံလိုက်ကြတော့မှ မျက်နှာကလည်း မျ နှာသေကြီးနဲ့ ... ပြောတဲ့ စကားတွေကလည်း အငြင်းဘက် ခပ်ပါပါ သဘောလားတောင် မသိဂါဘူး ... နောက်ပြ ဆုတ်တာကတော့ အသေအချာကြီးပဲ ..."

မရီးက ထမင်းကို ဟန်မပျက် ဆက်စားနေရာ ဇာတိဘက် မျက်လုံးလေးတစ်ချက် ဝေ့ပြီး မသိမသာ ခိုးကြည့်သည်။ ကိုကိုကြီးကလည်း သူပြောချင်တာတွေပြော သူ့မိန်းမထံ တစ်ချက်လှမ်းအကြည့်နှင့် တိုက်ဆိုင်သွားလေရာ မရီးရဲ့ အကြည့်တစ်ချက်ဟာ ကိုကိုကြီးကို သတိပေးလိုက်သ ဖြစ်သွားစေလေသည်။





"မင်းလက်ချက်ပဲ နေမှာပဲ ..."

ကိုကိုကြီးရဲ့ လက်ညှိုးက ဇာတိထံသို့ တန်းတန်းတ်မတ် ငေါက်ခနဲကြီး ကျရောက်လာပါတော့သည်။

"အလွန်သေချာတဲ့ ဒေါ်သေချာလည်း ဒီကိစ္စမှာတော့ ခန့်မှန်းတာတွေအားလုံး တစ်လွဲကြီးပဲ ဖြစ်နေတော့တာပဲ"

ကိုကိုကြီးက ဇနီးဖြစ်သူကိုပါ ထည့်ပြီး မဲလိုက်ပါသည်။ မရီးက သက်ပြင်းတစ်ချက် ချကာ ...

"ကိုယ့်လူကိုမှ ကိုယ်မပိုင်နိုင်တာ ... သူတို့ဘက်က စ,နောက်ဆုတ်တော့လည်း ပြီးတာပဲ မဟုတ်လား ... အားနာရ မျက်နှာပူရ သက်သာတာပေါ့"

"ဘယ်ဟုတ်မလဲကွ ... ခုမှအဲဒီမျက်နှာပူ အားနာတာတွေက စရတော့မှာ ... သူ ဘာတွေသွားပြော သွားလုပ်ပြန်သလဲမှ မသိတာ ... မင်းကောင်က စကားပြောတာကအစ ငါတို့ရှေ့မှာတောင် အချိုးမှ မပြေတဲ့ကိစ္စ ... ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး ... ငါ့မျက်နှာ ဘယ်မှာသွားထားရမလဲတောင် မသိဘူး"

ဇာတိကလည်း စားလက်စ ခက်ရင်းနှင့် ဇွန်းကို က်စသတ် ချထားလိုက်ပါသည်။ ကိုကိုကြီးလိုတော့ ခွမ်းခနဲ းခနဲ ချခွင့်မရှိဘူးပေါ့လေ။

"ဒီကိစ္စက ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး ... သူတို့ဘာသာ တစ်နှစ်ထဲမှာ နှစ်မင်္ဂလာ မလုပ်ကောင်းဘူး ဘာညာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အယူသည်းတာ ... အစ်ကိုကြီးက ဘာမှ သေချာပြန်မမေး မြန်းခဲ့ဘဲနဲ့ ... တစ်ခုခုဆို ကျွန်တော့်ခေါင်းချည်းပဲ လာလာ ထုချင်နေတာကတော့ မဟုတ်လှသေးဘူးနဲ့ တူတယ် ..."

"ဟော့ကောင် ... ငါသိပြီးပြီ ... အဲဒါ ဘာမှမဆိုင်ဘူး ... သက်သက်မဲ့ အကြောင်းပြ ဖြစ်မှာ ... တစ်အိမ်တည်းလည်း မဟုတ်ဘူး ... ညီအစ်မအရင်းလည်း မဟုတ်ဘူး ... ဘာ ဆိုင်သလဲ ... ဘာအဓိပ္ပာယ်မှ မရှိဘူး ..."

"ဆိုင်မဆိုင်ကတော့ ကျွန်တော်လည်း ဘယ်သိပါ့မလဲ ... ကျွန်တော့်ကိုတော့ သူတို့က အဲဒီလိုပဲ ပြောလိုက်တာပဲ ... အဲ ... သူတို့က မဟုတ်ဘူး ... သူက ... ကောင်မလေးက"

"မင်းက ဘာသွားပြောလို့လဲမှ မသိတာ ..."

"ဘာမှ မပြောဘူး ... အဲဒီသူ့အစ်မဝမ်းကွဲ ဆိုတာနဲ့ ယူ မယ့်ကောင်က ကျွန်တော့်သူငယ်ချင်း ..."

ကိုကိုကြီးက ဓာတ်ကို ဘာမှဆက်ပြောမနေတော့ဘဲ သူ့မိန်းမဘက် သူလှည့်ကာ ... "ကဲ ... ဒေါ်တစ်လွဲကလည်း ဘာပြောဦးမလဲ"ဟု မေးလိုက်သည်။ ကိုကိုကြီး သူ့မိန်းမကို ခေါ်လိုက်ပုံကြောင့် မျက်နှာကို တမင် တည်တည်သေသေကလေး လုပ်ထားသည့် ဓာတ် တစ်ယောက် လှစ်ခနဲ တစ်ချက်ပြုံးလိုက်ကာ ရယ်ချင်သွားရပါသည်။ ကိုကိုကြီးကလည်း သူ့မိန်းမကို "ဒေါ်တစ်လွဲ"တဲ့ ...။ ဓာတ်ကလည်းပဲ ... ဟိုကောင်မလေးကို ...

ဟာ ... ဘာဆိုင်လဲ ... ဘာမှမဆိုင်ဘူး ...။





ဓာတ်ရဲ့ မျက်နှာပေါ်က လှစ်ခနဲ အပြုံးကို မြင်လိုက် သည့် မရီးဖြစ်သူကတော့ မျက်နှာကလေး ခပ်ပျက်ပျက်ပင် ဖြစ် သွားရပါသည်။ လူကြီးတွေက ကောင်းပြီး ကောင်းရဲ့နဲ့ သူ့အကြိုက် ဖြစ်မယ် ထင်တာတွေကိုချည်း လိုက်စီစဉ်ပေးနေချိန်မှာ သူက တော့ တမင်သက်သက်ကြီးကို အရွဲ့တိုက်ကာ ကပျက်ယပျက် ...။ သူ့ကြောင့်ပဲ ကိုယ်ပါ အပြစ်မကင်း ဖြစ်ရတဲ့ မရီးဖြစ်သူကို ဘာ ဆိုင် ညာမဆိုင်နှင့် အစ်ကိုလုပ်သူက မဲဆူတော့ သူက သဘော ကျားပင် ကျလိုက်သေးကာ လှောင်ပြုံးက ပြုံးချင်သေးသည်။

ခိုင်က တမင်ပင် မျက်နှာကလေးကို ပင့်ချီတင်းပစ် လိုက်ကာ ...

"ခိုင်တို့လည်း ကောင်းမလားလို့ လုပ်ပေးကြည့်ကြတာပဲ လေ ... တစ်လွဲကြီး ဆိုလည်း တစ်လွဲကြီးပဲ ထားလိုက်ပါ တော့ ... သူ့အကြိုက် လိုက်ပေးကြည့်တာကမှ အရာမထင် ရင်တော့လည်း လူကြီးတွေအကြိုက် ... လူကြီးတွေကောင်း မယ်ထင်သလို လုပ်ကြည့်စရာတွေ အများကြီးပဲ ရှိနေသေး တာပဲ ..."

ကိုကိုကြီးညီကို အမြန်ဆုံး အခြေကျစေချင်သလား ... ရတယ် ... တကယ်တမ်းဆိုရင် ကိုယ်ဘာမှ အကြောင်းမသိ တဲ့ သူစိမ်းမိန်းကလေးအသစ်နဲ့ မရင်း,ရင်းအောင် ဆက်ဆံ ကြည့်နေရမှာနဲ့စာရင် ... ကိုယ်နဲ့ အစင်းသိ အတွင်းသိ အကြောင်းသိတွေထဲကဆို ပိုလို့တောင်မှ ကောင်းဦးမယ်...



www.burmeseclassic.com

www.burmeseclassic.com



ခိုင့်တူမနှစ်ယောက်ကလည်း နိုင်မှ အိမ်ထောင်ချ မပေးရင် တစ်သက်လုံးတောင် အိမ်ထောင်ပြုကြမယ့်ဟာတွေ မဟုတ်ဘူး ... အေးအေးပဲ နေနေကြမယ့်ဟာတွေ ... အမြ တမ်း အချိန်မရွေးဘဲ ... ကိုယ့်စကားလည်း အောင်တယ် ... ကိုကိုကြီး စိတ်ကြိုက်ကို ဖြစ်စေရမယ် ... ကဲ ... ပြော"

ကိုကိုကြီးက သူ့မိန်းမသူ အံ့အားတသင့် အကဲခတ် လိုက်ရင်းက "အင်း"ဟု သံရှည်ဆွဲကာ အသံတစ်ချက် ပြုလိုက် ရင်း ... ထောက်ခံသလိုလို အနေအထားမျိုးကြီး တစ်ခါတည်းဖြစ် သွားလျှင်တော့ ဇာတိမှာ ပါးစပ်လေးအဟောင်းသား ...။ တစ် သက်လုံး "မောင်လေး ... မောင်လေး"နှင့် လိုက်လံချော့မော့ခဲ့ပြီ မရိုးဖြစ်သူကို ဒီလောက်ကြီး တင်းပြလိမ့်မယ်လို့ ဘယ်တုန်းက လည်း ထင်မထားခဲ့မိပါ။

"အဟမ်း ... အဟမ်း ... အဟွတ် ... ဟွတ် ... ဟွတ် ..."

ဇာတိက ချောင်းလည်း မဆိုးချင်ပါဘဲနှင့် တမင်ပင် ချောင်းဟန့်ပြီး ထိတ်လန့်ချင်စရာ ကောင်းသွားသည့် အခြေအနေ ကြီးတစ်ခုကို လမ်းကြောင်းလွှဲလိုက်ချင်ကာမှပင် ... ပါးစပ်ထဲမှာ ကျန်နေသေးသော ထမင်းတချို့နှင့် သီးသလို ဖြစ်သွားရကာ ... အဟုတ် တကယ်ပင် ချောင်းကထဆိုးပါလေတော့သည်။ ကိုကိုကြီးကော ... မရိုးပါ ဇာတိဘက် ခပ်ကြာကြာလေးမျှ လှည့်ကြည့်နေကြ၏။

"ဘာဖြစ်ရပြန်တာလဲ ... ကဲ ... မင်း စဉ်းစားလေ ...





ဟုတ်ပြီလား ... ငါသဘောကတော့ မင်းကို ဒီနှစ်ထဲမှာ အိမ်ထောင်ချကို ချပေးမယ် ... လုံးဝမပြောမရှိနဲ့ ... ငါက ငါလုပ်မယ့်ဟာကို တိတိကျကျ ပြောပြီးပြီ ... မင်းကလည်း မင်းအတွက် အကောင်းဆုံးဖြစ်မယ့်ဟာကို သေသေချာချာ ပြန်စဉ်းစားပြီး ငါ့ကို အချိန်မီ အသိပေးနိုင်တယ် ... အချိန်တော့ မီပစေ ... မင်းဘက်က ဘာမှထပ်မပြောလာ တော့ရင်တော့ ပြောစရာ မရှိတော့ဘူးလို့ ယူဆပြီး ငါ လုပ်ချင်တာကိုပဲ ငါက လုပ်တော့မယ် ..."

"အစ်ကိုကြီး ... ဟိုဒင်း ... ကျွန်တော် ..."

"ဘယ်လိုနည်းနဲ့မဆို ... မင်း အိမ်ထောင်ပြုဖို့ကိစ္စကိုတော့ မင်း ငြင်းဖယ်လွှဲရှောင်ချင်လို့ မရတော့ဘူး ... ဒါပဲ ..."

ဇာတိက "ကျွတ်"ဟူသော အသံကို စုတ်သတ်ပြီး ...က်စေတာမျိုးပင် မကတော့ဘဲ ပါးစပ်ကပါ ထုတ်ဖော်ပြီး ခပ် ...ယ်ကျယ် အော်ဟစ်ပေးလိုက်ပါသည်။ လူကြီးများကို အကောင်း ...ဆင်သူ ... ဂျစ်တိုက်တတ်သူ ... ထော်လော်ကန့်လန့် လုပ်ရပ် ...တွေကိုမှ သဘောကျတတ်သူ ... စသဖြင့် ဇာတိမှာ အမည်ဆိုး ...မျိုးမျိုးတို့ကို ပိုင်ဆိုင်နေရသော်ငြား တကယ့်တကယ်တမ်းမှာ ...တော့ "လူကြီးသူမ"ဆိုတဲ့ နေရာကို အပြည့်အဝ ရောက်နေပြီ ...တဲ့ ဒီအစ်ကိုတစ်ယောက်ရဲ့ "တစ်ချက်လွှတ် အမိန့်အာဏာ" ...ဘာမျိုးကိုတော့ ကိုယ့်မှာ ဘယ်လိုမှ မလွန်ဆန် မတတ်သာနိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖြစ်အပျက်ကို ကိုယ့်ဘာသာ သိနေလေ ... ဇာတိရဲ့ ရင်ထဲက တစ်ခုခုက ပိုပြီးတော့သာ တစစ်စစ် ... တမျက် မျက်နဲ့ ဖြစ်ရလေ ...။ ကောင်းပြီလေ ...။ ဘယ်လိုအကွက်ကောင်း မျိုးလေးကိုပဲ တွေ့တွေ့ ... တစ်သက်တာလုံး မစွံနိုင်တော့မယ် သူ့တူမနှစ်ယောက်ကိုပဲ အလစ်ဝင်ဝင်ပြီးအစွံထုတ်နိုင်ဖို့ ကြိုးပမ် နေတတ်တဲ့ မရီးရေ ... တစ်လောကလုံးမှာ ခင်ဗျားတူမနှစ်ယောက် ပဲ မိန်းမရှယ်လို့ ကျန်ရင်တောင် ဇာတိတို့က ငှက်ပျောပင် ထဘီပတ်ပြီး တောင်းရမ်းလက်ထပ်ယူတော့မယ်သာမှတ် ...။

ဇာတိက တရှူးထိုးစိတ်နှင့် ထိုင်နေရာကနေ ဝုန်းခ ထရပ်လိုက်သည်။ ဘာလဲအချိန်မီ ...။ လူကြီးများ နှုတ်ဖျား ထွက်တတ်သော "အချိန်မီ"ဆိုတာသည် ... သူတို့လုပ်ချင်တာ ကို သူတို့လုပ်ချင်သည့် အချိန်မျိုးမှာ လုပ်ချလိုက်ပြီးကာ "မင်းကို ငါက အချိန်ပေးခဲ့သားပဲ ... မင်းကမှ အချိန်မီ မကြိုး စား ... မလှုပ်ရှားခဲ့တာ"ဟူသော စကားတစ်ခွန်းနှင့် သူတို့မှာတော လုံးလုံးမှ အပြစ်မရှိ... ထာဝစဉ် အပြစ်ကင်းနေအောင် ကြည့်ကျ လှုပ်ရှားသွားကြမှာမျိုးသာ ဖြစ်ပေလိမ့်မည်။

အဲဒီမှာမှ ... သူတို့ရဲ့ လက်အောက်ခံ လူငယ်မျာ မှာတော့ တကယ်ပဲ အချိန်မီ ဖြစ်လိုပါလျှင် ... တစ်စက္ကန့်မျှ မဆိုင်းသော အခြေအနေတစ်ခုမှာ လျှာထွက်မတတ် ကြိုးစားလှု ရှားပေရော့ ...။ ကဲ ... ဟုတ်တယ်လေ ... ကိုယ်ကလည်း ဘာ ကြောင့်များ စက္ကန့်တွေ ဘာတွေချိပြီး ဆိုင်းနေရဦးမှာလဲ ...





ဇာတိက ချက်ချင်းပင် တယ်လီဖုန်းရှိရာသို့ ထပြေး တော့သည်။ ကိုကိုကြီးနှင့် မရီးတို့က ဇာတိကို နားမလည်သလို ည့်ရင်း ကျန်ရစ်ခဲ့ကြပါသည် ...။ ကဲ ... ဒေါ်တစ်လွဲမဆီ မအကြိမ် တယ်လီဖုန်း စဆက်ဖူးစဉ်ကတော့ ပေါက်ကရတွေ ခဲ့လာသည့် ကိုကိုကြီးရဲ့ အစီအစဉ်ကို ဖျက်ချင်လို့ ... ဖျက် ဖို့ ...။ သို့သော် သူ့ထုံးစံအတိုင်း တစ်လွဲတွေပဲဖြစ်ကာ ... ချင်ပါသည်ဆိုသော အခြေအနေတစ်ခုဟာ မထင်မှတ်ပါဘဲ ဘည်ကြီးတွေ ဖြစ်သွားခဲ့ရဖူးသည်။

ခုတစ်ခါတော့ ဒုတိယအကြိမ် ...။ ဒီတစ်ကြိမ် က် ရည်ရွယ်ချက်ကတော့ ပထမအကြိမ်နှင့် ဆန့်ကျင်ဘက် ဖြစ်ကာ ပျက်လုတဲတဲ အစီအစဉ် တစ်ခုကို အတိအကျ င်အမာကြီး ပြန်ဖြစ်သွားနိုင်အောင် ကြိုးစားကြည့်ဖို့ပင် ဖြစ် တော့သည်။ ဘာကြောင့်မှန်းမသိ ... ဇာတိလို လူတစ်ယောက်ကို တွေရဲ့ ဆန္ဒကို မပယ်ရှားလိုလို့ ခေါင်းညိတ်လက်ခံပါသည် သော မိန်းကလေးဟာ ... ဒီတစ်ခါမှာရော သူ့ထုံးစံအတိုင်း က်ကရ တစ်လွဲတစ်ချော် လမ်းကြောင်းဘက်ကို သွေဖယ်သွား းမလား ...။

"လှစ်လှစ်လား ..."

"ဩော် ... ကိုကောင်းဇာတိ ... ဘာလဲဟင်"

"မင်းအဖေက ငါ့အစ်ကိုကို ငြင်းသလိုလို လုပ်လိုက်လို့တဲ့ ငါ့အစ်ကိုက အခု အိမ်မှာ ပြန်လာပြီး သောင်းကျန်းနေလေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ... ဒီပုံအတိုင်း ဆိုရင်တော့ ငါတို့ရဲ့ အခြေအနေ ပျက်တော့မယ့်ဘက်ကို ရာနှုန်းခပ်များများကြီးကို ယိ ယိုင်နေပြီ ... မင်း သိရဲ့လား ..."

လှစ်လှစ်ဘက်မှ အတန်ကြာ အသံတိတ်သွား သည်။ အတော်ကလေးရှိမှပင် သက်ပြင်းကြီး တစ်ချက်နှင့်အတူ

"ဖေဖေကတော့ ပျက်ဖို့အထိ ရည်ရွယ်ပြီး မပြောခဲ့ အမှန်ပါ ... ဒါပေမယ့် အဲလိုကြီး ဖြစ်သွားခဲ့ပြီ ဆိုရင်တော့ လှစ်လှစ်လည်း ဘာမှ မတတ်နိုင်တော့ဘူး ... တက တကယ်ကလည်း ဒီအစီအစဉ်ကြီးဟာ စကတည်း ဘယ်လိုကြီး ဖြစ်လာခဲ့မှန်းမှ မသိတာ ... ခုမှသာ မ မယ် ဘာမယ်နဲ့ ပြန်ဖြစ်နေတာ ... စကတည်းကတော့ ဘာဖြစ်လို့များ စဖြစ်လာခဲ့ရတာတဲ့လဲ ...

လှစ်လှစ်ကလေ ... ရှင့်ရဲ့ အစ်ကိုကြီး စလာ ခဲ့တုန်းကတော့ ဒီကိစ္စမှာ ရှင့်ဆန္ဒက အဓိကလို့ တကယ် ထင်ဖူးခဲ့တာပါ ... ဒါလေ ... ဟို ... ဟို ... တခြား တခြား လူတိုင်းတွေလို ... ရှင်က လှစ်လှစ်ကို ချစ် ကြိုက်နေခဲ့လို့တော့ ဟုတ်မယ် မထင်ပါဘူးလို့ နဂိုတ ကတော့ ထင်ခဲ့သား ... ဒါပေမယ့် ... ရှင့်အစ်ကို မရီးတို့က ရှင့်ကို လတ်လျား လတ်လျားနဲ့ မမြင်နိုင် တော့လို့ အခြေကျဖို့ အိမ်ထောင်ပြုဖို့ ဝိုင်းပြော အခါမှာ ... မိန်းကလေး မိတ်ဆွေမျိုးတောင် ဘယ်တု





မှ မရှိခဲ့ဘူးဆိုတဲ့ ရှင့်အတွက် 'အိမ်ထောင်ပြုရမယ် ဆိုရင်တော့ သူနဲ့ဆိုရင် မဆိုးပါဘူး' ဆိုတဲ့ စကားလောက်တော့ ရှင့်ပါးစပ်က ထွက်ခဲ့လိမ့်မယ်လို့ လှစ်လှစ် ထင်ခဲ့တယ် ကိုကောင်းဖာတိရယ် ...

အဲဒါကြောင့် လှစ်လှစ်လည်း ခေါင်းပြန်ညိတ်ခဲ့တာပဲ ... ဒါပေမယ့်လည်းပဲ ဒီကြားတည်းမှာ ရှင်နဲ့စကားပြော ဆက်ဆံကြည့်မိမှ ... ဒီစကားမျိုးကိုတောင်မှ ရှင့်ဆီက ထွက်လာခဲ့မှာ မဟုတ်ပါဘူးလို့ သိလာရတယ် ... အဲဒါဆိုရင် ဘာဖြစ်တာလဲ ... ဒီအစီအစဉ်ကြီးမှာ လှစ်လှစ်ရဲ့ နာမည်တစ်ခု ဝင်ပါလာဖို့ ဘယ်သူ့နှုတ်က ထွက်ခဲ့တာလဲ ... ဘယ်သူလုပ်လိုက်တာလဲ ...

လှစ်လှစ်လေ ... အဲဒါတွေကို ဟိုတစ်နေ့ကမှ ... မမကြီးတို့ မင်္ဂလာကိစ္စကြောင့် လှစ်လှစ်တို့က နောက်မဆုတ်မဖြစ် ဆုတ်ရတော့မယ်ဆိုတဲ့ အချိန်ကျတော့မှ တရေးရေးနဲ့ တစ်ခုချင်း ဆက်စပ်ပြီး အားလုံးကို ပြန်စဉ်းစားနိုင်လာတာ ... ဒီ့မတိုင်ခင်တုန်းကတော့ ရှင်က သိပ်လောချင်နေတာများလားလို့ ဖေဖေနဲ့ မေမေတို့ကိုတောင်မှ လောဖို့ မြန်ဖို့ မျက်နှာပြောင်ပြောင်နဲ့ ပြောကြည့်တော့မလို့ ...

ရှင် လှစ်လှစ်ကို ယူဆချင်သလို ယူဆပါ ... လှစ်လှစ်ကတော့ ရှင့်ဆန္ဒမှ တကယ်မှ ပါပါ့မလားလို့



www.burmeseclassic.com

www.burmeseclassic.com



တိတိကျကျ တွေးလိုက်နိုင်ပြီ ဆိုတာနဲ့ မမကြီးတို့က တစ်ခုတည်းကိုသာမကတော့ဘဲ ဒီပြင် အကြောင်းပြချ တွေကိုပါ အစုံအလင် ထပ်တိုးပြီး မိဘတွေကို လျှေ အကြောင်းပြလိုက်တော့တာပဲ ...

ရှင် တကယ်မဖြစ်စေချင်တဲ့ အစီအစဉ် တစ် ဖြစ်လာဖို့ လှစ်လှစ် ဘက်ကလည်း အတင်းအမွမ်းပုံ တောင် ဝင်သွားဖို့ ရည်ရွယ်ချက်မရှိရိုး အမှန်ပါ ကိုကော ဓာတိရယ် ... အားမနာပါနဲ့ ... ပျက်လှတည်းကား ဘာတွေလည်း ပြောမနေပါနဲ့တော့ ... ပျက်ပြီပဲ ထားလိ ပါ ... အရင်ကလိုပဲပေါ့နော် ... ဒီကိစ္စကြီးကို မစတင် ကတည်းက လူကြီးတွေလည်း မပါဘဲ လှစ်လှစ်တို့ ယောက်ဘာသာ ကိုယ့်တိုက်ဆိုင်မှုနဲ့ကိုယ် မိတ်ဆွေ စဖြစ်ခဲ့ကြတာပဲဟာ ...

ခုလည်း မိတ်ဆွေပေါ့ ... နောင်လည်း မိတ်ဆွေ နော် ..."

"ဟာ ... မဟုတ်ဘူး ..."

အင်း ... ဘယ်လိုပြောရမလဲတောင် မသိတော ဘူး။ မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ လှစ်လှစ်ရဲ့ စကားရှည် က ဓာတိကို တော်တော်တော့ ထိသွားစေခဲ့တာ အမှန်ပဲ ဖြ သည်။ ကိုယ့်ဘက်ကတော့ ဒီကိစ္စကို ဘယ်လိုမှ အလေးအ မထားမိခဲ့တာမို့ ... အချိန်တန် ဆွဲဆက်ခတုံးလုပ် ... အလ





တော့ရင်လည်း တဖြည်းဖြည်း သွေးအေးစေပြီး ဝေးသွားကြတာမျိုးက ကိုယ့်အပြစ်လည်းမရှိ ...၊ သူ့အပြစ်လည်းမရှိ။ ကိုယ်ရောသူပါ နစ်နာကြစရာလည်းမမြင် ဆိုတာမျိုးလောက်ပဲ ပေါ့ပေါ့လေး တွေးထားမိခဲ့တာပါ။

တကယ်တမ်းကျတော့ ဒီကိစ္စ ဆိုတာမျိုးဟာ ဒီလောက် လွယ်လွယ်ကလေးတစ်ခု မဟုတ်ဘူးလား ...။ တကယ်ပင် မသိလို့ မေးကြည့်မိချင်တာပါ ... ကိုယ်ကလည်း သူ့ကိုချစ်တယ် ကြိုက်တယ် မပြောထားဖူး ... သူ့ဘက်ကလည်း ပြောစရာမလို ... လူကြီးချင်း ပြောကြ ဆိုကြတယ် ဆိုတာကလည်း တိုင်းသိပြည်သိ ... လူတကာသိကြီး ဖြစ်စေခဲ့တာမျိုးမှ မဟုတ်ဘဲ ...။

ဒီလိုအခြေအနေမျိုးဟာ လွယ်လွယ်လေးပြီးလို့ မရဘူးလား ... "လှစ်လှစ်" ဆိုတဲ့ နာမည်လေးနဲ့ လိုက်ဖက်အောင် တလှစ်လှစ် ရှိခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဒီလောက်ကြီး ငြိမ်ကျသွားစေရာ အကြောင်းရှိသလား ...။ တစ်ဖက်သားကို ဒီလောက်ကြီး "ထိ"သွားစေလောက်တဲ့ စကားမျိုးတွေပါ ပြောထွက်လာတတ်စေဖို့ အထိအောင်တောင် ဖြစ်သွားစေစရာလား။

ကဲ ... ထားပါဦးလေ ...။ ခုအခြေအနေက ကိုယ်ဟာ ဒီကိစ္စကို ပြီးဆုံးလိုက်တော့ဖို့ လမ်းကြောင်း ဦးတည်လိုခြင်းမှ မဟုတ်ဘဲ ...။ ရှေ့ဆက်တိုးတော့မှာ ...။ လွယ်လွယ်ကလေး ပြီးနိုင်လောက်သည်ဟု ကိုယ်ထင်ခဲ့တဲ့ အခြေအနေမျိုးကနေ ရှေ့တစ်လှမ်းတက်ကြည့်တော့မှာ ...။



www.burmeseclassic.com

www.burmeseclassic.com



အင်း ...။ သွေးတော့ လန့်စရာ ...။ လွယ်လွယ်လေး ပြီးမယ်ထင်တာကတောင် ဒီလောက်လွှယ်လွယ်ကလေး မဟုတ်ခဲ့ရင် ...။ ရှေ့တစ်လမ်းတိုးပြီး ... နည်းနည်းကလေးလောက် (နှုတ်နဲ့)ကျူးလွန်တော့မယ့် အမှုကိစ္စကကော ... ဘယ်လောက် အတိုင်းအတာကြီးအထိကို ထိရောက်စွာ ရောက်ရှိသွားတော့မလဲ။

အေးလေ ...။ မတတ်နိုင်ဘူးနော် ... အဲဒီလိုတွေ လိုက်တွေးပေးနေကာ ရင်ထဲအထိ ထည့်သွင်းခံစားပေးနေမိပေမယ့်လည်း ... ကိုယ်က ကိုယ်တွေးခေါ် ရည်ရွယ်ထားပြီးသား အခြေအနေမျိုးကို ရောက်အောင် မသွားမယ့်သူမျိုးမှ မဟုတ်ဘဲ ...။ ကဲ ... ကောင်းဇာတိ ဆိုတဲ့ကောင်က လူကောင်းမဟုတ်ဘူးဆိုရင်လည်း "လူဆိုး"လို့သာ သဘောထားလိုက်တော့ တစ်လွဲမလေးရေ ...။ ကိုယ်လိုကောင်နဲ့ စလာပတ်သက်ပြီးရင်တော့ ဓာတ်ကူးကာ မင်းလည်းပဲ အရင်လို စိတ်သန့်သန့်ကြည်ကြည်ကလေး ... ကလေးလေးလိုလေး မဖြစ်နိုင်တော့မှာကိုပဲ လက်ခံကြည့်လိုက်ပါတော့ ...။

"ငါ ... အဲလေ ..."

အင်း ... ဒီ့ထက်ပိုပြီး နူးညံ့ကြားကောင်းမယ့် အသုံးအနှုန်းမျိုးကိုတော့ ဒီအချိန်မှာ ရွေးချယ်ပြီး သုံးသင့်ပါတယ်လေ။

"လှစ်လှစ် ထင်တာ မှားနေပြီ ... ကိုယ်က ကိုယ်တို့ကိစ္စကို ပျက်စေချင်တဲ့ ရည်ရွယ်ချက်မျိုး မရှိပါဘူး ..."





"ဟင် ..."

"ရှေ့ဆက်ဖို့ပဲ ဆန္ဒရှိတယ် ..."

စကားအရှည်ကြီးပြောဖို့ အရှိန်ယူနေစဥ်တုန်းကလိုပြင် ... လှစ်လှစ် တစ်ယောက် အတော်ကြာကြာကြီး တိတ်ဆိတ်သွားပြီတော့မှ ...

"ဘာလို့ ဖွတ်ရှေ့ကိုချည်း တိုးချင်နေတော့မှန်း မသိဘူး"

"မတိုးရဘူးလား ..."

"မဟုတ်ဘူး ... စိတ်လည်းမပါဘဲနဲ့ ဖွတ်လုပ်ရရင်ပြီးရော လုပ်မနေနဲ့တော့ ... ခုချိန်မှာဘာမှ အားနာနေဖို့လည်း မလိုဘူး ... စကားကိုစွတ်ပြီး ပြောရပြီးရော ပြောမနေနဲ့"

"စိတ်လည်းမပါဘဲနဲ့လို့ ဘယ်သူက ပြောသလဲ ..."

"ကိုကောင်းဇာတိနော် လှစ်လှစ်က ခုချိန်ထိ စိတ်မတိုသေးဘူး ... ကြာရင်တော့ တိုတော့မယ် ..."

"နေပါဦး ... ကိုယ်စိတ်ပါတယ်လေ ... အဲဒါ ဘာစိတ်တိုစရာ ရှိသလဲ ..."

"ရှင်နော် ... ရှင် ... တောက် ... စိတ်တိုလာပြီ ... ကျွန်မပြောနေတာက ရှင့်လိုလူတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်လည်းမချစ်ဘဲနဲ့ ဘာဖြစ်လို့ မဖြစ်မနေ လက်ထပ်ချင်နေရတာလဲ ... မလုပ်နဲ့ ... မကောင်းဘူး ... ရှင်လည်း စိတ်ညစ်ရမယ် ... ကျွန်မလည်း ဒုက္ခရောက်



www.burmeseclassic.com

www.burmeseclassic.com



မယ် ... ရှင့်လိုလူက သူများနဲ့ မတူဘူး... အလိုက်သင့်လေ
အဆင်ပြေအောင် နေတတ်သွားမယ့်လူကို မဟုတ်ဘူး ...
မလုပ်နဲ့ ရှင်မချစ်တတ်သေးရင် ဘာမှမလုပ်နဲ့ဦး ...”

“အဲဒါကိုပဲ ပြောမလို့ပေါ့ ...”

လှစ်လှစ်ထံမှ “ဟင်”ဟူသော အသံကလေး တိုးတိ
တိတ်တိတ် ထွက်ပေါ်လာသည်။ ဇာတိ ခများလည်း ပြောထွက်
ရာအတွက် အလွန်တရာ ခက်ခဲလှမှန်း ခုမှပင် ကောင်းကောင်း
သဘောပေါက်တော့သော စကားတစ်ခွန်းအတွက် ... ကိုယ့်
နောက်ပါးကနေ တစ်စုံတစ်ယောက်၊ တွန်းအားတစ်စုံတစ်ရာ
ရုတ်တရက် ဆောင့်တွန်းထည့်လိုက်သလို .... ကမူးရှူးထိုး
လျှာခလုတ်တိုက်တော့မတတ် ... လေသံဟန်ပန်ကြီးနှင့် ...

“မင်းကို ကိုယ်က ချစ်တယ်လေ ...”

“ဘာရယ် ...”

“မင်းကို ကိုယ်က ချစ်တယ် လှစ်လှစ်ရဲ့ ... ချစ်လို့ လ
ထပ်ချင်တာပါ ... အဲဒီတော့ ကိုယ်တို့ကိစ္စကို ရှေ့ဆက်
မင်း ခွင့်ပြုဖို့တော့ လိုလိမ့်မယ် ...”

လှစ်လှစ်၏ တတိယအကြိမ်မြောက် အသံတိတ်
မှာ အတော်ကြီးမှ အတော့်ကို အတော်ကြီး ကြာမြင့်နေပါ
သည်။ ပြီးကျတော့မှ ခုနက လေရှည် ပေရှည်ကြီး လူကြီးမ
တစ်ယောက်လို မိန့်ခွန်းတွေ ခြွေထားသည့် လေသံမျိုးနှင့်
ဥဿုံ ဆန့်ကျင်ဘက်ဖြစ်စွာ ... လည်ချောင်းထဲက သိပ်တော





မထွက်ချင်တော့သည့် အိသြောက်သြောက် တိုးညှက်ညှက် လေသံ
ကလေးမျိုးနှင့် ...

“သူများက ငြင်းလိုက်ရင် သူက ကိုယ့်ကိုယ်ကိုယ်များ
သတ်သေနေဦးမှာလား”

ဟာ ... လာပြန်ပြီ ... ဟင်း ... ကျွတ် ... တောက်။
အင်း ... ဒါပေမယ့် စိတ်ရှည် ... သည်းခံ ...။ ကိုယ့်မှာက လက်
တွေ့ အတွေ့အကြုံတော့ဖြင့် မရှိပေမယ့် မြင်ဖူး ကြားဖူး အတွေ့
အကြုံများ ရှိပြီးသားပဲ ...။ ဘယ်ယောကျ်ားသား တစ်ဦးတစ်
ယောက်ကမှ ချစ်စကား စတင်ပြောကြားသောနေ့မှာ စိတ်တိုဒေါသ
ထွက်နေကြရိုး ထုံးစံမရှိဘူးလေ ...။

“ကိုယ် ဘယ်တုန်းကမှ ကိုယ့်ကိုယ်ကိုယ် သတ်မသေဖူး
ခဲ့ပါဘူး လှစ်လှစ်ရယ် ...”

ယုံကြည်ဟန်တော့ မရှိ ...။

“တကယ်တမ်း အိမ်ထောင်ရှင်တစ်ယောက် လုပ်တော့ဖို့
စိတ်ကူးရှိပြီ ဆိုရင်တော့ တည်တည်တံ့တံ့ အလုပ်တစ်ခုခု
တော့ လုပ်မှဖြစ်မယ် ...”

“ကိုယ် အခုလည်း အလုပ်လုပ်နေတာပဲ ...”

သူ့စကားသံလေးက ချိုချိုအေးအေး ... ကိုယ့်လေသံ
က မာဆတ်လာပြီ။

“မဟုတ်ဘူးလေ ... မြဲမြဲစွဲစွဲ ...”

“အေးကွာ ... လုပ်မယ်ကွာ ... ပြီးရော ...”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မတိုပါနဲ့ ... ယောကျ်ားတစ်ယောက်က မိန်းကလေး တစ်ယောက်ကို လက်ထပ်ချင်ပါတယ်ဆိုရင် မိန်းကလေး တိုင်းက ဒီလောက်တော့ ပြန်ပြောကြမှာပဲ"

"ဟုတ်လား ... ကိုယ်မှ မသိတာ ... အတွေ့အကြုံ မရှိ ဘူးလေ ..."

"အမယ် ... ကိုယ်ရည်သွေးလိုက်တာ ... ဟင်း ဟင်း ဟင်း ဟင်း ..."

"ကဲ ... ပြီးပြီလား ..."

"ဘာလဲ ... ပြီးပြီလား ဆိုတာ ... သူကလည်း စဆက် သေး ... ပြီးပြီလားဆိုတာ ဒီကမေးရမှာပါ ..."

"ဒါဆို ကိုယ်ကတော့ ပြီးပြီ ... ဒါဖြင့် ဒါပဲနော် ..."

"ဟာ ... ဘာကြီးမှန်းလဲ မသိဘူး ... နေဦးလေ ..."

"ပြီးပြီလေ ..."

"တောက် ... ဘာမှတောင် ပြန်မဖြေရသေးဘူး ..."

ဩော် ... ဒီလိုလား ...။ ချစ်စကား ပြောပြီးတဲ့ ယောကျ်ားတစ်ယောက်ဟာ အဖြေစကား တစ်ခုကို ချက်ချင်း လက်ငင်း မရရအောင် ပြန်တောင်းရမယ့် တာဝန်လည်း ရှိသေး သလား ...။ မသိပါဘူး ... ရှုပ်လိုက်တာ ...။

"ဖြေတော့မလို့လား ..."

"ရှင် ဘယ်လိုဖြစ်နေလဲ ... ရှင့်ကြည့်ရတာ ရှင်က ချစ်





ပါတယ် ဆိုတာကိုတောင် ပြန်စဉ်းစားပြီး ချင့်ယုံရတော့ မယ့်ပုံ ဖြစ်နေပြီ"

"ဟာ ... မဟုတ်ဘူးလေ ... တချို့တွေက အချိန်ယူတတ် ကြတယ်ဆိုတာ ကြားဖူးထားလို့ပါ ..."

"ပြီးရော ... ဒါဖြင့်ရင်လည်း အချိန်ယူရသေးတာပေါ့ ... ဒါပဲ ... ပြီးပြီ"

ဇာတိမှာ ဖုန်းချလိုက်ပြီးကာမှပင် "ရှူး"ခနဲ သက် ပြင်းမောကြီး တစ်လုံးကို ခပ်မြန်မြန် ချလိုက်ရရင်း ... ထမင်း စားခန်းထဲမှာပဲ ဆက်ထိုင်နေကြဆဲဖြစ်သည့် အစ်ကိုနှင့် မရီးဖြစ် သူထံ ရင်ကော့လျှောက်လှမ်းသွားလိုက်ကာ ...

"မရီးတူမတွေ အပျိုကြီးတွေပဲ ဖြစ်ချင်လည်း ဖြစ်ကြပါ စေတော့ ... ဦးခင်မောင်တင့်ရဲ့ သမီးကတော့ ကျွန်တော် တို့ရဲ့ အစီအစဉ်ကို မဖျက်ပါဘူးတဲ့ ခင်ဗျ"

"အေးလေ ... ပြီးရောပေါ့ ... မင်းစကားနဲ့ မင်းနဲ့တော့ တည်ပါစေ ... မင်းစကားနဲ့ မင်း မကိုက်ညီတော့ဘူးလို့ ငါသိရတဲ့နေ့ဟာ သူ့တူမ တစ်ယောက်နဲ့ မင်းနဲ့ မြန်းပြီး ကြတဲ့နေ့ပဲ ... ဒါပဲ ..."

ကိုကိုကြီးကလည်း ဇာတိကို ခပ်အေးအေးလေးပင် ပြန်ရွဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလူမျိုးဟာ သူတကယ်မကြိုက်ဘဲနဲ့ ဘယ်တော့မှ ချစ်ပါတယ် ကြိုက်ပါတယ်လို့ ပြောတတ်မယ့် ယောကျ်ား မျိုး မဟုတ်ဘူး ... ငါ သေချာသိတာပေါ့ ... မိန်းကလေး တစ်ယောက်လောက် ဟန်ဟန်ပန်ပန်ကလေးနဲ့ တွေ့တိုင်း ချစ်စကား ဖမ်းပြောထားလိုက်ချင်တဲ့ မတည်မငြိမ် လျှာ အရိုးမရှိ ယောကျ်ားမျိုးဆိုတာ သတ်သတ်ကို ရှိပါတယ် ဟာ ... သူကတော့ ဒီ့အရင်က မိန်းမသနာကိစ္စရယ်လို့ ဝါသနာကို မပါတာ ... အသိသာကြီး ..."

သဇင်နှင့် သိင်္ဂီတို့မှာ ခေါင်းမော့မော့ ရင်ကော့ ကော့နှင့် အတော်အမြင်ကတ်စရာ ရုပ်ရည်မျိုးကြီး ဖြစ်နေသည့် လှစ်လှစ်ကို အမြင်ကလည်းကတ် ... ရယ်ကလည်းရယ်ချင် ...။ တကယ်ဆို သူတို့ရဲ့ သူငယ်ချင်းမကလေး လှစ်လှစ်ဟာ ဒီလို အဖြစ်မျိုးကို အတွေ့အကြုံ မရှိစွာ အခုမှ ပထမဦးဆုံးအကြိမ် အဖြစ် စတင်ကြုံကြိုက်ခွင့်ရသူ တစ်ယောက်လည်း မဟုတ်ရပါ။

လှစ်လှစ်ရဲ့အပေါ်မှာ "လှစ်လှစ်မှလှစ်လှစ်"ဟူသော ပျားပိတုန်းများဟာ ထိုက်သင့်သလောက်တော့ များပြားပြီး ရွေး ချယ်စရာလည်း အရှိသားပဲ မဟုတ်လား ...။ ဒါနဲ့တောင် သူ့ မှာ ဖြစ်နေပုံကိုက ...





"နင်တို့ ကြည့်ရတာ နည်းနည်းကလေးတော့ မနာလိုသမှု လေးတွေနဲ့ မကောင်းနိုင်ကြပုံပဲ ... ဟီဟိ ..."

"မနာလိုတာ မဟုတ်ဘူးဟေ့ ... ကြည့်မရတာ ... အမြင် ကတ်တာ ... စိုးရိမ်တာ"

"စိုးရိမ်တာ ... ဘာကိစ္စ စိုးရိမ်စရာ လိုသလဲ ... သူက လူကောင်းပါ ... ပြီးကျတော့ ဒီကိစ္စဟာ ခုမှ ... သူက ငါ့ကို ချစ်ပါပြီဆိုမှ ထပေါ်ပေါက်လာတာ မဟုတ်ဘူးလေ။ ဒီမတိုင်ခင်ကတည်းက ဖေဖေတို့ မေမေတို့က ငါနဲ့သူ့ကို သဘောတူထားပြီးသားပဲ ... လူကြီးတွေပါ ပါပြီးသားကိစ္စ ... ဘာမှ စိုးရိမ်မနေကြနဲ့ ... အလကားနေရင်း ဆံပင်တွေဖြူ ပြီး အဘွားကြီးအိုလေးတွေ ဖြစ်ကုန်ကြဦးမယ် ..."

"မဟုတ်ဘူး လှစ်လှစ် ... လူကြီးတွေပါ ပါတယ်ဆိုတဲ့ ကိစ္စကိုတော့ ငါက ပြောပြရဦးမယ် ... ဒီကိစ္စက သဇင့် ထက်စာရင် ငါက ပိုသိတယ် ... ပြောရမယ်ဆို နင့်ထက် တောင်မှ ငါက ပိုသိတယ်လို့ ပြောလို့ရသေးတယ် ..."

"အမယ်လေး ... မဖြစ်နိုင်တာ ... အဲဒါကျတော့ သူ ပိုပြီ"

"ဟုတ်တယ် ... တကယ်ပြောတာ ... ငါက နင့်အမေ ငါ့ အဒေါ်နဲ့ စကားပြောပြီးပြီ ဒေါ်လှစ်လှစ်ရေ ... ငါ့အဒေါ် အကြောင်းတော့ အနှစ် နှစ်ဆယ်ကျော် ပေါင်းလာတာ ငါက အရိပ်ပြရင် အကောင်လိုက်ကို မြင်ပြီးသား ... နင့်



www.burmeseclassic.com

www.burmeseclassic.com



အဖေက သူ့လည်း မတိုင်ပင်ဘဲနဲ့ ကောင်းမယ်ထင်ပြ
စွတ်လုပ်လာကတည်းက သူက သိပ်ကျေနပ်လှတာ မဟုတ
ဘူး ... လင်မယားချင်း ရန်ဖြစ်မနေချင်တော့တာရယ် ...
အဖေ ဆိုတော့လည်း ကိုယ့်သမီးအတွက် မကောင်းနိုင
တာကြီးတစ်ခုဆိုရင် ဖွတ်တော့ လုပ်မှာမဟုတ်ပါဘူးဆ
ယုံကြည်တာရယ် ...

ပြီးတော့ အန်တီငယ်က ဒီကိစ္စကို အတည်ကြီးရယ
လို့ သတ်မှတ်ထားတာကို မဟုတ်သေးဘူး မိလုစ်ရဲ့ ...
အချိန်တန်လို့ အဆင်မပြေနိုင်စရာ မကောင်းနိုင်စရာ
လည်း သူ့အလိုလို ပျက်ပြယ်သွားရင် ပြီးတာပဲလော
သဘောထားထားတာ ... အဲဒါကြောင့်မို့ ... နင့်အဖေ
တစ်ဖက်မှာ သဘောတူပါတယ်လေး ... ပေးစားပါ့မယ
လေးလုပ်ပြီး နင်ကလည်း တစ်ခါတလေမှာ တွဲသွားတွဲလ
သဘောမျိုးတောင် ရှိနေတာတောင်မှ နင့်အမေက အဲဒီတ
ယောက်ကို အသိအမှတ်ပြု အိမ်ခေါ်ကြည့်တာတို့ ...
လူကြီးချင်း တွေ့ဆုံရင်းနှီးပြီး လုံးဝအတည်ပြုပေးလိုက
တာမျိုးတို့ မလုပ်ခဲ့တာပေါ့ဟဲ့ ... ကဲ ... ရှင်းပြီလား ...
မိုးမမြင် လေမမြင် ဒေါ်မွန် ..."

သိင်္ဂီရဲ့ အားရပါးရ အပြောကြီး အပြီးမှာတော
တလှစ်လှစ် ဖြစ်နေသည့် လှစ်လှစ် တစ်ယောက် တွေတွေငြိမ်ငြိ
ကလေး ဖြစ်သွားရပါတော့သည်။ ဩော် ... မေမေက အဲဒီ





သား ...။ အေးလေ ... သိင်္ဂီက ကိုယ့်ကို "ဒေါ်မွန်"လို့ ခေါ်ရင်
လည်း ခေါ်ချင်စရာ ... ဒီအမေနဲ့ ဒီသမီး ဆိုတာ တစ်ဦးတည်း
သောသမီးမို့ အမြဲပင် တစ်ယောက်အရိပ်အကဲ တစ်ယောက်ကသိပြီး
တိုင်ပင်ဖော် တိုင်ပင်ဖက် သူငယ်ချင်းတွေလို နေလာကြတာ။ ဒီ
တစ်ခါကျကာမှ လှစ်လှစ်က ကာယကံရှင် ဖြစ်ရက် ကိုယ့်အမေရဲ့
အကဲကို ကိုယ်ကမသိဘဲ တူမဖြစ်သူ သိင်္ဂီကသာ ဝင်သိနေရတယ်
လို့ ...။

"ဒုက္ခပါပဲဟယ် ... ဒါဆိုရင်တော့ ..."

"ဘာ အခုမှ ဒုက္ခလဲ ..."

"ဒီလိုဆို ... နင်ပြောပုံအရဆို မေမေဟာ သူ့ကို နဂိုတည်း
ကိုက သိပ်အကြည်လင်ကြီး မဟုတ်လှတဲ့ စာတ်ခံနဲ့ပေါ့
နော် ..."

"အေးပေါ့ဟဲ့ ... ဒါပဲပေါ့ ..."

"ဒီလိုဆိုရင်တော့ ဒုက္ခပဲ ... နဂိုကမှ မကြည်လှရတဲ့
အထဲ ... ဟိုတစ်လောကလည်း ငါက သူ့ကို အထင်တွေ
ဘာတွေမှားပြီး ..."

"ဘာဖြစ်တာလဲ ..."

လှစ်လှစ်က သိပ်မပြောချင်လှသလို ရှိပြီးမှ ...

"သူက ငါ့ကို ဒီလိုမျိုး ချစ်နေတာ ဖြစ်နေမှန်း ငါမှမသိ
တာ ... သူကလည်း ဖွင့်မပြောတော့ ငါက သူ ငါ့ကို
တကယ်လက်ထပ်ချင်တာမှ ဟုတ်ရဲ့လားဆိုပြီး အဲဒီကိစ္စ

www.burmeseclassic.com



ကို ငါက မရ,ရအောင်ဖျက်တာဟဲ့ ... ဖေဖေ့ဘက်ကနေ ပြောပြီးသားစကားကြီး မတည်ရသလို ဖြစ်မှာစိုးလို့ဆိုပြီး ဖေဖေက မဖျက်ချင်မှာစိုးလို့တောင် ငါက သူ့မှာ အလုပ် အကိုင်ရယ်လို့ အတည်တကျ မရှိတာတွေ ... Suicide လုပ်ဖူးတာတွေ ... သူ့အစ်ကိုနဲ့လည်း သိပ်မတည့်လှတာ လောကကြီးကို အစွဲ့တိုက်တတ်တာ ဘာဘာညာညာတွေ အစုံပလုံပဲ လျှောက်ပြောတော့တာပေါ့ ...

ဒုက္ခပဲ ... မေမေက နဂိုတည်းကိုက မကြည်လှဘူး ဆိုတာ ငါမှ မသိတာ ... ဟိုနေ့ကတော့ သူက ချစ်တယ် လို့ ပြောထားတယ် ... လှစ်လှစ်ကလည်း ပြန်အဖြေပေး မှာလို့ မေမေ့ကို ဖွင့်ပြောထားတယ် ... မေမေက ဘာမှ တော့ ပြန်မပြောဘူး ... ဒါပေမယ့် ကျေနပ်မှာတော့ မဟုတ်ဘူးပေါ့နော် ... ခုမှ ပြန်စဉ်းစားမိတယ် ... အမှန် တကယ်က ကောင်းသည် ဆိုးသည် ဆိုတာလောက်တော့ ပြောရမှာပေါ့နော် ... ဘာမှကို တစ်လုံးမှကို မပြောတာ ဟာ လုံးဝကို မကျေနပ်နိုင်တဲ့ သဘောနဲ့ တူတယ် ... ကျွတ် ... ပြောပြီးသား သူ့မကောင်းကြောင်းတွေကို ဘာ နဲ့ ပြန်ထေရပါ့မလဲနော် ... ခုကျကာမှ မဟုတ်တော့ပါ ဘူးလို့ ပြန်ပြောလို့ကလည်း မကောင်း"

"နင့်လူက ဟုတ်ရော ဟုတ်ရဲ့လားဟယ် ..."

"ဘာကိုလဲ"





"နင့်ကို ချစ်တယ် ဆိုတာလေ ..."

"အောင်မာ ... ငါက ဘာလို့ မဟုတ်ဘဲနဲ့ လိမ်ပြောထား ရမှာလဲ ... နင်တို့ မယုံရင် ခေါ်မေးပြရမလား ... သူ တကယ်မပြောဘဲနဲ့ ငါက လီဆယ်လုပ်ကြံရမယ်လို့ပဲ ... နင်တို့အထင်ကလည်းဟာ အောက်လိုက်တာ ..."

"ဟာ ... သူက မပြောဘူးလို့ ပြောတာ မဟုတ်ပါဘူး ... ပြောတာတော့ သေချာပါတယ် ... ဒါပေမယ့် သူပြောတဲ့ အတိုင်း သူ့ရင်ထဲမှာမှ ရှိရဲ့လားလို့ ..."

"ဘာလို့မရှိရမှာလဲ ... နင်တို့ကို ငါပြောပြီးပြီပဲ မိန်းမသနာ ကိစ္စ လုံးဝကင်းရှင်းပါတယ်လို့ ... ဘာလဲ ... မယုံကြဘူး လား ..."

"အဲဒါကို ယုံတယ် ... အဲဒါကို လုံးဝယုံလို့ကိုပဲ ... ချစ် လှပါချေရဲ့ ဆိုတာကို မယုံချင်တော့တာ ... ရှင်းလား ..."

"ဒါပေမယ့်ဟယ် ... တကယ်လည်း မချစ်ဘဲနဲ့တော့ ... ချစ်ပါတယ်လို့ ဘာလာပြောနေစရာ အကြောင်းရှိသလဲ ... ဘာလို့သလဲ ... မဟုတ်ဘူးလား ..."

"ဟုတ်တယ် ... အဲဒါကြောင့်လည်းပဲ အစဉ်းစားရကျပ်နေ ရတာပေါ့ ..."

လှစ်လှစ်ရဲ့ မျက်နှာလေးက ခုမှ ခပ်ပြုံးပြုံး ပြန်ဖြစ် လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျပ်မှာပေါ့ ... စဉ်းစားစရာ မဟုတ်တဲ့ ကိစ္စတွေ အတင်းကြီး လိုက်စဉ်းစားနေကြတာကိုး ... အလုပ်မဟု တာကို လုပ်ချင်နေကြမှတော့ ဒီလောက်တော့ ရှိမှာပေ

“အန်တီငယ်က သူ့ကို ... ကိုပြည့်စုံရဲ့ သူငယ်ချင်း နေတဲ့အတွက်လည်းပဲ သိပ်ကြိုက်ချင်လှပုံ မရဘူး ...

“ကိုပြည့်စုံရဲ့ သူငယ်ချင်းဖြစ်တော့ ဘာဖြစ်သေးလဲ ... ကိုပြည့်စုံကဖြင့် ဒီလောက်ကောင်းတာ ... နင့်အမေတော မှ အစကတော့ ဘာဖြစ်သလေး ... ညာဖြစ်သလေး ခုကျတော့ သား ... သား ... နဲ့ ပါးစပ်ဖျားကတောင် ဘူး ... ကိုပြည့်စုံရဲ့ သူငယ်ချင်း ဖြစ်နေတဲ့အတွက် အမှတ်လျော့စရာ မရှိပါဘူး ... အမှတ်ပဲ တိုးပေးရ တယ် ...”

“သူက မမကြီးကို လာခိုးတဲ့ အထဲမှာလည်း ပါဖူး တာကိုး ...”

“ဘာဖြစ်လဲ ... သူခိုးတာမှ မဟုတ်တာ ... တ ခိုးသွားတဲ့ လူကိုတောင်မှ တသားတည်း ပြန်သား သေးရင် သူ့မှာ ဘာအပြစ်မှကို မရှိဘူး ...”

“မပြောနဲ့တော့ မိသီဂီရေ ... နင့်ညီမက လုံးဝကို ပြီပဲဟာ ... အပိုပဲ ...”

သဖင်က သီဂီ့ကို လှမ်းတားရင်း ... လှစ်လှ သို့လှည့်ကာ ... “နင် ချစ်နေပြီပေါ့ ... ဟုတ်လား လှစ်လှ





ဆိုလိုက်လျှင် ... “သိပ်ချစ်တာပဲဟယ်”ဟူသော လှစ်လှစ်ရဲ့ သံလေးက မဆိုင်းမတွပင် သနားကြင်နာချင်စရာလေး ပေါ် ကလာပါတော့သည်။ လှစ်လှစ်ရဲ့ အသံကလေးမှာ သီဂီနှင့် င်တို့ပင် ခပ်ငိုင်ငိုင်ကလေးတွေ ဖြစ်သွားကြရ၏။

“အေးလေ ... ဒါဖြင့်ရင်လည်း ကံကောင်းပါစေ လှစ်လှစ် ရယ် ...”

“ကျေးဇူး ... ဒါပေမယ့် ကံကတော့ မကောင်းစရာ မရှိပါဘူး ... သူကလည်း ငါ့ကို ချစ်တယ် ... ငါကလည်း ချစ်တယ် ... သူ့ မကောင်းတာလေးတွေ နည်းနည်းပါးပါး ရှိမှန်းသိရက်နဲ့လည်း ခွင့်လွှတ်နိုင်တယ် ... ဖေဖေကလည်း သဘောတူပြီးသား ... မေမေကလည်း မကြည်လှဘူး ဆိုပေမယ့် အန်တီလေးတောင် နောက်ဆုံးကျတော့ ကိုပြည့်စုံကြီးကို တသားတည်း သားနေရသေးတဲ့ဟာ ... မေမေလည်း ကြည့်ပါ ... နောင်ကျရင် သူကချည်း ‘သား’နေလို့ ငါကတောင် ပြန်မနာလိုနေရဦးမယ် ... ကဲ ... ဘာကံမကောင်းစရာ ရှာတွေ့ကြသလဲ ...”

“ဘာမှကို ပြောစရာ မရှိတော့ပါဘူး ... နော် ... ကျွန်တော်မျိုးမတို့ မှားကြပါတယ် ...”

လှစ်လှစ်က “တခွီခွီ”နှင့် အဆက်မပြတ် ရယ်၍နေ သည်။ ဘာမှ ရယ်စရာမကောင်းလှတဲ့ ဒီလောက်စကားမျိုး ကိုပဲ ဒီလောက် “တခွီခွီ”နှင့် မပြီးနိုင်တော့ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးမဟာ "အချစ်" ဆိုတဲ့ အရာတစ်ခုဆီမှာ ဝင်… အားရ နစ်ပျော်ပြီးသား ဖြစ်နေပြီ ဆိုတာ လုံးဝသေချာ… လေပြီ။

သိင်္ဂီနှင့် သဇင်တို့ တစ်ယောက်မျက်နှာ တစ်ယော… ကြည့်နေကြရုံပဲရှိသည်။ ဒီအချိန်မှာ "ကောင်းဓာတိ" ဆို… မျက်နှာပဟန်ပန် အချိုးအချိတ်တို့ကိုတော့ စေ့စေ့ပေါက်ပေါက်… လိုက်တွေးမနေချင်တော့ …။ သူ့ဟာနဲ့သူ ယုံကြည်ပျော်ရွှင်… က ပျော်နေချိန်မှာ ကိုယ်တို့နှစ်ယောက်က သံသယစိတ်… ဝန်ပိနေရင် သူပြောသလို အဘွားကြီးအိုလေးတွေ ဖြစ်ကြ… ရှိမည်။

သူ့အမေကြီးပုံစံ ကြည့်ရတာ ခပ်တည်တည်… နဲ့ … မဖော်ရွေချင်သလိုလို … မကျေနပ် မကြည်လင်တာ… ရှိနေသလိုလို …။ ဒီကလည်း ခင်ဗျားရဲ့သမီးဆီ လာချင်လွ… လို့တော့ မမှတ်လိုက်ပါနဲ့ အန်တီကြီးရေ …။ သိပ်ဈေးကြ… နေတယ် ဆိုရင်လည်း ကိုယ့်သမီးလေးလည်း နည်းနည်းဆေ… ပြန်ပြီး ကိုယ့်ဘာသာ အကဲခတ်ကြည့်လိုက်ပါဦးလား …





"လှစ်လှစ်ကလေ … မမခိုင်နဲ့ ဖုန်းပြောဖြစ်ကြတော့ … မေမေတော့ ခြံထဲမှာ တရုတ်စကားပင် စိုက်ချင်လို့ အပင်ပေါက်လေးတွေ အရောင်စုံစုံနဲ့ လိုက်ရှာနေလေရဲ့လို့ ပြောမှုးလို့ မေမေရဲ့ … မမခိုင်ကတော့ မော်ဘီဘက်က သူတို့ခြံထဲမှာရှိတယ် … တစ်ယောက်ယောက်ကို သွားခုတ်ခိုင်းပြီး ပို့ပေးပါ့မယ်လို့ ပြောနေတာ …

ကြည့်စမ်း … အများကြီးပဲ … ဒါ ကိုကောင်းဓာတိ ကိုယ်တိုင် သွားခုတ်ယူလာရတာလား ဟုတ်လား … ကြည့်ပါဦး …"

"မဟုတ်ပါဘူး … မော်ဘီခြံထဲက အလုပ်သမား ဘာသာ ခုတ်လာပြီး လာပို့ထားတာ နည်းနည်းတောင် ကြာနေပါပြီ… ကိုယ်က လာပို့ဖို့ မအားလို့ … မမခိုင်ကတောင် သေကုန်တော့မှာပဲဆိုပြီး ပန်းအိုးထဲ သူပဲ ပြန်စိုက်ပေးထားတာ …"

လှစ်လှစ်က ကောင်းဓာတိကို ကျိတ်ပြီး မျက်စောင်းရွယ်လိုက်ပါသည်။ ဒီကဖြင့် သူနဲ့ မေမေနဲ့ ပြေလည်ပြီး စကားစရအောင် လမ်းခင်းပေးတာကို … အလိုက်သင့်လေးများ နင်းသွားပါတော့လားလို့ …။ ခုတော့ မနင်းတဲ့အပြင် လုပ်ပုံက ကြည့်ဦး။ စကားစတွေ ပြတ်သွားကြပြီး သူရော မေမေပါ ငူငူတည်တည်ကြီးတွေ ဖြစ်နေကြပြန်တာမို့ လှစ်လှစ်မှာ ဒီနှစ်ယောက်ကြားထဲမှာ ချောမွေ့စွာ စကားပြောနိုင်မည့် အကြောင်းအရာမျိုးက ဘာ



www.burmeseclassic.com

www.burmeseclassic.com



များပါလိမ့် ... ဟု အပြင်းအထန်ကြီး ခေါင်းမီးတောက်မျှ စဉ်းစားနေဆဲမှာပင် ...

"ရော့ ... အစ်ကိုကြီးက ပေးလိုက်တာ ... သူ မေ့နေလို့တဲ့ ... ဆောရီးတဲ့"

ဇာတိက သူ့ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတစ်ထောင်တန်အုပ် တစ်အုပ်ကို ဖျတ်ခနဲထုတ်ကာ လှစ်လှစ်ထံ လှမ်းပေးလိုက်လေရာ လှစ်လှစ်မှာ မျက်လုံးပြူး မျက်ဆံပြူးနှင့် ယောင်ယမ်းဘုရားတ,ရင်း မေမေ့ဘက်ပဲ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိပါတော့သည်။ မေမေဟာလည်း မျက်နှာတည်တည်ကြီးမှာ ချက်ချင်း မျက်မှောင်က ကုတ်တက်သွားရ၏။

"အဲဒါ ဘာလဲ ..."

မေမေ့ရဲ့ လေသံက ခပ်ဆတ်ဆတ် ...။

"ပိုက်ဆံတစ်သိန်းပါ ...။ ကျွန်တော့်အစ်ကိုက သူ့အပေါ်မှာ အကြွေးရှိလို့ ..."

အမှန်စင်စစ်မတော့ ... ဇာတိနှင့် လှစ်လှစ်တို့ရဲ့ အခြေအနေကို သွေးအေးအေးကြီး ဖြစ်မနေစေချင်သော မမခိုင်ခမျာ ဇာတိတစ်ယောက် အဲဒီအိမ်ကို ရောက်ဖြစ် သွားဖြစ်နေစေဖို့ အကြောင်းအရာများကို တစ်ခုမဟုတ်တစ်ခု ...၊ တစ်ခုပြီးတစ်ခု မပြတ်ရှာဖွေပေးနေခြင်းသာ ဖြစ်ပါသည်။ တရုတ်စကားပင်ကိုင်းများကို သွားမပို့၍ မသေအောင် မနည်းပြန်စိုက်ပေးထားရပြီးသောအခါမှာ နောက်ထပ် အကြောင်းအရာတစ်ခု အနေနှင့်





ယ့်ပိုက်ဆံပဲ အဆုံးခံကာ ကိုကိုကြီးကပဲ သွားပေးခိုင်းသယောင်ယောင် ... အကြောင်းရှာလိုက်ခြင်း ...။

ဟိုးတုန်းတည်းက "သူ့ညီပါ"လို့ ဝန်ခံပြီး ဆုငွေစ်သိန်းကို တန်းခနဲ မထုတ်ပေးလိုက်တဲ့ ကိစ္စကို ဇာတိ ဘယ်ဘက်ခံပြင်း မကျေနပ်ခဲ့သလဲဆိုတာ ခိုင်က သိထားသည်လေ။ လို ပိုက်ဆံထုတ်ပေးလိုက်ရင်တော့ အဲဒီအိမ်ကို ဘယ်နည်းနဲ့မဆိုက်ဖြစ်သွားတော့မှာပဲဆိုတာ ကျိမ်းသေပေါက်ဆိုပြီး ပေးထည့်က်ခြင်းပင် ...။

ကြားထဲက ဒုက္ခရောက်ရတာက လှစ်လှစ် ...။ စ်လှစ် ခမျာမှာ အဲဒီပိုက်ဆံတစ်သိန်းကိစ္စကို အဆူမခံရအောင်ယ်ဘက်က လှည့်ပြောရင်များ ကောင်းမလဲဟု စဉ်းစားနေဆဲသေး ... စကားက မပြောရင်လည်း ခပ်တည်တည် ငုငုကြီးပဲနေသည့် ကိုယ်တော်ချောက ရွှဲ့များရွှဲ့လေရော့သလား ထင်အောင်ပင် ... ဆုငွေတစ်သိန်းထုတ်တာကအစ ... သွားပြန်ပို့ကအလယ် ... ငြင်းလွှတ်ပြီးမှ ဦးခင်မောင်တင့် သမီးမှန်းတာကအဆုံး ... ရိုက်စစ်သလိုကို ခရေစေ့တွင်းကျတွေ ဒရင် ပြောပြနေပါတော့သည်။

မေမေ့ရဲ့ မျက်နှာဟာ တင်းသထက်တင်း ...၊ တင်းမာမာကြီး ဖြစ်,ဖြစ်လာရာကနေ နောက်ဆုံးမှာတော့ ဘယ် သည်းမခံနိုင်တော့သလို ထိုင်ရာကနေပါ ထရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ် ... ဒီပိုက်ဆံကတော့ ပေးဖို့မလိုဘူး… ပြန်ယူသွားလိုက်ပါ ... လှစ်လှစ် ... ဧည့်သည်ပြန်သွား… ရင် မေမေ့ဆီ ခဏလာခဲ့ဦး ... ဟုတ်လား ..."

မေမေ ဧည့်ခန်းမှ ထွက်ခွာသွားလျှင် လှစ်လှ… မျက်နှာလေးမှာ ပြိုကျတော့မည့် မိုးကဲ့သို့ မည်းအုံ့လို့သာနေပ…

"လှစ်လှစ်ရဲ့အမေက ဘယ်လိုဖြစ်တာလဲ"

"ဘာပဲဖြစ်ဖြစ် လှစ်လှစ်ရဲ့ လုပ်ပုံတွေက မိန်းကလေး… ယောက် အနေနဲ့ နည်းနည်းကဲတဲ့ သဘောဘက်… ရောက်ခဲ့တာပဲလေ ... အဲဒါကို မကြိုက်တာ နေမှာ… သူပြန်သွားတာနဲ့ အဆူခံရတော့မှာ သိလား ... ကြော… လိုက်တာ"

အဲဒီလို အချိန်မျိုးမှာများ ကိုယ့်ကို ချစ်ပါတယ်… ယောကျ်ားသားက "ကြောက်တယ် ... ပြန်တာနဲ့ အဆူခံ… ဆိုရင် ကိုယ် မပြန်တော့ဘူးလေ" ဘာညာ တစ်ခွန်းတလေ… လောက်များ "နော့"လိုက်မယ်ဆိုရင် မိလှစ်လှစ်တော့ နေ… ကြာပွတ်နဲ့ပဲ လိမ့်အဆော်ခံရခံရ ... လောလောဆယ်တော့ … ခုန်သံတွေ တဖျပ်ဖျပ်နဲ့ ... ကြည်နူးလို့ကောင်းလိုက်မယ့် ဖြ… ပေါ့ ...။

အေးလေ ... လှစ်လှစ်ရဲ့ ချစ်သူဟာ … တကယ်လုပ်ဖို့ မဖြစ်နိုင်တဲ့ စကားအဖြစ်လေးတွေကို လှ… မရှိ လျှောက်ပြောနေတတ်တဲ့ အစားထဲကမှ မဟုတ်တာ…





သူဟာ လှစ်လှစ် အဆူခံရတော့မှာအတွက် ပူပန်မည်ဆိုလျှင် နဂို မူရင်း ခပ်တည်တည်ပုံစံမှာ မျက်မှောင်ကြီး ပိုကုတ်ကာ မှုန်ကုတ် ကုတ်ကြီး ဖြစ်သွားမည်။ ဒီလောက်ပါပဲ ...။ ခုလည်း အဲဒီပုံပေါ့။ ခုလိုမျိုးပေါ့ ...။

"ဒါတောင် သူနဲ့ လှစ်လှစ်နဲ့ စသိကြပုံကို မေမေတို့ သိသေးတာ မဟုတ်ဘူး ... တက္ကသိုလ်ထဲမှာပဲ တွေ့ကြ သယောင်ယောင် ဟိုလိုလို ဒီလိုလို လုပ်ချထားတာ သိလား ... အဲဒါတော့ ဒီအိမ်မှာ လုံးဝလာဖွင့်မပြောမိစေနဲ့နော် ... လုံးဝကို အရိုက်ခံရမှာ သိလား ... သူနဲ့လှစ်လှစ် တောင်မှ မတော်တဆ ကွဲသွားနိုင်တယ် ..."

"ခုကော မကွဲဘူးလို့ အာမခံနိုင်သေးလို့လား ... လှစ်လှစ်ရဲ့ အမေ ပုံစံကို ကြည့်ရတာ ကိုယ်တော့ သိပ်မထင်ဘူး"

"ဒါပေမယ့် ကိုကောင်းဇာတိရယ် ... လှစ်လှစ် ကြားဖူးတာကတော့ 'အချစ်စစ် အချစ်မှန်တို့မည်သည် ဖြောင့်ဖြူးခြင်းမရှိ'တဲ့ သိလား ... ဒီလိုပဲ သည်းခံခြင်းနဲ့ အနိုင်ယူကြရအောင်ပါနော် ... လှစ်လှစ်က ကိုကောင်းဇာတိရဲ့ဘက်ကပါ ..."

အဲဒီလို ပြောလို့လည်း သူများတကာ ချစ်သူရည်းစား ကောင်ကလေးတွေလို မျက်လုံးလေးတဖျပ်ဖျပ်လက်ကာ "ဒါမှ တို့ချစ်သူကလေး"ဘာညာနဲ့ (အနည်းဆုံး အဖျင်းဆုံးတော့) လက်ဖျားကလေးတွေ ဆုပ်ကိုင်ညှစ်ကာ အားပေး ... ချစ်စနိုးရှိ



www.burmeseclassic.com

www.burmeseclassic.com



တာမျိုးလည်း ပေါ်မလာ ...။ ဒီလိုပြောလို့ လှစ်လှစ်ကပဲ လက်အကိုင်ခံချင်တဲ့ မိန်းကလေးလို့တော့ မထင်ကြစေလိုပါ ...။ သူက အဲဒီလောက်တောင် တည်ငြိမ်ဣန္ဒြေရှိနိုင်တော့လည်း လှစ်လှစ်မှာ လူကြီးတွေကိုရော ... သူငယ်ချင်း အချင်းချင်းထဲမှာပါ ... ပြန်ဂုဏ်လုပ်နိုင်စရာ အကြောင်းတစ်ချက် ထပ်ရပြန်တာပေါ့လေ။

ကိုယ့်ရဲ့ချစ်သူကတော့ တခြားလူတွေနဲ့ မတူတဲ့ အပြင် လှစ်လှစ်ရဲ့ စကားကို ကြားလိုက်ရတာနဲ့တင် သူ့မှာ မျက်ခုံးကြီးနှစ်ဖက် မြင့်တက်လို့ အီလည်လည်ပုံစံကြီးနဲ့ လှစ်လှစ်ထက်စာရင် ညှော်ခန်းနံ့ရဲ့တွေကပဲ သူ့အတွက် စိတ်ဝင်စားစရာပိုကောင်းနေတော့သလိုလို ...။

ထိုအခိုက်မှာပင် ဒီဘက်ခြံထဲမှာ ကောင်းဇာတိရဲ့ကားကို လှမ်းတွေ့လိုက်တာမို့ ဟိုဘက်ခြံထဲမှ ပြည့်စုံက ဒီဘက်ထဲသို့ ကူးဝင်လာခဲ့ပါသည်။ သူ့ခမျာမှာလည်း သူ့ယောက္ခမထက်စာရင် မျက်နှာထား ပိုတည်သော ဆရာဝန်မကြီးကို ခပ်ရှိန်ရှိန်ရှိရတာမို့ ခြံထဲရောက်တာတောင် အိမ်ထဲထိ ရဲရဲတင်းတင်းကြီးမဝင်လာရဲသေးဘဲ ပြတင်းပေါက်တွေထဲကပဲ အိမ်ထဲကို ဟိုချောင်းသည်ချောင်း လှည့်ပတ်ချောင်းနေဆဲ ...။

လှစ်လှစ်ကား ကိုယ်နှင့်သူ နှစ်ယောက်တည်း ကိုယ့်အိမ်ကိုယ့်ရာမှာ တည်တည်တံ့တံ့ အချိန်ကြာကြာ တွေ့ခွင့်ရတုန်းမှာ ကိုယ် သိပ်နားမလည်လှသော ကိုယ်တို့ရဲ့ ချစ်သူရည်းစား





ပုံစံ(တစ်မျိုး)ကို နည်းနည်းပါးပါး ပြုပြင်ပြောင်းလဲမှုကလေးတွေနှင့် ဟိုညီ သည်ညီ လုပ်ကြည့်ရရင်များ ကောင်းမလားဟု တွေးဆအကြံထုတ်နေချိန်လည်း ဖြစ်ပါသည်။ နောက်ပြီးကျ သူပြန်သွားတဲ့အခါကျတော့ ကိုယ်က အကြီးအကျယ် လိမ့်ပိမ့်ပြီး အဆူခံထိတော့မယ့်ဟာ ... အဆူမခံရခင်စပ်ကြား ချစ်ရသူနဲ့ ကြည်နူးရတဲ့ အချိန်ကလေးလည်း ကြာရှည်အောင် ... အဆူခံရမယ့်အချိန်ကလည်း နောက်ဆုတ်တိုတောင်းသွားအောင် လုပ်ယူရတော့မှာပေါ့။

အရင်ဦးဆုံးကတော့ လှစ်လှစ်က နာမည်ကိစ္စကို တင်ပြလိုသည်။ သိင်္ဂီနဲ့ သဇင်ပါမက မမရွှေရည်ကပါ အဆစ်ထပ်ပေါင်းပြီး လှစ်လှစ်ရဲ့ "ကိုကောင်းဇာတိ" ဆိုတာကြီးကို ပြောင်လှောင် ရှုတ်ချချင်နေကြတာ ကြာပြီလေ ...။

ဟုတ်ပါရဲ့ ... အဲဒီလို နာမည်ရှည်ရှည်ကြီးဟာ မိတ်ဆွေတွေတုန်းကတော့ ဘာအရေးလဲ ... ချစ်သူတွေဖြစ်ပြီးကြပြီဆိုတဲ့ နောက်မှာတော့ ခေါ်ရကြားရတာပဲ မကောင်းသလိုလို။ ရှည်လျားထွေပြားကာ ထောင့်ပဲနေသလိုလို ...။ အဆိုးဆုံးကတော့ အဲဒီလိုကြီး ခေါ်လိုက်ပြီးတာနဲ့ လှစ်လှစ်တို့ နှစ်ယောက်ဟာ "တရားဝင် ချစ်သူတွေပါလား" ဆိုတာကိုတောင်မှ မေ့မေ့သွားရတော့မလိုပါပဲ ...။

လှစ်လှစ်ကတော့ အစတုန်းကလည်း လှစ်လှစ် ... ခုလည်း လှစ်လှစ် ... ဘာအရေးလဲ ...။ ဒါတောင်မှ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ"ဆိုတဲ့ ကြောက်စရာ လန့်စရာ အခေါ်အဝေါ်ကြီးက နေ "လှစ်လှစ်နဲ့ကိုယ်" အဖြစ် ပြောင်းယူလိုက်တာတောင်မှ သိပ်မကြာသေးပါ။ မကြာသေးဆို လုံးဝကို မကြာလှသေးပါ။ သူ့အဖို့ကတော့ အဲဒီလောက်လေးကပဲ တကယ့်ကို ကဗျာအဆန်ဆုံး ထင်ပါရဲ့။ သူဟာ စိတ်ကူးယဉ် အနုအရွတွေကို ဝါသနာ သိပ်မပါလှသည့် လက်တွေ့ကျကျသမား တစ်ယောက်များလား။

တကယ်ဆို သူကစတောင်းဆိုရမှာကို ... ခုကျတော့ လှစ်လှစ်ကစပြီး ပြင်ချင်ပါတယ်လို့ ပြောရတော့မှာမျိုးကြီးကတော့ တစ်မျိုးကြီးပဲ ... သိပ်များ အောက်စရာကြီး ဖြစ်နေမလား ...။ အေးပါလေ ... အချစ်စစ် အချစ်မှန်တို့မည်သည် ... အောက်တာတွေ မအောက်တာတွေ ချိန်ထိုးလိုက်ပြိုင်နေစရာလည်း လိုမယ် မထင်ပါဘူး ...။ ကိုယ်က သူ့ကိုချစ်လို့ သူက ကိုယ့်ကိုချစ်ရင်ပဲ ပြီးတာပဲ မဟုတ်လား ...။

ဒါပေမယ့် အခေါ်အဝေါ်ရှည်ကြီးကိုတော့ ပြင်မယ်ကွာ ... နော် ...။

"ဒီမှာ .... ဒီမှာ ... ဒီမှာ ... ဟိတ် ... နံရံမှာ ဘာများ ဒီလောက်စိတ်ဝင်စားစရာ ရှာတွေ့နေသလဲ ... ဒီမှာ လှစ်လှစ် ပြောမယ် ... မမရွှေရည်တို့ သိင်္ဂီတို့ကလေ ပြောကြတယ် သိလား ... သဇင်ကလည်း ပြောတာပဲ ... ဟာ ... ပြူးပြူး ကြီးနဲ့ ... ကြားရဲ့လား ... ဘာပြောကြလဲလို့ မေးလေ ..."

"အင်း ..."





"သူတို့က လှစ်လှစ်က သူ့ကို ခေါ်ခေါ်နေတဲ့ ကိုကောင်းဇာတိ ဆိုတာကြီးကိုပဲ ပြောင်နေကြတာ ... နင်တို့ဟာက လည်း ပေများလိုက်တာတဲ့ ... ဟုတ်ပါရဲ့နော် ... သူတို့ ပြောမှပဲ ..."

ကောင်းဇာတိက လှစ်လှစ်ကို မျက်ခုံးပင့်တင်ကာ [ကြ]ည့်ပြန်သည်။ အဲဒီသူ့ရဲ့ မျက်လုံးအပင့်နဲ့ အကြည့်ခံရခြင်းက [တေ]ာ့ အောက်တာ မအောက်တာထက် အခံရခက် အသည်းယား [ခ]င်စရာမို့ လှစ်လှစ်က မနှစ်သက် ...။

"အဲလိုကြီး မကြည့်နေနဲ့လေ ... အဲဒါ လှစ်လှစ်က ဘာလုပ်ရမလဲ ... ပြောင်းခေါ်ရမှာလား ... ပြောင်းရမယ်ဆိုရင်ကော ... ဘယ်လိုခေါ်ရမလဲ ... အကြံပေးစမ်းပါဦး"

"ဟာ ... ဘယ်လိုအကြံပေးရမှာလဲ ... မပေးတတ်ပါဘူး ... အရင်ကလည်း အဲလိုပဲ ခေါ်နေကျနေပြီပဲဟာ ... ခုမှဘာလို့ ထပြီးပြောင်း ..."

ပြောလက်စ စကားက "အဲ့"တစ်လုံးနှင့် ရပ်တန့်[သွ]ားပြီး ကောင်းဇာတိရဲ့ မျက်နှာက ပြုံးစိစိ ဖြစ်ချင်လာပါသည်။ [ပြ]ုံးချင်တော့ ပြုံးရာကနေ ရယ်များပင် ရယ်ချလိုက်သေးကာ ... [ဪ]် ... ဪ် ... ဒီလိုလား ... ဒီလိုလည်း ရှိသလား ... အင်း[ပါ]လေ ... ဟုတ်တာပေါ့ ... ဟား ဟား ဟား ..."တဲ့ ...။

[လှစ်]လှစ်မှာ အသည်းထဲကနေ ကျလိကျလိပင် ဖြစ်လာရကာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရသူ "ကိုလူရိုး"ကို "ဒီလောက်တောင်ပဲ ရိုးရသလား" ပြေးပျက်တောင် ထုချင်လာမိတော့သည်။

အတွေ့အကြုံ မရှိသူ ဆိုတာကတော့ ကောင်းတာ နော် ... ကိုယ်ဟာ မိန်းကလေး အတော်များများထဲမှာ မဟာ ထူးရှင်ပေါ့ ...။ ဒါပေမယ့်လည်းပဲ နည်းနည်းပါးပါးကတော့ ကြားဖူးနားဝက ရှိပါတော့လား ကိုလူရိုးရယ် ...။ ခက်ရချည်

မမကြီးရွှေရည်ကတော့ "မောင်"တဲ့ ...။ ဟင့်အင်း မကောင်းလိုက်တာ ...။ နွံ့တဲ့တဲ့ကြီးနဲ့ ...။ မိန်းမစင်စစ် အခြောက်ဆန်သလိုလို။ အန်တီလေးကတော့ ဘဘကို "သမီး အဖေ"တဲ့။ မေမေကတော့ ဖေဖေ့ကို "အဖေကြီး"တဲ့ "ကိုဟိုဒင်း"တဲ့ ...။ တစ်ခုမှလည်း မကောင်းပါဘူး ...။ ဒီအ သမီးရည်းစားတွေ ဘဝတုန်းကတော့ သူတို့ချင်း ဘယ်လို ကြသည်မသိ။ လှစ်လှစ် လူမှန်းသိစတည်းကတော့ သူတို့တွေ အဲလိုဖြစ်နေကြပြီ ...။

အရင်ကဟာကို သွားပြန်မေးကြည့်လို့ကလည်း မကောင်း ...။ မေးလည်း မမေးရဲ ...။ ပြီးပြီ ... ကုန်ပြီ ...။ အ ခိုးဖို့ရာကလည်း လှစ်လှစ်ရဲ့ ဝန်းကျင်မှာ နီးနီးစပ်စပ် စုံတွဲ ဒါအကုန်လောက်ပဲဖြစ်ရာ အကြံရ ကျပ်လှပါဘိတော့သည်။

"ကိုယ်ကတော့ မင်းကို တစ်ခါတလေကျ ကိုယ့်ဘာ 'ဒေါ်တစ်လွဲ'လို့ ခေါ်တယ် ..."

"အောင်မာ ... လှစ်လှစ်က ဘာများလွဲလို့လဲ"





"အမြဲပဲ လွဲနေတာပဲဟာ ..."

"ဒါဖြင့် အခု ဘာလွဲလဲ ..."

အခု မင်း အကြီးအကျယ်ကိုပဲ လွဲနေတယ်လေ လေးမရဲ့ ...။

ဒီစကားကတော့ ကောင်းဇာတ်ရဲ့ နှုတ်များက ထွက်ပေါ်လာခြင်း မဟုတ်ပါ။ သက်ပြင်းတစ်ခုနှင့်အတူ ရင်ထဲ ပဲ မျိုချလိုက်ရသော စကားမျိုး ဖြစ်ပါသည်။ လှစ်လှစ် အဖို့ ကတော့ "မအောင်မာ"တွေ ဘာတွေနှင့် မကြိုက်ချင်ယောင် ဆောင်ရသော်ငြား "ဒေါ်တစ်လွဲ"ဆိုတာကပဲ တကယ့်တကယ် တော့ ချစ်စနိုး အခေါ်အဝေါ်မျိုးပဲမို့ ... ရင်ထဲမှာတော့ ပီတိ ..."

"ကောင်းပြီ ... လှစ်လှစ်က အမြဲလွဲနေတယ်ဆိုရင် သူကတော့ အမြဲပဲ မှန်နေတော့တာချည်းပဲပေါ့နော် ... ရပြီ သိပြီ ... ဒီလိုဆိုရင်တော့ လှစ်လှစ်က သူ့ကို "ဦးမှန်"လို့ ခေါ်မယ်"

"ဟာ ... ဘာကြီးလဲ ... ကိုယ့်နာမည်လည်း မဟုတ်ဘူး"

"ဟုတ်တယ်လေ ... ဘာလို့ မဟုတ်ရမှာလဲ ... သူ့နာမည်ထဲမှာ 'မှန်'ဆိုတာတော့ တစ်လုံးမှ မပါပေမယ့် သူက လုပ်ရပ်တွေလည်း မှန်တယ် ... စိတ်ဓာတ်ကလည်း မှန်တယ် ... လှစ်လှစ်က လွဲနေပေမယ့် သူကတော့ အမြဲမှန်နေတယ် ... အဲဒီတော့ လှစ်လှစ်က 'ဒေါ်တစ်လွဲ' ...



www.burmeseclassic.com

www.burmeseclassic.com



သူက 'ဦးမှန်' ... ဟင်း ဟင်း ဟင်း ... ကောင်းတယ် သိပ်ကောင်းတာပဲ ... ကွက်တိပဲ ..."

ကောင်းဇာတိရဲ့ မျက်နှာမှာ ခပ်ပျက်ပျက် ... မ တတ် မထိုင်တတ်သလိုလို မျက်နှာက နီရဲပြီး သူ့ထုံးစံအတိုင် မျက်မှောင်ကြီးက ကုတ်တက်သွားပြန်ပါသည်။ လှစ်လှစ်က အဲဒါကို စိတ်ထဲ ဘယ်လိုမှ မရှိဘဲ ကိုယ့်ဘာသာကိုယ် အ ကြီး အကြိုက်ကျနေရသဖြင့် မျက်နှာလေးက ပြုံးစိစိနှင့် ချိုရွှင် နေသည်။

သူ့မှာ မကောင်းတဲ့ အကျင့်စရိုက်လေးတချို့ ရှိ လှစ်လှစ်က သိထားသားပဲ ...။ အဲဒါကို အားလုံးမှန်တယ် ဘယ်တော့မှ အမှားမရှိ ... အလွဲမရှိလို့ လုပ်ထားလိုက်တော့ ကိုယ့်နာမည်ကိုယ် ပြန်ထိန်းသိမ်းပြီး ရှိန်နေရတော့မှာနဲ့ပဲ ရှိတဲ့အမှားကိုတောင် ကိုယ့်မသိစိတ်က မသိမသာ ပြန်ပြင်ယူ နိုင်ပြီး နောက်ထပ်လည်း ထပ်မမှားဝံ့နိုင် ...။

ပြီးကျတော့ သူက "ဒေါ်တစ်လွဲ"လို့ ချစ်စနိုး လာလုပ်လို့ ကိုယ်ကလည်း ချစ်စနိုးနဲ့ပဲ "ဦးမှန်"လို့ ပြန်စ ရတာပါ ... ဆိုတာဟာ သူငယ်ချင်း ညီအစ်မတွေ ကြားထဲ ဘယ်လောက် ကြွားဝါချင်စရာ ကောင်းလိုက်သလဲ ...။ သူ "ကိုကို"တွေ "မောင်မောင်"တွေက ရိုးနေပြီ ... နော် ...

"ကဲ ... ပြန်တော့မယ် ..."

"ဟင် ... ပြန်တော့မလို့လား ..."





"ဘာလို့လဲ ... မပြန်ရဘူးလား ..."

"ဦးမှန် ပြန်တာနဲ့ ဒေါ်တစ်လွဲက အဆူခံရတော့မှာ လေ ... ဟိ ..."

ကောင်းဇာတိ တစ်ယောက် ဆက်ပဲထိုင်နေရတော့ လိုလို ... ထပဲရပ်ရမလိုလို ... ကုန်းကုန်းကွကွတွေ ဖြစ်နေရတော့ ... လှစ်လှစ်က ...

"အလကားစတာ ပြန်ပြန် ... အဆူခံရလည်း ခံရပစေ ... တန်တယ် ... ဒီနေ့ သိပ်ပျော်တာပဲ သိလား ... နာမည် ခေါ်ဖို့တစ်ခု အဆင်ပြေပြေ ကောင်းကောင်းလေးတစ်ခု ရသွား လို့ထင်တယ် ... အလကားနေရင်းကို ပျော်နေ ရော ... ဟားဟား"

ကောင်းဇာတိကတော့ ဘယ်လိုမှ ပြန်မပြင်နိုင်တော့ သည့် မျက်နှာနှင့်ပါတည်း ...။ ပြန်မယ်လို့ ကားနားလည်းရောက် ရော ... ကားပေါ်မှာ အခန့်သား ကြိုတင်ရောက်ရှိနေသူက ပြည့်စုံ ...။

"ဘာလဲ"

"လာပါ ... မောင်ရင်နဲ့ ကိုယ်နဲ့ လက်ဖက်ရည်ဆိုင် ဆက်သွားကြရအောင် ဖိုးဇာတိ ..."

အပြန်လမ်းမှာ လှစ်လှစ်ကား တော်ရုံနဲ့ အိမ်ထဲပြန် ဝင်နိုင်ဘဲ မပြီးဆုံးနိုင်တော့အောင် လက်ကလေး တပြပြ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရော ... ကျွန်တော် အခု အဆင်ပြေလို့ ခင်ဗျား ပိုက်ဆံတစ်သိန်းကို ပြန်ဆပ်တာ ဖိုးဇာတိ ... ကြွေးရှင် မျက်နှာ ကြည့်စရာ မလိုတော့ဘူး ဆိုတော့လည်း ကိုယ် ပြောချင်ရာပြောလို့ ပိုကောင်းမယ် ... မောင်ရင်နဲ့ လှစ်လှစ် နဲ့ကတော့ ဘယ်လိုသဘောလဲတော့ မသိဘူးနော် ... ဒါပေမယ့် ကိုယ်တော့ သိပ်မကြိုက်လှဘူး ... ဟော့လူ ... လှစ်လှစ်ဟာ ကျွန်တော့်ညီမ ဖြစ်နေပြီနော် ... အဲဒါလေး တစ်ခုတော့ သတိပြု ..."

"ကျွတ် ... နေစမ်းပါဗျာ ... စိတ်လေရတဲ့ ကြားထဲ"

"လေမှာပေါ့ ... ဒီထက်တောင် လေသင့်သေးတယ် ... ကိုယ်တကယ် ရင်ထဲ မထားမိတဲ့ ကောင်မလေးတစ်ယောက် ရဲ့ မတရား ထုထည်ကြီးမားနေတဲ့ မေတ္တာတရားတွေက ခင်ဗျားကို စိတ်မချမ်းမသာ ဖြစ်စေနေပြီ ဖိုးဇာတိ ... ခင် ဗျား Guilty ဖြစ်နေပြီ"

"တော်ပြီဗျာ ... အဲဒါတွေပဲ ပြောနေတော့မယ် ဆိုရင် ခင်ဗျား ကျုပ်ကားပေါ်ကဆင်း ..."

"ဒါဖြင့် မောင်ရင့်ကားကို လမ်းဘေးမှာ ကပ်ရပ်လိုက် ... ကိုယ်ဆင်းမယ် ... မဆင်းခင်တော့ ဝအောင်ပြောခဲ့ဦး မယ် ... တစ်ခုခုဆိုရင် ကိုယ်က ကောင်မလေးဘက်က ရပ်တည်တော့မှာနော် ... ဘာရည်ရွယ်ချက်နဲ့မှန်း မသိ လှည့်ဖြားချင်တိုင်း လှည့်ဖြားနေတဲ့ မောင်ရင့်ရဲ့ အကွက်





တွေထဲမှာ ကိုယ်ပါရောပြီး တရားခံ အဖြစ်မခံနိုင်ဘူး ... မောင်ရင်နဲ့ ကိုယ်နဲ့ အဲဒီလို ဆိုရင်တော့ တွေ့ကိုတွေ့ကြ ရတော့မှာ သေချာတယ် ...

ဘာတဲ့ ... 'ဦးမှန်' ဟား ဟား ဟား ... မှန်လိုက် တာဗျာ ... မှန်လိုက်တာကြီး ... ဟား ..."

ကောင်းဇာတိက ကိုယ့်ကားကို လမ်းဘေးသို့ အရပ် ပြည့်စုံက ကားတံခါးကို ချက်ချင်းဖွင့်ကာ မြွေတစ်ကောင်လို လျင်မြန်စွာ လျှောခနဲ ဆင်းချသွားလေတော့သည်။ ကောင်းဇာတိ ရဲ့ တောက်ခေါက်သံကိုတောင် သူ့မှာ ကြားသွားဟန်မတူ ...။ အကြွေးပြန်ဆပ်ပြီး စိတ်ထဲရှိတိုင်း ပြောချသွားတာကတော့ အခံရ ခက်စရာ ကောင်းလွန်းလှတော့သည်။ ဘာတဲ့ ... "ခင်ဗျား Guilty ဖြစ်နေပြီ"တဲ့ ...။

လူဆိုတာကလည်း ဟုတ်တာအပြောခံရရင် "နာလို ခေါ် အမျက်ထွက်" မဟုတ်လား။ လှစ်လှစ်ရဲ့ အိမ်မှာကတည်းက ချက်စိမျက်နှာ အပျက်ပျက်နှင့် ဆက်ထိုင်နေဖို့တောင် ပူထူနေ ခဲ့ရသည့် ဇာတိဟာ သူပြောပြီးရင် ပြောသလိုပဲ တကယ်လုပ်မည့် ပြည့်စုံလို လူမျိုးနှင့်တော့ ရင်ဆိုင်လို့ ဘယ်နည်းနဲ့မျှ မဖြစ်နိုင် ပါပြီ။

ဒီလူ့ကြည့်ရတာ လှစ်လှစ်နဲ့ ဇာတိတို့ရဲ့ စကားဝိုင်း တစ်ခုလုံးကို ချောင်းကိုနားထောင်နေခဲ့တယ် ထင်ပါရဲ့ ...။ စိတ် ....သည် ...။ ရှေ့လျှောက်မှာလည်း (ကိုယ့်အကြောင်းကို သူသိ



www.burmeseclassic.com

www.burmeseclassic.com



ကိုမသိတာ သေချာသော်လည်း) လာစွဲ့နေတော့သလား ထင်
လောက်အောင်ကို "ဦးမှန်၊ ဦးမှန်"ဟု တရစပ်ပင် ခေါ်နေတော
မည့် အသံကလေးတွေကို ဘယ်လိုမျက်နှာထားကြီးနဲ့ ဇာတိက
ဆက်လက်ရင်ဆိုင်နေရမတဲ့လဲ ...။

အင်း ... ခုလောက်ဆို သူကလေး ခမျာလည်း အတော်ကြီးများ အဆူခံ၊ အပြောခံ နေရပြီလား ...။





## အခန်း(၆)

"မမခိုင် ... ဟိုနေ့က ကျွန်တော် ကြားလိုက်တာ ... ဒီနေ့ မမခိုင်တူမ ဟိုတစ်ယောက် ဆိုတာရဲ့ မင်္ဂလာပွဲ ဆိုလား ..."

မရီးက ဇာတိကို "ဘာသဘောပါလိမ့်"ဟူသော
က်နှာထားမျိုးနှင့် ကြည့်လာပါသည်။ အဲဒီလို ကိုယ်မေးတဲ့
းခွန်းကိုတော့ဖြင့် "ဟုတ်တယ်... မဟုတ်ဘူး"စသဖြင့် အဖြေ
တန်းခနဲ မထုတ်ပေးလိုက်ဘဲ ... လူကို မယုံသင်္ကာပုံစံမျိုး
ီးနှင့် ..."ဘာလုပ်ချင်လို့ပါလိမ့် ..."...၊ "သူ့စကားက ဘာများ
နက်အဓိပ္ပာယ်တွေ ရှိပါလိမ့် ... သူတကယ် ရည်ရွယ်ချင်တာ
ဘာပါလိမ့်" ... ဆိုတဲ့ သူ့ဘက်ကပဲ တစ်ပြန်တစ်လဲ မေး
်းပါသော အကြည့်မျိုးကြီးနှင့် ပြန်ကြည့်ခံရတာမျိုးကို ဇာတိ
လုံးဝမကြိုက် ...။

ဒါပေမယ့် ဒီလိုအဖြစ်မျိုးနဲ့ တုံ့ပြန်ခံရတာဟာ ရိုး



www.burmeseclassic.com

www.burmeseclassic.com



နေပြီ ဖြစ်သလို ... သူတို့တစ်တွေ အဲဒီလို ဖြစ်နေကြရတာ
လည်း "မည်သူမပြု မိမိမှု" ကိုယ့်အပြစ်နဲ့ကိုယ်ကြောင့် ဆိုတာ
ကိုယ့်ဘာသာ သိထားရတော့လည်း မကျေနပ်ပေမယ့် စော
တော့ မတက်သာ ...။

သူ့ဘက်က ဘယ်လိုပင် "မောင်လေး"တွေ "မမနိ
တွေ လာပါသော်လည်း ကိုယ်ကတော့ "ဘာမောင်နှမမှ
မနေချင် ... တော်စပ်ပုံဟာ ဤသို့ ဤနှယ်ပါပဲ" ဆိုတာကို
မသိ သိအောင် "မရိုး"ချည်း ပိတ်ခေါ်ပစ်ထားတာမို့ ဒီနေ့ကျ
မှ ထူးထူးဆန်းဆန်း "မမခိုင်"လေး ဘာလေး လာလုပ်နေခြင်း
အံ့အားတသင့်နှင့် အတော်ကြီးလည်း လန့်ရှာမည်။

"ဒီနေ့ညနေ (---)ဟိုတယ်မှာ မမခိုင် တူမတစ်ယော
မင်္ဂလာပွဲ ရှိတယ်ဆို ... အဲဒါ ကျွန်တော်နဲ့မှ မပေးစား
ရင် အိမ်ထောင်မပြုတော့ပါဘူး ... အပျိုကြီးပဲ လုပ်ပါ
မယ်ဆိုတဲ့ နှစ်ယောက်ထဲက တစ်ယောက်လား ..."

မမခိုင်က ကောင်းဇာတိ တစ်ယောက်တော့ သူ
လာကလိပြီဟု ထင်လိုက်ပါသည်။ ဇာတိအနေနှင့်ကတော့ ကို
ထက် အပုံကြီးငယ်ရွယ်သူလည်းဖြစ် ... ရွဲ့တတ်၊ ကလိတ
ခနဲ့တတ်တဲ့သူအဖြစ် နာမည်ကလည်း တွင်ထားပြီးသားမို့ အ
ထပ်ဂရုစိုက်နေစရာလည်း မလိုလှတော့ပေရာ အချိန်မရွေး
သူ့စိတ်ထင်တိုင်း "ဗြတ်"ခနဲ ပြောချခွင့်လိုင်စင်ကို ရထားသ
ရှိပေသည်။





ကိုယ့်မတော့ လူကြီးကလည်းဖြစ်ပြန်၊ အုပ်ထိန်းသူ နေရာကလည်း ရောက်နေရတဲ့အပြင် နဂိုတည်းကိုက ဘာလေး တစ်ခုကိုပဲဖြစ်ဖြစ် ချင့်ချင့်ချိန်ချိန် စဉ်းစားပြီးမှ ဆုံးဖြတ်လုပ်ဆောင်တတ်တဲ့ အကျင့်ကလည်း ပါနေပြီးသူဖြစ်ပြန်ရာ ... သူပြောတိုင်း အမြဲကြီး ဇွေယူစိတ်ဆိုးနေဖို့က မဖြစ်နိုင်သလို ဖြစ်နေရတဲ့ အခြေအနေမှာ ရှိပါသည်။-ဒါပေမယ့်လည်းပဲ ... ဇွေမယူဘူး ... အပြစ်ရယ်လို့ သတ်မှတ်ကာ နှုတ်လှန်ပြန်မထိုးနေတော့ဘူး ဆိုပေမယ့် ... ကိုယ်လည်းပဲ ပုထုဇဉ်မို့ ထိခိုက်အောင့်သက်နေရတာလေးတွေတော့ ရှိတာပေါ့နော် ...။

"ဟုတ်တယ် မောင်လေး ... သူ့မိဘက ပေးစားလိုက်တာပဲ ... စပ်လိုက်ကြတာတောင် ပြီးခဲ့တဲ့လကမှ ... သတို့သားဘက်က နည်းနည်းအသက်ကြီးနေလို့ အဆင်ပြေနိုင်ပြီဆိုတာနဲ့ ခပ်မြန်မြန်ပဲ လုပ်လိုက်ကြတယ် ... သူ့မိဘများက ယတိပြတ် မဆုံးဖြတ်ခင် မမခိုင်ကို နောက်ဆုံးအနေနဲ့ မေးပါသေးတယ် ... မမခိုင်က 'လုပ်လိုက်တော့'လို့ ပြောလိုက်တယ်လေ ... မောင်လေးကလည်း စကားစလိုက်တာနဲ့ ခါးခါးသီးသီးပဲဆိုတော့ ... လူကောင်းတွေ့တုန်းလေး လက်လွှတ်မခံစေချင်တော့ဘူးပေါ့လေ ..."

ပြောရင်းကပင် မမခိုင် ခမျာမှာ ကောင်းဇာတိရဲ့ အရိပ်အကဲကိုလည်း အကဲခတ်ရပါသေးသည်။

"ဒါဖြင့် နောက်တစ်ယောက်ကကော ..."



www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ သူ့မိဘတွေကလည်း သိပ်အေးတာ ... အဲလို လိုက်စပ်ဟပ်နေရမှာကိုလည်း ဝါသနာမပါကြဘူး လေ ... မမခိုင်ကိုပဲ ပုံအပ်ထားတာ ... မမခိုင်ကလည်း ဒီပြင်လည်း လိုက်ရှာမနေနိုင် ... အကြောင်းမသိထဲကဆို လည်း ကိုယ့်ယုံလို့ ပုံအပ်ထားကာမှ ကိုယ့်ကြောင့် ကိုယ် လုပ်လိုက်လို့ လူကောင်းသူကောင်းထဲက မရဘဲ ဒုက္ခရောက် သွားမှာစိုးလို့ သူ့တော့ မောင်လေးရဲ့ နာမည်ကိုပဲ ခေါင်း ထဲ ရိုက်သွင်းပေးထားတယ် ... သူ့အိမ်ထောင်ပြုချင်ရင် ဒီမှာရှိတယ် ... ဒါပဲ ... ဒီပြင် ရှုပ်ရှုပ်ယှက်ယှက်တော့ မလိုချင်ဘူးလို့ ပြောထားတယ်"

"ဟာ ... ကျွန်တော်က ဘယ်တုန်းက လက်ခံလို့လဲ ..."

"အေးလေ ... ပြီးတာပဲပေါ့ ... ဒါဆိုလည်း သူ့အပျိုကြီးပဲ ဖြစ်ပစေ ..."

ဘယ်ပြီးပါ့မလဲ မရီးရယ် ... အဲဒီလို အမြဲတမ်းငုတ် တုတ်ထိုင်စောင့်နေသော လူတစ်ယောက် ရှိနေမှတော့ဖြင့် ဟောဒီ က မောင်ကောင်းဇာတိရဲ့ ရှေ့ရေးက ဘယ်လိုများ ရတက်အေး ချင်စဖွယ်ရာ ရှိတော့မှာလဲ ...။ လူဆိုးလူယုတ်ကြီးတစ်ယောက် မလုပ်ချင်ပါဘဲ ... ဖြစ်ကိုဖြစ်နေရပြီဖြစ်တဲ့ အခြေအနေဆိုးကြီး ထဲကတော့ ဘယ်လိုလုပ် ပြန်ရုန်းထွက်နိုင်တော့မှာတဲ့လဲ ...။ သို့ပေမယ့် ကံဇာတာလေးက တက်လာချင်တော့လည်း နှစ်ယောက် ပူးကြီး ငုတ်တုတ်စောင့်နေရာက တစ်ယောက်တည်းပဲ ကျွန်တော့်





သော အဖြစ်ဟာ နည်းတဲ့ကောင်းချက်လား။ တစ်ယောက်မှ ကျွန်တော့်အောင် ကြိုးစားနိုင်သော အခွင့်အလမ်းဟာ တက်သ ဘက် တက်လာပြီလို့တော့ ဆိုနိုင်တာပေါ့ ...။

ကြိုးစားရမယ် မရီးရေ ...။ ဟိုကောင် ပြည့်စုံ စွပ်စွဲ သလိုမျိုး Guilty ဖြစ် (အပြစ်မကင်းသလိုခံစား) နေရသော အခြေအနေကြီးဟာ တော်တော့်ကို ဆိုးဝါးလှတဲ့ အရသာခါးခါး ကြီးပဲလေ ...။ မျိုးမရ ထွေးမရ အခြေအနေကြီးကို ဇာတိက ဘယ်နည်းနဲ့မှ မကြာရှည်စေချင်တော့ ...။ ဘယ်တော့မှ မျိုးချမှာကလည်း သေချာနေပြီးသောအခါ အမြန်ဆုံး ထွေးထုတ် ပစ်ဖို့ရာက တော်တော့်ကို အရေးကြီးနေတော့တာပေါ့။

"ညနေကျ အစ်ကိုကြီးနဲ့ မမခိုင်နဲ့ အဲဒီမင်္ဂလာပွဲကို သွား ကြရင် ကျွန်တော်ရော လိုက်လို့မရဘူးလား ..."

"အလို ..."

"ဖိတ်ဖိတ် မဖိတ်ဖိတ်လေ ... ကျွန်တော်က မျက်နှာပြောင် တိုက်ပြီး လိုက်ရမှာတော့ မမခိုင်ကလည်း ခေါ်ဖို့ဝန်မလေး လှဘူး မဟုတ်လား ..."

"ဆွေဆွေတို့ မိဘများက မောင်လေးကိုပါ သတ်သတ် ဖိတ်စာတစ်စောင် ပေးပြီးတော့တောင်မှ ဖိတ်ထားပါတယ်၊ မောင်လေးကတော့ ဘယ်နည်းနဲ့မှ လိုက်ခဲ့မှာမဟုတ်ဘူး လို့ မမခိုင်ထင်လို့ မပြောမိတော့တာပါ ..."

"လိုက်မယ်ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ်ကွယ် ... မမခိုင်တို့ အမျိုးတွေလည်း အတော်ဝမ်းသာကြမှာပါ ... ဩော် ... ဒါနဲ့ ... ဝတ်စား စရာ အဆင်ပြေပြေရော အဆင်သင့် ရှိရဲ့လား"

ဇာတိက "ရှိပါတယ်"ဟု ပြောပြောဆိုဆို မမခိုင်ရဲ့ ရှေ့က လှည့်ထွက်လာခဲ့ပါတော့သည်။ ဘာကို ဘယ်လိုကောင်း ချက်ချရမယ်မှန်းမသိ ... ဝမ်းသာရမှာလား ... စိုးရိမ်ရတော့မှာ လားနှင့် မအိမ့်လည်းကြီး ဖြစ်ကျန်ရစ်သော မရီးခင်ဗျား ... တစ် မျိုးလုံး တစ်ဆွေလုံးကပါ ဝိုင်းဝမ်းသာကြမယ် ဆိုတော့ကာ ... ကျန်ရစ်သေးသော ဒေါ်ငွတ်တုတ် တစ်ယောက်အတွက်ပါ စိတ် အေးရတော့မှာလား ... ဟုတော့ လိုရာဆွဲပြီး မတွေးကြပါနှင့် ထိုဒေါ်ငွတ်တုတ်နှင့် မဆုံဖြစ် ဆုံဖြစ်အောင် ကြိုးပမ်းမည်ဖြစ်သော လည်း တစ်မျိုးလုံး ဝိုင်းမှန်းထားကြမည့် အဖြစ်မျိုးနှင့်တော လုံးလုံးကို ဆန့်ကျင်ဘက်ပင် ဖြစ်နေပါကြောင်း ...။

ညနေဘက်ကျတော့ တစ်ခါမှ မမြင်ရစဖူး တိုက် အင်္ကျီတွေ ဘာတွေနှင့် တည်တည်ခန့်ခန့် ဖြစ်နေသော ဇာတိ ကြည့်ကာ ... အစ်ကိုဖြစ်သူက ...

"ဟေ့ကောင် ... မင်းရဲ့ အကြံအစည်အသစ်က ဘာလဲ"

မရီးခများ သူ့ကိုယ်သူမှ အလှဆုံးဖြစ်အောင် မ နိုင်ရှာ ...။ "ဩော် ... ကိုကိုကြီးကလည်းနော် ... မောင်လေး ညနေဘက်လေး ဘာလေး ပျင်းလို့ အပြင်ထွက်ချင်လို့ ပွဲလိုက် မျိုးလည်း ဖြစ်နိုင်တာပဲဟာ" ... ဘာညာနှင့် ပြောပြောဆိုဆို





အစ်ကိုနှစ်ယောက်ကြားထဲ ဝင်ရပ် လူခွဲပစ်လိုက်ကာ ... သွားကာ ... လာကာနိုးကြီး ပြဿနာမဖြစ်ရလေအောင် ကြိုးစားရရှာပါသည်။

ဇာတိကား ... ပြဿနာဖြစ်ပြီး ချန်နေရစ်ခဲ့ရဖို့ ဇာတ်လမ်းမျိုးကို မဖန်တီးချင်သူပီပီ ... အစ်ကိုက ဘယ်လောက် ဘာကန့်လန့် ကန့်လန့် ... အနေအထား မပျက်စတမ်းထဲကပင် သည်။ ပြုံးစစနှင့်တောင်မှ ဖြစ်နေသေးတာမို့ အစ်ကိုလုပ်သူက ည်းနည်းလေးမှ သက်ာလှပုံ မရှိသလောက် ... မရီး ခများလည်း ထင့်ထင့်ဟန်က ကွယ်ဖျောက်လို့ကို မထားနိုင်။

ဟိုတယ်ခန်းမထဲရောက်တော့ မင်္ဂလာလက်ဖွဲ့ ဆင် နဲ့ပေးဖို့ရာ စပါယ်ရှယ်ဧည့်သည်တော်များ ဖြစ်ကြတဲ့ အစ်ကို ကြီးတို့ လင်မယားအတွက် ပြင်ဆင်ပေးထားသော စားပွဲက ဟိုး ဆုံး စင်ထိပ်နေရာလောက်မှာ ...။ ဇာတိက "နောက်ဘက်မှာပဲ ခင်ချန်ရစ်မည်"ဟု အဆိုတင်သွင်းလိုက်သည်။

"ဟိတ်ကောင် ... မင်းနဲ့ ဒီပွဲထဲက ဘယ်သူနဲ့ သိလို့ နောက်မှာ တစ်ယောက်တည်း နေခဲ့ရမှာလဲ ... ပြဿနာ မလုပ်နဲ့ ... ရှေ့လိုက်ခဲ့ ..."

"ဟာ ... အစ်ကိုကြီးကလည်း ရှေ့မှာက စပါယ်ရှယ်တွေ အတွက် နှစ်နေရာစာပဲ ချန်ထားမယ့်ဥစ္စာ"

"ဘာပဲဖြစ်ဖြစ် ... ခုံထပ်ထိုးခိုင်းမယ် ... လိုက်ခဲ့ ..."

သူ့ဟာက ကလေးငယ်တစ်ယောက်ကို ကိုယ့်မျက်စိ နောက်အောက်မှ လွတ်နေလျှင် ဘာတွေ သောင်းကျန်းတော့



www.burmeseclassic.com

www.burmeseclassic.com



မလဲလို့ ပုရမှာမို့ ကိုယ့်မျက်စိရှေ့မှောက်အောက်မှာ မပျောက်ပျောက်တမ်း ... ဖြစ်နိုင်ရင် အကျီချင်း တွယ်ချိတ်နဲ့ တွဲထားရမတတ် ဖြစ်နေသည့် မိဘများနှင့်တောင် တူနေသည်။ သို့ပေမယ့် ဇာတိ အတွက် ကံကောင်းချင်တာလား ... ဆိုးချင်တာလား မသိဘဲ ... ဇာတိရဲ့ နံဘေးသို့ ဖျတ်ခနဲ ရောက်လာသူမှာ "လှစ်လှစ်"ပင် ဖြစ်နေတော့သည်။

"ဟုတ်ပြီ ... သူနဲ့ပဲ ထိုင်လိုက်မယ် ..."

လှစ်လှစ်ကလည်း သူငယ်ချင်းများ အုပ်ထဲမှ ခွဲထွက်လာပြီး တပျော်ပျော် ...။ အစ်ကိုနှင့် မရီးတို့လည်း ခုမှပင် ကလေးထိန်းရပြီမို့ စိတ်အေးသွားကြပုံ ရပါသည်။

"နေဦး ... ကိုယ်က လူတစ်ယောက်ကို ရှာနေတာ ... တွေ့ရင် သူရှိတဲ့ စားပွဲ သွားထိုင်ပြီး စကားပြောကြည့်စရာရှိတယ် ..."

"လှစ်လှစ်ကော လိုက်လို့မရဘူးလား ..."

"လိုက်ရင်လည်း လိုက်ပေါ့ ... ဒါပေမယ့် ဘာမှတော့ ဝင် မရှုပ်ရဘူး ..."

လှစ်လှစ်က တမင်ပင် သူ့နှုတ်ခမ်းလေး လက်ကိုင်ပဝါလေးနှင့် အုပ်ပိတ်ကာ လိုက်လာပါသည်။ တွေ့ ပြီ။ ငုတ်တုတ်ထိုင်လို့ကို စောင့်နေမည်ဆိုတဲ့ ကျန်ရစ်သူတစ်ဦး ဇာတိက ထိုတစ်ယောက်ထံ တန်းတန်းမတ်မတ်ပင် သွားလိုက်ကာ ... ဘေးဘီကို သိပ်ဂရုစိုက်မနေတော့ဘဲ သူ့စားပွဲမှာ သွား





ဝင်ထိုင်လိုက်ပါသည်။ ဇာတိစကားပြောမည် ဆိုသူဟာ လှတပတ မိန်းမငယ်လေးတစ်ယောက် ဖြစ်နေတာမို့ ... လှစ်လှစ်မှာ စပ်စု ချင်စိတ်တို့နှင့် မျက်လုံးလေးက တပြူးပြူး ...။

ဟိုတစ်ယောက်ကလည်း သူ့အဒေါ် လက်ချက်နှင့် ဇာတိနှင့် မိတ်ဆက်ပေးခံရခြင်းတို့၊ ထမင်းအတူစားရခြင်းတို့နဲ့ သူ့ကိုယ်သိ၊ ကိုယ့်သူသိထဲက ဖြစ်နေလေရာ ဇာတိက သူတို့ စားပွဲမှာ ဝင်ထိုင်လိုက်ပြီး သူ့ကို တည့်တည့်ကြီး မေးငေါ့နှုတ် ဆက်ရင်း ..." ဘယ်လိုလဲ ... ဟိုတစ်ယောက်တော့ ဇွံသွားပြီ"ဟု ဆိုလိုက်သောအခါ ... အတော်ကြီး အံ့အားသင့်သွားရပုံနှင့် ပြူး ပြင်းလို့ ...။

"ဆွေဆွေနော် ... ဆွေဆွေ ဟုတ်တယ်မှတ်လား ..."

"မဟုတ်ပါဘူး ... ဆွေဆွေက ဟိုမှာ ... သတို့သမီး ..."

"ဒါဖြင့် ခင်ဗျားက ..."

"ရတနာ ..."

"သြော် ... အင်း ... ဆွေဆွေ့ အလှည့်တော့ ပြီးပြီ ... ရတနာ့ အလှည့်ကရော ... ဘယ်တော့လဲ"

ခေါင်းညိတ် ခေါင်းခါတို့ကလွဲပြီး ဘယ်တုန်းကမှ စကားကို တစ်ခွန်းပြည့်အောင်တောင် မပြောဖူးသူထံမှ တရင်း နှီး နှုတ်ဆက်စကားကြီးဟာ ရတနာ့ကို အတော်ပင် အံ့သြနေ စေတာ ... အံ့သြနေရင်းကပင် တစ်စုံတစ်ရာကိုပါ လှမ်းတွေး မိသွားလန့်လာပုံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ လာပြောနေတာလဲ ... ရတနာက ဒါမျိုးလုံးဝ စိတ်မဝင်စားဘူး"

"ဟာ ... မဖြစ်နိုင်တာ ... ဘာလဲ အပိုကြီး လုပ်မလို့လား ..."

ရတနာက ဘေးပတ်ဝန်းကျင်မှ တစ်စားပွဲတည်း အတူထိုင်နေကြသည့် ဆွေမျိုးညီအစ်မ ဖြစ်ဟန်တူသူတွေကို ဝေ့ဝဲကြည့်လိုက်ပြီး ... ထိုင်နေရာမှ ထရပ်လိုက်ကာ လက်ဖွဲ့လက်ခံနေသော ကောင်တာရှည်တစ်ခုဆီသို့ လျှောက်လှမ်းသွားလိုက်ပါသည်။ ဇာတိက အလျှော့မပေး ... ချက်ချင်း ထလိုက်လာခဲ့၏။ လှစ်လှစ် ခမျာလည်း ဘယ်လိုများ ဆက်ထိုင်နေနိုင်တော့မှာလဲ ... ကပ်ပါလာရတော့သည်ပေါ့ ...။

"အကောင်းပြောနေတာ ... ရည်းစားမရှိဘူးလား ..."

ရတနာကား ... ခမ္ပင် ဇာတိရဲ့ နောက်ပါးမှာ ကပ်ချောင်းချောင်းနှင့် ထက်ကြပ်မခွာ ပါလာသည့် လှစ်လှစ်ကို မြင်တွေ့သွားပုံ ရပါသည်။ သူ့မျက်နှာလေးက တစ်မျိုးလေး ပြောင်းလဲသွားကာ ... မရွှံ့မရဲ အကဲစမ်း လေသံမျိုးနှင့် ...

"လူကြီးတွေက စုံစမ်းခိုင်းတာလား"

"ဟာ ... အရေးမပါတာ ... အဲဒီလူကြီးဆိုတာတွေ ဒီဆွေးနွေးပွဲထဲမှာ မပါကြေး ..."

"ဟင်း ဟင်း ဟင်း ... ဒါဆိုလည်း ... ဒါဆို ... အင်"

"သိပြီ ... ဒီလောက်ဆို ... ရှိတယ်ပေါ့ ..."





"သဘောမတူကြဘူး"

"ဘာဖြစ်လဲ ... ဒါများ ဆန်းသလား ... ချိတုံ့ချတုံ့ ဖြစ်နေတယ် မဟုတ်လား ... သိပ်နှောင့်နှေးမနေနဲ့ ... လူကြီးဆိုတာမျိုးတွေက ယုံရတာမဟုတ်ဘူး ... သူတို့လက်မဦးခင် ကိုယ်က ဦးထားလိုက်ရင်လည်း ပြီးတော့လည်း ပြီးသွားတာပဲ"

ရတနာက အတော်သဘောကျသွားသည့် လေသံနှင့် ယ်ချလိုက်ပါသည်။ ကောင်မလေးရဲ့ စိတ်ထဲ ... "အရင့်အရင် ဘွတုန်းက အတော်မြင်ပြင်းကတ်ချင်စရာကောင်းတဲ့ ကောင် လေးမျိုးဟာ ဒီလိုတော့လည်း ခင်ချင်စရာ ..." ဟု တွေးနေမိပုံ င်။

"ကျညီမယ် ..."

"ဟင်း ဟင်း ... ရယ်ရတယ် ... ဇွတ်ကြီးပဲ ..."

"ဇွတ်ဆို ... မင်းအဒေါ် ... ကိုယ့်မရီးကလည်း ဒေါ်ဇွတ် လေ ... မသိဘူးလား ... ကိုယ့်မှာလည်း ဒီမှာကြည့်"

ဇာတိက လှည့်မကြည့်သော်လည်း နောက်က ပါလာ ယ်ဆိုတာ သိသာနေသော နောက်ကျောဘက်သို့ လက်မနှင့် န်ပြလိုက်ပါသည်။ အစစအရာရာ အခြေအနေတွေကို မျက်လုံး င်းလေးနှင့် အကဲခတ်နေသော လှစ်လှစ်က ဒီအခါမှာတော့ း်သာအားရပင် ရှေ့သို့ လှမ်းလာလိုက်ရင်း ... သူပါတက်ကြွ က်ပါလာပုံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲဟင် ဦးမှန် ... လှစ်လှစ်ကော ဝင်ကူညီမယ်
လေ ... ရလား ..."

"ရတာပေါ့ ... သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်
ဆိုတာ မကြားဖူးဘူးလား ... ဒါပေမယ့် ဒေါ်တစ်လွဲတော့
မဖြစ်စေနဲ့ပေါ့ ..."

ကောင်မလေးနှစ်ယောက်ရဲ့ ဘုမသိ ဘမသိ ရယ်သံ
လေးတွေက ဇာတိကို ကလိလာထိုးနေတော့သလိုဖြစ်ကာ ... ဇာတိ
မှာ သူများတကာ မင်္ဂလာပွဲဆိုတာကိုပင် မေ့လျော့သွားပြ
"တဟားဟား" ရယ်သံကြီးက လျှံတက်သွားရတာမို့ မနည်းက
ဘရိတ်ပြန်အုပ်ထားလိုက်ရပါတော့သည်။

လက်စသတ်တော့ ရတနာ ဆိုတဲ့ တစ်ယောက်ဟာ
သူ့လူနှင့်သူ ရှိပြီးသားမှာ မိဘက သဘောမတူနိုင်လို့မို့ ... ဇာတိ
ကိုပဲ ငုတ်တုတ်ထိုင်စောင့်နေသလိုလိုနဲ့ သူ့သဘော သူဆောင်ပြ
ဇာတ်လမ်းတစ်ခုအတွက် အရှိန်ယူနေရတာကိုး ...။ တော်ပါသေး
ရဲ့ ... တကယ်တမ်းမှာက ရတနာ ဆိုတာကတော့ အချိန်တ
ကျရင် သူ့လမ်းသူ သွားကိုသွားမည့်သူမျိုး ဖြစ်နေကာ ဆွေး
ဆိုတာကိုသာ စိတ်ပူရမှာ ... ခုတော့ ထိုဆွေဆွေကလည်း
သွားပြီ ...။

ဟား ဟား ဟား ... ထိုရတနာဟာ ဇာတိကို
တာနဲ့ ရုပ်ရှင်တွေ ဝတ္ထုတွေထဲကအတိုင်း သူနဲ့ သူ့ချစ်သူ
မည့် ... မိဘသဘောတူသူ ... လူဆိုးနေရာက လူကြီးတစ်ယော





လို ...။ ခုမှပဲ အမြင်ကြည်လင်သွားတော့ပုံနဲ့။ ကြည်လင်ပြီ
တာနဲ့ တစ်ပြိုင်နက်တည်းမှာလည်း တကယ့်ငယ်ပေါင်းကြီး
... တိုင်ပင်ဖော် တိုင်ပင်ဖက်ကြီးတွေလိုလို ဘာလိုလို ...။
ယ် ... လှစ်လှစ်နဲ့ရော ဇာတိနဲ့ပါ ဖုန်းနံပါတ်တွေ ဘာတွေ
ပြန်အလှန် လဲလှယ်ကာ ဘာမှတောင် မကူညီရသေး ကျေးဇူး
အထပ်ထပ် တင်ရတာနဲ့ ဘာနဲ့။ သူ့ဆွေမျိုးညီအစ်မတွေရှိ
စားပွဲသို့တောင် ပြန်မသွားတော့ဘဲ ဇာတိတို့ သုံးယောက်တည်း
နောက်ဆုံးက စားပွဲတစ်လုံးမှာ အဖွဲ့ကျနေကြတော့သည်။

ဘယ်လောက်အထိလည်းဆိုရင် မင်္ဂလာပွဲက ပြီးစီး
ဧည့်ပရိသတ်တွေ ထပြန်ကြပြီး ဟိုးရှေ့ဆုံးစားပွဲက ဂုဏ်ထူး
ာင်ဧည့်သည်ဖြစ်သည့် ကိုကိုကြီးတို့ပါ ဇာတိတို့ စားပွဲနားဆီ
က်လာသည်အထိ သုံးယောက်သားရဲ့ စကားစတို့ဟာ အမျှင်
တ်။ ကိုကိုကြီးက ဇာတိကို ခပ်တည်တည်နှင့်ကြည့်ကာ ...
ကြမယ်"ဟု မေးဆတ်ကာ ခေါ်သည်။

ပြန်ခါနီးမှာ သတို့သား သတို့သမီးတို့ကို နှုတ်ဆက်
ကြသည့် လူတန်းကြီးက တန်းစီထူထပ်နေကာ တရွေ့ရွေ့
လှုပ်လှုပ်မို့ ဇာတိနှင့် လှစ်လှစ်တို့ နှစ်ယောက်သားဟာ
ကိုနှင့် မရီးဖြစ်သူထံသို့ တော်ရုံနှင့် မရောက်ကြပါ။ နှစ်ယောက်
ဟိုတယ်ရဲ့ ထွက်ပေါက်ဝဘက် ... သတို့သား သတို့သမီး
ရှိရာဆီသို့ သူများတွေလိုပဲ တလှုပ်လှုပ်နှင့်ထွက်နေကြရင်း
နှစ်က ခပ်တိုးတိုးလေးသံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်သူလဲဟင် ... သူနဲ့လည်း အစက သိပ်မ
နှီးဘဲနဲ့ မဟုတ်လား ..."

"မရီးရဲ့ တူမလေ ... မရင်းနှီးပါဘူး ... ခုမှ ပထမဦး
အကြိမ် စကားစပြောဖူးတာပဲ"

"ဟင် ... ဘယ်လိုဖြစ်တာလဲ ... အဲဒါနဲ့များတောင်
များတကာရဲ့ အချစ်ရေး ... အိမ်ထောင်ရေး ကိစ္စအထ
ပါပါဝင်ဝင်နဲ့ ..."

"ဘာဖြစ်လဲ ပါတော့ ... ကုသိုလ်ရတာပေါ့ ..."

"တူသောအကျိုး ပေးရအောင်လား ... သူများတကာ
ဆိုရင် အဲလို ကိုယ်နဲ့လည်း မရင်းနှီးဘဲနဲ့တော့ ဝင်ပါ
ချင်ကြမယ် မထင်ပါဘူး ... ဦးမုန်က သိပ်ရယ်ရ
ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပါစေ ..."

အင်း ... ဒီတစ်ခေါက် လွဲနေပြန်တာကတော့
မကောင်းစရာပါပဲ ဒေါ်တစ်လွဲရယ် ...။ ကိုယ့်ကို ချန်ထားရစ်
ဖို့ အစီအစဉ်ကြီးတစ်ခုရဲ့ ပထမရဲ့ ခြေလှမ်းမှာ ကိုယ်ကိုယ်
တက်တက်ကြွကြွနဲ့ ဝင်ပါကူညီဖို့ ကြိုးစားနေမိတာများ မင်း
မင်း ပြန်သိသွားရင် ငါ့ကို အစိမ်းလိုက်တောင် ဝါးစား
တော့မလား။

ကားပေါ်ရောက်တော့ ကိုကိုကြီးက "မင်းနဲ့
နဲ့ ဘယ်တုန်းက ဒီလောက်သိကြလို့လဲ"တဲ့။ ဇာတိက
ပြန်မဖြေဘဲ ပြုံးစိစိသာ လုပ်နေသည်။ ရတနာ့ ပုံစံကြည့်





ည်း ဘာမှ ပြဿနာဖြစ်ကြတဲ့ပုံ မပေါ် ... ပြီးကျတော့လည်း
ခ်လှစ်ပါ ပါနေလေတာမို့ ကိုကိုကြီးခမျာ တစ်စက်ကလေးမှ
ကောပေမယ့် ... ပြောစရာ ဆိုစရာရယ်လို့ တိတိကျကျကြီး
လည်း မရှိတော့ ဘာမှကို မပြောနိုင်ပါ။

ဒါတောင် ... "ခိုင်တို့ ဆွေမျိုးအဝိုင်းအဝိုင်းထဲက
ခု မဟုတ်ကဟုတ်က ပြန်ကြားရလို့ကတော့ ဒီပွဲကို မင်းတမင်
သက်ကြီး လိုက်လာခဲ့ပြီး လုံးဝ Foul လုပ်တာပဲနော် ဟော့
င်"တဲ့ ...။ မ,ဘက်လိုက်တဲ့ ဘဝမှာ ရှာမှရှား စံပြဆုကို
က ကိုယ့်ရဲ့ အစ်ကိုယ်တော်ဘုရားကိုပဲ ပြိုင်ဘက်မရှိ ...
ဦးတည်း ပထမအဖြစ် ပေးအပ်လိုက်ပါသည်။

"ဟင်း ဟင်း ဟင်း"

တစ်ဖက်ခြံထဲမှာ တစ်ယောက်တည်း ပြုံးစိစိ ရယ်
လေး လုပ်နေသည့် လှစ်လှစ်ကို မြင်လျှင် ... အပြင်သွားဖို့
ထွက်လာသည့် ပြည့်စုံက လက်လှမ်းပြရင်း ... "ဘာတွေများ
ကျနေတာလဲ"ဟု နှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည့်ရဲ့အိမ်သို့ ဆံထုံးနောက် ယောင်ပါခဲ့ရ
ပြည့်စုံသည် ကိုယ့်ကို မူလအစက သိပ်မကြည်ဖြူ မကြည်လင်
သည့် ဒီမိသားစုကြီးထဲသို့ မျက်နှာပြောင်ကြီးနှင့် တိုးဝင်ခဲ့ရ
အဖြစ်မို့ ... ထိုအချိန်တွေကတည်းက လူကြီးတွေရဲ့ မျက်နှာ
မျက်နှာကဲ အငြိုအငြင်တို့ကိုလည်း သိပ်ဂရုမစိုက်လှဘဲ ... ကို
အပေါ် ဆီးကြိုဖော်ရွေခဲ့ဖူးသည့် ဒီကလေးမလေးကို တ
ညီမလေးတစ်ယောက်လိုပဲ ခင်တွယ်မိပါသည်။

ပြောရမယ်ဆိုရင် ခယ်မအရင်းဖြစ်တဲ့ သီဂို
တောင်မှ ပိုပြီး ရင်းရင်းနှီးနှီး ခင်ခင်မင်မင်နှင့် သံယော
ပါသေး ...။ အဲဒီလို ကိုယ်ခင်ရသည့် ကလေးမလေးဟာ
အတွက်ကြောင့်များ ... ဟိုခင်စရာကောင်းသလောက် အမြင်
စရာလည်း ကောင်းလှသည့် ကောင်းဓာတိလို ကောင်တစ်
ထံမှာ သွားရောက် ကျဆုံးနေရတာပါလိမ့် ...။

"လစ်လစ် ... တစ်ယောက်တည်း ဘာတွေများ ဒီ
သဘောကျနေရတာလဲ"

ပြည့်စုံက ခြံနှစ်ခြံ၏ကြားက ခလယ်ခြံစည်း
လေး အနီးသို့ ကပ်လာရင်း မေးလိုက်၏။

"ကိုပြည့်စုံကြီး ဘယ်သွားမလို့လဲ ..."

"သူငယ်ချင်းတစ်ယောက်ဆီကိုပါ ... မှာလိုက်စ
လား ..."





"မမှာပါဘူး ... ဟိုတစ်ယောက်နဲ့များ တွေ့ဖြစ်ဦးမလား
လို့ ..."

"ဟိုတစ်ယောက်"ဆိုတာနဲ့ ဘယ်ကောင့်ကို ပြောမှန်း
ပြည့်စုံက တန်းသိလိုက်ပါသည်။

"တွေ့ဖြစ်ဖို့တော့ မရှိသေးဘူး ... ဘာလို့လဲ သွားပေးရ
မလား ..."

"ရပါတယ် ... နေပါစေ ... ခုနက သူ့ဆီ လှမ်းဖုန်းဆက်
ကြည့်တာ သူ မရှိဘူးဆိုလို့ ... ပြောစရာလေးရှိလို့ ...
ရယ်စရာပါ ... သူလည်း သိပြီးသားတောင် ဖြစ်နေပြီလား
မသိဘူး ..."

"ဘာလဲ ... ကိုယ်ရော မသိရဘူးလား ... ဒါကြောင့် ခုန
တည်းက ဘာတွေ ဒီလောက်သဘောကျနေပါလိမ့်လို့ ..."

"ဟင်း ဟင်း ... လစ်လစ်တို့ အသိတစ်ယောက် နိုးရာ
လိုက်သွားလို့ ... နေ့ခင်းကြောင်တောင်ကြီးဟာကို သိလား၊
ပြီးကျတော့ လစ်လစ်ကိုလည်း လှမ်းဖုန်းဆက်ပြီး ဘိုင့်ဘိုင်
လုပ်သွားလိုက်သေးတယ် ... သိပ်ရယ်ရတာပဲ ... ကိုကောင်း
ဓာတိ သိရင်လည်း ရယ်နေတော့မှာပဲ"

"ဒါ ဘာရယ်စရာ ကောင်းလို့လဲ ... ဘာမှလဲ မရယ်ရ
ပါလား"

"ကိုပြည့်စုံကမှ ဘာမှမ မသိတာ ... အဲဒီလို လိုက်ဖြစ်သွား
အောင် တိုက်တွန်းပြီး သွေးထိုးပေးတာက ကိုကောင်းဓာတိ



www.burmeseclassic.com

www.burmeseclassic.com



လေ ... သူက အဲလိုမျိုးတွေ အတော်ဝါသနာကြီးလား မသိဘူးနော် ... ကိုပြည့်စုံတို့တုန်းကလည်း သူ့လက်ချက်နဲ့ မကင်းဘူး ... ခုလည်းပဲ အဲဒီကောင်မလေးက သူနဲ့လည်း မခင်ဘဲနဲ့ အတင်းဝင်ပါတာ ... သူအပြောကောင်းတာနဲ့ ဘယ်နရက်မှတောင် မကြာလိုက်ဘူး ... ဟိုက လိုက်သွား ရော ..."

ပြည့်စုံမှာ လှစ်လှစ်ရဲ့ စကားတွေကြောင့် မျက်မှောင် ခပ်ကုတ်ကုတ် ဖြစ်သွားရပါသည်။ တစ်မျိုးပဲ ...။ ထိုအဖြစ်အပျက် ဟာ တခြားလူတွေနှင့်ဆိုလျှင် ဘာမှ မထူးဆန်းဘူးဟု ပြောနိုင် သော်လည်း ... ကောင်းဇာတိလို လူစားကတော့ အဲဒါမျိုး ရော တောရှိ ... ဟေးလားဝါးလားနှင့် ကိုယ်နှင့်မဆိုင်တာတွေကို ဝင် လုပ်ဝင်ရှုပ်ရတာမျိုးကိုမှ ဝါသနာမပါတာ ...။ ဘာရည်ရွယ်ချက် မှ မရှိဘဲနှင့်တော့ သူ့တစ်သက်နှင့် တစ်ကိုယ် ဒါမျိုးအလုပ်ကို ဘယ်နည်းနဲ့မှ လုပ်လိမ့်မှာ မဟုတ်ပါချေ ...။

"ထူးဆန်းသားပဲ ... တစ်ခါမှကို မခင်ဘူး မသိဘူးတဲ့ တစ်ယောက်ကို ..."

"ခင်တော့ မခင်ဘူးလေ ... သိတော့ သိတာပေါ့ ... သူ့ မရီးရဲ့တူမ ..."

အင်း ... အဆက်အစပ်ကတော့ ရှိလာပြီ ...။ ဒီလို နဲ့ပဲ မေးရင်း စမ်းရင်း ဘယ်လိုတွေ ... ဘယ်လိုပြော စသဖြင့် နှိုက်ထုတ်စုံစမ်းရယူရင်းနှင့် ပြည့်စုံမှာ ထိုတစ်နေ့က ကောင်းဇာတိ





၏ စကားလုံး အပြောအဆိုတို့ကိုပါ လုံးစေ့ပတ်စေ့ ပြန်သိလာရ သောအခါ ... ကောင်းဇာတိနှင့် တစ်ခါက လက်ဖက်ရည်ဆိုင် တစ်ခုမှာ အတူထိုင်ရင်း ပြောဖြစ်ကြသည့် တချို့ကို ပြန်သတိရ လာပါတော့သည်။

"ခင်ဗျားအစ်ကိုနဲ့ မရီးက သိပ်မဆိုးကြပါဘူး ဗိုးဇာတိ ရယ် ... ကောင်းကြတယ်လို့တောင်မှ ပြောလို့ရတယ်လို့ ကျွန်တော်တော့ မြင်တယ် ..."

"ခင်ဗျားက အတွင်းကျကျမှ မသိဘဲ ... မရီးက အစ်ကို့ရဲ့ ပိုင်ဆိုင်မှု ကြွယ်ဝမှုတွေကို အပြည့်အဝ ချယ်လှယ်ချင်တဲ့ သဘောမှာ ရှိတယ် ... အစ်ကိုက မယားပြောသမျှယုံပြီး မယားစကား အောင်တယ် ... ကဲ ... ဘာလိုသေးလဲ ... ဒါပေမယ့် အဲဒီ သူချယ်လှယ်ချင်တဲ့ ပိုင်ဆိုင်မှုတွေက နောက်ထပ်ဆိုင်တဲ့ လူတစ်ယောက် ရှိနေသေးမှန်းလည်း သိရော ... ဘာပြောကောင်းမလဲ ... ဖိတ်ဖိတ်ချင်း ကိုယ့် အိတ်ထဲဖိတ်ဆိုတဲ့ သဘောနဲ့ ... သူ့တူမနှစ်ယောက်နဲ့ တွန်းထိုးပေးစားနေတာ ... ငြင်းနိုင်လွန်းလို့ ..."

"ခင်ဗျားမှာ လှစ်လှစ် ရှိနေတဲ့ဟာပဲ ..."

"အဲဒါပေါ့ ... အဲဒါလည်း သူပဲ စီမံပေးသလိုလိုနဲ့ အစက ကတော့ အဲဒီသူ့တူမနှစ်ယောက်ပါပဲ ... လှစ်လှစ်နဲ့ အဆင်မပြေတာနဲ့ ... ဟိုနှစ်ယောက်တည်းက တစ်ယောက် ယောက်ကတော့ အော်တိုမက်တစ်ပဲတဲ့ ... တော်သေးပါရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ပြထားဖို့ အပြကောင်းလေးတစ်ယောက် ရှိနေပေလို့ ...

"ဟာ ... ခင်ဗျားပြောပုံကလည်း 'အပြ'ရယ်လို့ပဲ ...

"ဟုတ်တယ်လေ ... သူ့ပြထားတော့ ဟိုနှစ်ယောက် ဘယ်လိုလုပ် ဇွတ်စီစဉ်မလဲ ... ကြည့်ရမယ့် မျက်နှာတွေ ရှိနေသေးတာ ..."

"မဟုတ်သေးပါဘူး ..."

"ဟုတ်ပါတယ် ... ဘာလို့လဲ ..."

"ခင်ဗျားဟာကလည်း ဒီထက်ကောင်းမယ့် စကားလုံး တော့ ရှာရွေးသင့်ပါသေးတယ် ... ခင်ဗျားနဲ့ လှစ်လှစ်နဲ့ ချစ်သူတွေ ဖြစ်နေကြပြီမို့ ခင်ဗျားမရှိးမှာ ကြားမဝင်သာ တာတို့ ဘာတို့ ..."

ကောင်းဇာတိက ပြည့်စုံရဲ့ စကားကို ထောက်ခံခြင်း မရှိဘဲ လက်နှစ်ဖက် မြှောက်ပြကာ ပခုံးကိုသာ စုံတွန့်ပြခဲ့

"ဒါဆို တစ်ခုသေချာအောင် မေးမယ်ဗျာ ... လှစ်လှစ် မရှိရင် ဟိုနှစ်ယောက်ထဲက တစ်ယောက်နဲ့ ကျိမ်းသေ ပဲဆိုတော့ ... အဲဒီနှစ်ယောက်သာ မရှိခဲ့ရင် ဒါမှမဟုတ် မရှိတော့ရင်ကော ... ခင်ဗျားပြောတဲ့ 'အပြ'ဆိုတဲ့ စကား လုံးကြီးက ဘယ်လိုဖြစ်သွားမလဲ ... ပြစရာ ဘာညာလည်း မလိုတော့ဘူးဆိုတဲ့ အခြေအနေမှာလေ ..."

ဒီအခါမှာလည်း ကောင်းဇာတိရဲ့ အဖြေက ပခုံး စုံတွန့်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။





ထိုတစ်နေ့က အဖြစ်အပျက်ကို ပြန်တွေးမိလျှင် ပြည့်စုံသည် နားထင်နားရင်းတွေပင် ပူတက်လာသလို ခေါင်းထဲ၊ ရင်ထဲက တစစ်စစ်နှင့် ဖြစ်လာရရင်း ...

"အခု ခိုးရာလိုက်သွားတယ်ဆိုတဲ့ ကောင်မလေးကို ဘလိုင်းကြီး ဝင်လုံးပြီး တိုက်တွန်းတာ ... နောက်တူမတစ်ယောက်ရဲ့ မင်္ဂလာဆောင်မှာ ... ဟုတ်လား"

ဘာမှ သိမထားသည့် လှစ်လှစ်ကတော့ ... ပြုံးစိစိ ရယ်ကျဲကျဲ ပုံစံပင် မပျောက်သေးဘဲ ... "ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"တဲ့ ...။ ပြည့်စုံမှာတော့ အတိအကျ မသေချာသေးသည့် ကိစ္စတစ်ခုမှာ ကိုယ့်ကြောင့် လူတစ်ဖက်သားတွေ ဒုက္ခရောက် စိတ်ထိခိုက်ရမှာမျိုး မဖြစ်လိုသည်မို့ ... "တောက်"ခေါက်ချင်လှတာကိုတောင် ရင်ထဲမှာပဲ မျိုချပစ်လိုက်ရရင်း ...

"ဘာမှ မဖြစ်ပါဘူး ... ကဲ ... သွားတော့မယ် ... ဟိုကောင်နဲ့လည်း တွေ့ဖြစ်ချင် တွေ့ဖြစ်ဦးမှာပါ ... တွေ့ရင်တော့ အဲဒီ ခိုးရာလိုက်တဲ့ သတင်းကို ပြောပြခဲ့မယ် ..."

လှစ်လှစ်ကား "မျက်နှာကြီးကလည်း ရုတ်တရက် ကြောက်စရာကြီး"ဟု တစ်ကိုယ်တည်း အတင်းပြောကာ ကျန်ခဲ့ချိန်၌ ပြည့်စုံကတော့ "တွေ့ဖြစ်ချင် တွေ့ဖြစ်ဦးမှာပါ" ဆိုတဲ့ ကောင်ဆီကိုပဲ တန်းတန်းမတ်မတ် ဦးတည်ကာ ထွက်ခဲ့ပါပြီ။ အိမ်ကိုပဲသွားမည်။ ဟိုဒီလည်ပတ်လေ့ အကျင့်သိပ်မရှိတဲ့ အဲဒီကောင်ဟာ အလုပ်ချိန်ပြင်ပဆိုရင် အိမ်မှာပဲ ရှိတတ်တာများပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါဆိုရင် ခုနက လှစ်လှစ် လှမ်းဖုန်းဆက်တော့ ဘာ့အတွက်ကြောင့် ဖုန်းမကိုင်သလဲ ...။

အဲဒါကစပြီး မသင်္ကာစရာ ကောင်းလှတာ ဖြစ်ပေမယ့် ... နေပါစေဦးလေ ...။ ကိုယ့်ဘက်က ထင့်ခနဲ ဖြစ်သွားရသော ကိစ္စတစ်ခုဟာ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ ...။ မဟုတ်ခဲ့ရင် ကိုယ့်အလွန် တအားဖြစ်သွားမည်။ ဟုတ်ခဲ့ရင်တော့ ဒီကောင်နှင့်ကိုယ် ဒီနေ့ လုံးဝကို ထွေ့ကြရပေတော့မည်။ ဟုတ် ဟုတ် မဟုတ်ဟုတ် အဲဒီ "အပြ" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကိုတော့ ဒီနေ့ မရ,ရအောင် ဒီကောင်ရှင်း ... ဒါပဲ ...။

ကောင်းဇာတိရဲ့ အစ်ကိုဆိုသူရဲ့အိမ်သို့ ပြည့်စုံတစ်ယောက် ရောက်ရှိသွားသောအခါ ... ပထမမှာ တံခါးလာဖွင့်သည့် ကလေးမလေးတစ်ယောက်က "ကိုယေ် မရှိပါဘူး"ဟု ညာလွှတ်ဖို့ ကြိုးစားပါသေးသည်။ သို့သော် ထိုအခိုက်မှာပဲ ဟိုးအိမ်နောက်ဘက်ထဲက ... အသံကျယ်ကြီးတစ်ခုနှင့် ...

"ငါ ဘာလို့မရှိရမှာလဲ ... ငါ့ဧည့်သည်ကို အဲ့ဒီလိုလုပ်မလွှတ်နဲ့ ... ငါ မကြိုက်ဘူး ... ခု ဖွင့်ပေးလိုက် ..."

"ဟို ... ဟို ... ကိုယေ်က အစ်ကိုကြီးနဲ့ စကားပြောနေ ..."

"စကားပြောနေတော့ ဘာဖြစ်လဲ ... အိမ်သားချင်း စကားပြောနေတာနဲ့ပဲ လာတဲ့ဧည့်သည်ကို မရှိဘူးဆိုပြီး ညာလွှတ်ရတော့မလား ..."





တံခါးမကြီးက လျှင်မြန်စွာပင် ပွင့်သွားပါသည်။ ကောင်းဇာတိကလည်း အိမ်ရှေ့သို့ ခပ်မြန်မြန်ပဲ ရောက်ရှိလာ၏။ အခြေအနေတစ်ခုကို လျင်လျင်မြန်မြန် သုံးသပ်အကဲဖြတ်တတ်သော ပြည့်စုံက ... ကောင်းဇာတိဟာ ပုံမှန်သိပ်မဟုတ်နိုင် ... ကျပ်တည်းကျဉ်းမြောင်းနေသော အနေအထားဆိုး တစ်ခုကနေ အခွင့်သာတုန်း ရုန်းထွက်လာသည့်ပုံသာ ပိုပေါက်နေကြောင်း ချက်ချင်းပင် ရိပ်မိလိုက်သည်။

အစ်ကိုကြီးနဲ့ စကားပြောနေကြတယ် ဆိုတော့ ... ညီအစ်ကိုချင်း ဘာဖြစ်နေကြလို့လဲ ...။ ထင်သည့်အတိုင်းပါပင်။ ထွက်ပြေးလာပုံတောင် ပေါက်နေသည့် ကောင်းဇာတိရဲ့နောက်မှာ မျက်နှာတွေ နီရဲတင်းထန်နေသော သူ့အစ်ကိုဖြစ်သူက ထက်ကြပ်နီးပါးပင် ကပ်ပါလာပါသည်။ တကယ်ပဲ ဧည့်သည်တစ်ယောက် ရောက်နေတာမြင်တော့ ဧည့်ခန်းထဲ မရောက်တရောက်မှာ လူမှုရေးအရ နည်းနည်း ကိုယ်ရှိန်သတ်လိုက်၏။

ကိုယ့်သူငယ်ချင်းဖြစ်သူ ကောင်းဇာတိရဲ့ တစ်ဖက်သတ် စကားတွေထဲမှပင် ဒီလူကြီးရဲ့ မှန်ကန်တိကျမှုတို့ကို လှမ်း ရိပ်မိနေရသည့် ပြည့်စုံကလည်း လူကြီးတစ်ယောက်ကို လေးစားသမှုနှင့် ကိုယ့်ကိစ္စကို အသာထားပြီး ပြန်တော့ဖို့ပဲ ဟန်ပြင်လိုက်စဉ် ... ကောင်းဇာတိက အနားကပ်လာပြီး ခပ်တိုးတိုးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"လာလေ ... တစ်နေရာရာ လစ်ရအောင်ဗျာ ... ဒီမှာ အစ်ကိုတော်ဘုရားနဲ့ အကြီးအကျယ် ဖိုက်နေရတုန်းမှာ ... အတော်ပဲ ... ခင်ဗျား ရောက်လာတာ"

"ဟာ ... ကိုယ် ... ကိုယ့်လူတို့ အခြေအနေကြီးထဲမှာ ဝင်မစွက်ချင်ဘူး ... လူကြီးကို အားနာဖို့ ကောင်းတယ် ... ပြန်မယ် ..."

"ခင်ဗျားကလည်း အဓိပ္ပာယ်မရှိတာ ... ညီအစ်ကိုချင်း စကားနဲ့ ဖိုက်ကြတာ ဒီလောက်လန့်ဖြစ်ဖို့ မလိုပါဘူး ... ကိစ္စကလည်း ဘာမှမဟုတ်ဘူး ... သူစီစဉ်ထားတဲ့ ကိစ္စကို ဖျက်တယ်လို့ ပြောလိုက်မိလို့ ... ဒါပဲ ..."

ပြည့်စုံရဲ့ နားထင်နားရင်းတွေ ပူတက်လာပြန်သည်။

"ဘာကိစ္စလဲ ..."

"ကျွတ် ... ဟိုဟာဗျာ ... ခင်ဗျားခယ်မကိစ္စ ... ဒါပဲ ... ဘာမှ မဟုတ်ဘူး"

"လှစ်လှစ်နဲ့ မယူနိုင်တော့ဘူးလို့ ... မင်း ... မင်းအစ်ကိုကို ပြောလိုက်ပြီပေါ့"

အစ်ကို့လက်က ထွက်ပြေးလာသည့် ကောင်းဇာတိက ပြည့်စုံရဲ့ အရိပ်အကဲကို ခုမှပင် သေချာသဘောပေါက်သွားပုံ ရပါသည်။ မျက်လုံးခပ်ပြူးပြူးနှင့် ခပ်ငိုင်ငိုင် တစ်ချက်ဖြစ်သွားစဉ်မှာပင် ... ဒေါသတွေ မိုးထိုးနေပြီဖြစ်သော ပြည့်စုံက ...





"အလကားကောင် ... မင်းဟာ အလကားမှ တကယ့် အလကားကောင် ... ဒီလိုမှန်းသာ ကြိုသိရင် မင်းဘာသာ ရေစပ်မှာ ထိုင်နေတုန်းတည်းက ငါ ရေထဲတွန်းချပြီး နှစ်သတ်ပစ်ခဲ့မိလိမ့်မယ် ... အစ်ကိုကြီး ကန်တော့ပါ ... တောင်းပန်ပါတယ် ... အစ်ကိုကြီးကို မလေးစားလို့တော့ မဟုတ်ပါဘူး ..."

ပြည့်စုံက စကားဆုံးသည်နှင့် ကောင်းဇာတိရဲ့ ...ကိုခွက်မေးရိုး တည့်တည့်ကြီးဆီသို့ "ခွပ်"ခနဲ လက်သီးတစ်လုံး ...ကို အပြင်းအထန်ဆုံး ပစ်သွင်းထည့်လိုက်ပါတော့သည်။ မျှော်...င့်ထားဟန် မရှိသည့် ကောင်းဇာတိ မှာတော့ ဧည့်ခန်းကြမ်း...ပြင်ပေါ်အထိပင် နောက်ပြန်လန်လဲလျက် ...။ ကောင်းဇာတိရဲ့ ...အစ်ကိုကြီးက ဘာတစ်ခွန်းမှ မပြောဘဲ လက်ပိုက်လျက်သာ ...ကြည့်နေသည်။

ပြည့်စုံက အစ်ကိုကြီးထံ အကြည့်တစ်ချက်နှင့် ...ခေါင်းလေးပါ အသာညိတ်ပြကာ နှုတ်ဆက်လိုက်ပါသည်။ ပြီးလျှင် ...တော့ ကောင်းဇာတိ ဆိုတဲ့ကောင်ရဲ့ မျက်နှာကိုတော့ ပြန်လို့တောင် ...ကြည့်ကြည့်မနေတော့ဘဲ သူတို့ ပရဝုဏ်ထဲကနေ ခြေလှမ်းကျဲ...ကျဲများနှင့် ပြန်လည်ထွက်ခွာလာခဲ့ပါတော့သည်။

တောက် ... ရိုင်းတဲ့ကောင်ကွာ ...။ ကောင်မလေး ...ပေါ်မှာ တစ်ဖက်ကလောက် နှစ်နှစ်ကာကာ မရှိလှတာ ... ...င်လည်း အလေးအနက် မထားလှဘဲ ... စကားတွေနဲ့ဈေး...



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူတွေနဲ့ပါ တင်စီးတတ်မှန်းတွေကိုပါ သိသော်လည်း ကိုယ် မျှော်လင့်ထားတာကတော့ ... နောက်ဆုံးတစ်နေ့မှာ ဒီကောင်ဟာ (လူကြီးတွေကြောင့်ပဲဖြစ်ဖြစ်) ဒီကလေးမလေးနဲ့တော့ ဘယ်လိုမဆို လက်ထပ်ဖြစ်သွားမှာပါပဲလို့။

လက်ထပ်ပြီးကြပြီ ဆိုရင်တော့ အယုတ်တမာကောင် တစ်ယောက်တော့ မဟုတ်(ဟု ကိုယ်ထင်ထား)တဲ့ ဒီကောင်ဟာ ပုံမှန်အိမ်ထောင်သည်ဘဝမှာပဲ အသားကျ အနည်ထိုင်ရင်း ... တအားကြီး မသာယာလှရင်တောင် အဆိုးစားကြီး မဟုတ်တဲ့ အိမ်ထောင်ရေး အနေနဲ့ပဲ ရှိလိမ့်မည်ဟုပါ မျှော်မှန်းထားခဲ့ တာ။

ခကျူမှ အလကားကောင်မှန်း သိသည်။ "အ... ကောင်း"ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ခကျူမှပင် သေချာရှင်းတော့ သည်။ တောက် ... လူကြီးကို အားနာပြီး တစ်ချက်ပဲ ထိုးခဲ့ တာတောင် နည်းလိုက်တာ ...။ မထင်ဘူး ... တကယ့်ကို မထင် မိခဲ့တာပါ ...။ ကိုယ့်ကို နေရင်း ထိုင်ရင်း ပိုက်ဆံတစ်သိန်းလော ဖူးလို့ ပြောတာတော့ မဟုတ်ပါဘူး ...။ အဲဒီတုန်းကတော့ အဲ ကောင်ကို ... ကိုယ်နဲ့ တန်းတူရည်တူ ထားပေါင်းလို့ရမယ့် ယောက်ျားစိတ်ဓာတ် အပြည့်ရှိမယ့် ကောင်လို့ပဲ ထင်ထားခဲ့ တာ။

တကယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် သတ်သေ... မဟုတ်ပါဘူးလို့လည်း ပြောသေး ... ရေထဲကျတော့ ...နဲ့ဆင်...





ရေလယ်ကောင်ကြီးထိ ပြေးလွှားနေကတည်းက ဒီကောင့်ရဲ့ မှုမမှန်လှတဲ့စိတ်ကို ကိုယ်က အကဲခတ်နိုင်ခဲ့ဖို့ ကောင်းတာပေါ့ ...။ ဟင်း... ကောင်မလေးကပြောခဲ့တော့ဖြင့် ပြည့်စုံကြောင့်ပဲ သူ့လူမှာ မျက်နှာမရရှာသလိုလို ... ပြည့်စုံရဲ့ သူငယ်ချင်း ဖြစ်နေတာနဲ့ပဲ သူ့အမေက မနှစ်မြို့တော့သလိုလို ...။ ခုလိုပုံဖြင့် သူ့သူငယ်ချင်း ဖြစ်နေရတဲ့ ပြည့်စုံမှာ အဲဒီမိသားစုကြီး နှစ်ခုထဲ ဘယ်လိုလုပ်များ မျက်နှာပြရပါ့မလဲ ...။

ကိုယ့်အိမ်သို့ ကိုယ်ပြန်ရောက်သောအခါ ပြည့်စုံမှာ လှစ်လှစ်နှင့် မတွေ့ရဲသေးသဖြင့် ကိုယ်ခြံထဲသို့တောင် ဟိုချောင်း သည်ချောင်းနှင့် ပြန်ဝင်လာခဲ့ရပါသည်။ ပြည့်စုံရဲ့ မလုံမလဲ အမူအရာနှင့် စိုးရွံ့အားနာ မျက်နှာကြီးကို ချက်ချင်းတွေ့ရှိ ရိပ်မိလိုက်သူက ရွှေရည် ...။

"မောင် ... ဘယ့်နှယ့် ဖြစ်နေတာလဲ ... ဘာဖြစ်လာလို့လဲ ..."

"ဟာ ... မပြောချင်ပါဘူး ... လှစ်လှစ် ... လှစ်လှစ် ... ခုလောလောဆယ်မှာ လှစ်လှစ်နဲ့ မတွေ့ချင်သေးလို့ ဟော့ ... သူများပြဿနာက ကိုယ့်ဒုက္ခ ဖြစ်နေတယ် ... စိတ်ကုန်ရော ..."

"လှစ်လှစ်နဲ့ မောင်နဲ့ ဘာဖြစ်ကြလို့လဲ"

"ကိုယ်နဲ့ ဘာမှမဖြစ်ပါဘူး ... ဟိုအကောင် ... သူ့ကောင် ... သူ့ကောင် ... အဲဒီကောင်ကို ကိုယ် ခုလေးတင်ပဲ မျက်ခွက်ကို လက်သီးနဲ့ ပိတ်ထိုးပစ်ခဲ့တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဘာဖြစ်လို့လဲ"

"သူ့ကို မယူနိုင်တော့ပါဘူး ဆိုလို့လေ ... နည်းနည်းသံသယ ရှိလို့ လိုက်သွားတာ ... ဟိုရောက်တော့ အဲဒီကောင်က သူ့အစ်ကို့ကို လစ်လစ်နဲ့ မယူနိုင်တော့ပါဘူးလို့ ပြောနေ တာနဲ့ တန်းတိုးတာပဲ ... ကိုယ်လည်း စိတ်မထိန်းနိုင်လို့ လုပ်ချပစ်ခဲ့တယ် ... မှတ်ရော"

ရွှေရည်မှာလည်း စိတ်မကောင်း တော်တော်ဖြစ်သွား ရသလို မျက်မှောင်ကုတ်ကုတ် မျက်နှာအိုအိုလေးနှင့်ပါ ... ပြည့်စုံမှာ လစ်လစ်ကို ဘယ်လိုပင် ရှောင်တိမ်းနေချင်ပါသော် လည်း ... ထိုသတင်းမှာ ချက်ချင်းဆိုသလိုပင် ရွှေရည်မှတစ်ဆင့် သိင်္ဂီသို့ ...၊ သိင်္ဂီမှတစ်ဆင့် လစ်လစ်ထံသို့ ပြန်ပေါက်သွားရသော အခါ လစ်လစ်က ချက်ချင်းပင် ပြည့်စုံတို့ဘက်သို့ ကူးချလာ တော့ကာ ...

"ကိုပြည့်စုံ ... သိင်္ဂီ လာပြောတဲ့ သတင်းက အမှန် လား ..."

ရှောင်လွှဲလို့ မရတော့သော ပြည့်စုံသည် သက်ပြင်း ကြီးတစ်ချက်နှင့်အတူ ခေါင်းကိုပဲ ညိတ်ပြလိုက်ရပါတော့သည်။ ထိန်းထားသည့်ကြားက ခပ်မဲ့မဲ့ဖြစ်သွားသော လစ်လစ်က ပြည့်စုံ ရဲ့ ခေါင်းအညိတ်ပြီးပြီးချင်းမှာပင် သူ့ခေါင်းကို သွက်သွက်ခါ ယမ်းခါပစ်လိုက်ရင်းက ...

"မယုံဘူး ..."





"ဟ ... ကိုယ်က လိမ်ပါ့မလား ... ဒီကိစ္စဟာ လိမ်စရာ လည်း မဟုတ်ဘူး ... လိမ်လို့လည်း မရဘူး ... အဖြေမှန် ဆိုတာ ချက်ချင်းမသိနိုင်တဲ့ အရာမှ မဟုတ်တာ ..."

"ကိုပြည့်စုံကို မယုံတာ မဟုတ်ပါဘူး ... ဒီလိုအဖြစ်အပျက် ကြီးကို သူ့ပါးစပ်ကနေ မကြားရမချင်း ဘယ်လိုမှ မယုံ နိုင် ... လက်မခံနိုင်တာပါ ..."

ပြည့်စုံက သက်ပြင်းမောကြီး တစ်ခုကို ချလိုက်သည်။ အားနာမျက်နှာပူစွာ ရှောင်ဖယ်ချင်နေလို့လည်း မလွတ်တဲ့အတူတူ တော့ အားလုံး ပြောပစ်လိုက်တာကပဲ ကောင်မလေးအတွက် ကောင်းပါလိမ့်မယ်လေ ...။

"ရှင်းရှင်းနဲ့ ကြမ်းကြမ်းပဲ ပြောမယ်ဟာ ... ခုမင်္ဂလာဆောင် သွားတဲ့ တစ်ယောက်နဲ့ ခိုးရာလိုက်သွားတဲ့ တစ်ယောက်ရဲ့ ရန်တွေကလွတ်အောင် နင့်ကို ဆွဲပြထားတဲ့ သဘောပဲ လစ်လစ်ရာ ... အခု အဲဒီနှစ်ယောက်က သူတို့စရိတ်နဲ့ သူတို့ သွားပြီ ... နင်မလိုတော့ဘူး ... အဲဒီသဘောပဲ ... ဒါပဲ ..."

ရွှေရည်က ... "သြော် ... မောင်ကလည်း" ဟု ဝင် နှဲ့သည်။ လစ်လစ်က မိုးကောင်းကင်ပေါ်သို့ မျက်နှာမော့ကာ မျက်တောင်များကို အဆက်မပြတ် ပုတ်ခတ် ပစ်လိုက်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တိုင် လာဝန်ခံတာနဲ့ ... ဘေးလူတစ်ယောက်က ပြောပြနေတာမှာ ဘယ်ဟာက ပိုသက်သာမယ် ထင်လဲ မွေ့ရည်ရဲ့ ... ဒါပေမယ့် လှစ်လှစ် ... ဒီကောင်လာပြော နင်ယုံမယ် ဆိုရင်တော့ နင် ဒီကြားထဲမှာ စိတ်ချမ်းသ နေအောင် လှည့်တွေးရင်လည်း တွေးထားပေါ့ ... ဒီကော ကတော့ နင့်ကို တော်ရုံနဲ့ လာပြောလိမ့်မယ်လို့ ကိုယ်မထ ဘူး ...

အေး ... ဒါပေမယ့် ဒီကောင် ပြန်ပေါ်လာတဲ့အခါ ဟာ သူ့အပြစ်ကို သူလာဝန်ခံတာမျိုး ဟုတ်ချင်မှလည် ဟုတ်မယ် ... ဘာမှ မဖြစ်သယောင်နဲ့ ဇာတ်လမ်းပြန်ဆ မှာမျိုးလည်း ဖြစ်နေနိုင်တယ် ... အဲဒီအခါကျ ကိုယ် လူလိမ်ကြီးလို့ လှစ်လှစ် ယူဆရင်လည်း ရတယ် ဒါပေမယ့် ဒီကောင့်ကိုတော့ လုံးဝပြန်မယုံလိုက်ပါနဲ့ သူ့မရီးဆိုတဲ့ တစ်ယောက်မှာ တူမဆွေမျိုးက ဒီနှစ်ယော တည်းတော့ က,မယ်မထင်ဘူး ... အများကြီး ကျန်နေ သေးတာပဲ ... လာပြန်ဆက်သွယ်ရင်တော့ ဒါဟာ 'အ အတွက် သက်သက်ပဲ"

လှစ်လှစ် တစ်ယောက် ပြည့်စုံရဲ့ရှေ့က ထွက် သွားတော့မှ အားရပါးရကြီး ပြောချဖြစ်လိုက်သည့် ပြည့်စုံ ယောက် သူ့စကားကို ရပ်တန့်လိုက်ရပါတော့သည်။ သ လှစ်လှစ်ရဲ့နောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်သွားသ





မွေ့ရည်ကတော့ ပြည့်စုံကို မျက်စောင်းတခဲခဲနှင့် "ဘယ်လိုလူမှန်း ကို မသိဘူး ... နည်းနည်းပါးပါး လျှော့လျှော့ပေါ့ပေါ့ တော်ရိ သေ့ရှိလေးနဲ့ ကြားကောင်း နားခံသာအောင် ကြည့်ကျက်ပြောပါ တော့လား ..."ဟု လက်မောင်းတစ်ဖက်ကို ခပ်ကျိတ်ကျိတ် လာ သိမ်ဆွဲလေသည်။

❀

မျက်နှာချင်းဆိုင်ကို တည့်တည့်ကြီး တန်းတိုးနေ ကြပါတော့သည်။

ရောင်တယ် မဟုတ်ပေမယ့် ... ခုလောလောဆယ် အခြေအနေအတွက် မျက်နှာချင်း မဆိုင်မိကြသေးရင်တော့ ကောင်းဆုံးပဲဟု သတ်မှတ်ရမည်ဖြစ်သော ကောင်းဇာတိနှင့် လှစ်လှစ်တို့သည် ... လူသွားလူလာ ထူထပ်လှသော ... ကားသွား ကားလာ ရှုပ်ထွေးလှသော မြို့လယ်ကောင် လမ်းမကြီးတစ်ခု၏ ကူးမျဉ်းကျား ခလယ်ကောင်ကြီးမှာမှ ... မျက်နှာချင်းဆိုင်ကို တည့်တည့်ကြီး တန်းတိုးနေကြပါတော့သည်။

နှစ်ယောက်သားဟာ ဘာလုပ်ကြရမည်မှန်း မသိ။ လုံးလုံးကို မတွေ့ချင်ကြတော့သော သူနှစ်ဦး ဆုံမိ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုလျှင် ထိုသူနှစ်ဦးဟာ ဘာများ လုပ်ကြကိုင်ကြမည် ထင်ပါသနည်း။ နောက်ပြန်လှည့်ကာ ထွက်ပြေးရမလား ...။ ခါးခါးသီးသီးနှင့် ချာခနဲပဲ ကျောခိုင်းပစ်လိုက်ရမလား ...။ ခင်မင်ကျွမ်းဝင်ထားသော အကြောင်းအတာအရ ... (သိပ်ကြီးလည်း ပစ်ပစ်ခါခါကြ ရန်ဖြစ်သတ်ပုတ်ထားကြတာမျိုး မဟုတ်လျှင်) ဣန္ဒြေမပျက်စတာ နှုတ်ဆက်ခေါ်ပြော ... စကားစမြည် တဖဲ့ခွန်းစ နှစ်ခွန်းစလော ပြောပြီးကာမှ ကိုယ့်လမ်းကိုယ် ဆက်ကြရမည်လား ...။

ဒါမှမဟုတ်ရင်လည်း နောက်ဆုံးအကြိမ် မတွေ့ ကြရတော့သည့် အချိန်ကာလများ နာကြဉ်းရင်နာစရာများ ရင်ဖွင့်ခွင့် မရလိုက်လေသမျှ နင်ပဲငဆ လက်ညှိုးငေါက်ငေါက် ကာ ပြောသူကပြောလို့ ... ငြိမ်ခံသည့်သူက ငြိမ်ခံ ... ဒါ မဟုတ် ကိုယ်ကလည်း ရှင်းလင်းပြန်ပြောစရာရှိတာ ပြန်ပြော စသဖြင့်တို့ကို လုပ်ရမှာလား ...။ လောလောဆယ်မှာတော့ ယောက်သားဟာ ဘာလုပ်ကြရမည်မှန်းမသိ ...။

တစ်ဦးနှင့်တစ်ဦး မမှိတ်မသုန် အကြာကြီးပဲ ကြည့်နေမိကြသည်။

လူကူးမျဉ်းကျားမှ ကူးဖြတ်နေကြသမျှသော အပေါင်းတို့ဟာ ရုတ်တရက် လမ်းလယ်ကောင်ကြီးတွေမှာ တတ်ရပ် ... ကြောင်ကြောင်ပြူးပြူးကြီးတွေ ဖြစ်နေကြ သူတို့နှစ်ယောက်ကို လှည့်ကြည့် အကဲခတ်သွားကြသူတွေ ရှိ...။ ဘာများဖြစ်ကြတော့မှာလဲ ... လို့ လမ်းတစ်ဖက် ပလက်





တွေပေါ်ကနေ ရပ်လို့ကို ကြည့်နေကြတဲ့ သူတွေလည်းရှိ ...။ သူတို့နှစ်ဦးမှာတော့ ဒီလူ ... ဒီလူတွေကိုလည်း ဂရုမစိုက် ... အလေးမထားအားပါ ...။ တစ်ဦးနှင့်တစ်ဦး မမှိတ်မသုန် အကြာကြီးပဲ စိုက်ကြည့်နေမိကြသည်။

စတင်လှုပ်ရှားကာ မျက်လွှာချ နောက်ကြောင်းပြန်လှည့်လိုက်သူမှာ ... "လှစ်လှစ်"ပင် ဖြစ်ပါသည်။

ကျောက်ရုပ်ကြီးတွေလို မျက်လုံးတွေစိုက် ... ခပ်တောင့်တောင့်ကြီးတွေ ဖြစ်နေရတာ ကြာလာတော့ ဝန်းကျင်ကလူတွေကိုရော ... ကိုယ့်ကိုယ်ကိုယ်ပါ သတိတရနှင့် ရက်စိတ်ဝင်လာရသူမှာ ထုံးစံအတိုင်း မိန်းကလေး ဖြစ်သူပင် ဖြစ်ပါသည်။ အနိုယောကျ်ားကတော့ သူ့ဆန္ဒတစ်ခုကို ထုတ်ဖော်ရာမှာ အကောင်အထည်ဖော် လှုပ်ရှားရာမှာ ဒီပြင် ဘယ်သူတစ်ဦးတစ်ယောက် ဘာပဲဖြစ်ဖြစ် ဂရုမစိုက်တတ်တော့တာဟာ သူ့ပင်ကိုယ်ဗီဇသာ ဲမို့ ... သူကတော့ စတင်ပြီး ဒီအခြေအနေကို ဖျက်ပစ်ဖို့ စိတ် ူးရှိပုံ မပေါ် ...။

ကြာတော့ လမ်းမကြီးလယ်ကောင်မှာ ... လူကူး ျဉ်းကျားရဲ့ အလယ်တည့်တည့်မှာ လူတွေလည်း လုံးဝရှဲသွား ော့ကာ ... ရုပ်ရှင်ရိုက်ကွင်းတစ်ခုလိုလို ... လမ်းတစ်ဖက်တစ် က် ပလက်ဖောင်းတွေပေါ်မှာသာ လူအုပ်ကြီးဖြစ်လို့ နေရပြီ ...။ းခိမိနေကြသော ကားတို့ဟာလည်း မီးစိမ်းသွားတာနဲ့ တစ်ပြိုင် က် အလုံးအရင်းနဲ့ကို မောင်းထွက်လို့ လာကြပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်နေတာလဲ ...။ ကားတိုက်ခံပြီး သေမလို့လား ...။ နောက်ဆုံးကျတော့ ... စတင်လှုပ်ရှားကာ မျက်လွှာချ နောက်ကြောင်းပြန်လှည့်လိုက်သူမှာ "လှစ်လှစ်"ပင် ဖြစ်ပါသည်။

တကယ်ဆို သူ့ဘက်က ဒီလိုကြီး လာဖြစ်ပြနေဖို့ မရှိပါ ...။ ဒီလမ်းကြောင်းကို ပုံစံချ ရွေးချယ်ပြီး အတိအကျ လျှောက်လှမ်းခဲ့သူမှာ သူသာပဲ မဟုတ်လား ...။ လှစ်လှစ်ကသာ ဘုမသိ ဘမသိနဲ့ ကိုယ့်ကိုယ်ကိုယ်တော့ တအားအထင်ကြီးပြီး သူများတကာကိုကျတော့ မျက်စိစုံမှိတ်ကာ ယုံထားတက်သည့် အေသွာသာကလေးသာမို့ သူ့လမ်းကြောင်းထဲမှာ သူ့အကြိုက်လိုက်ပြီး ဝင်ရောက်လျှောက်လှမ်းခဲ့မိသူလေ ...။

ပထမဆုံး ပြန်ဆုံကြချိန်မှာ သူဟာ ... မျက်နှာပျက်အားနာပြီး စတင်ကျောခိုင်း ရှောင်ခွာပစ်လိုက်သူရင်လည်း ဖြစ်ရမည်။ ဒါမှမဟုတ်လည်း မျက်နှာပြောင်တိုက်ကာ အောင်နိုင်သူကြီး အနေနှင့် ခေါင်းမော့ ရင်ကော့ ဂုဏ်ယူတကြီး ဖြတ်ကျော်သွားနိုင်သူရင်လည်း ဖြစ်ရမည်။ သို့တည်းမဟုတ်ပါကလည်း လျှာအရိုးမရှိတိုင်း တောင်းပန်။ ဒါမှမဟုတ်ရင်တော့ ... ကျရောက်လာမယ့် ပြစ်တင်မောင်းမဲ (ဒီ့ထက်ပိုဆိုးရင်တော့ ရိုက်ပုတ်) ... ဒါမျိုးတွေအတွက် မျက်နှာအောက်ချခံယူဖို့ အသင့်အနေအထားနှင့် ရှိရမည်။

ခုကျတော့ ... ခံလိုက်ရသူ ... မိန်းကလေးဖြစ်တဲ့ လှစ်လှစ်လိုပဲ ... သူကလည်း ကြောင်တက်ဆွံ့အကာ ကြက်သေ





သကြီး ... မိန်းမောခံစားနေရပုံ ရနေတာက ဘာ့ကြောင့်များလဲ ... မဖြစ်သင့်ပါဘူးနော် ...။

လှစ်လှစ်က ဖျတ်ခနဲ မျက်နှာလွှဲကာ ကျောခိုင်းလှည့်ထွက်သွားပြီဖြစ်သော အခါမှာကျမှ သတိဝင်လာသလို ...တ်ချည်း လိုက်လှုပ်ရှားမိတော့သောသူမှာ ဇာတိပဲ ဖြစ်သည်။ ...ောက်ကနေ အပြေးလိုက်ကာ လမ်းကူးရင်း တစ်ဖက်က ပလက်...ောင်းပေါ်သို့ရောက်မှ ဟိုဒီဝေ့ဝဲရှာသောအခါမှာ မြန်ဆန်လှသော ...မ်းကလေးက ရှိမနေတော့ ...။

စိတ်ထဲရှိတဲ့အတိုင်း လှုပ်ရှားပစ်လိုက်ရမည် ဆိုလျှင်...တော့ ... ဒီလောက် လူထူထပ်နေတဲ့ လမ်းလယ်ကောင်ကြီးမှာ "လှစ်လှစ် ... လှစ်လှစ် ..."လို့ အကျယ်ကြီးပဲ အော်ဟစ်ခေါ်ပစ်...ိုက်မည်။ ဒီလိုဆိုရင်တော့ ထွက်ပြေးပျောက်ကွယ်သွားတဲ့ မိန်း...ကလေးဆီက တစ်ခုခုတော့ တုံ့ပြန်မှုရလဒ်တစ်ခုကို ပြန်ရလာဦး...မှာ အမှန်ပါပဲ ...။

ဒါပေမယ့် ဇာတိက မလုပ်ချင်တော့ ...။ ကိုယ့်မှာ...ပြစ်တွေက သိပ်များနေခဲ့ပါပြီ ထင်ပါရဲ့ လှစ်လှစ်ရယ် ...။ ...တ်ဝန်းကျင် သေးသေးလေး တစ်ခုအတွင်းမှာ ကိုယ့်ကြောင့်...မည်ပျက် အရှက်ရခဲ့ပြီးတဲ့ မိန်းကလေးဟာ ဒီလိုလူတစ်ပုံတစ်...င်းကြီး အလယ်မှာ ထပ်မရှက်စေသင့်တော့ ...။ အကြီးအကျယ်...အော်ဟစ်ခေါ်ပစ် လိုက်လို့ကတော့ ဘာပြောကောင်းမလဲ ...။ ...ကိုယ့်ကိုပဲ ဝက်ဝက်ကွဲပေါ့ ...။ ခုတောင် ရုပ်ရှင်ရိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



ရပ်စိတ်ဝင်စားနေကြတဲ့ လူထုပရိသတ်ဟာ ကောင်းကောင်းကြ
အကြိုက်ကျ စည်ကားပျော်ရွှင်သွားကြနိုင်သည်။

တစ်ဖက်ကိုငဲ့လိုက်ရတဲ့အခါမှာ မမိတော့ ... မမြ
တော့ဘဲ ကျန်ရစ်ခဲ့ရသူမှာ ဘာ့အတွက်ကြောင့်များ "ဟာတာတာ"
ဆိုတဲ့ ခံစားချက်ကြီးတစ်ခု ကျန်ရစ်ခဲ့ရတာတဲ့လဲ ...။ အမေ့
သတိရသည်။ အမေသာ ခုနေရှိသေးရင် ဒီအဖြစ်အပျက်အတွ
ကောင်းဇာတ်ကို ဘယ်လိုများ ဝေဖန်ချက် ပေးလိမ့်မည်မသိ ...
ဇာတ်ကတော့ ခုနေခါမှာ ကလေးငယ်တစ်ယောက်လို အမေ့
ခွင်ထဲ ခေါင်းတိုးဝင်ပြီး မျက်စိစုံမှိတ်ထားလိုက်ခွင့်များ ရှ
အခု "ဟာတာတာ"ဆိုတဲ့ ဟာကြီးများ သက်သာရာ ရနိုင်မလာ

အထူးသဖြင့်ကတော့ အမေ ပြောပြောနေတတ်
"ရင်ဆာတယ်"ဆိုတဲ့ စကားလုံးအဆန်းဟာ ဒီလိုအဖြစ်မျိုး
ပြောတာနဲ့ တူပါရဲ့ ...။ အမေရေ ... အမေ့သားလည်း ရင်
တတ်ပြီ ...။

အစ်ကိုနဲ့ ပြဿနာဖြစ် ...။ ပြည့်စုံနဲ့ ပြဿနာ
ပြီးတဲ့နောက်မှာ နှစ်ယောက်လုံးဆီက အထိုးအနှက် လက်ဆော
တို့ကို လက်ခံရရှိလိုက်တဲ့ ဇာတိဟာ သူများတကာက ဇော
ကားကား လာရောက်ထိုးကြိတ်တာကို တစ်စက်မှ ပြန်မချေပလို
ပဲ ခေါင်းငုံ့ခံလိုက်တာကိုပဲ ကိုယ့်အပြစ်အားလုံးအတွက် ထိုက်
တဲ့ ပြစ်ဒဏ်တစ်ခုကို ကိုယ်ရရှိခဲ့ပြီးပြီဟု လုံးဝကို အပြစ်ကင်း
ခံစားချက်နဲ့ လူသစ် စိတ်သစ်ကို လုပ်နေခဲ့တာပါ။





အစ်ကိုနှင့် မရီးတို့ကလည်း "အိမ်ထောင်ရေး"ဆို
တဲ့ စကားလုံးကို ယောင်လို့တောင်မှ ထပ်မဟကြတော့ပါ ...။
ဘယ်တော့မှလဲ ဟတော့မည် မထင် ...။ လှစ်လှစ်ကိုတော့ မျက်
နှာပူပူနှင့်ပင် ... ပြည့်စုံကပဲ အပြည့်အစုံ ရှင်းပြလိုက်လိမ့်
မှာပေါ့ဟု ... တာဝန်မဲ့စွာ ခေါင်းရှောင်ရင်း ... အဲဒီနေ့ကတည်း
က ဒီနေ့ထက်ထိ လုံးဝကို အဆက်အသွယ် မလုပ်တော့တာပါ။
သူ့အဖေ ဦးခင်မောင်တင့်နှင့် ကိုကိုကြီးတို့ ဘာတွေပြောပြီး
ဘယ်လိုဖြေရှင်းကြသလဲ ဆိုတာကိုလည်း သိလည်းမသိ ...။
သိလည်း မသိချင် ...။

ဒါပေမယ့် အဲဒီလို စိတ်သစ်လူသစ်နဲ့ ရင်ရှင်းခေါင်း
ပေါ့စွာ နေနေတဲ့ ယောက်ျားတစ်ယောက်ဟာ တကယ့်တကယ်
မှာကျတော့ ဘာဖြစ်လို့များ ခေါင်းပဲကိုက်ချင်သလိုလို ...၊ စိတ်ပဲ
အမြဲတိုနေရသလိုလို ...၊ စားကောင်း သောက်ကောင်းကလည်း
မရှိဘဲ အိပ်ရေးကလည်း ဝကိုပဲ မဝနိုင်တော့ သလိုလိုနဲ့ ...
ဘာ့အတွက်ကြောင့်များ ... ကိုယ့်စိတ်ကြိုက်၊ ကိုယ်မျော်မှန်း
ထားသလို ... "မိုးပျံပုဖောင်း"လို လူသားမျိုး ဖြစ်မနေရတာ
ဘဲ့လဲ။

အရင်အချိန်တွေတုန်းက စိတ်မပါ လက်မပါနဲ့
သွားလာခဲ့ရတဲ့ ခရီးလမ်းပန်းတွေကိုလည်း သတိရ ...။ လမ်းသွား
လာရင်း သူ့ဟာနဲ့သူ အချင်းများနေကြတဲ့ လူနှစ်ယောက်ကို
မြင်ရင်လည်း စပ်စုပြီး တစ်လွဲမှန်းတတ်တဲ့ မိန်းကလေးငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သတိရ ...။ တစ်ခါတုန်းကများ မိန်းမနှစ်ယောက် စကားများနေကြတော့ လှစ်လှစ်က ...

"အဲဒါ အမေနဲ့ သမီးပေါ့ ... သူတို့အဖေနဲ့ ပတ်သက်ပြီး စကားများနေကြတာ ... သမီးက အဖေကို အပြစ်ချည်းပြောနေတော့ အမေက မပြောစေချင်ဘူး ..." တဲ့ ...။

"အမေနဲ့ သမီးကလည်း အသက်လည်း မကွာပါလား ... မဖြစ်နိုင်ပါဘူး"

"သြော် ... ဖြစ်နိုင်တာပေါ့ ... ဘာလို့မကွာရမှာလဲ ... ကွာတာမှ အသက်အစိတ်လောက်ကို ကွာတာ ... အမေကနပြီး သမီးက ရင့်နေတော့ ကြီးကောင်တအားဝင်နေသလိုဖြစ်နေတာ ... မယုံဘူးလား ... မယုံရင် သွားမေးပြမယ်"

မလုပ်ရဲဘူးထင်လို့ "သွားမေးချေ"လို့ ရွဲ့ထည့်လိုက်တော့ အဟုတ်ကို ဝင်သွားမေးပြီး သူ့ထုံးစံအတိုင်း လှစ်လှစ် ... လှစ်လှစ်နဲ့ ရှုံ့မဲ့ပြီး ပြန်ပြေးလာသည်။ အနားရောက်တာနဲ့ ...

"လာ ... လာ ... သွားမယ် ... သွားမယ် ... ဒီနား ကြာကြာဆက်ရပ်နေရင် ခေါင်းပေါက်ကိန်းရှိတယ် ... အခုတောင် ခေါက်ထီးနဲ့ကို ရွယ်လွှတ်လိုက်တာတော့ ..."

"ဘာလဲ ... အမေကလား ... သမီးကလား"

"ဟီဟိ ... ဘယ်က ဟုတ်ရမှာလဲ ... အဲဒါ မယားကြီးနဲ့မယားငယ် သတ်နေကြတာ ... ကံကောင်းလို့ ကိုယ်ပါရောပြီး ထိပ်မပေါက်တယ် ... ဟယ် ... ဟယ် ... ကြည့်စမ်း ...





ပြန်လှည့်ကြည့်လိုက်စမ်း ... လုံးဝကို သတ်နေကြပြီ ... စောစောတည်းက အဲလိုဖက်ပြီး သတ်နေကြရင်တော့ ဘယ်သူက အမေနဲ့သမီးလို့ မှန်းမှာလဲ ... ဘယ်လိုဟာတွေမှန်း မသိဘူး ..."

"ဟုတ်တယ် ... သူ့အမှန်းရလွယ်အောင်ပဲ ... ဟိုဟာတွေက သူ လှည့်ကြည့်မိတာနဲ့ တစ်ခါတည်း ပြေးလုံးပြကြရတော့မယ် ... ဟုတ်လား ... ဒေါ်တစ်လွဲတို့ကတော့ လာ,လာချေသေးကွာ ... စပ်စပ်စုစုနဲ့ တစ်လွဲမှန်းတဲ့သူထက် ... စောစောစီးစီး ဖက်မသတ်ကြတဲ့ သူနှစ်ယောက်ကပဲ အပြစ်ကြီးနေရပြန်ပြီ ..."

ခုများကျတော့ ကိုယ့်ဟာနဲ့ကိုယ် အချင်းများနေကြတဲ့ လူနှစ်ယောက်ကို မြင်ပါသော်လည်း ... တစ်လွဲတွေမှန်းပြီး တစ်လွဲတွေ လျှပ်ရှားဦးမယ့် မိန်းကလေးက မပါ ...။ "သူပါလာရင်"ဆိုတဲ့အတွေးက ... လူကို "လွမ်းသလိုလို"ဟု အမည်တပ်ရမလား မသိတဲ့ ခံစားချက်မျိုးကြီး ဖြစ်သွားစေတာမို့ ... အဲဒီလိုအဖြစ်မျိုးကို မကြိုက်တဲ့ ... ဇာတိက ... ကိုယ့်အတွက် ဘယ်တုန်းကမှ ခေါင်းထဲရောက်လာစရာ အလုပ်မဟုတ်တဲ့ ... ကိုယ့်အပူလည်း ဘာမှမပါဘဲနဲ့ "လျှောက်မှန်းဆ အဖြေထုတ်ခြင်း" ... "စပ်စုခြင်း"တို့ကို တမင်ကြီးကို သွားလုပ်ခဲ့မိပါသေးသည်။

ကိုယ်လည်း ထိုးကြိတ်လွှတ်ခံရတော့မလို အခြေအနေကြီးနဲ့ ထွက်ပြေးခဲ့ရပြန်သောအခါ ... "ကိုယ်လည်း လွဲတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တစ်လွဲရေ”ဟု ယောင်ယမ်းကာ အသံထွက် ပြောလိုက်မိတဲ့ အဖြစ်ကိုပဲ ကိုယ့်မှာပြန်ပြီး တနုံ့နုံ့ ဖြစ်ကျန်ရစ်ရပါရော ...။

ကိုယ်တိုင်လည်း ဘယ်တော့မှ မမှန်ခဲ့တဲ့ လူတစ် ယောက်ဟာ “ဦးမှန်”လို့ အမည်ရခဲ့ဖူးတာဟာ ယုံတမ်းစကား ပုံပြင်တစ်ခုများလား ...။ အမြဲလွဲနေတတ်တဲ့ မိန်းကလေးတစ် ယောက်က ... နှစ်ယောက်သား မျက်နှာချင်းဆိုင်ကြီးတွေ့ ပြန် တွေ့တန်းတိုးနေတဲ့ အခါမှာ အရင်ဦးအောင် မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချ ...၊ အေးငြိမ်းစွာ လှည့်ရှောင်သွားနိုင်ခဲ့တာက ကော ... “လောကကြီးမှာ ဘယ်အရာကမှ အမြဲမမှန် ... အမြဲ မမှားနိုင်ဘူး”ဆိုတဲ့ အချက်ကို သက်သေပြလိုက်တာများလား

ဒါဆိုရင်တော့ “ကိုယ်မှန်တယ်ထင်ရင် ပြီးရော” ဆိုတဲ့ ကိစ္စရပ်တွေက ပြန်စဉ်းစားစရာများ လိုလာတော့မှာလား အမေတောင်မှ မရှိတော့တဲ့ နောက်တော့ ကိုယ့်မှာ “အဖော်”လို့ သတ်မှတ်လို့ရမယ့် လူတစ်ဦးတစ်ယောက်ဟာ ထပ်မံပေါ်ပေါက် လာစရာလည်း အကြောင်းမရှိ ...။ လိုလည်းမလိုအပ်နိုင်တော့ဘူး ဟု ထင်ထားခဲ့မိတဲ့ တစ်ဖက်သတ်ဆန်ဆန် အတွေးကိုတော့ ခုနေခါမှာ ရဲရဲတင်းတင်းကြီး အမှားပြန်ပြင်ချင်လာပြီ ...။

ကိုယ့်မှာ တကယ်“အဖော်”လိုပါတယ်။ ကိုယ့်အဖော် ဆိုတဲ့ နေရာတစ်ခုကို ကိုယ့်ရဲ့သတ်မှတ်ချက်အရ ... လောကကြီး မှာ တစ်ဦးတစ်ယောက်တည်းသော သွေးသားရင်းချာဖြစ်သည့် အစ်ကိုကြီးဖြစ်သူကိုလည်း မပေးအပ်နိုင် ...။ သူငယ်ချင်းမိတ်ဆွေ





ဆိုတာမျိုးကိုလည်း အရေးကြုံလို့တောင်မှ မှတ်မှတ်ထင်ထင် မရှိ ခဲ့တဲ့ဟာ ဘယ်လိုလုပ်ပြီး အဖော်သဘော နေရာထားနိုင်ပါ့ မလဲ။

ဒီလိုဆိုရင်တော့ ကိုယ်တကယ်လိုအပ်နေပြီမှန်း ကိုယ် တိုင်သေချာနေပြီဖြစ်တဲ့ ကိုယ့်ရဲ့ “အဖော်”ဟာ ဘယ်မှာလဲ ...။ ဘယ်သူ့ကို သတ်မှတ်နေရာပေးရမှာလဲ ...။ ကောင်မလေးရေ ... ကိုယ့်ဘဝမှာ အဖော်ကောင်းတစ်ယောက် လိုအပ်နေမှန်း ကိုယ် သိလိုက်တဲ့ အချိန်ကျမှ ... ကိုယ့်ဘဝရဲ့ အဖော်အဖြစ်နဲ့ဆိုရင် ကောင်းသာဆိုရင်တော့ ကိုယ်ဟာ ငြင်းပယ်စရာ ရှိမယ်မထင်ဘူးဆို တဲ့ အတ္တခပ်ကြီးကြီး အတွေးမျိုးက ခေါင်းထဲရောက်လို့ လာပြန် တော ...။

ကိုယ်ဟာ ကိုယ့်ဘာသာ လက်မခံချင်ပေမယ့်လည်း ကိုယ့်မှာ ပိုင်ဆိုင်ထားပြီးသား ဖြစ်နေခဲ့တဲ့ ချို့တဲ့တဲ့ ... လူစဉ်မမီ သတဲ့ စိတ်ဓာတ်ချို့ကြောင့် ... လူတစ်ယောက်ကို ခင်မင်ဖို့ ယုံကြည်ဖို့၊ လက်ခံနိုင်ဖို့၊ စိတ်ရင်းပကတိနဲ့ တန်းတူထားပေါင်း သင်းဖို့ အမြဲတမ်းပဲ ခဲယဉ်းခဲ့တယ် ...။ အဲဒါကြောင့်မို့ပဲ ... တက္ကသိုလ်ပညာရေး ပြီးဆုံးလို့ ဘွဲ့တစ်ခုရပြီးခဲ့ချိန်မှာ ... ဆက် ဆက်ပေါင်းသင်း ခင်မင်ရမယ့် မိတ်ဆွေကောင်း ဆိုတာမျိုး ရှား ပါးနေခဲ့တယ် ...။

အချိန်အကြာကြီး မပေါင်းရပေမယ့် ... ခင်မင်ချိန် ကောင်းပြီး တွေ့ရှိချိန် နည်းပါးခဲ့ပေမယ့် ... ကိုယ် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခင်တယ် ... ပြည့်စုံကို ခင်တယ် ဆိုတာ ခုကိုယ်သိတယ် ... ရဲရဲကြီးလည်း ထုတ်ပြောဝံ့တယ် ...။ ဒါပေမယ့်လည်းပဲ ... တစ်ယောက်ဟာ ဒီလောက် အတ္တကြီးရရင် လုံလောက်ပါပြီ...

ကိုယ်လိုအပ်ချိန်မှာ ကိုယ်ကိုယ်တိုင် ခင်မင်မိ... လူတစ်ယောက်ကို မညှာမတာနဲ့ ကိုယ် အသုံးချခဲ့ဖူးတယ် ... ဘုရားပြီး ငြမ်းဖျက်ဆိုသလို လွယ်လွယ်ကလေးနဲ့ "ဖြတ်"... ဖျက်ချခဲ့လိုက်ဖူးတယ်။ အားလုံး ဖျက်လို့ ဖယ်လို့ ပြီးသွား... အချိန်ကျမှ အဲဒီငြမ်းဟာ ခဏတဖြုတ်လေး တပ်ဆင်အသုံး... ထက် ... ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ဘေးက မားမားမတ်... လိုက်ပါကာကွယ် ထောက်ပံ့ပေးနိုင်မယ့်သူမျိုး ... ကိုယ်ကလ... အဲဒီလို ရပ်တည်နေဖို့အတွက် ကျေနပ်နိုင်တဲ့ သူမျိုးမှန်း ကိုယ်... လာရတယ် ...။

တော်ပါပြီ။ လုံလောက်ပါပြီ။

ဒီ့ထက် အတ္တဆက်ကြီးနေရရင် ... ကိုယ်ဟာ... အတွက်ပဲ ကိုယ်သိနေ တွက်နေတတ်တဲ့ ယောက်ျားတစ်ယော... ပါလားဆိုတဲ့ အဖြစ်ကို ကိုယ်ကိုယ်တိုင် ရွံမုန်းစက်ဆုပ်လာ... တော့မယ်။ အယူခံဝင်တာ ... ဆင်ခြေပြလျှောက်လဲတာ ... ပေမယ့် ကိုယ့်ရဲ့ အတ္တတွေ မာနတွေ၊ မကောင်းတဲ့ စိတ်... တချို့တွေဟာ ကိုယ့်ဘဝပေး အခြေအနေ ... ကိုယ်ကြုံတွေ့... တဲ့ အတွေ့အကြုံ၊ ခံစားခဲ့ရတဲ့ နာကြည်းချက် စိတ်ဒေါ... ကြောင့် ဆိုတာ ကိုယ့်ဘာသာသိရင် လုံလောက်ပါတယ် ...





လူသစ်တစ်ယောက်ကို လက်သင့်ခံနိုင်ဖို့ ခဲယဉ်းလှတဲ့အတွက် နောက်ထပ် "အဖော်" ဖြစ်လာနိုင်မယ့် မိန်းကလေးတစ်ဦးတလေဟာလည်း ကိုယ့်ဘဝထဲ ထပ်ဝင်လာစရာ အကြောင်းမရှိပါ ...။ "မင်းကလွဲရင် ဘယ်သူ့ကိုမှ နေရာမပေးနိုင်ပါဘူး" လို့တော့ ရဲရဲတင်းတင်း ဂုဏ်မယူရဲပေမယ့် ... ဘဝတစ်လျှောက်လုံးကို "အဖော်ကောင်း"တစ်ယောက် ငတ်မွတ်စွာ ကိုယ်လျှောက်လှမ်းနေဖြစ်တဲ့အခါ ... ဖြစ်ပေါ်လာနိုင်တဲ့ ကိုယ့်ရဲ့ ခံစားချက်စိတ်တချို့ကို မင်း မသိစေချင်ပါ။


သိရှိသွားတဲ့ အခါမှာလည်း စိတ်သဘောထားချောမွေ့ပြောင်းနူးညံ့ပြီး စိတ်ကောင်းရှိတဲ့ ကလေးမလေးဟာ စိတ်ထပ်မယိုင်လာစေချင်ပါ ...။ လူကူးမျဉ်းကျား တစ်ခုပေါ်မှာ နောက်ဆုံးကျောခိုင်းသွားခဲ့တဲ့ မင်းကို ကိုယ့်အပြစ်တွေနဲ့ကိုယ် "ရင်ဆာ"ပြီး ကျန်ရစ်ရတဲ့ လူတစ်ယောက်ကတော့ အမြဲလို မှတ်မှတ်ရရပဲ ရှိနေဖြစ်တော့မှာပါ ...။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၇)

ဝုန်းခနဲ အသံကြီးနှင့် ကိုယ့်တစ်ကိုယ်လုံး ရေတွေ
အေးစက်သွားရချိန်ကျမှ ကိုယ်တော့ ရေထဲပြုတ်ကျသွားခဲ့ပြီ
တာ တိတိကျကျ သိလိုက်ရပါသည်။ ဒီ့မတိုင်ခင်ကတော့
ယ်ဟာ စိတ်နဲ့ လူနဲ့ သိပ်မကပ်လှတဲ့ လူတစ်ဦး ...။

နေပါဦး ... ကိုယ် ရေထဲပြုတ်ကျသွားခဲ့ရတာဟာ
တိုင်း ဘာအကြောင်းကြောင့်မှ မဟုတ်ဘဲ မတော်တဆသက်
ကြီးတော့ မဟုတ်ပါဘူး ...။ တစ်စုံတစ်ယောက်က ကိုယ့်
က်ကျောကနေ အားနဲ့မာန်နဲ့ကို ပိတ်ပက်တွန်းချလိုက်တဲ့
ကြောင့်သာ ကိုယ့်ခမျာ ဒီအထဲ ဒုတ်ဒုတ်ထိရောက်ရှိခဲ့
သတာပါ ...။

ကိုယ်ကျသွားခဲ့တဲ့ နေရာကရေဟာ ကိုယ့်ခါးလောက်
င်မှ မနက်လှတာ ကိုယ်ကိုယ်တိုင် သိပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာ … အကျိုးအကြောင်း တိုက်ဆိုင်စွာပင် … ထိုနေ[...] ဟာ နွံပျစ်ပျစ်တွေရော … ရှည်လျားရှုပ်ထွေးသည့် ရေနွယ်မြက်[...] တွေပါ တိုက်တိုက်ဆိုင်ဆိုင် နှစ်မျိုးဆုံနေသည့် နေရာတစ်ခု[...] နေပေရာ … ကောင်းဇာတိ ခမျာ ထိုနေရာကနေ တော်တော်နဲ့[...] ကုန်းပေါ် ပြန်တက်မလာနိုင်တော့ဘဲ … မတ်တတ်ထရပ်လိုက်[...] ချော်လဲလိုက် … လေးဘက်ထောက်လျှောက်ဖို့ ကြံစွယ်လိုက်[...] လက်ကောက်ဝတ် နှစ်ဖက်လုံးကို မြက်နွယ်ရှည်တွေက ငြိလိုက်[...]

တစ်ယောက်တည်း လုံးလည်ချာလည် လိုက်[...] တာ ငါးမိနစ် ခြောက်မိနစ်မျှပင် ရှိလာတော့ … ကုန်းပေါ်မှော်[...] ထဲ တစ်နေရာက အသံထွက်လာသည်။

"(-)အ … (-)ရှူး … ဒီနေရာက ပြုတ်ကျရင် ဒီနေ[...] ကပဲ ကုန်းပေါ်မရောက်ရောက်အောင် ပြန်တွယ်တက်[...] မယ်လို့ မင်းကို ဘယ်ဘုရားက ဟောကြားထားသလဲ … နွံမရှိနိုင်တော့တဲ့ ရေနက်နက်ထဲ နေရာလောက်အ[...] ရောက်အောင် ကူးသွားလိုက်ပြီးမှ … နွယ်တွေ လွတ်လော[...] မယ့် နေရာကနေ ပြန်ပန်းပြီး တက်ခဲ့ပါတော့လား … ဒါနဲ့ပဲ … အ,နေတာနဲ့ပဲ တကယ်သေသွားဦးမယ် …"

"ပြည့်စုံ"

ဇာတိက အံ့သြဝမ်းသာသလို တစ်ချက် ရေ[...] လိုက်ပြီးလျှင် ဆရာမှာကြားသလိုပဲ ရေနက်ထဲ ဆက်ဆင်းသွား[...] လိုက်ပြီးတော့မှ ဘေးကနေ ပြန်ဝိုက်ကာ တက်လာခဲ့ပါတော့[...]





သည်။ တစ်ကိုယ်လုံး တုတ်တုတ်ကျ ရွှံနစ်နေသော ဇာတိက ကုန်းပေါ်သို့ ရောက်ရောက်ချင်း မြက်ခင်းစိမ်းတစ်ခုပေါ်မှာ ဆန့်ဆန့်ကြီး လဲလျောင်းပြီး ခဏအမောဖြေ ရေစစ်နေလိုက်သည်။

"အောင်မာ … သူ့ဌေးသား … ဒါ ဘယ်လောက်များ မောကြီးပန်းကြီး ဖြစ်စရာကိစ္စမို့ မင်းက အနားပြန်ယူနေရတာလဲ …"

ပြောချင်ရာ ပြောပစေ …။ ဇာတိက တုံ့ပြန်ခြင်းကင်း[...]ဘာ ငုံ့ခံဖို့ အဆင်သင့်ပင် ဖြစ်ပါသည်။

"လုပ်လေကွာ Suicide … ဘာကိစ္စနဲ့ အတင်းကုပ်ကပ်ပြီး ပြန်တွယ်တက်နေရတာလဲ … ဒီလိုကျတော့ မင်း မသေရဲဘူး မဟုတ်လား"

"လုပ်စရာမလိုဘူး ပြည့်စုံ … အခု ကျွန်တော့်မှာ ဘာစိတ်လေစရာမှ မရှိဘူး … အလုပ်နဲ့ အကိုင်နဲ့ … သူများတကာတွေကို နားလည်ပေးစပြုနေတဲ့ စိတ်ထားအသစ်နဲ့ အမှားပြင်ဖို့ ဝန်မလေးတော့တဲ့ ခံယူချက်နဲ့ … ရှေ့အတွက် တက်ကြွနေတဲ့ ယောကျာ်းတစ်ယောက်ပဲ ဖြစ်နေတယ် … ကျွန်တော် ဘာကိစ္စကြောင့် သေချင်ရမလဲ"

"ဟုတ်တာပေါ့ … မိန်းမလည်း ယူစရာမလိုတော့ဘူးလေ၊ မိန်းမယူရမှာကို သေရမှာထက် ကြောက်တဲ့ (-)ရှူးစိတ်ခံတ်နဲ့ မိန်းမယူရမှာကြောက်လို့ ရေထဲဆင်းသေစရာလည်း မလိုတော့ဘူး …"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာလို့ ဒီနေရာကို ရောက်နေရပြန်တာလဲ ...

"မင်းကကော ... မင်းပြောသလိုဆိုရင် တက်ကြွပြီး ...
တက်နေတဲ့ ယောကျာ်းတစ်ယောက်ဟာ ခုချိန်မှာ ကိုယ့်...
က သူဌေးမွေ့ရာကြီးပေါ်မှာပဲ ကောင်းကောင်းကြီး အိ...
ပျော်နေသင့်တယ် မဟုတ်လား ..."

"ကျွန်တော် ဒီရေကန်ကို သတိရလို့ ..."

ပြည့်စုံ ထံမှ ချက်ချင်း ပက်ခနဲ ပြန်ခွပ်သ...
စကား ထပ်ထွက်မလာပါတော့ ...။ အမှောင်ထဲကနေ ဓာ...
ဆန့်ဆန့်ကြီး လဲ့နေသည့် မြက်ခင်းပေါ်သို့ လျှောက်ထွက်လာသည်...
ဓာတီကလည်း ပက်လက်လဲ့နေရာမှ ငုတ်တုတ် ထထိုင်လိုက်...
သည်။

"ကျွန်တော် ခင်ဗျားကို သတိရလို့ ... ကျွန်တော် ဒီပရ...
ကိုလည်း သတိရလို့ ... လှစ်လှစ်ကိုလည်း ..."

"ထည့်ပြောနေစရာ မလိုဘူးကွာ ..."

"ကျွန်တော့်ဘာသာ အေးအေးသက်သာ ထိုင်နေတဲ့ ည...
ညကို ခင်ဗျားဝင်လာပြီး နှောက်ထည့်လိုက်လို့ ခုနှော...
ဆက်တွဲတွေ ..."

"ဟော့ကောင် ... အားလုံး ငါ့အပြစ်တွေချည်းပဲဆိုရင်တော...
အတ္တကြီးပြီး ကောက်ကျစ်တဲ့ တစ်ဘိုတည်းသမားစိတ်...
မင်းမှာ မရှိခဲ့ရင် နောက်ဆက်တွဲတွေက ဒီလောက်...
အကျည်းတန်မှာ မဟုတ်ဘူး ..."





ဓာတီက ထိတ်ခနဲ ဖြစ်သွားကာ "ခု ဘာတွေ အကျည်းတန်ကုန်ပြီလဲ ..."ဟု မြန်မြန်ကြီး မေးလိုက်မိလျှင် ... ပြည့်စုံက စိတ်အတော်ကြီး ခုသွားပြန်သလို ...

"မင်း ဘာဖြစ်လို့ ဒီလိုမေးရတာလဲ ... မင်းက မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် ... ဒါမှမဟုတ် ကောင်မလေးပဲဖြစ်ဖြစ် တစ်ယောက်ယောက်တော့ အသက်ထွက်ရတဲ့ အဖြစ်မျိုး လောက်ရောက်မှ အကျည်းတန်ပြီလို့ သတ်မှတ်ချင်တာ လား"

"လှစ်လှစ် ဘာဖြစ်နေပြီလဲ ..."

"မေးစရာလား ..."

ဓာတီက ခပ်ဝါးဝါးသာ မြင်ခွင့်ရသည့် ပြည့်စုံ၏ မျက်နှာပေါ်မှ မျက်နှာရိပ် မျက်နှာကဲကို အတင်းလိုက် အကဲခတ် နေမိပါသည်။ အကဲခတ်လို့ မရလှ။

"အေးလေ ... ဒါပေမယ့် ပြောရသေးတာပေါ့ ... လှစ်လှစ် က လက်ထပ်တော့မယ် ..."

"လက်ထပ်တော့မယ် ... မြန်လှချေလားဗျ ..."

"မင်းကို စိတ်နာလို့ သူ့အမေကို ခေါင်းညိတ်လိုက်တာ နေမှာပေါ့ ... ဒီတစ်ခါကတော့ သူ့အမေ စီစဉ်တာလေ ... ဒီလိုကိစ္စမျိုးဟာ သမီးတစ်ယောက်အတွက်ဆိုရင် အမေ လုပ်သူက အဖေလုပ်သူထက်တော့ ပိုပြီး စီမံခန့်ခွဲသင့်တယ် ထင်တာပဲ ... ပိုကောင်းနိုင်ဖို့ များတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လွဲပြန်ပြီ ... ကိုယ်တကယ် စိတ်မပါဘဲ ခေါင်းသွားညိတ်ရင် ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်ပါ့မလဲ ... ကောင်းမွန်တဲ့ အိမ်ထောင်ရေးမျိုး ဖြစ်မလာနိုင်ဘူးလေ ..."

"မင်းကများ ပြောရတယ် ရှိသေးတယ် ... မင်းလို လူမျိုးကို ဆက်လက်ယုံစားပြီး ... မျှော်လင့်နေတာထက်စာရင်တော့ အားလုံးက ပိုသင့်တော်တယ်ကွ ... ဘယ်ဟာကမှ အဲဒီလောက်တော့ မလွဲဘူး ..."

"ချမ်းလာပြီဗျာ ... အိမ်ပြန်တော့မယ်"

"ဟား ဟား ဟား ဟား"

ပြည့်စုံက သဘောတကျ အားပါးတရကြီး ရယ်မောလိုက်သည်။

"အလုပ်လုပ်ရတာကို ကျေနပ်ဂုဏ်ယူတတ်လာပြီဆိုတော့ မင်းဟာ တစ်ဝက်ကောင်းယောကျ်ားတော့ ဖြစ်ပါပြီ"

"တစ်ဝက်ကောင်း"

"ဟုတ်တယ် ... မင်းအပြည့်အဝ ဆက်ကောင်းလာဖို့ ငါ မျှော်လင့်ပါတယ်ကွာ ... အဲဒီအချိန်မှာ မင်းနဲ့ငါ သူငယ်ချင်း ပြန်လုပ်ကြဟာပေါ့ ... မင်းကို ငါခင်တဲ့အတွက် နမြောတယ်ကွ ... မင်း သိချင်တာကိုလည်း ဖြေရဦးမယ်၊ မင်းလိုပဲ ငါလည်း မင်းကို သတိရလို့ ဒီရေကန်ကို လာခဲ့တာ ... မင်းနဲ့ငါက တိုက်ကိုတိုက်ဆိုင်တတ်လို့ ဆုံဦးမလားဆိုတဲ့ မျှော်လင့်ချက်လည်း ရှိတယ် ...





ဒါပေမယ့် မင်းကိုမြင်လိုက်ရတော့လည်း အော့နှလုံးနာချင်လာပြန်ရော ... အဲဒါကြောင့် တွန်းချပစ်လိုက်တာ ... ရှင်းလား ..."

ဇာတိက ပြည့်စုံရဲ့ စကားတွေကို နားထောင်နေပေမယ့် စိတ်ကတော့ ခပ်ဝေးဝေး နေရာတစ်ခုဆီသို့ လွင့်ပျံ့နေသည်။ အခါက,ကတော့ ... ကိုယ်တစ်ယောက်တည်း ကြောင်တက်တက်နှင့် အိတ်ကြီးတစ်လုံးပိုက်ပြီး ဘယ်ပြေးလို့ ပြေးနေမှန်းမသိ ဖြစ်ခဲ့တဲ့ ခြံကြီးနှစ်ခြံရဲ့ ရှေ့နားနေရာဆီ ...။

"ဘာပဲဖြစ်ဖြစ် ... ခင်ဗျားအတွက်နဲ့ ကျွန်တော့်မှာ ဘုမသိဘမသိနဲ့ သူခိုးအဖြစ်ခံပြီး ခင်ဗျားကို ကူညီခဲ့ရတဲ့ ညကိုတော့ ခင်ဗျားခေါင်းထဲက ထုတ်ပစ်လိုက်လို့ မဖြစ်သေးဘူး ..."

ပြည့်စုံက "ကျစ်"ခနဲ စုတ်သပ်ပစ်လိုက်ကာ ခပ်ရွဲ့ရွဲ့လေသံနှင့် ...

"ဘာ့အတွက်လဲ ... မင်းကို ငါက တူညီသောကူညီမှုနဲ့ ကျေးဇူးဆပ်ဖို့ လိုအပ်လာစရာရှိလို့လား ..."

"ဘယ်ပြောနိုင်ဦးမလဲ"

ဒီတစ်ခါ ရယ်ချလိုက်သော ပြည့်စုံရဲ့ ရယ်သံကအဘယ့်ကို အရှုံးလိုက်သည်းလိုက်နှင့် ... တစ်စုံတစ်ယောက်ကအကို ကလိတွေ ဆက်တိုက်ဆက်ထိုးနေတော့သလို မပြီးနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



အောင်လည်း ရှိလေသည် ...။ ဓာတ်က ပြည့်စုံရဲ့ ရှေ့က

မပြောမဆို လှည့်ထွက်လာခဲ့သည်။

"လှစ်လှစ် ... လှည့်မကြည့်လိုက်နဲ့နော် ... နင့်နောက်

ဟိုလူရောက်နေတယ် ..."

သဇင်က တားမြစ်သည့် စကားကို အရင်ပြော

သူပြောချင်ရာကို ပြောခြင်းဖြစ်သော်လည်း လက်မြန်ခြေမြန်

မြန်သည့် လှစ်လှစ်က သူ့စကားဆုံးသည်နှင့် လှည့်ကိုကြည့်

သား ဖြစ်နေလေတော့သည်။

"ဩော် ... အရေးမပါတာ"

လှစ်လှစ်က မျက်စောင်းတစ်ခုနှင့် ဒီဘက်သို့

လှည့်လာခဲ့၏။

"နင့်ကိုလည်း ငါက အရေးပါတယ်လို့ မပြောပါဘူး

လှည့်မကြည့်နဲ့နော်လို့ကို အရင်တားတာပါ ... နင့်ဘာ

လှည့်ကြည့်ပြီးတော့မှ ..."

"အဲလိုတားရင် ငါက ဘယ်တုန်းက မကြည့်ဖြစ်ဘဲ





လဲ ... တမင် မကြည့်ကြည့်အောင်ကို နင်အကျင့်ပုပ်ပြီး ပြောတာ ... ငါမသိရင် ခက်မယ် မိသဇင်ရယ် ... အရေးထဲကျမှ ဟိုမိန်းမကလည်း ပါမလာဘူး ... အဖျားလေး (၉၉)လောက် ရှိတာနဲ့ သုံးရက်ကျောင်းဖျက်သတဲ့ ... နလိုက်ပုံများ ... အဲ့ဒါလို့ကို မကုန်နိုင်ဘူး ..."

"သူက မတက်ချင်တာမှ မဟုတ်တာ ... နင့်အမေက မလွှတ်တာပဲဟာ ... နင့်အမေက ဆရာဝန်ပဲ ... နင့်ထက်တော့ ရောဂါအကြောင်း ပိုသိမှာပဲ ..."

လှစ်လှစ်က စကားမဆက်တော့ဘဲ မျက်နှာထားကိုသာ စုပုပ်ထားလိုက်ပါသည်။ ငဖျားမ မိသိင်္ဂီ ...။ သူသာပါလာရင် ... ကိုယ်တို့နဲ့ မလှမ်းမကမ်း ခပ်လှမ်းလှမ်းမှာ ရွံ့တွန့်တွန့်လိုလို ... ပြောပဲ ပြောစရာရှိသလိုလို ... ဘာလိုလို ... ညာလိုလိုတွေနှင့် လာရပ်နေတတ်သော အဲဒီလူကို မိသိင်္ဂီနဲ့သာ တွေ့ပေးလိုက် ...။ အိုကေပဲ ...။ ထိုအူတူတူဟာ သူ့လာရင်းကိစ္စကိုမေ့ပြီး သိင်္ဂီနှင့်သာ စကားလက်ဆုံ ပြောမကုန် ... သိင်္ဂီရဲ့ လေအရှိန်မှာ ပေါလောလေးကို မျောပါနေပေလိမ့်မည်။

ဟင်း ...။ ဆရာဝန်တဲ့။ လှစ်လှစ်သာ ဆိုရင်တော့ ဒီလိုရုပ်မျိုးနဲ့ ဆရာဝန်တစ်ယောက်ထဲမှာ ဘယ်တော့မှ ဆေးကုဖြစ်လိမ့်မည် မဟုတ် ...။ ကြည့်မကောင်းလို့ ... မချောလို့ ... ကလေကချေဆန်လို့ မဟုတ်ပါဘူး ...။ အချောစားကြီး မဟုတ်သေမယ့် တင့်တယ်သော၊ ကြည့်ကောင်းသော ရုပ်ရည်နှင့် အရုပ်



www.burmeseclassic.com

www.burmeseclassic.com



အမောင်းကောင်းကာ လူကလည်း ယောကျ်ားပီသတဲ့ပုံတော့ ပေါက်သွားပဲ။

ခက်နေတာက မရွှ့မရဲနှင့် ... စိုးရိမ်အားနာနေသော မျက်နှာ ...။ အဲသလို မရွှ့မရဲ ဖြစ်နေတဲ့ ဆရာဝန်တစ်ယောက်ကို သာ ယုံစားမိရင် မရဲတရဲကြီးနဲ့ ဆေးမှားကုမိတော့ မခက်ပါလား။

ဟင်း ...။ ဆရာဝန်တဲ့။ လူဟန်ကလည်း တင့်တယ် သေး၊ အခြေအနေ အသိုင်းအဝိုင်းကလည်း မဆိုး ...။ ဆရာဝန် ဘွဲ့ကလည်း တစ်ဘွဲ့မက ... M.Sc (Surgery) ဘွဲ့ပါ ဆက်ရကာ နှစ်ဘွဲ့ ဖြစ်နေပြီ ...။ ဒါလည်း မစွံသေး။ သူများတကာရဲ့ ကူညီ ထောက်ပံ့မှုကို လိုအပ်နေသေးသည်။ အခုပုံလို ရွံ့တွန့်နေလို့ပဲ ဖြစ်မှာပေါ့ ...။ မေမေတို့များ အဲဒီလိုလူမျိုးကိုမှ "လူကောင်း" ဆိုပြီး ကိုယ့်သမီးအတွက် အိမ်ခေါ်ချလာပြရတယ်လို့ ...။ သူ့ တပည့်ဖြစ်သူအတွက်လည်း သိပ်ကျေနပ်စိတ်တိုင်းကျ ခနေတော့တဲ့ ပုံပါ။

ဒါတောင် မေမေရော ဖေဖေပါ ကောင်းဓာတိရဲ့ လုပ်ပုံကိုင်ပုံတို့ကို အတိအကျကြီး သိရှိသွားကြပြီးတာ မဟုတ် သေးပါ။ ကာယကံရှင်ဖြစ်တဲ့ ကောင်းဓာတိ ကတော့ သူ့လုပ်ရပ် ကြောင့် သူ့ မျက်နှာ မပြရဲဖြစ်ကာ ယောကျ်ားပီပီသသ လာရောက် ပြောဆို တောင်းပန် စခန်းမသိမ်းတာက ထားပါတော့။ သူ့အစ်ကို ဖြစ်သူ ဦးကိုကိုကြီးကလည်း ခုထက်ထိကို ဖေဖေ့ထံ ရှင်းရှင်း လင်းလင်း လာမလုပ်ခဲ့သေးချေ ...။





အဲဒီအတွက်ကြောင့်တော့ ကိုယ့်ဘက်က ဆက်လက် မျှော်လင့်နေချင်တာမျိုးတော့ မလုပ်ချင်တော့ပါလေ ...။ သို့သော် အဲဒါကိုပဲ အခွင့်ကောင်းယူကာ ကိုယ်ကလည်း ကိုယ့်မိဘများကို ဘာမှ တိတိကျကျကြီး ဖွင့်မပြောဖြစ်သေးဘဲ ဟိုလိုလို ဒီလိုလို နှင့် ... ကိုယ့်မိဘတွေ စိတ်ဆိုးဒေါသထွက် ရင်နာကြရမည့် အခြေအနေကြီး တစ်ခုကို နေ့ရွှေ့ညရွှေ့ လုပ်ထားဆဲ ...။

အကြောင်းစုံ သိပြီးဖြစ်တဲ့ မမရွှေရည်နဲ့ ကိုပြည့်စုံ ရယ် ... သိင်္ဂီရယ်တို့ကိုတော့ နှုတ်ပိတ်ထားရတာပေါ့နော် ...။ သူတို့ခမျာလည်း ပိတ်ချုပ်ခံထားရသလား ထင်ရအောင်ကို တကယ့် ကို လုံကြရှာပါသည်။ အဲဒီလို အခြေအနေ တန်းလန်းကြီးမှာပဲ မေမေက သူ့စိတ်တိုင်းကျ လူတစ်ယောက်ကို ရှေ့တန်းတင်ပြ ခေါ်ဆောင်လာခဲ့တာ ဖြစ်ပါသည်။ တကယ်တမ်း အဖြစ်မှန်ကို သိရင်တော့ ဘယ်လိုနေမယ် မသိ ... ခုတောင် ...

"သမီးဖေဖေ စီစဉ်တဲ့ကိစ္စက ပြောပြီး ဆိုပြီး ဆိုပေမယ့် အခြေအနေနဲ့ ပုံစံကြီးက တစ်မျိုးပဲ ... ပုံမှန်ဖြစ်မနေသလို ပဲ ... ဘာလဲတော့ မပြောနိုင်ဘူး ... ဒါပေမယ့် မေမေက သိပ်မကြိုက်ဘူး ... မေမေ့အနေနဲ့ကတော့ သမီးအဖေဘက် က ဘယ်လောက်ပဲ ပြောပြီးဆိုပြီး ဖြစ်ပါစေ ... သမီးအနေ နဲ့လည်း သဘောကျသည်ဖြစ်စေ မကျသည်ဖြစ်စေ ... တကယ်တမ်း လိုအပ်တာက သမီးတစ်သက်လုံး ကောင်းစားဖို့ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ တစ်သက်တာအရေးနဲ့ တွက်ကြရင် ခုတစ်ခဏလေး ကတိပျက် အားနာမျက်နှာနာကြရမှာတွေ ဘာတွေကို ထည့်ကိုတွက်မနေချင်ဘူး ... ခု မေမေ ပြတဲ့ ဒေါက်တာနေလင်းဦးကို သမီး ကြည့်ကြည့်ပါ ... ဦးကိုကိုကြီးတို့ ဘာတို့ ဆိုတာကို ထည့်ကိုမတွက်နဲ့ ... ကိုယ် တကယ်ပေါင်းရမှာက ဦးကိုကိုကြီးမှ မဟုတ်တာ ...

မောင်နေလင်းဦးကို မေမေ သဘောကျတယ် ... သူ့ဘက်မှာကလည်း ဒီလိုစိမ်ခန့်ခွဲပေးဖို့ မိဘတောင်ရှိရှာတော့တာ မဟုတ်ဘူး ... သူ့သဘောကတော့ မေမေ့သဘောပဲ ... သမီးမှာ ဦးနှောက်ကောင်းကောင်းတစ်ခုရှိတယ်ဆိုရင်တော့ သမီးလည်း သူ့ကို သဘောတကျ ရွေးချယ်လိမ့်မယ်လို့ မေမေ မျှော်လင့်ပါတယ် ...”

ကဲ ... မရွေးခဲ့ရင်တော့ ဦးနှောက်မရှိတဲ့ မိန်းမပေါ့ ... ရှင်းရော။ တကယ်တမ်း လှစ်လှစ်ရဲ့ ရင်တွင်းသဘောကတော့ ကိုယ်က မြတ်နိုးမိပြီး ဖြစ်သွားတဲ့ သူနဲ့မှ အကြောင်းမသင့်ခဲ့ရင် ဘယ်သူတွေ ဘယ်လိုတော်တဲ့ ကောင်းမွန်နေကြပါစေ ... ကိုယ်နဲ့ မဆိုင် ...။ ဆက်မမျှော်လင့်နဲ့တော့ဆိုလည်း မိုက်မိုက်မဲမဲကြီး ဆက်မမျှော်ဝံ့ပါ။ သို့သော် ကိုယ့်ရဲ့နှလုံးသား တစ်ခုဟာ သူ့ဆီမှာသာပဲမို့ ... တခြား ဘယ်သူ့ကိုမှလဲ ထပ်မံရွေးချယ်လက်တွဲနေချင်စရာ အကြောင်းမရှိပါ။ ဒါပေမယ့်လည်းပဲ ...





ကိုယ်က အမှတ်တရလေး အပျိုကြီး လုပ်ချင်နေတိုင်း ကိုယ့်မိဘ ... ရဦးမှ ...။ မရပါ ... မရလို့ဘဲ ခုပဲ အိမ်ပေါ်ကို လူကောင်း ...သင့်တော်ကြီး တစ်ယောက် ရောက်လာပြီပဲ ...။

ဟင်း ...။ ဆရာဝန်တဲ့ ...။ ကိုယ့်ပညာကိုယ့်အခြေ ...နေလေးမှ ကိုယ်မငဲ့ကွက် အားမနာ ...။ ထိုလူကောင်းလူသင့် ...တော်ကြီးဟာ မေမေ့ ခွင့်ပြုချက်နဲ့ အိမ်သို့အရောက်အပေါက်ရှိ... သူရောက်လာသမျှသော လေးငါးခါ ... အခေါက်တိုင်းမှာ ...ဂနိုင်ချည်း နှစ်ပါးသွားလိုက်ရပြီးတဲ့ အခါမှာ ... သင်းကလည်း ...ကျွားတို့ပညာ မနေသာဆိုသလို အိမ်မလာတော့ဘဲ ကျောင်း...ဆီ လိုက်လာသတဲ့ ...။

လိုက်သာလာပြော ... သတ္တိကလည်း မရှိ ...။ လူ...သည်း ရွံ့တွန့်တွန့် အူတူတူနဲ့ဆိုတော့ကာ ... သူ့များ ဒီက ...မြင်ပြီး အလိုက်တသိနဲ့ လှမ်းခေါ်မလားလို့ မလှမ်းမကမ်း ...ကမှာ လာ,လာရပ်ပြီး လှုလုံးပြနေတာပဲ နှစ်ရက်လောက် ... ...။

ဟင်း ... ဆရာဝန်တဲ့ ...။ ဒီလို ဆေးရုံချိန်ကြီး ...မရှိဘူးလား ဘာလား မသိ ...။ အပြင်ချည်းရောက်နေတာ ...က်ရှိပြီဆိုတော့ကာ သူ့ဆေးရုံက လူနာများအတွက်တော့ဖြင့် ...သနားလှချည့်။

လှုလုံးလာပြလိုက် ...။ အားနာသလိုလို ... အကြံရ...သလိုလို ... နှုတ်ဆွံ့လို့ မပြောရဲသလိုလိုနဲ့ တစ်နေကုန်က...



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြန်လိုက် ...။ လုပ်သာလုပ် ...။ လှစ်လှစ်တို့ ဒဂုံတက္ကသိုလ် မှာက ဒါမျိုး အချိုးဆိုရင် အသားသာ မည်းသွားမယ် ...။ လိုရာ ကတော့ ရောက်မှာမဟုတ် ...။

ပြောမယ့်ဟာပဲ ... လာပြောလိုက်ပါလား ...။ လှစ်လှစ်ကလည်း အဲသလို ကိုယ့်ကို အတိအကျကြီး လာပြော ဆိုရင်တော့ ဦးနှောက်ရှိတာ မရှိတာတွေ ဘေးချိတ်ပါ ...။ အတ အကျကြီးကို ပြန်ငြင်းပစ်လိုက်မှာပေါ့ ...။ ခုကျတော့ မေမေ သာ သဘောတူတယ် ပြောတာ ...။ သူကသာ အိမ်လာလာ တာ ... ခုထိလည်း သူနဲ့ လှစ်လှစ်ဟာ စကားရယ်လို့ သုံးခွ ပြည့်အောင် သေချာမပြောရသေး။ သူကမှ မစတင်လာသေး စကားကိုတော့ ကြိုငြင်းချင်လို့ ကောင်းနိုင်ပါ့မလား။ ဘာမှမပြော ဘဲ လာလာရပ်နေတဲ့ သူတစ်ယောက်ကိုရော လက်ယပ်ခေါ်ပြ ငြင်းပစ်ရမှာလား ...။

အမယ်လေး ... သိင်္ဂီနဲ့ သဇင်လား ...။ နေ ထိုင်ရင်း ကိုယ့်လူ သူ့ဘက်သားတွေ ဖြစ်ကုန်ကြကာ ... မိသ တစ်ယောက် ဒီရက်ပိုင်းအတွင်းမှ တိုက်တိုက်ဆိုင်ဆိုင် ဆိုသ အဖျား(၉၉)နဲ့ ကျောင်းသုံးရက် မတက်နိုင်တာကိုလည်း လှ က နည်းနည်းလေးမှ မယုံ ...။ မိသဇင်ဟာလည်းပဲ ... ထိ ဝန်တစ်ယောက် တောင့်တောင့်ကြီး လာလာရပ်နေရာက ခြေ တစ်လှမ်းစာလောက်ပဲ ရွေ့တိုးကြည့် ... ဒီ့ထက်ရဲတင်းနိုင် အောင် လုံးဝဥဿုံကြီးများတောင် ရှောင်ပေးလိုက်ဦးမတဲ့





"ဟယ် ... လှုပ်တယ်ဟဲ့ ... လှုပ်တယ် ... အခြေအနေ တိုးတက်တယ် ..."

"မိသဇင် ... နင် ဘယ်လိုဖြစ်နေသလဲ ... ဘာကိစ္စ သွား သွားချောင်းနေရတာလဲ ... မိန်းကလေးတဲ့ ... ဣန္ဒြေကို မရှိဘူး ... ဒီလောက်ဖြစ်နေလည်း နင်သွားကြိုက်ချေ ... ငါ အောင်သွယ်ပေးမယ် ..."

"ငါ့မှ မကြိုက်တာဟယ် ... သူက နင်မှနင်ကိုး ..."

"လဲသေလိုက် ... ငါကတော့ ငြင်းကို ငြင်းမှာ ... လာ ပြောကြည့် ..."

"ဟယ် ... နင့်အမေနဲ့ တိုင်မယ် ..."

"တိုင် ... နင်တိုင်တော့ ငါပြန်ပြောရတောင် သက်သာ သေးတယ် ..."

"နင့်ဘာသာ ပြန်ပြောမယ် ဆိုရင်တော့ ငါတိုင်ဖို့ ဘယ်လို တော့မှာလဲ ... အေးဟယ် ... နို့မို့ဆိုရင်တော့ နင့်ကိုနင့် အမေနဲ့ တိုင်ပြောနေရတာနဲ့ပဲ ... ဒီနေ့ညနေဟာ ပြဿဒါး ညနေပဲ ဖြစ်ရတော့မှာပဲ ... နင့်လူက ဒီကနေ့တော့ စဖို့ သေချာသွားပြီ ... လှုပ်ရာကနေ လှမ်းလာနေပြီ ..."

"သေချာလည်း ကြည့်ပါဦး နေပူမခံနိုင်တော့လို့ ပြန်တော့ မလို့လည်း ဖြစ်နိုင်တာပဲ"

"မဟုတ်ပါဘူး ... ဒီကိုပဲ တန်းလာနေတာပါ ..."

လာလေ ...။ မြန်မြန်ပြော ...။ ပြီးရင်တော့ အငြင်း

www.burmeseclassic.com



စကားလေးပါယူပြီး တစ်ခါတည်း အိမ်ပြန်ပေါ့ ...။ နောက်နေ့လည်း ထပ်လာစရာမလို ... မြန်မြန်ဆုံးဖြတ်ချက်ကျပြီး ရဲဝံ့သတ္တိမွေးလိုက်တော့ သူလည်း သိပ်အသားမမည်းတော့ဘူးပေါ့ ...။ လှစ်လှစ်လည်း ဘယ်နေ့လောက်များ မေမေနဲ့ ရင်ဆိုင်ရပါ့မလဲလို့ တထိတ်ထိတ် မျှော်နေရတဲ့ အဖြစ်ကလွတ်တာပေါ့။ လာမယ့်ဘေး ပြေးတွေ့ ...။ မြန်မြန် အဆုံးခံ ... အေးရော ...။

"ပုလဲနွယ် ... ကျွန်တော် စကားပြောစရာရှိလို့ ထိုင်ပါရစေ ..."

"သြော် ... ကိုနေလင်းဦး ... ရတယ် ထိုင်လေ ... လှစ်လှစ်တောင် တွေ့တွေ့နေတာ နှစ်ရက်လောက်ရှိပြီ ... ကိုယ့်ဆီရောက်မလာတော့ ဒီပြင်ကိစ္စရှိလို့ နေမှာပါ မှတ်နေတာ"

"အား ... ဟုတ်တယ် ... ကျွန်တော်က နည်းနည်းအရှိန်ယူနေရတယ် ... အားနာလို့ ... ဟာ ... ဟာ ... နေပါစေ ... ဟို ... မသဇင်နော် ... နေပါ ... ထသွားစရာ မလိုပါဘူး ... ထိုင်နေပါ ... မသဇင်ကိုလည်း တစ်ခါတည်း အသိပေးပြီးသား ဖြစ်တာပေါ့ ... နှစ်ယောက်စလုံး သိပြီး ကူညီနိုင်မယ်ဆိုရင် ပိုကောင်းပါတယ်"

သဇင်ကပင် "ဘယ်လိုပါလိမ့်"ဟု ခပ်ကြောင်ကြောင် ဖြစ်သွားသည်။ အနီးကပ် တကယ်တမ်း ပြောဆိုရပေဟာမှ အူတူတူဟု ထင်ထားခဲ့သူ၏ မျက်နှာက တည်ကြည် ပြတ်သားလာရင်း ...





"ကျွန်တော် သိင်္ဂီကိုတော့ ပြောပြီးပါပြီလေ ... သိင်္ဂီက အန်တီယေ့ကိုပြောဖို့ထက် ပုလဲနွယ်ကိုသာ အရင်တိုက်ရိုက်ပြောလိုက်ဦး ဆိုလို့ ..."

အခါတော်ပေးမ ...။ ဘယ်လိုက ဘယ်လို ဒီလောက်သဘောတွေ "တု ... တူ ... တူး ..." ဖြစ်သွားသလဲတော့ မဆိုနိုင် ...။ ဖြစ်နိုင်ဟာကတော့ ကောင်းဇာတိ အပေါ် နဂိုတည်းကမှ အယုံအကြည် နည်းလှတဲ့ သိင်္ဂီဟာ ... ကိုပြည့်စုံထံမှ တစ်ဆင့်သိလိုက်ရတဲ့ ပြဿနာမှာတင် အဲဒီတစ်ယောက်ကို အမုန်းကြီးမုန်းပြီး တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို အဆင်သင့် အချိန်ကိုက်ပေါ်လာတဲ့ လူကောင်းတစ်ယောက်ကိုပဲ ပစ်ခတ်သဘောတူပစ်လိုက်ချင်တာမျိုး ထင်ပါရဲ့ ...။

ဒါပေမယ့်လည်း နင်က မုန်းနိုင်ပေမယ့် ငါကမှ မုန်းနိုင်သေးတာပဲ မိသိင်္ဂီရယ် ... ဘယ်လိုလုပ်မလဲ ...။

"မမကိုလည်း အားနာတယ် ... ပုလဲနွယ်ကိုလည်း အရမ်းအားနာပါတယ်"

ကဲ ... ပြောမယ့်ဟာကို ပြောပါတော့ ... ဒီမှာငြင်းဆို့ ပါးစပ်ပြင်ထားရတာလည်း အာခြောင်းလှပါပြီနော် ...။ အမေ့ကို ဆရာဝန်အသိုင်းအဝိုင်းတို့ရဲ့ ထုံးစံ ကိုယ့်ထက်အသက်ငယ်လောက်ပဲကြီးကြီး "မမ"ဟုသာ ခေါ်ရသည့် ထုံးစံအရ "မမ"ပဲ ခေါ်နေရမှတော့ ... ကိုယ့်ကံဇာတာကိုယ် သဘောပေါက်ဘာ့ပေါ့ ဆရာဝန်ကလေးရယ် ...။ ကိုယ့်ယောက္ခမဖြစ်လာမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူကို "မမ"လို့ ခေါ်နေရတာ အဓိပ္ပာယ်ရှိပါ့မလား ...။ အဲဒီတော့ "မမ"လို့ ခေါ်နေရသရွေ့ ယောက္ခမတော့ ဘယ်လိုမှ တော်ခွင့်ရမလာနိုင်တော့မယ့် အဖြစ်ကို ကြိုမြင်ထားသင့်သည်ကွယ် ...။

"ကျွန်တော် ... ကျွန်တော် ... သိဂ္ဂီကို သဘောကျနေလို့ ... အဲ ... အဲဒါ"

"ဟင် ..."

"ဟောတော့ ..."

လှစ်လှစ်နှင့် သဇင်တို့ နှစ်ယောက်သား အာမေဋိတ်သံတွေ သံပြိုင်ပင် ထွက်လာမိကြပြီးလျှင် တစ်ယောက်မျက်နှာကို တစ်ယောက် ဖျတ်ခနဲတွေ လျင်မြန်စွာ လှည့်ကြည့်မိလိုက်ကြပါသည်။ ဒီနောက်မှာတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေရင်း ကြည့်နေရင်းနှင့်ပင် ဘယ်လိုမှ ထိန်းချုပ်မထားနိုင်ကြတော့ပဲ ... အီလည်လည်မျက်နှာကြီးတွေကနေ ပြုံးစေ့စေ့ ... ပြီးလျှင်တော့ ရယ်ကျဲကျဲ ... နောက်ဆုံးမှာတော့ "ဝါး"ခနဲ ပြိုင်တူကြီးတွေ ရယ်ချနေမိကြပါတော့သည်။

နဂိုတည်းကမှ အားနာမျက်နှာပူလွန်းစွာ နှစ်ရက်လောက် အသားမည်း အလုပ်ပျက်ခံပြီး အချိန်ရော အရှိန်ပါယူခဲ့ရတဲ့ ထိုဆရာဝန်ကလေးခမျာမှာတော့ အတောမသတ်နိုင်အောင် ရယ်မောနေကြတဲ့ မိန်းကလေးနှစ်ယောက်တို့ရဲ့ ရှေ့မှောက်မှာနေမထိ ထိုင်မသာ ... တိုယ်ကုတ် ... ခေါင်းကုတ် ...။





"ဟင်း ဟင်း ဟင်း ... အံ့သြစရာ သိပ်ကောင်းတာပဲ ..."

"ကြည့်စမ်း ... ဟိုမိန်းမ ... ငါတို့ကို ဖုံးထားတယ် ..."

"စောစောက ပြောရောပေါ့ရှင် ... ဒါများ ..."

"ကျွန်တော်က မမကိုလည်း မျက်နှာပူ ..."

"အို ... မလိုပါဘူး ... အမှန်ဆို မေမေကသာ ကိုနေလင်းဦးကို မျက်နှာပူရတော့မယ့်ဟာ ... အခုတော့ ကိုနေလင်းဦးက အရင်ပူလိုက်ရတယ်ဆိုတော့ မေမေတောင် သက်သာသေး ... အမယ်လေး ... အဆင်ပြေလိုက်တာနော် ..."

"ပုလဲနွယ် အနေနဲ့ ..."

"ဝမ်းသာတာပေါ့ရှင့် ... လှစ်လှစ်က ရှင့်ကို ငြင်းမလို့ပဲဟာ ... ဒါပေမယ့် သိဂ္ဂီဘက်ကိုတော့ ဘာမှ အာမခံမပေးနိုင်ဘူးနော် ... သူ့သဘောနဲ့ သူရှိပါစေ ..."

"သိဂ္ဂီကတော့ ပုလဲနွယ်နဲ့ မမနဲ့ သိပြီး လက်ခံပြီးတော့မှ သူ စဉ်းစားမယ် ... သူ့မိဘတွေကိုလည်း အဲဒီအချိန်ကျမှ စပြောမယ်လို့ ပြောတယ်"

ဟင်း ... ခုမှပဲ ရဲရဲဝံ့ဝံ့ တည်တည်ငြိမ်ငြိမ်နဲ့ ဆရာဝန်ရုပ် ပြန်ပေါက်တော့တယ် ...။ ခုနကအထိတော့ ခုလေးတင်ပဲ အသက်ထွက်တော့မယ့် လူမမာလိုလိုရယ် ...။ မိသဂ္ဂီတို့များလည်း အခါတော်ပေး တတ်လှချည့်မှတ်တာ လက်စသတ်တော့ သူ့ဖို့သူကိုး ...။ ဘယ်လိုက ဘယ်လိုများ နှစ်သက်သွားကြပါလိမ့် ...။ ကြည့်ရတာတော့ လှစ်လှစ်က ကိုယ်ရှောင်ချင်ရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



သိဂ်ိနဲ့ချည်း လွှတ်,လွှတ်ပေးထားတာမို့ ... နှစ်ယောက်သာ ဟ
စကားပြောကောင်းရင်း ... ကောင်းရင်းနဲ့ပဲ ...

"ဟင်း ဟင်း ဟင်း ဟင်း"

လှစ်လှစ်မှာ သဘောတွေကျပြီးရင်း ကျရင်း ဖြစ်
ရတော့ကာ သူကိုယ်တိုင်လည်း ပြုံးနိုင် ရယ်နိုင်လာပြီဖြစ်
ဆရာဝန်ရဲ့ မျက်နှာကို တစ်ချက်ကြည့်လိုက် ... တပြုံးပြုံး
တဟင်းဟင်းနှင့် သဘောတွေကျလိုက်။ မိသိဂ်ိကတော့ ကံကော
ပျောက်ရှင်ရတော့မည် ဆိုဟာကို သေချာနေရလို့လည်း ကိုယ့်စိ
ထဲမှာ ပိုပြီး ဝမ်းသာသည်။

ကိုယ်ယူရမယ်ဆိုတုန်းကဖြင့် တစ်စက်မျှ အကော
မမြင်မိတဲ့ ဒီလူဟာ မိသိဂ်ိရဲ့လူ ဖြစ်တော့မယ်လည်းဆို
ကိုယ့်စိတ်ထဲ တကယ့်လူကောင်း တစ်ယောက်ပဲဟု အမြင်
ဝင်နိုင်လာကာ ကိုယ့်အစ်မအတွက် ကျေနပ်ပြီးရင်း ... ကျေ
ရင်းကို ဖြစ်နေပါလေရော ...။ လူ့စိတ် လူ့သဘောဆိုတာက
ဒီလိုချည်းပါပဲလေ ...။

လှစ်လှစ်နဲ့ သဖင်တို့ရဲ့ ဟန်ဆောင်ခြင်းမပါ
တကယ့်စိတ်ရင်းမှန်များကိုလည်း တစ်ထောင့်တွင်းချင်းမှာပဲ
ချင်းပြန်လည်ရိပ်မိသွားတဲ့ ကိုနေလင်းဦးရဲ့ မျက်နှာသွင်ပြ
လည်း ပီတိအပြုံးတို့နှင့် ... ရွှန်းရွှန်းစားစား ...။ ခုနေ
လှစ်လှစ်တို့ နှစ်ယောက်ကို အဝေးတစ်နေရာကနေများ ထိုင်
ခတ်နေတဲ့သူ ရှိခဲ့ရင် ... တစ်ယောက်မျက်နှာ တစ်ယောက်





လိုက် နှစ်လိုသဘောကျခြင်းတွေ ဖြစ်လိုက် ...၊ တစ်ယောက်နဲ့ တစ်ယောက် စကားပြောကြည့်လိုက် ... ခင်မင်ရင်းနှီးမှုတွေ တိုးပွားလိုက် ဖြစ်နေကြတာကို မြင်ရရင် ... "ဒီနှစ်ယောက်ဟာ ဘယ်လိုပါလိမ့်"ဟု အထင်အမြင်တောင်မှ မှားနိုင်လောက်ပါသည်။

တကယ်လည်း အကဲခတ်နေခဲ့သူတစ်ဦး ရှိပါသည်။ တကယ်လည်း အထင်အမြင်တွေ မှားနေခဲ့ပြီ ဖြစ်ပါသည်။ ပြီးကျတော့ ထိုလူဟာ မျက်မှောင်တွေ တအားကုတ် ...၊ နှုတ်ခမ်းကိုကိုက်၊ လက်သီးကိုပါ ကျစ်ကျစ်ပါအောင်ဆုပ်ကာ ... ခုလော လောဆယ် အတွက်တော့ အတန်တန် စိတ်ထိန်းယူနေရရင်း ... နောင်အတွက်တော့ ခိုင်မာတိကျတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားလျင်မြန်စွာပင် ချလိုက်နိုင်ပြီးတဲ့သူလည်း ဖြစ်နေပြန်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လှစ်လှစ် ...

လှစ်လှစ်အမေ သဘောတူနေတယ်ဆိုတဲ့ ဆရာဝန် တစ်ယောက်ရဲ့ လက်ထဲတော့ ဘယ်နည်းနဲ့မှ အပ်မခံနိုင် ဘူး ... ဘာပဲဖြစ်ဖြစ် ဘယ်သူနဲ့ပဲဖြစ်ဖြစ် ရင်ဆိုင်မယ်။

ကိုယ့်အတွက် လှစ်လှစ်မှာ အဖြေတစ်ခုခု ရှိနိုင်သေး လား ... မရှိတော့ဘူးလား ဆိုတာရယ် ... တကယ်တမ်း အရေးကြုံလာခဲ့ရင် လူကြီးမိဘတွေကို ဆန့်ကျင်ပြီး ကိုယ့် နောက်လိုက်ခဲ့ဖို့ ဆန္ဒရှိ မရှိရယ် ... ကိုယ့်ကို ပြန်ပြောပါ။

ခွင့်လွှတ်ဖို့တော့ ကိုယ် မတောင်းဆိုချင်တော့ဘူး ... ကိုယ်လုပ်ခဲ့တဲ့ လုပ်ရပ်ဟာ ခွင့်လွှတ်ချင်စရာ ကိစ္စမျိုးလည်း မဟုတ်ဘူး ...။ ကိုယ်တကယ် လိုချင်တာကလည်း ခွင့် လွှတ်ခြင်းတွေ မဟုတ်ဘူးလေ ...။

ဇာတိ ..."

အမယ် ...။ ဒါဟာ အိပ်မက်တစ်ခုတော့ လုံး မဟုတ်ဘူးနော် ... အဲဒီလို အစွမ်းကုန် ပြတ်သားနေတဲ့ စာတ စောင်ဟာ တကယ့်ကိုပဲ ချစ်ရသူထံကနေ လှစ်လှစ်ဆီကို ရောက် ရှိလို့ လာခဲ့တာတဲ့ ...။ မမခိုင်မှာ တူမတွေ ရိုက်သတ်လို့တောင် မကုန်နိုင်အောင် ကျန်နိုင်သေးတယ်ဆိုတဲ့ ကိုပြည့်စုံရေ ... ဒီ





မျိုးဆိုတာကတော့ အဲဒီလို တူမတစ်ယောက်ယောက်အတွက် "အပြကောင်း" သဘောမျိုး ဖြစ်နိုင်ပါ့မလားနော် ...။

ဒါပေမယ့်လည်းပဲ လှစ်လှစ် ဆိုတဲ့ စာကလေးငယ် ဟာ ခဲမှန်ဖူးတာမှ တစ်ခါလည်း မကတော့ဘူးလေ ... ခဲကို အကြိမ်ကြိမ် အဖန်ဖန် ပစ်ခဲ့သူဟာလည်း ဒီတစ်ဦးတည်း တစ် ယောက်တည်း၊ အတောင်နှစ်ဖက်စလုံးလည်း စုတ်ပြတ်သတ်လု နီးပါးနဲ့ လူတစ်ကိုယ်လုံးမလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့် နက်လို့ပါပဲ ...။ အသည်းနှလုံးလေးတစ်ခုသာ စောစောစီးစီးထဲ က အဲဒီခဲပစ်သမားဆီ ရောက်ရှိနေခဲ့တဲ့အတွက် မပွန်းပဲ့ မထိခိုက် ဘဲ ပကတိအတိုင်း သစ်လွင်လတ်ဆတ်လျက်ပေါ့ ...။

လှစ်လှစ်မှာ အခု ဘာများ လိုအပ်နေသလဲဆိုရင် ယုံကြည်နိုင်ဖို့ ခွန်အားလေးတစ်ခုပဲ လိုပါတယ် ...။ သူလိုချင် တာက ခွင့်လွှတ်ခြင်း မဟုတ်သလို ... လှစ်လှစ်ရဲ့ လိုအပ်ချက် ကလည်း သူ့ဆီက အချစ်တစ်ခု မဟုတ်တော့ဘူးလေ ...။ ကိုယ် တကယ်တမ်း အစွမ်းကုန် ချစ်မြတ်နိုးနိုင်ပြီးသွားပြီဆိုရင် ... ထို တစ်စုံတစ်ယောက်က ကိုယ့်အပေါ် ပြန်ချစ်ချစ် ... မချစ်ချစ်ဆို တာဟာ ဘာမှ အရေးမကြီးလှတော့ဘူး ...။

ဘာပဲလိုအပ်တော့သလဲဆိုရင် ... သူ့ကို ကိုယ်ပိုင် ဆိုင်ချင်သလား ... မပိုင်ဆိုင်ရလည်း ဖြစ်သလားဆိုတဲ့ ဆုံးဖြတ် ချက်ရယ် ...။ ပြီးကျတော့ "ယုံကြည်နိုင်ခြင်း"ရယ် ...။ ယုံကြည် နိုင်ဖို့အတွက် ခွန်အားလိုတယ် ... ပြီးတော့ တိုက်တွန်းမှုတွေ ထို



www.burmeseclassic.com

www.burmeseclassic.com



တယ် ...။ တိုက်တွန်းမှုဆိုတာကတော့ ဘယ်သူ့ဆီကမှလည်း ရရှိနိုင်တော့မည် မထင်။

ဒီစာကို လှစ်လှစ် လက်ထဲ ရောက်အောင် ဆော ကျဉ်းလာပေးတဲ့ ကိုပြည့်စုံကတောင် ...

"စာထဲမှာ ဘာတွေပါမလဲတော့ ကိုယ်မသိဘူးနော် ... ဒါပေမယ့် တစ်ခုခုဆိုရင် အဲဒီကောင် ဖိုးစာတိဘက်က ထောက်ခံအားပေးမယ့်အထဲမှာ ကိုယ်မပါဘူး လှစ်လှစ် ... ကိုယ့်ကို လှစ်လှစ်က တိုင်ပင်အကြံယူဖို့ ရွေးချယ်မယ်ဆို ရင်တော့ ကိုယ်ကဖျက်မယ့်ဘက်က တားမယ့်ဘက်ကပဲ"

သိင်္ဂီ၊ သဇင်၊ မမရွှေရည်၊ မေမေ ...။ အို ... မေ တောင်မှ ခုချိန်မှာ သူ့မိတ်ဆွေကို မျက်နှာအပျက်ခံလိုက်တော ပြီး ဖျက်ချင်မယ့်ဘက်ကပဲ ပါနေတော့မလား ...။ နောက်ဆုံးတော အမိုက်အမဲမကလေး လှစ်လှစ်ဟာ ကိုယ့်ဘက်ပါမယ်လို့ ယော ယောင်လေးမျှ ထင်မှတ်ရတဲ့ မမခိုင်ထံကိုပဲ ဖုန်းကောက်လှည့် လိုက်မိတော့ကာ ...

"မမခိုင် ... လှစ်လှစ်ပါ ... လှစ်လှစ်ကို သူ့အကြောင်းတွေ အားလုံးသိခွင့်ရအောင် ပြောပြပါလား မမခိုင်ရယ် ..."

"လှစ်လှစ်ရေ ... မမ ဝမ်းသာလိုက်တာ ... မောင်လေး ပတ်သက်ပြီးတော့ ရလာရမယ့် ညီမလေးတစ်ယောက်ဟာ လှစ်လှစ်ပဲ ဖြစ်ပါစေလို့ မမဆုတောင်းနေခဲ့ရတာ ကြာ ပြီ ... မမ ထင်ပါတယ် ... ကံကြမ္မာကသာ လှည့်ဖြ





ကောက်ကွေ့မှု မရှိရင် ... လှစ်လှစ်နဲ့ မောင်လေးဟာ တကယ့်ဖူးစာဖက်တွေပါကွယ် ... အဲဒါကို ယုံကြည်ထား စမ်းပါ"

"သူ ... သူ ... ဟို ... လှစ်လှစ် အတွက် တစ်ခုခုများ ... ဟို ... Suicide သဘော ..."

"မောင်လေးက အဲဒီလောက်တော့ မပျော့ပါဘူး ... ဒါပေ မယ့် အဲဒီလောက်နီးနီး ပျော့တယ်လို့တော့ ပြောလို့ရ တယ် ... ပြောရမယ်ဆိုရင် သူ့ရဲ့ကံကြမ္မာဟာ သူက ဖန် တီးရတာ မဟုတ်ဘဲ ... သူမွေးလာရကတည်းက တစ်စုံ တစ်ယောက် ... အနီးစပ်ဆုံး ပြောရရင်တော့ သူ့အဖေ ပေါ့ကွယ် ... အဲဒီလို တခြားသူတစ်ဦးက ပြုပြင်ဖန်တီးထား ပြီးသား ဖြစ်နေခဲ့တော့ ... သူ့လို ကလေးမျိုးဟာ သူ့လိုပုံ ပဲ ထွက်လာခဲ့ဖို့ ... သူလျှောက်နေဟဲ့လမ်းကြောင်းအတိုင်း ပဲ လျှောက်မိကြဖို့ များပါတယ် ... သူ့ကျမှ ထူးပြီး ဆိုး ရွားနေခဲ့တာလို့ မမတော့ မထင်ဘူး"

"သူ ... လှစ်လှစ်ကို ..."

"အရမ်းကို ချစ်ခင် တွယ်တာနေခဲ့တာကို သူ့စိတ်က လက်မခံတာ၊ သူ့အမေနဲ့သူ နှစ်ယောက်တည်း တစ်ကမ္ဘာ လို ကြီးပြင်းခဲ့ရတော့ သူ့အမေနေရာမှာ ဘယ်သူ့ကိုမှ အစားမပေးနိုင်တော့ဘူးလို့ သူထင်နေတယ် ... တစ်ဖက် ကလည်း သူ့အဖေရဲ့ အိမ်ထောင်ရေးပုံစံကို သူက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုမှ လက်မခံနိုင်တော့ ... "အိမ်ထောင်သားမွေး"ဆိုတဲ့ စကားလုံးကို သူက လုံးဝအဓိပ္ပာယ်မရှိတာ ... ရွံမုန်းစရာ လို့ ထင်နေတယ်"

မမခိုင်က လှစ်လှစ်ကို ကောင်းဇာတိရဲ့ ငယ်ဘဝနဲ့ အတိတ်ကာလတွေကို ပြန်ပြောင်းပြောပြပါသည်။ သူ ... ဒါတွေ လှစ်လှစ်ကို ဘာကြောင့် ပြောမပြခဲ့ဘူးလဲ ...။ ရင်ဖွင့်လောက် စရာ လူတစ်ဦးလို့ သတ်မှတ်မပေးချင်လို့လား ...။ နားမလည်တတ် တဲ့ ... အထင်သေး ရှုံ့ချဖို့ပဲတတ်တဲ့ မိန်းကလေးလို့ ထင်နေလို့ လား ...။

အစောတည်းကိုက အပြစ်ရယ်လို့ မယူခဲ့မိဘာ… ဦးမှန်ရယ် ...။ အမြဲလွဲနေတတ်တဲ့ မိန်းကလေးဟာ ဒီတစ်ခါမှာ ဒီလူတစ်ယောက်ကို သူ့ရဲ့စိတ် အနယ်မထိုင်မှုပေါင်းစုံအောက်က နေ ကူညီကယ်ထုတ်နိုင်ဖို့ ကိုယ့်ကိုယ်ကျိုးကို စွန့်ပြီး သူ့ရဲ့ကောင်း… မကြီး ဝင်လုပ်ကြည့်ပြန်ဦးမယ် ဆိုရင်ကော ... အဲဒီမိန်းကလေးဟာ လွဲနေပြန်တဲ့ "ဒေါ်တစ်လွဲ"လို့ ဦးမှန်က ပြောချင်နေဦးမှာပဲလား…

"မမရယ် ... လှစ်လှစ်မှာက အင်အားတွေ လိုနေတယ်… သူ လှစ်လှစ်ကို နောက်ထပ်တစ်ကြိမ် ပြန်မောင်းမထုတ် တော့ပါဘူး ဆိုတာကို ယုံကြည်နိုင်ဖို့ ..."

"အဲဒီလို ပြန်မောင်းထုတ်မိပြန်ပြီ ဆိုရင်လည်း ... ဒုတိယ အကြိမ် ... တတိယအကြိမ် ... စတုတ္ထအကြိမ် ... အကြိမ် ကြိမ် ပြန်ချဉ်းကပ်လာပြီး ဒီမိန်းကလေးနားက ဘယ်ကို…





ရှောင်ထွက်ပြေးနိုင်မှာ မဟုတ်ဘူးဆိုတာကိုတော့ အာမခံရဲ ပါတယ် ..."

"လှစ်လှစ်က အဲဒီအကြိမ်ကြိမ်တွေကို သည်းခံနိုင်ရမယ့် သဘောပေါ့နော် ..."

"သူ့အတွက် အဖော်ကောင်းတစ်ယောက်နဲ့ သူ့ဘဝကို သူ အသားတကျနဲ့ နေပျော်သွားနိုင်ပြီဆိုရင် အဲဒီအကြိမ် ကြိမ်တွေဟာ ရှိလာနိုင်ဦးပါ့မလား ညီမရယ် ..."

"မမ ... မမလိုမျိုး ... လှစ်လှစ်က ရဲရဲတင်းတင်းကြီး ယုံချင်လိုက်တာ"

"ယုံလိုက်ပါတော့ ညီမရယ်"

"သူက လှစ်လှစ်ကို ခိုးတောင်ပြေးဦးမတဲ့"

"သူ အဲဒီလို ပြောပြီဆိုရင်တော့ မဖြစ်ဖြစ်အောင် သူလုပ် တော့မယ် ... ကိုကိုကြီးကော မမပါ သူ့အခြေအနေတစ်ခုကို ညီမလေးရဲ့ မိဘတွေဆီ လာအကြောင်းမကြားခဲ့သေးတာ ဟာ တာဝန်မဲ့လို့ ... ရင်မဆိုင်ချင်လို့ မဟုတ်ပါဘူး လှစ်လှစ်ရယ် ... သူပြန်ပြောင်းဦးမယ်ဆိုတာ မမခိုင်က သေချာနေတယ် ... ကိုကိုကြီးကိုလည်း မနည်းသဘော ပေါက်အောင် ရှင်းပြထားရတယ် ...

အတ္တကြီးလှချည့်လို့ ထင်ချင်ထင်ပါကွယ် ... လှစ်လှစ်သာ မမရဲ့ ညီမရင်း ... သမီးရင်း ဆိုရင်တော့ မမ ဒီလိုပြောမိချင်မှ ပြောမိမှာပေါ့ ... ဒါပေမယ့် ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မောင်ဘက်ကပဲ ကိုယ်ပြောပါရစေတော့ ... သူ့ကို လမ်းကြောင်းမှန်ပေါ် ရောက်လာဖို့ ဆွဲတင်နိုင်မယ့် သူ့ရဲ့ ကောင်းတစ်ယောက် လိုနေတယ်ဆိုရင် ... အဲဒီသူ့ရဲ့ကောင်း က ညီမလေးပါပဲ ... မမ ရဲရဲဝံ့ဝံ့ ပြောရဲပါတယ် ...”

ရပါပြီ ...။ ဒီလောက်ဆိုရင် ...။ လှစ်လှစ်က တွန်း အားတစ်ခုပဲ လိုနေခဲ့တာလေ ... သူ့အကြောင်းတွေကို မသိခဲ့ရ သေးခင်ကတောင် အချစ်အခင်မပျက် ခွင့်လွှတ်နေနိုင်သေးရင် ... ခုချိန်မှာ လှစ်လှစ်က ဘာ့ကြောင့် မစွန့်စားဝံ့ရမလဲ ...။ ဒီတစ်ခါတော့ မလွဲပါရစေနဲ့ ဦးမှန်ရယ် ...။

ကျေးဇူးတင်ထိုက်သူကို ကြဲဖန်ရှာကြံ ကျေးဇူးတင် ရကြေးဆိုရင်တော့ ကိုယ့်အကြောင်းမှုကိုယ် သေချာအောင် မသိတဲ့ လူတစ်ယောက်အတွက် ... အမြင်လေး သက်သက်နဲ့တင် မနာ လိုလုံးတွေဆို့ပြီး ကိုယ့်စိတ်ကို ကိုယ်သေချာစွာ သိမြင် ပွင့်လင်း သွားစေနိုင်ဖို့ ... ကိုနေလင်းဦးဟာ အများကြီး အထောက်အပံ့ အကူအညီတွေ ပေးခဲ့တယ်လို့ ဆိုရမှာပေါ့ ...။

ထိုဆရာဝန်ကတော့ သူ့ကိုယ်သူ ခွဲစိတ်ကုသမှု အထူးကုဘဝကနေ ... စိတ်ရောဂါ အထူးကုဆရာဝန်တစ်ယောက် ခေတ္တခဏမျှ ဖြစ်သွားခဲ့ရတာကို သိလိုက်မည်မထင် ...။





ကိုယ့်နောက်ဘက်ဆီမှ ခြေသံသဲ့သဲ့တစ်ခုကို ကြား ...ိက်ရသည်။ ကိုယ့်ကို မြင်လိုက်ရုံနှင့် အမြဲ(-)မြင်ကတ်ကာ ...အာနုလုံးနာသည်ဟု ပြောတတ်မြဲ ပြည့်စုံဟာ ဒီလိုပဲ တိတ်တ ...ိတ် ရောက်လာပြီး နောက်ကနေ ရေထဲတွန်းချကာ သူ့ရဲ့အော ...ုံးနာစိတ်ကို ပျောက်နိုင်ဖို့ ကြိုးစားဦးမလို့လား။

“ပြည့်စုံ ... ကျွန်တော် ခင်ဗျားကို အရှင်းဆုံး ပြောထားပြီး သားနော် ... ဒီနေ့ညမှာ ကျွန်တော်နဲ့ လှစ်လှစ်နဲ့ ကိစ္စကို ခင်ဗျား မကူညီနိုင်ဘူးဆိုရင် ... ဒီရေကန်အထိ ခင်ဗျား ရောက်မလာခဲ့နဲ့တော့လို့ ... ကူညီဖို့ ဆန္ဒမရှိတဲ့အပြင် နှောင့်ယှက်ဖို့ပဲ ဆန္ဒရှိတယ် ဆိုရင်လည်း လူကြီးတွေကို အသိသာပေးထားလိုက်ပေတော့ ... ကျွန်တော်ကတော့ လှစ်လှစ်ကို ဒီညမရရအောင် ခိုးမှာပဲဆိုတာ ကျွန်တော် အရှင်းဆုံး ပြောထားပြီးသား ...”

နောက်ဘက်မှ စကားပြန် မကြားရ။ ဇာတိက ...ပ်အထိ သွားဆင်းထိုင်စောင့်နေရာက ဘောကင်းရန်ရှင်း ...ပိုင်းသို့ ပြန်တက်လာခဲ့လိုက်ပါသည်။ ကိုယ့်နောက်ဘက် ...ကပ်ကပ် နေရာမှာတော့ ပြည့်စုံက ရှိမနေပါ။ သူ့ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကိုယ်မမြင်နိုင်လောက်သည့် အမှောင်ထုတွင်း တစ်နေရာကနေများ ရုတ်တရက် အသံထွက်ပေါ်လာမှာလား။

ဇာတိက အမှောင်ထုတွင်းသို့ မျှော်ကြည့်လိုက်သည်။ သစ်ပင်တစ်ပင်အောက်မှာ လူတစ်ယောက် ထိုင်ချလိုက်တာကိုတော့ မြင်လိုက်ရသည်။ သို့သော် ပြည့်စုံနှင့်တော့ မတူ ...

"ဘယ်သူလဲ ... ဟင် ... လှစ်လှစ် ..."

ဇာတိက လှစ်လှစ် ရှိနေရာ သစ်ပင်အောက်သို့ အပြေးရောက်သွားလိုက်၏။ ရင်ထဲမှာခုန်ပြီး တစ်စုံတစ်ရာနှင့် တင်းကြမ်းပြည့်နှက်သွားသလို ရှိသည်။ ခုနကအထိ ... လွန်ခဲ့တဲ့ တစ်စက္ကန့်ကလောက်အထိ ရင်ထဲထိနေအောင်ပင် ခံနေရသော "ရင်ဆာတယ်"ဆိုတဲ့ ခံစားချက်ဆိုးကြီး ရုတ်တရက် ဘယ်ရောက်သွားပါလိမ့် ...။

"လှစ်လှစ် ..."

"ဦးမှန် ..."

"ဟာ ... ကိုယ် ဝမ်းသာလိုက်တာ လှစ်လှစ်ရယ် ... လှစ်လှစ် ကိုယ့်နောက်ကို လိုက်ခဲ့မယ်ပေါ့နော် ..."

"မလိုက်ပါဘူး ဦးမှန်ရယ် ... လှစ်လှစ်တို့ နှစ်ယောက်ဟာ လူကြီးမိဘတွေ ကိုယ်တိုင်က အသိအမှတ် ပြုထားပြီးသာ တွေပဲ ... လူကြီးနဲ့ လူငယ်ဆိုတာ အတွေးအခေါ် အယူ အဆတွေ ကွာတတ်ပေမယ့် တစ်ယောက်နဲ့တစ်ယောက် နားလည်သဘောပေါက်လာအောင် သေချာညှိယူနိုင်ကြရ





အစစအရာရာ အဆင်မပြေနိုင်စရာ မရှိပါဘူး ... လှစ်လှစ်နဲ့ ဦးမှန်တို့ ထွက်သွားကြတာထက် ပိုကောင်းမယ့် ညှိနှိုင်းမှု တောင်းပန်မှုတွေကိုပဲ လုပ်ကြရအောင် ..."

"လှစ်လှစ်က အမေ့စကားပဲ နားထောင်လိုက်တော့မယ်လို့ ပြည့်စုံက ပြောတယ် ..."

"အလကား ... သူညာတာ"

"ဒါပေမယ့် ကိုယ်လည်း မျက်မြင်ပဲ ... လှစ်လှစ်နဲ့ မိဘသဘောတူတဲ့လူနဲ့ ပြုံးပျော်နေကြတာ ကိုယ့်မျက်စိနဲ့ကို မြင်တယ် ..."

"မြင်တော့ ဘာဖြစ်လဲ ..."

"ဒီလူ့အပေါ် ကြည့်နေတဲ့ လှစ်လှစ်ရဲ့ အကြည့်တွေကို ကိုယ် ဘယ်လိုမှ မခံစားနိုင်ဘူး ... ကျေနပ်အထင်ကြီးနေတယ်ဆိုတာ အသိသာကြီး ... ကိုယ် လှစ်လှစ်ဆီကနေ အဲဒီလို အကြည့်မျိုး ဘယ်တုန်းကမှ မရဖူးဘူး ... ဘယ်တော့မှလဲ ရတော့မယ် မထင်ဘူး ... အဲဒီမှာတင် ကိုယ့် ဆုံးဖြတ်ချက်ကို ပြောင်းလိုက်တယ် ... ကိုယ် အဲဒီလို အကြည့်မျိုးကို လိုချင်တယ် ... ပိုင်ဆိုင်ချင်တယ် ... အဲဒီလူ့ လက်ထဲတော့ လှစ်လှစ်ကို ဘယ်နည်းနဲ့မှ မထည့်ပေးလိုက်နိုင်ဘူး ... ဒါ သေချာတယ်"

"အဲဒီလို ကြည့်မိလို့ ခုလို အခြေအနေတွေ ပြောင်းပြီး ... သူ့ကိုယ်သူသဘောပေါက်သွားတယ်ဆိုရင် လှစ်လှစ်က



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဆယ့်ခြောက်ခါလောက်တောင် သွားထပ်ကြည့်လိုက်ချင်သေးတယ် ... ဒါပေမယ့် အမေ့စကားကိုတော့ နားထောင်လိုက်ဖို့ ဝေးပါသေးတယ် ... နားထောင်လို့လည်း မရပါဘူးလေ ... ဒေါက်တာနေလင်းဦးဟာ လှစ်လှစ်ရဲ့ လူမှမဟုတ်တာဘဲ ... သီဂိုအတွက် ... သီဂိုရဲ့လူပဲ ..."

"ဟင် ... ပြည့်စုံက ပြောတော့ ..."

"ပြောသားပဲ ... သူ ညာတာပါလို့ ..."

"ဟာ ... အလကား ... ခွေးကောင် ... တောက် ... ကိုယ့်မှာဖြင့် ပူလောင်လိုက်ရတာ"

"ကိုယ့်အပြစ်နဲ့ ကိုယ်ပဲ ..."

"ဟုတ်တယ်နော် ..."

ဇာတိက အမှောင်ထဲမှာ ဝိုးတဝါးလေး ဖြစ်နေသည့် လှစ်လှစ်ရဲ့ မျက်နှာကလေးကို နောင်တတို့နှင့် ငေးစိုက်ကာ ကြည့်နေလိုက်ပါသည်။ ကိုယ်သိပ်လွန်ခဲ့တယ်နော် ...။ စတွေ့ကတည်းက အမျိုးမျိုး အဖုံဖုံသော လွန်ခြင်းတွေနဲ့ ကိုယ့်ဘက်က မျိုးစုံ ပြောင်းလဲနေခဲ့သလောက် လှစ်လှစ်ကကျတော့ ... ခုလို ကရုဏာမကင်းလှသည့် မျက်နှာဖြူဖြူကလေးနှင့် တစ်သမတ်တည်း မပြောင်းလဲ။

"လှစ်လှစ် သူ့ကို ခွင့်လွှတ်ပါတယ်"

"ဟာ ... လှစ်လှစ်ရာ ... ကိုယ်ကြားချင်တာ အဲဒါမဟုတ်ဘူး ... အဲဒီစကားက ကိုယ်နဲ့မတန်ဘူး ... ကိုယ့်ကို





လှစ်လှစ် ချစ်နိုင်တယ်ဆိုရင် ပြီးပြီ ... လှစ်လှစ်လို မိန်းကလေးမျိုးဆီက ကိုယ်လိုချင်တာ ... အဲဒီအချစ်တစ်ခုပဲ ... ပြီးတော့ ကိုယ့်ဘဝထဲကို ဝင်လာနိုင်ပါတယ်ဆိုတဲ့ ကတိ"

"အဲဒီနှစ်ခုစလုံး ဦးမှန်ကို လှစ်လှစ် ပေးခဲ့ပြီးသားပါ ... ဟိုးအစောကြီးတည်းက"

"ဒါပေမယ့် အဲဒီတုန်းက"

"သူ့ဘက်က မသေချာခဲ့ပေမယ့် လှစ်လှစ်ဘက်ကတော့ သေချာခဲ့တယ်လေ ... ဘယ်တုန်းကမှလဲ မပြောင်းလဲခဲ့ဘူး"

"ဒါဆိုရင် ကိုယ့်ကိုတော့ ပြောခွင့်ပြုပါ ... လှစ်လှစ်ဘက်က ဟိုးအစောကြီးတည်းက သေချာခဲ့ပေမယ့် ... ကိုယ်ကတော့ ခုလေးတင်ကမှ နောက်ကျသိပြီး သေချာခဲ့ရတဲ့အတွက် ... ကိုယ့်ရဲ့ တစ်သက်တာမှာ မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ ပြောဖြစ်တော့မယ် မထင်တဲ့ စကားပါ ...

ကိုယ် ... မင်းကို သိပ်ချစ်တယ် ..."

"ယုံလိုက်တာ ဦးမှန်ရယ် ... အရင်တစ်ခါကလေ ... လှစ်လှစ်ရဲ့ ရင်ထဲမှာ ဒီလိုယုံကြည်သွားတဲ့ ခံစားချက်ကြီး ပေါ်ကို မလာခဲ့တာ သိလား ... ခုတော့ တကယ်ပဲ လှစ်လှစ် ယုံလိုက်တာ ..."

"ကဲ ... လာ ... ထ ... ဒါဆို လှစ်လှစ်ကို အိမ်ပြန်ပို့မယ် ... လှစ်လှစ် ဒီကိုရောက်လာတာ ပြည့်စုံကလွဲလို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိဘူး မဟုတ်လား … ကိုယ့်နောက်ကို လိုက်ခဲ့ဖို့ထက် လူကြီးတွေကို ရအောင်ညှိဖို့ပဲ … အမြင် မှန်ရှိတဲ့ လှစ်လှစ်ကို ကိုယ်က ဒီလိုအချိန်ကြီးမှာ လူကြီး မိဘတွေရဲ့ ပရဝုဏ်အောက်ကနေ အပြင်ကို အကြာကြီး ခေါ်ထုတ်မထားသင့်ပါဘူး … မင်းက သိပ်လိမ္မာနေမှတော့ ကိုယ်က မိုက်မဲနေဖို့ မသင့်တော်တော့ဘူး ကလေးမရဲ့"

လှစ်လှစ်နဲ့ ဇာတိတို့ နှစ်ယောက် လက်ချင်းချိတ် တွဲပြီး ရေကန်ကြီးရှေ့ … အိမ်ဝင်းခြံများရဲ့ နောက်ဘက်က လမ်းကြားကလေးအတိုင်း လှစ်လှစ်တို့ လမ်းသွယ်လေးရှိရာသို့ ကွေ့ပတ်လျှောက်လှမ်းလာခဲ့ကြပါသည်။ ပထမဆုံးအကြိမ်အဖြစ် ပြည့်စုံရဲ့ နောက်ကနေ ဘုမသိ ဘမသိ ခိုးကြောင်ခိုးဝှက် လိုက် ပါလာခဲ့ရစဉ်က ဒီလမ်းကလေးဟာ ညကြီးမင်းကြီး အချိန်မျိုး မှာတောင် ဒီလောက် သာယာလှပနေခဲ့လိမ့်မည်ဟု ဇာတိက မထင်မိခဲ့ …။ သတိလည်း မပြုမိခဲ့ …။

ခုလို ချစ်ရတဲ့သူနဲ့ … ကိုယ့်ရဲ့ အဖော်ကောင်း ကလေးနဲ့လည်း ဒီလမ်းလေးကို ဒုတိယအကြိမ်အဖြစ် ထပ်ဖြတ် ရလိမ့်ဦးမည်လို့လည်း လုံးဝမထင်မိခဲ့ …။ အမေ့ကို သတိရ သည်။

"ကိုယ်တို့ လက်ထပ်ပြီးရင် မေမေနဲ့ ကိုယ်နဲ့ နေခဲ့တဲ့ တိုက်ခန်းကလေးမှာ ကိုယ်သွားနေချင်တယ် … ရမလား"

"လိုက်ခဲ့မှာပေါ့ ဦးမှန်ရယ် …"





"မင်းက သိပ်ချစ်ဖို့ကောင်းတာပဲ လှစ်လှစ်ရယ် …"

သာယာလှပသော လမ်းကလေး ဆုံးဆုံးချင်း ညာ ဘက်သို့ ကွေ့လိုက်လျှင် လှစ်လှစ်တို့၏ ခြံကြီးနှစ်ခြံသို့ ရောက် ပါမည်။

"ခြံရှေ့အထိ လိုက်ပို့မယ်နော်"

"ဟုတ်"

သို့သော် လမ်းချိုးလေးမှာ ကွေ့ကွေ့လိုက်ချင်းပင် ဘွားခနဲ တွေ့လိုက်ရဘာက ပြည့်စုံ …။

"ဟာ… တကယ်ပဲ ပြန်လာတာပဲ … ကိုယ်က ဘယ်နည်း နဲ့မှ ပြန်ရောက်လာတော့မှာ မဟုတ်ဘူးဆိုပြီး … နောက်က လိုက်ပို့ရင် ကောင်းမလားလို့ … ဟိုမှာလေ … အဆင်သင့် ပြင်ထားတာ … ခုပဲ ထွက်လာတော့မလို့ …"

"ဘာလဲ …"

"အိတ်လေ … မျက်စိထဲ တွေ့သမျှ ရွှေရည့် အဝတ်အစား တွေ အားလုံး ထည့်လာပေးလိုက်တယ် … ပြီးတော့ ပိုက် ဆံကတစ်သိန်း … ကဲ … ကိုယ့်လူ … တူညီသော ကူညီ မှုနဲ့တော့ ကျေးဇူးပြန်ဆပ်ပြီးပြီနော် … ကျန်တဲ့အပိုင်းက တော့ မင်းတာဝန်ပဲ … ကိုယ် မင်းနဲ့ တစ်သက်လုံး သူငယ်ချင်းကောင်းပဲ ဖြစ်ပါရစေ …"

"ကျေးဇူးတင်တယ် … ဒါပေမယ့် မလိုတော့ဘူး …"

"ဘာလို့လဲကွ …"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံရဲ့ အသံက မာဆတ်လာပြန်သည်။

"ကျွန်တော်တို့ နှစ်ယောက်က ..."

ဇာတိရဲ့ စကား မဆုံးလိုက်ရပါ ...။ လှစ်လှစ်တို့ရဲ့ အိမ်ထဲမှ မီးရောင်တွေ ဖျတ်ခနဲ ... ဖျတ်ခနဲ လင်းထိန်လာပြီးလျှင် ... "လှစ်လှစ် ... လှစ်လှစ်"ဟူသော အသံများ ကျယ်လောင်စွာပင် ထွက်ပေါ်လာပါသည်။ ဒီနောက်မှာတော့ သိဂ်ီတို့ ရွှေရည်တို့ အိမ်ဘက်က မီးတွေကပါ နောက်ကနေဆက်ပြီး လင်းထိန်လာတော့ကာ ...

"ဟာ"

လှစ်လှစ်၊ ဇာတိနှင့် ပြည့်စုံတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ လှစ်လှစ်နှင့် ဇာတိတို့က တစ်ယောက်ကိုတစ်ယောက် ဆက်လက်ပြီး စိုက်ကြည့်နေကြဆဲမှာပင် ပြည့်စုံက အိတ်ကြီးကို ကောက်မ, ဆွဲလိုက်ရင်း ...

"အခြေအနေ မကောင်းဘူး ... လစ်ပေတော့ ကိုယ့်လူ ... ရော့ ... ရော့ ... ဒါယူသွား ..."

ဇာတိက တအားပြုံးလိုက်မိစဉ်မှာ လှစ်လှစ်က "ခ်ိ"ခနဲ တစ်ချက်ရယ်ရင်း ... ဇာတိဘက် မေးတစ်ချက် လှမ်းဆတ်ပြကာ ...

"ဘာလုပ်မှာလဲ ..."

"ခြံထဲဝင်လိုက်ကြမယ်လေ ... ပြီးရင်တော့ တူတူ အဆူခံကြတာပေါ့ ..."





ပြည့်စုံထံမှ "ဟာ"ခနဲ အသံကျယ်တစ်ချက် ထွက်လာသည်။

"ဟာ ... ဟာ ... ဟော့ကောင်တွေ ... ဒါဖြင့်ရင် ... ငါက ဒါကြီးနဲ့ ဘယ်လိုလုပ်ရမှာလဲ ... ဟာ ... ငါ့အတွက်လည်း စဉ်းစားပေးကြဦးလေ ... ခုကွပဲ ... ဒါကြီးနဲ့ ... ဟာ ... ဟော့ ..."

လှစ်လှစ်ရဲ့ အဖေနဲ့ အမေက ခြံထဲသို့ပင် ရောက်ရှိလာကြပါပြီ။ လှစ်လှစ်နှင့် ဇာတိတို့ ခြံတံခါးကို အသာလေးတွန်းကာ ခြံထဲသို့ လှမ်းဝင်လိုက်ကြ၏။ မိဘများက လှစ်လှစ်တို့ကို လှမ်းတွေ့သွားကြပြီး ... "လှစ်လှစ်"ဟု ဒေါသသံ ခပ်ဆတ်ဆတ်နှစ်ခု အပြိုင်ပင် ထွက်ပေါ်လာကြသည်။ လှစ်လှစ်က ခေါင်းလေးငုံ့ချကာ ဆက်ဝင်လိုက်စဉ် ဇာတိကတော့ နောက်ကိုပြန်ခေါင်းလှည့်ကိုယ်ပါနည်းနည်းကိုင်းကာ ...

"တူညီသော ကူညီမှုဆိုတာ ခုမှ တကယ်ထပ်တူကျတာဗျို့ ... ကိုယ့်ပစ္စည်းမဟုတ်တဲ့ အိတ်ကြီးနဲ့ တစ်ယောက်တည်း ကျန်ရစ်ရတာဟာ ဘယ်လိုခံစားချက်မျိုး ရှိမလဲဆိုတာ ခုဆို ခင်ဗျား သိလောက်ပြီ ... ကဲ ... ကဲ ... အဲဒါကြီးနဲ့ ဆက်လှုပ်ရှားလိုက်ပေဦး ..."

ပြည့်စုံထံမှ ခြံဝအုတ်တိုင်ကြီးကို အမြန်ကွယ်ရပ်ရင်း အမြန်ဆုံး လှမ်းပြေးလိုက်သံ ... "... ... ..." ဟူသော အသံက ခပ်အုပ်အုပ် ထွက်ပေါ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတိကတော့ မျက်နှာပိုးကို အမြန်ပင် သတ်ရင်း လူကြီးမိဘတို့၏ ဒေါသကို ခံယူရန် အသင့် ...။ အမေ့အိမ်က လေးမှာ အဖော်ကောင်းကလေးနဲ့ တစ်ဘဝလုံး အတူနေပျော်သွား နိုင်စေဖို့ ဒီတစ်ခါကတော့ အဆူဆိုတာလေးဟာ ... ဘာမှကို စာ မဖွဲ့လောက်စရာပါလေ ...။

ပုဏ္ဏမီ



www.burmeseclassic.com